



ဆုပြည့်စုံထွန်းစာပေမှ

၂၀၁၀ပြည့်နှစ်၊ ဧပြီလတွင် ထုတ်ဝေသည်။




ဤဝတ္ထုကို မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ

ဒါရိုက်တာ– နေပိုင်

ဟိန်းဝေယံ၊ မေသန်းနု၊ စိုးမြတ်သူဇာ၊

မြတ်ကေသီအောင်တို့ဖြင့် ဗီဒီယိုဇာတ်ကား

ရိုက်ကူးခဲ့ပြီးဖြစ်ပါသည်။

၄င်းဗီဒီယိုဇာတ်ကားကို

**Burmese Classic Website**

တွင် ကြည့်ရှုနိုင်ပါသည်။

နွေတမာန်

မာန်ထက်ချီ ဗီဒီယိုထုတ်လုပ်ရေး

# လမင်းကြွေတဲ့ည

ဝတ္ထု- နွေတမာန်

ဇာတ်ညွှန်း- ဇော်ဇင်



ဒါရိုက်တာ- နေပိုင်

ဟိန်းဝေယံ၊ မေသန်းနု၊

စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်





# နှေတမာန်
## လမင်းကြွေတဲ့ ည

( ၁ )

''နောက်ဆုံးအချိန်အထိ အမေတားချင်သေးတယ် သားရယ်**...** မသွားပါနဲ့လားကွယ်''

ဒေါ်ယဉ်ရွှေက**... မိုးမြင့်သော်တာ**၏ မြင့်မားသောအရပ်ကြီးကို မော်ကြည့်ကာ မျက်ရည်စမ်းစမ်းဖြင့်ပြောလိုက်လေသည်။

''ဟုတ်သားပဲကိုမိုးရယ်၊ ဘာမှ ဟုတ်တိပတ်တိ ရေရေရာရာ မရှိပဲနဲ့ မသွားပါနဲ့လားဟာ၊ ဒေါ်လေးယဉ်လည်း စိတ်မကောင်းဖြစ်နေရပြီ ပြီးတော့**...** ဒေါ်လေးယဉ်မှာ အားကိုးမရှိဘူး၊ တစ်ယောက်တည်းရယ်''

**မကြာပွင့်**ကလည်း ပြော၍ရလိုရငြား မိုးမြင့်သော်တာကို တား မြစ်စကားဆိုလိုက်မိပြန်သည်။ တကယ်တော့**...** ရန်ကုန်ကိုသွားတော့မယ် ရယ်လို့၊ ရွာကနေ ပဲနွယ်ကုန်းကားဂိတ်အထိပင် သူတို့ ရောက်လာကြပြီ၊ မိုးမြင့်သော်တာကိုလိုက်ပို့ဖို့ ဒေါ်လေးဒေါ်ယဉ်ရွှေနှင့်မကြာပွင့်တို့ ကားဂိတ် အထိ လိုက်လာကြခြင်းဖြစ်သည်။

မိုးမြင့်သော်တာစိတ်က ဆုံးဖြတ်ပြီးကိစ္စအတွက်**...** ဘယ်တော့မှ နောက်မဆုတ်တတ်တာကို မကြာပွင့်သိပြီးဖြစ်၍ တားလို့လည်း ထူးခြားမှာ မဟုတ်တာကို သိနေသည်။ သို့သော်**...** အမေကိုသနားစိတ်ဖြင့် စိတ်ပြန် လည်လိုလည်ငြား မကြာပွင့်က ဒေါ်လေးယဉ်စကားကိုနင်းကာ ဝင်ပြော လိုက်ခြင်းပင်ဖြစ်ပါသည်။

''သားကို မတားပါနဲ့တော့အမေ၊ သားစိတ်ကို အမေသိပါတယ်၊ သား သူ့ကိုတွေ့အောင်ရှာမယ်၊ သူနဲ့တွေ့ရမှဖြစ်မယ်၊ သူဟာ**...** သားကို ခုအချိန်ထိဘာလို့ဆက်သွယ်မလာတာလဲ၊ သားကို အမှိုက်စတစ်စလွှင့်ပစ် သလို ဘာလို့ ပစ်ပစ်ခါခါလုပ်ထားတာလဲဆိုတာ သူ့ကိုတွေ့ပြီး မေးရမှ ကြေနပ်မယ်အမေ''

တကယ်တော့... မိုးမြင့်သော်တာနှုတ်မှ ထိုသို့သောစကားများကို အကြိမ်များစွာပင် ကြားခဲ့ရပြီးဖြစ်ပါသည်။

''ကြာပွင့်... နင်လည်း ငါ့ကိုတားမနေပါနဲ့၊ ငါ နင့်ကိုပြောခဲ့ပြီးသားပဲ၊ ငါ့အမေအရင်းဆိုတဲ့ **ဒေါက်တာခင်လပြည့်ဝန်း**ကို တွေ့အောင်ရှာမယ်ဆိုတာ... ငါ့ရဲ့ခိုင်မာတဲ့ သံဓိဋ္ဌာန်ပဲ၊ ဒါကို... ဘယ်သူမှဖျက်လို့မရဘူးဟာ''

မိုးမြင့်သော်တာက မကြာပွင့်ကို တစ်ဆက်တည်း ပြောလိုက် သည်။

''ဒါပေမယ့်... အမေရော... ကြာပွင့်ရော... ယုံကြပါ၊ ကျွန်တော့်မိခင်ကိုတွေ့အောင်ရှာတာဟာ အမေ့လောင်းရိပ်အောက်က ထွက်ပြေးဖို့ မဟုတ်ပါဘူး၊ ဒေါက်တာခင်လပြည့်ဝန်းကို မှီခိုချင်လို့လည်း မဟုတ်ပါဘူး၊ အမေအရင်းဆိုတဲ့ အမျိုးသမီးကြီးကို တွေ့ချင်ရုံသက်သက်ပါ၊ သားအပေါ်မှာ ဘယ်လိုသဘောထားတယ်ဆိုတာ သိချင်ရုံသက်သက်ပါ၊ ဒီလောကမှာ... မိုးမြင့်သော်တာဆိုတဲ့ သူ့ရင်သွေးတစ်ယောက် အသက်ရှင်ရက်ရှိသေးတယ်... ဆိုတာကို သူသိအောင် ပြောပြရုံပါပဲ၊ ကြာပွင့်... ငါ့အမေအရင်းကို တွေ့ပြီးတာနဲ့ ငါရွာကိုပြန်လာမှာပါ၊ ယုံပါနော်...''

''သား... ဟိုရောက်ရင် မောင်အေးမောင်စကားကို နားထောင်နော်၊ ရန်ကုန်မှာ မသွားတတ်ပဲနဲ့ လျှောက်လည်းသွားမနေနဲ့ဦး''

တားမရနိုင်တော့မှန်းသိ၍ ဒေါ်ယဉ်ရွှေက ရှေ့ခရီးအတွက် မှာကြားစရာရှိသည်ကိုသာ စကားပြောင်းပစ်လိုက်တော့သည်။

ကိုအေးမောင်ဆိုသည်မှာ ရန်ကုန်တွင် နေထိုင်နေသည့် သူတို့ရွာမှ ရွာသားတစ်ယောက်ဖြစ်သည်။ ကိုအေးမောင်က မိုးမြင့်သော်တာ အတွက် အနေအထိုင်နှင့်အလုပ်အကိုင်ကိုစီစဉ်ပေးမည်ဖြစ်ပါသည်။

**''ဒေါက်တာခင်လပြည့်ဝန်းကိုတွေ့ထားပြီ''**ဟူသော... သတင်းစကားကို ပေးပို့လိုက်သူမှာလည်း ကိုအေးမောင်ပင်ဖြစ်ပါသည်။

စကားပြောနေကြစဉ်မှာပင်... တောင်ငူမှထွက်လာသော အဝေးပြေးကားကြီးက ဟွန်းကိုရှည်လျားစွာတီးကာ ပဲနွယ်ကုန်းကားဂိတ်သို့ ဆိုက်ရောက်လာလေသည်။ မိုးမြင့်သော်တာ ရန်ကုန်သို့ စီးနင်းလိုက်ပါသွားမည့်ကားပင်ဖြစ်ပါသည်။ တောင်ငူ–ရန်ကုန်ကားကို လက်မှတ်ကြိုဝယ်ထားပြီး ပဲနွယ်ကုန်းဂိတ်မှ ဖြတ်စီးခြင်းဖြစ်ပါသည်။

ကားထိုးဆိုက်လိုက်သည်နှင့် စပယ်ယာက ''ကိုမိုးမြင့်၊ ကိုမိုးမြင့်၊ ရန်ကုန်လိုက်မယ့်ကိုမိုးမြင့်ရှိလား''...ဟု အော်လာသည်။

မိုးမြင့်သော်တာက တစ်ခုတည်းသော လက်ဆွဲအိတ်ကလေး ကို... မကြာပွင့်လက်ထဲမှလှမ်းယူရင်း...

''ကဲ– သားသွားတော့မယ်အမေ၊ အမေတို့လည်း ပြန်ကြတော့၊ ကြာပွင့်... အမေ့ကိုကောင်းကောင်းခေါ်သွားနော်''

''အေးပါ...''

''ငါမကြာဘူး၊ ပြန်လာမှာ၊ သိလား''

မိုးမြင့်သော်တာက နောက်ဆုံးနှုတ်ဆက်ကာ အဝေးပြေးကားပေါ်သို့တက်သွားလေသည်။

ပြန်ပါတော့ဆိုသော်လည်း... ဒေါ်ယဉ်ရွှေက မပြန်သေးပါ။

မိုးမြင့်သော်တာထိုင်သည့် ထိုင်ခုံနှင့်တည့်တည့် ကားနံဘေးမှာ သွားရပ်ကာ သားဖြစ်သူကိုမော်ကြည့်နေသေးသည်။

ကားမှာအလုံပိတ်မှန်လုံကားမို့... အပေါ်နှင့်အောက် စကား လှမ်းပြော၍ မကြားရပါ။

မိုးမြင့်သော်တာသည် ကားအောက်မှမော်ကြည့်နေသော မိခင်ကြီးကိုငုံ့ကြည့်ကာ သက်ပြင်းချလိုက်သည်။ ခွင့်လွှတ်ပါအမေ၊ အမေ့ကို မချစ်လို့မဟုတ်ပါဘူး။ သားရင်ထဲကအမေက အမေဒေါ်ယဉ်ရွှေပါပဲ အမေ ရယ်...

မိုးမြင့်သော်တာက မကြည့်ရက်တော့၍ ဒေါ်ယဉ်ရွှေကိုခေါ်သွားရန် မကြာပွင့်ကို လက်ဟန်ဖြင့်ပြလိုက်သည်။

ကားသည်လည်း လမ်းကြိုခရီးသည်ကို ခေါ်ရုံမျှသာရပ်သည်မို့... ခဏချင်းမှာပင် ပဲနွယ်ကုန်းဂိတ်မှထွက်ခွာခဲ့လေသည်။

ဒေါ်ယဉ်ရွှေနှင့်မကြာပွင့်တို့က လက်ပြရင်းကျန်ရစ်ခဲ့၏။

မွေးစားမိခင်ကြီးနှင့်ချစ်သူတို့၏ပုံရိပ်သည် ကားက အဝေးပြေး လမ်းမကြီးအတိုင်း ချိုးကွေ့လိုက်သည်နှင့် ကွယ်ပျောက်သွားလေသည်။

မိခင်ရင်းဖြစ်သော ဒေါက်တာခင်လပြည့်ဝန်းဆိုသူအား ရှာဖွေ မည့် ခရီးစဉ်သည် စတင်ခဲ့ပေပြီ။

♛♛♛♛♛

၁ ( က )

သားကလေး‘**မိုးမြင့်သော်တာ**’ကို လပြည့်ညသန်းကောင်ယံအချိန်တွင်မွေးဖွားခဲ့ခြင်းဖြစ်သည်။

မိုးမြင့်သော်တာကိုမွေးဖွားပေးခဲ့သူမှာ အမေမယဉ်ရွှေကိုယ်တိုင်ပင်ဖြစ်လေသည်။ မယဉ်ရွှေက သူမကိုယ်တိုင်မွေးဖွားပေးခဲ့ပြီး မွေးကင်းစကတည်းက... သူမလက်ပေါ်ကြီးပြင်းခဲ့သော မိုးမြင့်သော်တာလေးကို သားအရင်းနှင့်မခြား တုန်နေအောင်ချစ်လေသည်။

မယဉ်ရွှေသည် ကိုယ်ဝန်ဆောင်မိန်းမများကို မွေးဖွားပေးနေ သည့် ဝမ်းဆွဲသည်တစ်ယောက်ဖြစ်သော်လည်း သူမကိုယ်တိုင်ကမူ ကလေးတစ်ယောက်မှ မမွေးခဲ့ဖူးပါချေ။

ဆိုရလျှင်... မိုးမြင့်သော်တာကိုမွေးစဉ်အချိန်က မယဉ်ရွှေ အိမ်ထောင်ပင်မကျသေးချေ။

မယဉ်ရွှေသည် နတ်သံကွင်းတစ်ရွာလုံးရှိ ကိုယ်ဝန်ဆောင်မိန်းမများကို မီးဖွားပေးခဲ့သလို တစ်ရပ်တစ်ရွာမှ ကိုယ်ဝန်ဆောင်များကိုလည်း သူမအိမ်တွင် တည်းခိုနေထိုင်စေကာ မွေးဖွားပေးခဲ့ဖူးလေသည်။

သည်လိုဆိုတော့... မယဉ်ရွှေကိုအထင်အမြင်ကြီးစရာပင်ဖြစ်လေမည်။ တစ်ရပ်တစ်ရွာက ကိုယ်ဝန်သည်မိန်းမများက နတ်သံကွင်းလိုကျေးရွာဇနပုဒ်အထိလာရောက်ကာ မယဉ်ရွှေအိမ်မှာတည်းခိုနေထိုင်ပြီး ကလေးမွေးဖွားရသည်ဆိုတော့... မယဉ်ရွှေမှာ မီးဖွားသည့်ဖက်တွင် ကျွမ်းကျင်သော မီးယပ်သားဖွားဆရာဝန်မကြီးလား ထင်စရာရှိလေသည်။

တကယ်တော့...မယဉ်ရွှေသည် ဆရာဝန်ဖြစ်ဖို့နေနေသာသာ... ပညာကိုပင်ကောင်းစွာသင်ယူဖူးသူမဟုတ်ပါပေ၊ ဝမ်းဆွဲအလုပ်မှာ... မိခင်ဖြစ်သူလုပ်ခဲ့သောအလုပ်ဖြစ်၍ သင်ယူတတ်မြောက်ထားခဲ့ခြင်းဖြစ်ပါ သည်။ အရွယ်ရောက်လာတော့လည်း အပျိုဘဝနှင့်ပင် အရပ်ဝမ်းဆွဲလုပ်ခဲ့ခြင်းဖြစ်သည်။

မယဉ်ရွှေရှိသည့် ရွာငယ်ဇနပုဒ်အထိ ကိုယ်ဝန်ဆောင်မိန်းမများကလေးလာမွေးသည်ဆိုသည်မှာအခြားကြောင့်မဟုတ်။ လင်ကောင်မပေါ်ပဲဗိုက်ကြီးသူများ၊ ကိုယ်ဝန်ရှိပြီးမှ ချစ်သူရည်းစားပစ်ပယ်ခံရသူများ တိုးတိုးတိတ်တိတ်ရောက်လာကာ ဗိုက်ပြဿနာကိုဖြေရှင်းကြခြင်းသာဖြစ်ပါ၏။

နတ်သံကွင်းသည် ချောင်ကျသောဒေသတွင်ရှိသည့် ရွာကလေးတစ်ရွာလည်းဖြစ်သည်။ မြို့နှင့်အဆက်အဆံနည်းသည်။ တော်ရုံတန်ရုံကိစ္စများကို... မြို့အရပ်က မကြားသိအောင် ဖုံးဖိထားလို့ရသည်။ သည်လိုကြောင့်... တိုးတိုးတိတ်တိတ် ကလေးမွေးဖွားလိုသူများသည် သတင်းကြားဖြင့် မယဉ်ရွှေထံရောက်လာကြခြင်းဖြစ်ပါ၏။

မယဉ်ရွှေသည် သင့်လျော်သောအခကြေးငွေယူကာ... အိမ်တွင်တစ်လကိုးသီတင်းလက်ခံပြီး ချက်ပြုတ်၍လည်းကျွေးမွေး၊ ကိုယ်ဝန်ဆောင်ကိုလည်းပြုစု၊ မွေးဖွားသည့်အခါမှာလည်း အန္တရာယ်ကင်းအောင်မွေးဖွားပေးတတ်၍ တိတ်တဆိတ်ပြဿနာဖြေရှင်းလိုသူများအတွက် အဆင်ပြေလှသည်။

ပြီးတော့... မယဉ်ရွှေသည် မစပ်စုတတ်၊ သူမထံအားကိုးတကြီးရောက်လာသောဒုက္ခသည်များ၏ ဒုက္ခအရင်းအမြစ်ကို စပ်စုမေးမြန်းခြင်းမရှိပါပေ။ အရပ်ထဲကိုပြန်လည် ဖောက်သည်ချခြင်းမျိုးလည်းမရှိ။ သူ့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ပေးတတ်သော အမျိုးသမီးတစ်ယောက်သာဖြစ်သည်။ သည်အချက်ကလည်း...မယဉ်ရွှေအပေါ် အားကိုးယုံကြည်လောက်သော အချက်တစ်ခုပင်ဖြစ်လေသည်။

သည်လိုနှင့်... သားကလေး မိုးမြင့်သော်တာ၏ မိခင်သည်လည်း မယဉ်ရွှေထံရောက်လာခဲ့ခြင်းဖြစ်ပါသည်။

လွန်ခဲ့သော... အနှစ်၂၀ကပေါ့။ လက်ရှိကာလ... ၁၉၉၈ခုနှစ်မှပြန်ရေတွက်လျှင် ၁၉၇၈ခုနှစ်ကဖြစ်သည်။

မိုးမြင့်သော်တာလေးကို ကိုယ်ဝန်ဆောင်ထားရသော သူဌေးသမီးမိန်းမချောလေးရောက်ရှိလာပုံကို မယဉ်ရွှေ ယခုထိ... မြင်ယောင်နေမိပါသေးသည်။

\+ + + + +

ထိုနေ့သည်... မိုးများသည်းထန်စွာရွာသွန်းနေသောနေ့တစ်နေ့ဖြစ်သည်။ ဝါဆိုလမို့ မြစ်ချောင်းများ ရေကြီးချိန်လည်းဖြစ်ပါသည်။

မယဉ်ရွှေတို့ နတ်သံကွင်း–ရွာကလေးကိုရောက်အောင်... ချောင်းတစ်ချောင်းကိုဖြတ်၍လာရပါသည်။ မိုးအခါမို့ ချောင်းမကြီးမှာရေပြည့်လျှံနေသည့်အချိန်ဖြစ်သည်။

နွေအခါတွင်… ချောင်းထဲရေနည်းချိန်၌ ယာယီဝါးတံတားထိုး၍ သွားလာရလွယ်ကူသော်လည်း… မိုးအခါများမှာမူ သွားရလာရတာ ဒုက္ခရောက်လှပါသည်။ ချောင်းရေစီးမှာ ကြမ်းလှပြီး ရေစီးကြောင်းလည်း မကြာခဏပြောင်းလဲနေတတ်၍ တံတားအသေထိုးထားရန်လည်း မလွယ်ကူပေ။ ထိုအခါက… နတ်သံကွင်းရွာတစ်ဝိုက် ပဲခူးရိုးမတောင်ကြော တလျှောက်သည် သူပုန်များပေါများသောဒေသဖြစ်၍လည်း… ခရီးလမ်းပန်းချောမွေ့အောင် သက်ဆိုင်ရာက ဆောင်ရွက်မပေးနိုင်ချေ။

ယခုလိုမိုးရာသီများ၌… နေ့လည်ခင်းမှာသာ ကူးတို့လှေဖြင့်လည်းကောင်း၊ ဝါးဖောင်ဖြင့်လည်းကောင်း… တစ်ဖက်ကမ်းသို့ကူးသန်းနိုင်ပါသည်။

မိုးမြင့်သော်တာ၏မိခင် **ခင်လပြည့်ဝန်း**တို့ ရောက်လာချိန်မှာ… ညကြီးမင်းကြီးအချိန်ဖြစ်ပေ၏။ မိုးများလည်း… သည်းထန်စွာရွာသွန်းနေချိန်ဖြစ်လေသည်။

မယဉ်ရွှေတို့သားအမိလည်းအိမ်တံခါးများပိတ်ကာ မိုးအေးအေးတွင် အိပ်စက်နေကြပြီ။ တစ်ရွာလုံးလည်း လူခြေတိတ်ကာ အိပ်မောကျနေချိန်ဖြစ်ပါ၏။

''ဗျို့… အရီးစိန်၊ အရီးစိန်၊ တံခါးဖွင့်ပါဦးဗျ''

တစ်ဖက်ကမ်းမှ ကူးတို့လှေသမား ကိုအောင်ချိန်၏အသံကို ကြားလိုက်ရသည်။ ကိုအောင်ချိန်တို့လင်မယားမှာ မိုးအခါတွင် ရွာ၏ တစ်ဖက်ကမ်း ကမ်းနား၌ တဲထိုးနေကာ ရွာနှင့်တစ်ဖက်ကမ်းကို ကူးတို့ပို့နေသူဖြစ်ပါသည်။

ကိုအောင်ချိန့်အသံကို ကျက်မိလိုက်၍… မယဉ်ရွှေမိခင်ကြီး ဒေါ်အေးစိန်က အိပ်ရာထဲမှထလိုက်သည်။

''ညကြီးမင်းကြီး အောင်ချိန့်အသံပါလား၊ ဘာများဖြစ်လို့ပါလိမ့်၊ ဟဲ့… ယဉ်ရွှေ၊ ကြားသလား၊ ထစမ်း''

''ဟုတ်ကဲ့… အမေ၊ ကြားပါတယ်''

မယဉ်ရွှေ အိပ်ရာထဲမှထလိုက်ချိန်တွင် အမေက မီးခြစ်ကို ခြစ်ကာ… ရေနံဆီမီးအိမ်လေးကို ထွန်းလိုက်သည်။

မယဉ်ရွှေက တခါးဖွင့်ပေးရန် တခါးရှိရာထသွား၏။

''ဟဲ့– အပြင်ချောင်းကြည့်ဦး၊ အောင်ချိန်တစ်ယောက်ထဲ ဟုတ်ရဲ့လား၊ လူဆိုးသူခိုးတွေ ကပ်ပါလာဦးမယ်''

အမေ့စကားကြောင့် တခါးဝနားရောက်မှ မယဉ်ရွှေတန့်သွားရသည်။ အမေ့စကားကို အပြင်မှကိုအောင်ချိန်ကြားလိုက်ရသည်ထင်၏။

''ကျုပ်အောင်ချိန်ပါ အရီးစိန်ရဲ့၊ ဒီမှာ… အရီးစိန်တို့အိမ်ကို လာတဲ့ဧည့်သည်နှစ်ယောက်ကို လိုက်ပို့တာဗျ၊ မိန်းမနှစ်ယောက်''

''ဟင်…''

မယဉ်ရွှေက အမေပြောသည့်အတိုင်း သေချာအောင် ထရံပေါက်မှ ချောင်းကြည့်လိုက်သေးသည်။

အပြင်တွင်ရပ်နေသည့် ကိုအောင်ချိန်နှင့်အတူ မိန်းမနှစ်ယောက်ကို တွေ့လိုက်ရ၏။ တစ်ယောက်က အသက်ကြီးကြီး၊ တစ်ယောက် ကတော့… မယဉ်ရွှေထက်ပင်ငယ်ဦးမည့်မိန်းကလေးတစ်ယောက်ဖြစ်နေ သည်။

မယဉ်ရွှေကစိတ်ချစွာပင် တံခါးမင်းတုပ်ကိုဆွဲဖယ်၍ ဖွင့်လိုက်၏။

''အောင်ချိန်၊ ညကြီးမိုးချုပ်ဟယ်… နင့်ဟာက…''

ဒေါ်အေးစိန်က ဧည့်သည်မိန်းမနှစ်ယောက်ကိုကြည့်ရင်း ပြောလိုက်သည်။

''သူတို့က ညကြီးရောက်ချလာတာကိုးအရီးစိန်ရဲ့၊ သိတဲ့အတိုင်း ဟိုဖက်ကမ်းမှာက နေစရာမှမရှိတာ၊ ကျုပ်တို့တဲကလေးကလည်း… သေးသေးလေးရယ်၊ အရောက်လိုက်ပို့ပါဆိုလို့…''

''ကဲ… အထဲဝင်ကြလေ၊ အို… မိုးတွေလည်းစိုရွှဲလို့ပါလား''

ဒေါ်အေးစိန်က အိမ်ထဲသို့ဖိတ်ခေါ်လိုက်သည်။

ဧည့်သည်နှစ်ယောက် အိမ်ထဲဝင်လာသည့်အခါ… မီးအိမ်မှ အရောင်ဖြင့် ထင်ရှားစွာမြင်လိုက်ရသည်။ ထီးတစ်ချောင်းထဲကို နှစ်ယောက်ဆောင်းလာ၍ နှစ်ယောက်စလုံးပင် မိုးရေများရွှဲစိုနေလေသည်။

မဝံ့မရဲဖြင့်… နောက်မှလိုက်ဝင်လာသော မိန်းကလေးမှာ မျက်နှာကိုငုံ့၍ထားသည်။ သို့သော်… သူမ၏ဖြူဝင်းသောမျက်နှာလှလှလေးက ရေနံဆီမီးအိမ်အလင်းအောက်၌ ထင်းထင်းကြီးပေါ်နေလေသည်။

ထို့ပြင်… မိန်းကလေး၏ စူထွက်နေသောဝမ်းဗိုက်က ကိုယ်ဝန်ဆောင်တစ်ဦးဖြစ်ကြောင်း ဖော်ပြနေလေ၏။ မြင်ရုံနှင့်ပင်… ဒေါ်အေးစိန်နှင့်မယဉ်ရွှေတို့ကနားလည်လိုက်လေပြီ။

''မိန်းကလေးတို့က ဘယ်ကလာကြတာလဲ၊ ဘယ်သူညွှန်လိုက်တာလဲ''

''တောင်ငူက မသက်ရှိက ညွှန်လိုက်တာပါအဒေါ်''

အသက်ကြီးကြီးမိန်းမကြီးက သွက်သွက်လက်လက် ဝင်ပြော သည်။ မိန်းကလေးကတော့ ခေါင်းကိုငုံ့ထားဆဲဖြစ်၏။

''ဒီကို မွေးဖို့ဖွားဖို့လာတာပေါ့၊ ဟုတ်လား'

''ဟုတ်ကဲ့အဒေါ်၊ ဒီမှာ... မသက်ရှိရေးပေးလိုက်တဲ့စာ...''

မိန်းမကြီးက သားရေလွယ်အိပ်ထဲမှစာကို ထုတ်မည့်ဟန်ပြင်၏။

''စာကထားပါ၊ ငါလည်း ညကြီးမဖတ်နိုင်ပါဘူး၊ ညီးတို့သာ နွေးနွေးထွေးထွေးဖြစ်သွားအောင် အဝတ်လဲကြ၊ ယဉ်ရွှေ မီးလေးဖိုလိုက်ပါဦးဟယ်...''

''ကျုပ်ပြန်မယ်၊ အရီးစိန်''

အဝတွင်ရပ်နေဆဲ ကိုအောင်ချိန်ကပြောလိုက်သည်။

''သြော်... ဟုတ်သားပဲ၊ ကူးတို့ခပေးရဦးမယ်၊ ရော့– ငါ့မောင်၊ ငါးကျပ်၊ လိုက်ပို့တာကျေးဇူးတင်ပါတယ်ကွယ်''

မိန်းမကြီးက လက်ပွေ့အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက်ထုတ်ပေးလိုက်ရာ ကိုအောင်ချိန်ကယူပြီး လှည့်ထွက်သွားတော့သည်။ တကယ် တော့... ဟိုဖက်ကမ်းနှင့်သည်ဖက်ကမ်းကူးသည့် ကူးတို့ခမှာ တစ်ယောက်မှတစ်ကျပ်သာကျသည်။ ညလည်းဖြစ်၊ မိုးလည်းရွာနေ၍ ကိုအောင်ချိန်က ငါးကျပ်တောင်းခြင်းဖြစ်၏။

\+ + + + +

ညော်သည်နှစ်ယောက် အဝတ်လဲပြီးချိန်တွင်... မယဉ်ရွှေမီးဖိုသည်မှာလည်း ပြီးသွားသည်။

ဒေါ်အေးစိန်က အအိပ်ပျက်သွားပြီးဖြစ်၍... ပြောင်းဖူးဖက်ဆေးလိပ်ကြီးသောက်ကာ ထိုင်စောင့်နေ၏။

''အားနာလိုက်တာအဒေါ်ရယ်''

ညော်သည်မိန်းမက ကြမ်းပြင်ပေါ်ထိုင်ရင်းပြောလိုက်သည်။

''တို့အတွက်က ကိစ္စမရှိပါဘူး၊ မွေးမယ့်ဖွားမယ့်လူအချိန်မတော်လာခေါ်လည်း ထလိုက်ရတာပဲ၊ ညီးတို့ပဲ ညကြီးမိုးချုပ် မိုးထဲလေထဲမှာ ရောက်အောင်လာတယ်အေ၊ မသကာ... မနက်မှ လာရောပေါ့၊ ပဲနွယ်ကုန်းမှာအိပ်နေ... ရသားနဲ့ဟာ''

''လာမယ့်လာတော့ ခရီးဆုံးရောက်အောင်ဆိုပြီးလာလိုက်တာပါအဒေါ်၊ ရထားက လမ်းမှာပျက်ပြီး နောက်ကျသွားတာ''

''နို့– ဘယ်က လာကြတာတုံး''

''ရန်ကုန်ကပါ''

''သြော်... သြော်... အေးလေ၊ တို့ဆီမှာတော့ စိတ်ချပါ၊ ဒါနဲ့... ကိုယ်ဝန်က ဘယ်နှလရှိပြီတုန်း၊ ကြည့်ရတာ... ငါးလကျော် ခြောက်လလောက် ထင်ရဲ့''

ဒေါ်အေးစိန်က လက်သည်ပီပီ မှန်းဆပြောလိုက်သည်။

''ဟုတ်ကဲ့... ခြောက်လထဲမှာပါအဒေါ်''

''ငါ့နာမည်က အေးစိန်–တဲ့၊ ဟောဟိုက ငါ့သမီးက ယဉ်ရွှေ၊ ငါကတော့ အသက်ကြီးလို့ ဘေးကထိုင်ကြည့်ရုံပဲလုပ်တော့တယ်''

ဒေါ်အေးစိန်က ရှင်းပြသည်။

''မွေးတာဖွားတာအစအဆုံး ယဉ်ရွှေလုပ်လိမ့်မယ်၊ သူလည်း... အပျိုပေမယ့် ကလေးမွေးပေးတဲ့အလုပ်တော့ တော်တော်ကျွမ်းနေပါပြီ''

''ဟုတ်ကဲ့၊ မသက်ရှိကလည်း သေချာပြောပြလိုက်ပါတယ်၊ ကျွန်မနာမည်က **မချောစု** လို့ခေါ်ပါတယ်အဒေါ်၊ သူ့နာမည်ကတော့... ခင်လပြည့်ဝန်း–တဲ့''

''နာမည်ကလည်း ဆန်းပါ့တော်၊ ရန်ကုန်သူတွေများ... ကလေးမက ညီးသမီးလား၊ ဟုတ်မထင်ဘူး''

ဒေါ်အေးစိန်က မေးလည်းမေးရင်း သူ့အထင်အမြင်ကိုပါ တန်းပြောချလိုက်သည်။ ဒေါ်အေးစိန်လိုပင် မယဉ်ရွှေကလည်း သားအမိမဟုတ်နိုင်တာကို တွေးမိသည်။ အဘယ်ကြောင့်ဆိုသော်... မချောစုဆိုသောမိန်းမကြီးနှင့် ခင်လပြည့်ဝန်းဆိုသောမိန်းကလေးတို့မှာ အသွင်အပြင်ချင်း အတော်ပင်ခြားနားနေသောကြောင့်ဖြစ်ပါသည်။

''ကျွန်မသမီးမဟုတ်ပါဘူး၊ ကျွန်မကျေးဇူးရှင်များရဲ့သမီးပါ''

''သြော်...''

''ခင်လပြည့်ဝန်း ဒီရွာမှာ သားသမီးလာပြီးမွေးဖွားတယ်ဆိုတာကိုတော့ ဘယ်သူမှမသိစေချင်ဘူးအဒေါ်''

‘‘ဒါတော့… စိတ်ချ၊ တို့သားအမိက သူများကိစ္စ ဘယ်တော့မှမစပ်စုဘူး၊ အတင်းအဖျင်းလည်း မပြောတတ်ဘူး၊ ကိုယ့်တာဝန်ကျေအောင်လုပ်ပေးတယ်၊ တို့ရွာကလည်း သိပ်ခေါင်တာ ညီး အမြင်ပဲ’’

‘‘ဟုတ်ကဲ့ပါအဒေါ်၊ အဒေါ်တို့ကိုယုံပါတယ်၊ ခင်လပြည့်ဝန်းရဲ့မိဘတွေက ဂုဏ်သရေရှိ သူဌေးသူကြွယ်တွေမို့ လူသိခံလို့မဖြစ်လို့ပါ’’

သူ့အကြောင်းပြောနေသည့်တလျှောက်လုံး ခင်လပြည့်ဝန်းခေါင်းငုံ့ထားသည်ကို မယဉ်ရွှေသတိပြုမိသည်။ ခင်လပြည့်ဝန်းနှုတ်မှယခုအထိ စကားတစ်လုံးမှ ထွက်မလာသေးပေ၊

‘‘ပြီးတော့… ခင်လပြည့်ဝန်းကိုယ်တိုင်က ဆေးကျောင်းသူတစ်ယောက်ဆိုတော့…’’

‘‘ဘာ…’’

‘‘ခင်လပြည့်ဝန်းလေးက… ဆေးတက္ကသိုလ်တက်နေတဲ့ဆေးကျောင်းသူပါအဒေါ်၊ ဆေးကျောင်းမှာ ဒုတိယနှစ်ရောက်နေပါပြီ’’

‘‘ဒါနဲ့များအေ..ခုလိုဘဝရောက်တဲ့အထိ ဘာလို့အဖြစ်ခံတုန်း’’

ဒေါ်အေးစိန်က အံ့သြတကြီးမေးလိုက်၏။

နဂိုကပင် ခင်လပြည့်ဝန်းကို စိတ်ဝင်စားနေသော မယဉ်ရွှေသည်လည်း ခင်လပြည့်ဝန်းကို အံ့သြစွာစိုက်ကြည့်နေမိ၏။

ခင်လပြည့်ဝန်းတော့ ငုံ့ထားသောခေါင်းက ပို၍ပင် ငုံ့သွားလိုက်သေးသည်။ ရှက်ရှာတယ်ထင်ပါရဲ့။

‘‘ဒါပဲနော်၊ တို့က… မွေးဖွားပေးရုံပဲလုပ်တာ၊ ဖျက်ချတာတွေဘာတွေ လုံးဝမလုပ်ဘူး၊ ငါ့ကို ဗိုက်ဖျက်ပေးဖို့တော့မတိုက်တွန်းနဲ့’’

‘‘မဟုတ်ပါဘူးအဒေါ်၊ ဖျက်ချင်ရင် ရန်ကုန်မှာလွယ်လွယ်လေးပါ၊ မွေးဖို့လာတာပါ၊ ရန်ကုန်ကို သတင်းမပေါက်ကြားဖို့သာ လိုရင်းပါ’’

‘‘ဒါဖြင့်ပြီးရော… ကျန်တာတွေအားလုံးစိတ်ချ’’

‘‘ခင်လပြည့်ဝန်းက လျှပ်ပေါ်လော်လီလို့ ဒီလိုဖြစ်ရတာမဟုတ်ပါဘူးအဒေါ်… ဒီလိုပါ…’’

ဒေါ်ချောစုက ခင်လပြည့်ဝန်းအကြောင်းပြောပြဖို့ဟန်ပြင်သည်။

မယဉ်ရွှေနားစွင့်နေလိုက်၏။

သို့သော်… ဒေါ်အေးစိန်က ဟန့်တားလိုက်လေသည်။



‘‘သူများအကြောင်းတွေ ငါမသိချင်ပါဘူးအေ၊ ကိစ္စမရှိဘူး မပြောနဲ့’’

ဒေါ်အေးစိန်က မပြောနဲ့ဟန့်တားသော်လည်း မယဉ်ရွှေကတော့သိချင်နေသည်။

‘‘ခင်လပြည့်ဝန်းလေးကို အထင်အမြင်သေးမစိုးလို့ပါ၊ ပြောပါရစေ၊ ခင်လပြည့်ဝန်းရဲ့ကိုယ်ဝန်ဟာ သူနဲ့စေ့စပ်ပြီးသားချစ်သူနဲ့ရတဲ့ကိုယ်ဝန်ပါအဒေါ်၊ ယူကြဖို့လည်းစီစဉ်ပြီးသားပါ၊ ဖြစ်ချင်တော့ ခင်လပြည့်ဝန်းရဲ့ချစ်သူဟာ ကားတိုက်ခံရလို့ သေဆုံးသွားပါတယ်အဒေါ်’’

‘‘အို…’’

မယဉ်ရွှေနှုတ်မှထွက်သွားသော အာမေဋိတ်သံဖြစ်သည်။

‘‘လူသိသူသိစေ့စပ်ပြီးသားဆိုလည်း ရဲရဲတင်းတင်း မွေးလို့ရသားမဟုတ်လားအေ’’

‘‘ဒါပေမယ့်အဒေါ်ရယ်… ခင်လပြည့်ဝန်းလေးရဲ့ရှေ့ရေးကရှိသေးလို့ပါ၊ ခင်လပြည့်ဝန်းဟာ ငယ်ငယ်ပဲရှိသေးတယ်၊ ဘဝမှာ ရှေ့ဆက်ရမှာတွေ အများကြီးရှိသေးတယ်လေ၊ ပြီးတော့… တစ်ချိန် ဆရာဝန်ဖြစ်လာမှာ၊ သူ့ဘဝမှာ အိမ်ထောင်ရက်သားပြုဦးမှာကိုး၊ အခုကိစ္စက… သူလျှပ်ပေါ်လော်လည်တာမဟုတ်ပေမယ့် အပျိုစင်ဆိုတဲ့ဂုဏ်ကိုတော့ အပျက်ခံလို့မဖြစ်ဖူး မဟုတ်လား၊ ဒါ့ကြောင့်ပါ’’

‘‘ဒါဖြင့်… သူတက်နေတဲ့ဆေးကျောင်းကကော’’

‘‘တစ်နှစ်ထွက်ထားလိုက်ရတာပေါ့အဒေါ်’’

‘‘ကောင်းပြီလေ၊ ငါတို့ကတော့… အကောင်းဆုံးလုပ်ပေးမယ်ဆိုတာ စိတ်ချပါ၊ ကဲ– ကဲ– မိုးလည်းတော်တော်ချုပ်နေပြီ၊ ညီးတို့လည်းပင်ပန်းလာတာ၊ အိပ်ကြတော့၊ ယဉ်ရွှေ၊ သူတို့ကို အိပ်ရာပြင်ပေးလိုက်၊ တို့မှာတော့ခြင်ထောင်တစ်လုံးပဲရှိတယ်အေ့’’

‘‘ခင်လပြည့်ဝန်းအတွက်က အိပ်ယာအပြည့်အစုံ ယူလာပါ တယ်၊ ကျွန်မအတွက်ပဲ လိုတာပါ၊ ကျွန်မကလည်း တစ်ပတ်ဆယ်ရက်လောက်နေနိုင်မှာလေ၊ ခင်လပြည့်ဝန်းကိုထားခဲ့ပြီး တစ်လတစ်ခေါက်လာကြည့်မယ်အဒေါ်’’

♛♛♛♛♛

၁ ( ခ )

သည်လိုနှင့် သားလေးမိုးမြင့်သော်တာ၏မိခင်သည် သားလေး ကို မမွေးဖွားမီ သုံးလေးလအလိုကပင် မယဉ်ရွှေတို့အိမ်ကို ရောက်လာ ခဲ့လေ၏။

ဒေါ်ချောစုကတော့ တစ်ပတ်ပဲနေကာ ခင်လပြည့်ဝန်းကို ထားခဲ့ပြီး ရန်ကုန်ပြန်သွားခဲ့သည်။ ဒေါ်အေးစိန်နှင့်မယဉ်ရွှေကို ခင်လပြည့်ဝန်း အတွက် လိုအပ်မည်ထင်သည့်ငွေအချို့အစားကို ပုံ၍ပေးခဲ့လေသည်။

ခင်လပြည့်ဝန်းမှာ အနေအထိုင်အေးလှပေသည်။ တစ်နေ့လုံး နေလို့ စကားတစ်ခွန်းပြောချင်မှပြောသည်။ မယဉ်ရွှေတို့ကမေးမှ ပြန်ပြော သည်။ စကားနည်းခြင်းမှာ မာနကြီးလို့တော့မဟုတ်ပါပေ။ သူဌေးသမီး ဖြစ်သော်လည်း မာနမကြီးရှာပေ။ သူမဘဝ၏ ကံကြမ္မာအကျိုးပေးကို ယူကြုံးမရဖြစ်နေဟန်တူပေသည်။

''ခင်လပြည့်ဝန်း၊ ကျွန်မတို့အိမ်မှာနေရတာ ပျော်ရဲ့လားဟင်''

မယဉ်ရွှေက မေးသည့်အခါ...

''ပျော်တယ်.. မပျော်တယ်.. မဟုတ်ပါဘူးအစ်မယဉ်ရွှေရယ်''

ထူးခြားမှုမရှိသောမျက်နှာပေးဖြင့် ဖြေလေသည်။

''လိုတာရှိရင်ပြောနော်၊ ခင်လပြည့်ဝန်းက သူဌေးသမီးလည်းဖြစ် တယ်၊ ရန်ကုန်သူလည်း ရန်ကုန်သူဆိုတော့... ကျွန်မတို့တောမှာ နေရ တာ အဆင်ပြေချင်မှပြေမှာပေါ့''

''အို.. ဒီလိုမဟုတ်ပါဘူးအစ်မယဉ်ရွှေ၊ ကျွန်မနေတတ်ပါတယ်''

''ကျွန်မတော့လေ... ခင်လပြည့်ဝန်းကိုသိပ်သနားတာပဲ''

''ဟင်... ဘာဖြစ်လို့လဲ''

''ဩော်... သူဌေးသမီး၊ ဆေးတက္ကသိုလ်ကျောင်းသူတစ် ယောက်ဖြစ်ပါရက်နဲ့ ကိုယ်ဝန်ကြီးနဲ့ ဒုက္ခရောက်နေရလို့ပေါ့''

''ကံအကျိုးပေးပေါ့မယဉ်ရွှေရယ်၊ ကျွန်မကို သူဌေးသမီး... သူဌေးသမီးဆိုပြီး... သိပ်လည်းအထင်မကြီးပါနဲ့လေ၊ သူဌေးသမီးဖြစ် ပေမယ့်... ကံအကြောင်းမလှတော့လည်း.. အခုလို.. အစ်မယဉ်ရွှေတို့ဆီ တိတ်တိတ်ပုန်းရောက်လာရတာပဲမဟုတ်လား၊ တကယ်တော့...''



''အို... ခင်လပြည့်ဝန်းရယ်၊ အခုအဖြစ်က... ခင်လပြည့်ဝန်း လော်လည်လို့မှ မဟုတ်တာ၊ ကိုယ်ဝန်ကလည်း ကိုယ့်ချစ်သူနဲ့ရတဲ့ ကိုယ်ဝန်ပဲရှင်၊ သူ မမျှော်လင့်ပဲဆုံးသွားရလို့သာ ခဏတဖြုတ်ပုန်းရှောင် နေရတာ မဟုတ်လား၊ နောင်တော့... အဆင်ပြေသွားမှာပါ''

''မထင်ပါနဲ့အစ်မယဉ်ရွှေရယ်၊ ကျွန်မမှာ ဒီကလေးပိုက်ပြီး အိမ်ကိုဘယ်လိုပြန်ရမလဲဆိုတာ...''

''အင်းနော်... ပတ်ဝန်းကျင်ကို ကလေးရတာမသိစေချင်လို့ ဒီအထိလာမွေးပြီးမှ ကလေးကိုခေါ်ပြီးပြန်မယ်ဆိုတော့လည်း ဘာထူးမှာလဲ၊ မွေးပြီးရင် ခင်လပြည့်ဝန်း ဘယ်လိုလုပ်မယ်စိတ်ကူးလဲဟင်''

''ဒေါ်ချော စီစဉ်ပါလိမ့်မယ်အစ်မယဉ်ရွှေ''

''အို... ဒေါ်ချောစုက ခင်လပြည့်ဝန်းအတွက် အရေးပါလို့လား၊ သူက ကူညီရုံကူညီပေးတဲ့မိတ်ဆွေဆို''

''ဟုတ်ပါတယ်၊ ဒေါ်ချောလာရင် ဖေဖေနဲ့မေမေတို့က ဘယ်လို စီစဉ်ဖို့မှာလိုက်တယ်ဆိုတာ... သိရမယ်လို့ပြောတာပါ''

''အင်း...''

နှစ်ယောက်စလုံး သက်ပြင်းပြိုင်တူချလိုက်ကြသည်။

မယဉ်ရွှေနှင့် ခင်လပြည့်ဝန်းတို့သည် နေ့စဉ်ပင်... ချောင်းကမ်း ဘေးတလျှောက်မှာ လမ်းလျှောက်ကြသည်။ ကိုယ်ဝန်ဆောင်မိခင်လောင်း မို့ ကိုယ်လက်လှုပ်ရှားရှိစေရန် လမ်းလျှောက်ဖို့လိုသဖြင့်... မယဉ်ရွှေက အဖော်ရရန် လိုက်လျှောက်ပေးခြင်းဖြစ်ပါသည်။

ဒေါ်ချောစုကတော့... ခင်လပြည့်ဝန်းမမွေးခင်အချိန်အထိ တစ်လတစ်ခေါက် မှန်မှန်ရောက်လာလေသည်။

ဒေါ်ချောစု တတိယမြောက်ရောက်လာသည့်အခေါက်တွင်... သားကလေးကိုမွေးဖွားခဲ့ခြင်းဖြစ်လေသည်။

မွေးရက်နီးနေပြီမို့... ဒေါ်ချောစုက ခင်လပြည့်ဝန်းမွေးပြီးသည် အထိ စောင့်နေလေ၏။

+ + + + +

မိုးမြင့်သော်တာကို မွေးဖွားသည့်နေ့မှာ... သီတင်းကျွတ်လ ပြည့်နေ့ဖြစ်လေသည်။

ညနေပိုင်းတွင်... ခင်လပြည့်ဝန်းဗိုက်စ,နာလာပြီး သန်းကောင်ယံအချိန်မှာမွေးဖွားခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်အေးစိန်တွက်ထားသည့်ရက်နှင့်ကွက်တိဖြစ်ပြီး... လွယ်လွယ်ကူကူ လျှောလျှောရှူရှူပင်မွေးဖွားနိုင်ခဲ့ပါသည်။

"ယောကျာ်းလေးဟဲ့၊ အမလေး... တစ်တုံးတစ်ခဲ ချစ်စရာကြီးပါလားတော်"

အနီးတွင်ထိုင်၍ညွှန်ကြားနေသော ဒေါ်အေးစိန်က ပြောလိုက်လေသည်။

ကိုယ်တိုင်မွေးဖွားပေးသော မယဉ်ရွှေက ကလေးကို ငုံ့ကြည့်လိုက်သည်။ ကလေးလေးက... အသားဖြူဖြူဖွေးဖွေး၊ ဝဝကစ်ကစ်နှင့် ချစ်စရာကောင်းလှသည်။

"ဘာလေးလဲဟင်..."

ခဏသတိလစ်သွားသည့် ခင်လပြည့်ဝန်းက လေသံယဲ့ယဲ့ဖြင့် မေးလိုက်သည်။

"ယောကျာ်းလေးဟေ့... ခင်လပြည့်ဝန်း... ဟောဒီမှာ..."

မယဉ်ရွှေက ကလေးကို အနှီးဖြင့်ထွေးပွေ့ရင်း ခင်လပြည့်ဝန်းကိုပြလိုက်၏။

"သားလေး... သား..."

"ခဏမှိန်းနေလိုက်ဦး ခင်လပြည့်ဝန်း၊ အားပြန်ပြည့်သွား အောင်"

\+ + + + +

ကလေးတစ်ပတ်အရတွင် ဒေါ်ချောစုရန်ကုန်ပြန်သွားပြန်သည်။ ခင်လပြည့်ဝန်းမိဘများကို သတင်းပို့ရန်ဟုဆို၏။

မပြန်မီ... ဒေါ်ချောစုမှာသွားသောစကားများက... ကလေး အပေါ် အကြင်နာတရားနည်းပါးလှကြောင်း ဖော်ပြနေပေသည်။

"အဒေါ်... ခင်လပြည့်ဝန်းကို ကလေးကိုနို့မတိုက်ပါစေနဲ့နော်"

"အလို... ဘာဖြစ်လို့တုန်း"

"ရင်သားအလှပျက်မှာ စိုးလို့ပါ၊ အအိုပုံပေါက်သွားမှာ စိုးလို့"

"ဖြစ်ရလေအေ... ကလေးအမေပဲ၊ ကလေးကိုနို့တိုက်ရမှာ ပေါ့"

"အဒေါ်ရယ်... ခင်လပြည့်ဝန်းက အပျိုလုပ်ပြီး ကျောင်းပြန်တက်ရဦးမှာလေ၊ ကလေးတစ်ယောက်မွေးပြီးသားလို ပုံပျက်ပန်းပျက် ဖြစ်လို့မဖြစ်ဘူး၊ သူ့အတွက်ပါ"

ဒေါ်အေးစိန်က ဘာမှပြန်မပြောတော့။ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုသာ ဆက်တိုက်ဖွာလိုက်ရာ မီးများရဲကနဲ... ရဲကနဲ ထသွားလေသည်။

ဒေါ်အေးစိန်သည် ဒေါ်ချောစုပြောသောစကားကို မနှာခံပါ။

"အဲဒီ မချောစုမှာ ကလေးမရှိဘူးလား"

"ရှင်– ဘာဖြစ်လို့လဲဒေါ်လေး"

"သူပြောသွားပုံက ကိုယ်ချင်းစာစိတ် မရှိလို့ပါအေ၊ သူ့သားသမီးဆိုရင်ကော သူနို့မတိုက်ပဲနေမလား"

"သူ့မှာလည်း သားသမီးတွေရှိမှာပါဒေါ်လေး၊ အိမ်ထောင်ရှိတယ်လို့တော့ပြောဖူးတယ်"

"ဟင်... မချောစုအကြောင်း ညီးကောင်းကောင်းမသိဘူး ပေါ့"

ခင်လပြည့်ဝန်းက မျက်နှာပျက်ကာ ခေါင်းကိုငုံ့ထားသည်။

"ဒီလိုပါ ဒေါ်လေးရယ်၊ ဒေါ်ချောက ကျွန်မတို့အိမ်မှာ အိမ်ဖော်မိန်းကလေးတွေလိုရင် လာလာပို့ပေးနေတဲ့သူပါ၊ အိမ်ဖော်ပွဲစား ဆိုပါ တော့၊ ကျွန်မ... ဒီကို ဒီကိစ္စနဲ့ လာမယ်ဆိုတော့ ဆွေမျိုးသားချင်းထဲ ကရော၊ နီးစပ်တဲ့အသိမိတ်ဆွေထဲကပါ ခေါ်မလာချင်ဘူးလေ... ဒေါ်ချော ကတော့ ဒါမျိုးတွေကျွမ်းပြီးသားဆိုပြီး သူ့ကိုနှုတ်လုံဖို့ပြောပြီး လိုက်ပို့ ခိုင်းရတာပါ၊ ဒေါ်ချောဇာတိက ပင်လယ်ဖက်ကလို့ပြောပါတယ်၊ ကျန်တာ တွေ ကျွန်မမသိဘူးလေ"

"ဩော်... ဒီလိုလား၊ ထားပါတော့၊ ကလေးကို နို့ပေးမတိုက်နဲ့လို့ပြောသွားတာတော့ ငါမကြိုက်ဘူးအေ့၊ ဘဲ့နဲ့... ညီးလည်း ကျန်းကျန်းမာမာနဲ့ နို့ထွက်ကောင်းနေတာပဲ၊ သားသည်မအေဆိုတာ ကိုယ့်သားသမီး ကိုယ် မိခင်နို့တိုက်ရမှာပေါ့"

"ဟုတ်ပါတယ်ဒေါ်လေးရယ်"

"တို့တောမှာ ကလေးကိုတိုက်စရာ နွားနို့ပဲရှိတယ်"

"ကျွန်မ၊ ကျွန်မသားလေးကို ကျွန်မနို့ပဲတိုက်မှာပါဒေါ်လေး"

"အေး... ဒီလိုမှပေါ့၊ ညီးကိုယ်တိုင်ရော တိုက်ချင်စိတ်ရှိရဲ့ လား"

''ကျွန်မဝမ်းနဲ့လွယ်ပြီးမွေးထားတဲ့ သားလေးပါ ဒေါ်လေးရယ်၊ မတိုက်ချင်ပဲဘယ်ရှိပါ့မလဲ''

''အေး... အေး... ကောင်းတယ်၊ ဒါမှ... အမေပီသတာ၊ မချောစု ဘာပြောပြော၊ ကိုယ့်နို့ကိုယ်သာတိုက်ပေဟ့၊ တကတည်း... သူက ကြားကဘာမဆိုင်ညာမဆိုင်၊ ဟိုအမိန့်ပေး... ဒီအမိန့်ပေးနဲ့''

♛♛♛♛♛

## ၁ ( ၈ )

မယဉ်ရွှေသည် ကလေးဝေယျာဝစ္စများကိုလုပ်ကိုင်ပေးရင်း... ကလေးကိုသံယောဇဉ်တွယ်နေမိသည်။ ခင်လပြည့်ဝန်းတို့ပြန်သွားမှာပင် စိုးရိမ်နေမိ၏။

ကလေးအနှီးလျှော်တော့လည်း... မယဉ်ရွှေ၊ ကလေးချော့သိပ်တော့လည်းမယဉ်ရွှေ။ မယဉ်ရွှေက... ခင်လပြည့်ဝန်း၏ အညစ်အကြေးအဝတ်များကိုပင် လျှော်ပေးခဲ့ပါသည်။ တကယ်တော့... မယဉ်ရွှေတို့လုပ်ပေးရမယ့်တာဝန်ထဲမှာ ဒါတွေမပါ။ ဝမ်းဆွဲအဖြစ် ကလေးမွေးပေးရုံသာ ဖြစ်သည်။

သို့သော်... မယဉ်ရွှေက ခင်လပြည့်ဝန်းကို ခင်လည်းခင်နေ၊ သူဌေးသမီးလေး တစ်ယောက်တည်း အားငယ်စွာ လာရောက်မှီခိုနေတာကိုလည်း သိနေ၍ အလုံးစုံကူညီပေးနေခြင်းဖြစ်ပါသည်။

''အစ်မယဉ်ရွှေ''

''ဟေ...''

''သားလေးကိုမွေးတာ သီတင်းကျွတ်လပြည့်နေ့နော်''

''ဟုတ်တယ်လေ...''

''နေ့က ဘာနေ့လဲဟင်''

''ကြာသပတေးနေ့ကျတယ်ခင်လပြည့်ဝန်း''

''ကျွန်မလေ ကျွန်မသားလေးကို နာမည်ထဲမှာ နေတို့ လ,တို့ ပါအောင်မှည့်ချင်တာ၊ ကြာသပတေးသားဆိုတော့...''

''ကြာသပတေးဆိုတော့ ပ၊ဖ၊ဗ၊ဘ၊မ...လေ၊ ခင်လပြည့်ဝန်းက နေတွေ လ,တွေ ဘာလို့ထည့်မှည့်ချင်တာလဲ''



''ဟို... ဟို... ကျွန်မအဖေ သားလေးရဲ့အဘိုးနာမည်က **ဦးနေလ**–ပါ၊ ပြီးတော့ ကျွန်မနာမည်က ခင်လပြည့်ဝန်းလေ၊ ကျွန်မအောက်မှာ မောင်လေးတစ်ယောက်မွေးဖူးသေးတယ်၊ လသားအရွယ်နဲ့ ဆုံးသွားတယ်အစ်မယဉ်ရွှေ၊ အဲဒီမောင်လေးနာမည်က နေမင်းသူရိန်–တဲ့၊ ဖေဖေက သားသမီးတွေကို နေလပါတဲ့နာမည်တွေချည်းမှည့်မယ်လို့ပြောခဲ့ဖူးတယ်၊ သားလေးကိုလည်း ကျွန်မတို့မျိုးရိုးနာမည်အတိုင်း နေလထည့်ပြီးမှည့်ချင်လို့ပါ''

''အင်း...''

မယဉ်ရွှေက စဉ်းစားလိုက်သည်။

''ကြာသပတေးနံကတော့ နေလနဲ့မဆိုင်ဘူး၊ ကြာသပတေး ပ,ဖ,ဗ,ဘ,မ–ကို နေလတစ်ခုခုနဲ့ တွဲလို့ရတာပဲခင်လပြည့်ဝန်းရဲ့၊ ဥပမာ– ဖိုးလပြည့်ဆိုရင်ကော၊ ကြည့်စမ်း– သားလေးက လပြည့်နေ့မှာလည်း မွေးတယ်၊ အသားလေးကို ဖြူပြီး မျက်နှာလေးက ဝိုင်းစက်နေတာပဲ၊ ဖိုးလပြည့်ဆိုတဲ့နာမည်နဲ့ လိုက်ပါတယ်၊ ဟုတ်တယ်မဟုတ်လား... သားသားရေ... ဖိုးလပြည့်လေးရေ''

မယဉ်ရွှေက သူမမှည့်ပေးသည့်နာမည်ကိုခေါ်ကာ ကလေးကို မြှူလိုက်သည်။

''ဖိုးလပြည့်ဆိုတာ ကောင်းတော့ကောင်းပါတယ်၊ အရပ်နာမည်ကြီး၊ ကျောင်းအပ်တော့ မောင်ဖိုးလပြည့်ဆို တစ်မျိုးကြီးဖြစ်နေမှာပေါ့၊ ကျွန်မစဉ်းစားပါဦးမယ်လေ၊ နာမည်ဆိုတာ အရေးကြီးတယ်မဟုတ်လား အစ်မယဉ်ရွှေရယ်...''

''အေး... ဟုတ်ပါတယ်၊ နေ့နံလည်းသင့်အောင်၊ ပညတ်လည်းကောင်းအောင် တို့တွေစဉ်းစားကြသေးတာပေါ့''

နောက်တစ်နေ့မှာပင်... ခင်လပြည့်ဝန်းက သူမစဉ်းစားလို့ရသောနာမည်ကို ပြောပြလေသည်။

''အစ်မယဉ်ရွှေ၊ **မိုးမြင့်သော်တာ...** ဆိုတဲ့နာမည်လေးက မလှဘူးလားဟင်... သော်တာဆိုတာ... လမင်းကိုပြောတာပဲမဟုတ်လား၊ မိုးပေါ်မှာသာနေတဲ့လမင်းကြီးပေါ့... အစ်မယဉ်ရွှေရယ်''

''အေး... ကောင်းသားပဲ၊ မိုးမြင့်သော်တာ... မိုးမြင့်သော်တာ''

မယဉ်ရွှေက ခင်လပြည့်ဝန်းရှာတွေ့ထားသည့်နာမည်လေးကို ရွတ်ကြည့်ရင်း ပြောလိုက်သည်။

သည်လိုနှင့်... သားလေးနာမည်ကို မိုးမြင့်သော်တာဟု မှည့်ခေါ်ခဲ့ကြခြင်းဖြစ်ပါသည်။

\+ + + + +

မိုးမြင့်သော်တာလေး လေးလသားအရွယ်တွင် ဒေါ်ချောစု ရောက်လာပြန်သည်။ ဒီတစ်ခါတော့... ခင်လပြည့်ဝန်းကို အပြီးပြန်လာခေါ်ခြင်းဖြစ်ပါသည်။

ရန်ကုန်မှ ခင်လပြည့်ဝန်း၏မိဘများက...

***''ခင်လပြည့်ဝန်းကို ပြန်ခေါ်ခဲ့ရန်... ကလေးကို သင့်တော်ရာလူအား မွေးစားဖို့ပေးခဲ့ရန်''***

...ဆိုသည့်အမှာစကားက ဒေါ်ချောစုနှင့်အတူ ပါလာခဲ့လေ သည်။

''အဲဒီတော့... ဒီကလေးကို ဘယ်သူမွေးစားမလဲ၊ မွေးစားမယ့်လူ ရှာပေးပါဦးအဒေါ်ရယ်၊ ခင်လပြည့်ဝန်းကတော့ ကျောင်းဆက်တက်ရမှာလေ၊ ကလေးကိုဘယ်နည်းနဲ့မှခေါ်သွားလို့မဖြစ်ဘူး''

ဒေါ်ချောစုက ခင်လပြည့်ဝန်းမိဘများမှာကြားလိုက်သည့်အတိုင်း စီစဉ်နေတော့သည်။ ခင်လပြည့်ဝန်းရဲ့ခံစားချက်နဲ့ ကလေးအပေါ်ထားတဲ့ မေတ္တာတွေကို ထည့်မတွက်တော့ချေ။

ခင်လပြည့်ဝန်းမှာတော့ သားလေးနှင့်ခွဲရမည့်အရေးတွေးကာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေတော့သည်။

''တို့တောရွာမှာ ကိုယ့်သားသမီးမဟုတ်တဲ့ကလေးတစ်ယောက် ကို မွေးစားမယ့်လူတော့အရှားသားအေ့၊ မွေးမယ့်လူရှိလည်း ကလေး ဆင်းဆင်းရဲရဲနဲ့ကြီးပြင်းရလိမ့်မယ်၊ အဲဒါတစ်ခုလည်း ညီးတို့စဉ်းစားကြ ဦး''

''တစ်သက်လုံး ပစ်ထားခဲ့မှာမဟုတ်ပါဘူးအဒေါ်ရယ်၊ တစ်နေ့ ပြန်လာခေါ်မှာပေါ့၊ လောလောဆယ်မှာ ခင်လပြည့်ဝန်း ကလေးတစ်ယောက်မွေးခဲ့တာ လူအသိခံလို့ကို မဖြစ်လို့ပါ၊ ကျွန်မလည်း သူ့မိဘတွေမှာတဲ့အတိုင်း လုပ်ရတာလေ၊ ကျေးဇူးရှင်တွေဆိုတော့ သူတို့စကားလွန်ဆန်လို့လည်း မဖြစ်ဘူး''

''အမေရယ် သူတို့ကလေးကို မထားမဖြစ်ထားခဲ့မှာဆိုရင်လည်း တခြားလူတော့ မပေးချင်ဘူးအမေ၊ မပေးနိုင်ဘူး၊ ကျွန်မတို့ပဲမွေးထား မှာပေါ့ နော်... အမေ''

မယဉ်ရွှေက မိခင်ဒေါ်အေးစိန်ကိုပြောလိုက်သည်။

''ယဉ်ရွှေ... ညီးအပျိုလေးနော်၊ ကလေးတစ်ယောက်တာဝန် နည်း... မှတ်လို့လား''

''အမေခွင့်ပြုရင် မွေးပါရစေ၊ ဒီကလေး... ကျွန်မကိုယ်တိုင် မွေးပေးထားတဲ့သားလေးမို့ပါ၊ သူများပေးပစ်မှာမကြည့်ရက်ပါဘူးအမေ ရယ်၊ ကျွန်မအပျိုပေမယ့် ကလေးမွေးစားတော့ ဘာဖြစ်တုံး၊ ကျွန်မ မွေးတဲ့ကလေးမဟုတ်မှန်း တစ်ရွာလုံးသိနေတာပဲ''

''ညီးအိမ်ထောင်ရက်သားပြုမယ်ဆိုတော့ ကလေးကြီးတစ်ဖက် နဲ့မိန်းမဆိုရင် ညီးယူမယ့်လူက ငြိုငြင်မှာပေါ့သမီးရယ်''

''အို... ယောကျ်ားမယူရ ဘာအရေးတုံး၊ ခုလည်း ရည်းစား သနာရှိနေတာမှမဟုတ်တာ၊ အမေကလည်း...''

''ကာယကံရှင် မိန်းကလေးသဘောကရော...''

ဒေါ်ချောစုနှင့် မယဉ်ရွှေတို့သားအမိသာ ကလေးအတွက် ပြောဆို စီစဉ်နေကြသည်။ အမေရင်းတစ်ယောက်လုံးရဲ့ဆန္ဒကိုတော့ ဘယ်သူကမှ မမေးမိကြပါ။ အဓိကအမေရင်းဖြစ်သော ခင်လပြည့်ဝန်းက သူတို့ပြောသောစကားများကို နားထောင်ရင်း ကြိတ်ငိုနေရှာသည်။

ဒေါ်အေးစိန်က မေးလိုက်မှသာ ခင်လပြည့်ဝန်း ခေါင်းမော့ လာ၏။

''ကျွန်မ... ကျွန်မ... ဘာပြောရမှန်း မသိတော့ပါဘူး၊ သား လေးနဲ့ မခွဲနိုင်ဘူး၊ အဲဒါပဲသိတယ်''

''ခင်လပြည့်ဝန်းရယ်... ဒါကတော့ မဖြစ်နိုင်လွန်းလို့ပါအေ၊ ပြီးတော့... တို့က ကလေးကို တစ်သက်လုံးသူများပေးထားခဲ့မှာမဟုတ်ဘူး လေ၊ ခင်လပြည့်ဝန်း ဆရာဝန်ဖြစ်ပြီး ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင် တော့ ပြန်လာခေါ်မှာပေါ့၊ မသကာ ငါးနှစ်ခြောက်နှစ်လောက်ပါပဲအေ...''

ဒေါ်ချောစုက ချော့မော့၍ ဝင်ပြောသည်။

''ဒီလိုဆိုရင်လည်း... အစ်မယဉ်ရွှေမွေးမယ်ဆိုတာကို ကျွန်မ သဘောတူပါတယ်၊ အစ်မယဉ်ရွှေနဲ့ဆိုရင် ကလေးကို ကျွန်မစိတ်ချတယ်''

မယဉ်ရွှေက မိခင်ဒေါ်အေးစိန်ကိုလှမ်းကြည့်သည်။

''သြော်… ပြောဖို့မေ့နေလိုက်တာ၊ ခင်လပြည့်ဝန်းအဖေက ကလေးမွေးစားမယ့်လူတွေကို ကလေးကိုစောင့်ရှောက်ဖို့စရိတ်အနေနဲ့ ငွေတစ်သောင်းပေးလိုက်ပါသေးတယ်၊ ကလေးကို ဒီအတိုင်းပစ်ထားခဲ့မှာမဟုတ်ပါဘူး၊ နောင်လည်း အလျဉ်းသင့်သလို ထောက်ပံ့ပါမယ်တဲ့''

ဒေါ်ချောစု ပြောလိုက်သောစကားက… ကလေးမွေးစားရန် ချီတုံချတုံဖြစ်နေသော ဒေါ်အေးစိန်စိတ်ကို ယတိပြတ်ဆုံးဖြစ်စေဖို့ တွန်းအားပေးလိုက်လေသည်။

♛♛♛♛♛

### ၁ ( ဃ )

ရန်ကုန်သို့မပြန်ခင်တစ်နေ့တွင်… ခင်လပြည့်ဝန်းက မယဉ်ရွှေကို မှာကြားစရာများရှိသေးကြောင်း တိုးတိုးတိတ်တိတ်ပြောလေသည်။ ဒေါ်ချောစုမသိစေလိုသောစကားမျိုးဖြစ်ကြောင်း မယဉ်ရွှေက သဘောပေါက်လိုက်လေ၏။

နှစ်ယောက်သား ကလေးထိန်းသယောင်ဖြင့် ချောင်းကမ်းစပ်သို့ ထွက်လာခဲ့ကြသည်။

ချောင်းကမ်းပါးအရောက်တွင် လူသူအသွားအလာကျဲသော နေရာမှ သစ်ပင်ကြီးတစ်ပင်အောက်၌ထိုင်လိုက်ကြသည်။

''အစ်မယဉ်ရွှေ… သားလေးအတွက် ကျွန်မစိတ်ချပါရစေနော်''

''စိတ်ချပါခင်လပြည့်ဝန်းရယ်… မိုးမြင့်သော်တာလေးကို အစ်မဘယ်လောက်ချစ်တယ်ဆိုတာ ခင်လပြည့်ဝန်းအမြင်ပဲလေ''

''ဟုတ်ပါတယ် အစ်မယဉ်ရွှေ၊ ဒါပေမယ့်… ကံကြမ္မာဆိုတာ မပြောနိုင်ဘူးလေ၊ အစ်မယဉ်ရွှေလည်း နောင်တစ်ချိန်အိမ်ထောင်ပြုဦး မှာ၊ သားသမီးတွေမွေးဖွားလာဦးမှာ၊ ဘယ်သူမဆို ကိုယ့်ရင်သွေးထက် တော့ သူများသားသမီးကို ပိုမချစ်နိုင်ဘူးမဟုတ်လား''

''အို… ခင်လပြည့်ဝန်းရယ်… အစ်မအိမ်ထောင်ပြုဖို့ဆိုတာ စကားအရသာ အမေက ပြောနေတာပါအေ၊ ဘယ်မှာလဲ… အစ်မမှာ ယူစရာယောကျာ်း၊ ရည်းစားသနာလည်း မရှိပါဘူးအေရယ်၊ စိတ်ချ… ဒီသားလေးကြောင့်ကို အစ်မ တစ်သက်အိမ်ထောင်မပြုတော့ဘူး''

''အစ်မယဉ်ရွှေကို ယောကျာ်းမယူနဲ့လို့ တားနေတာမဟုတ်ပါ ဘူး၊ ကျွန်မတားကောင်းတဲ့အရာလည်းမဟုတ်ပါဘူး၊ ဖြစ်တတ်တဲ့သဘောကိုပြောတာပါ၊ အစ်မယဉ်ရွှေကိုစိတ်ချပါတယ်၊ ပြီးတော့… ပြီးတော့… ကျွန်မတစ်နေ့ကျရင် သားလေးကိုပြန်ခေါ်နိုင်အောင်ကြိုးစားမှာပါ''

''ခင်လပြည့်ဝန်းက ဆရာဝန်တစ်ယောက်ဖြစ်လာမှာပဲ၊ ကလေးကိုပြန်ခေါ်နိုင်မှာပါ၊ ဆရာဝန်ဖြစ်တဲ့အထိတော့ စောင့်ရမှာပေါ့၊ ငါ့ညီမ က ဘယ်နှနှစ် ကျောင်းဆက်တက်ရဦးမှာလဲဟင်''

''ငါး… ငါးနှစ်လေ၊ ငါးနှစ်ဆက်တက်ရဦးမှာ''

''စိတ်ချပါကွယ်… ခင်လပြည့်ဝန်း သားလေးကိုပြန်လာခေါ်တဲ့အထိ အစ်မစောင့်ရှောက်ထားပါ့မယ်''

''ကျွန်မ… ကျွန်မ… ဒါလေးကို ပေးခဲ့ချင်လို့''

ခင်လပြည့်ဝန်းက ချိုင်းကြားမှညှပ်လာသည့်ပိုက်ဆံအိတ်လေးကိုဖွင့်လိုက်သည်။

အတွင်းမှဆွဲထုတ်လိုက်သည့်အခါ ရွှေဆွဲကြိုးတစ်ကုံးပါလာ၏။

''အစ်မယဉ်ရွှေ၊ ဒါ… ဒါ… ကျွန်မရဲ့ဆွဲကြိုးလေးပါ၊ ကြည့်ပါဦး''

ဆွဲကြိုးမှာ ဆွဲပြားပါသောဆွဲကြိုးလေးတစ်ကုံးဖြစ်ပါသည်။

မယဉ်ရွှေက ဆွဲပြားလေးကိုကြည့်လိုက်၏။

''သြော်… ဆွဲပြားလေးမှာ နှစ်ဖက်စလုံး ရုပ်ပုံထွင်းထားတယ်နော်၊ ဆွဲပြားက နှစ်ဖက်လှပဲ''

''ဆွဲပြားပေါ်က ပုံလေးတွေကို ကြည့်ပါဦးအစ်မ''

''ဒီဖက်က…ဒေါင်းရုပ်၊ နောက်တစ်ဖက်က… ယုန်ရုပ်ပါလား''

မယဉ်ရွှေက ရွှေဆွဲပြား၏တစ်ဖက်တစ်ချက်စီတွင် ထွင်းထုထားသော ဒေါင်းရုပ်ပုံနှင့် ယုန်ရုပ်ပုံကိုကြည့်ကာ ပြောလိုက်သည်။

''ဟုတ်ပါတယ်အစ်မယဉ်ရွှေ၊ ဒေါင်းရုပ်နဲ့ယုန်ရုပ်ပုံထွင်းထားတာ တခြားကြောင့်မဟုတ်ပါဘူးအစ်မ၊ ဖေဖေ့နာမည်က ဦးနေလ–လေ''

''သြော်…''

''နေရဲ့အမှတ်အသားက ဒေါင်း၊ လရဲ့အမှတ်အသားက ယုန်ရုပ်မဟုတ်လား''

''ဟုတ်သားပဲ''

''ဖေဖေက သူပိုင် ဆီစက်ဆန်စက်တွေကိုလည်း နေလနာမည်နဲ့ပဲ နေလဆီစက်... နေလဆန်စက်လို့... မှည့်ထားတယ်အစ်မ၊ စက်ရုံတွေ အဝင်ဝမှာလည်း ဆိုင်းဘုတ်ပေါ်မှာ ဒေါင်းရုပ်နဲ့ယုန်ရုပ်ကို တစ်ဖက်တစ်ချက်စီမှာ ဆွဲထားတယ်၊ ဖေဖေ့ရဲ့ကိုယ်ပိုင်အမှတ်အသားဆိုပါတော့''

''သြော်... ဟုတ်လား''

''ဒီဆွဲကြိုးလေးကလည်း ဖေဖေဦးနေလရဲ့ကိုယ်ပိုင်အမှတ်အသားတံဆိပ်မျိုးဖြစ်အောင် လုပ်ထားတာပါ၊ ကျွန်မ ဒီဆွဲကြိုးလေးကို သားအတွက် ပေးထားခဲ့မယ်နော်... အစ်မ''

''အို...''

''တခြားကြောင့်မဟုတ်ပါဘူးအစ်မရယ်၊ ကျွန်မ သားလေးကို ပြန်လာခေါ်မယ်ဆိုပေမယ့် ကံကြမ္မာဆိုတာ မပြောနိုင်ဘူးလေ၊ တကယ်လို့ သားလေးကို ကျွန်မပြန်လာမခေါ်နိုင်ခဲ့ရင် အရွယ်ရောက်တဲ့အခါ သားကိုမှတ်မိအောင်လို့ပါ''

''သြော်... ညီမရယ်''

''ဒီဆွဲကြိုးလေးကို သိမ်းထားပေးပါအစ်မယဉ်ရွှေရယ်၊ သားလေးအရွယ်ရောက်တဲ့အထိ သိမ်းထားပေးပါနော်''

''စိတ်ချပါညီမရယ်... ဘယ်လောက်အခက်အခဲဖြစ်ဖြစ် အစ်မ မထုခွဲပါဘူးကွယ်၊ ညီမလည်း ဆရာဝန်ဖြစ်ပြီးရင် သားကိုပြန်လာခေါ်နိုင်မှာပါကွယ်''

''သားနဲ့ပြန်ဆုံရပါစေလို့ ကျွန်မဆုတောင်းပါတယ်အစ်မရယ်''

ခင်လပြည့်ဝန်းသည် သားလေးမိုးမြင့်သော်တာအတွက် မှာကြားစရာရှိသည်များကိုမှာကြားပြီးနောက်တွင် သားလေးကိုဖက်ကာ အဆုံးမရှိရှိုက်ငိုနေတော့၏။

''တိတ်ပါငါ့ညီမရယ် အမေနဲ့သား ပြန်ဆုံဆည်းချိန် အမြန်ရောက်လာပါစေလို့ တို့တွေ ဆုတောင်းကြရုံရှိတာပေါ့ကွယ်''

\+ + + + +

နောက်တစ်နေ့တွင် ခင်လပြည့်ဝန်းနှင့်ဒေါ်ချောစုတို့ ပြန်သွားကြသည်။

မယဉ်ရွှေက ကလေးကိုချီပိုးကာ တစ်ဖက်ကမ်းမှ ကားဂိတ်အထိ လိုက်ပို့လိုက်သည်။

ခင်လပြည့်ဝန်းသည် ကားထွက်ချိန်ထိအောင် သားလေးမိုးမြင့်သော်တာကို တယုတယပွေ့ပိုက်နမ်းရှုတ်ကာ မျက်ရည်များကျလျှက်ရှိ သည်။

လူမသိသူမသိ ကလေးလာပြီးမီးဖွားသည်ဆိုသော်လည်း ရွာကလေးမှာ သေးသေးလေးမို့ ခင်လပြည့်ဝန်းအကြောင်းကို တစ်ရွာလုံးက သိနေကြပါပြီ။ ရန်ကုန်မှ ဆရာဝန်လောင်း ဆေးကျောင်းသူမိန်းကလေးတစ်ယောက်ဖြစ်ကြောင်းလည်း သိကြသည်။ တောအရပ်အတွက် ထူးခြားထင်ရှားလွန်းနေသော ''ခင်လပြည့်ဝန်း''ဆိုသည့်အမည်ကိုလည်း မှတ်မိသိရှိနေကြပါပြီ။

ပြန်ခါနီးကားပေါ်မှာ ပဲနွယ်ကုန်းအထိလိုက်ပါမည့်ခရီးသည်များကလည်း ခင်လပြည့်ဝန်း၏သောကဝေဒနာကို မြင်ချင်တိုင်းမြင်နေရသည်။ ကလေးကိုထားရစ်ခဲ့ပြီး ရန်ကုန်ပြန်မယ့်အကြောင်းများနှင့် ကလေးကို ဒေါ်အေးစိန်တို့မွေးစားလိုက်သည့်အကြောင်းများကိုလည်း ဟိုဖက်ကမ်းကလူတွေရော... သည်ဖက်ကမ်းကလူတွေရော... မသိချင်အဆုံး သိပြီးနေပါပြီ။

မည်သို့ဆိုစေ... သူဌေးသမီးလေး ခင်လပြည့်ဝန်းကိုတော့ သနားကြသူများချည်းဖြစ်သည်။

အချိန်စေ့တော့ ကားထွက်ရန် ဆော်သြလိုက်သည်။

''ကဲ– ကားပေါ်တက်ထိုင်ပါတော့ ညီမလေးရယ်''

မယဉ်ရွှေက ကလေးကိုယူကာ ခင်လပြည့်ဝန်းကို ကားပေါ်တွန်းပို့လိုက်ရသည်။

သစ်သားအိမ်ဖြင့်ပြုလုပ်ထားသော စစ်ကြိုခေတ်က ဒေါ့ဂျစ်ကားအိုကြီးက တအိအိဖြင့် ထွက်ခွာသွားချေပြီ။ ကားမှာ ပဲနွယ်ကုန်းအထိသာ ခေါက်တိုပြေးဆွဲသော တောကားအိုကြီးဖြစ်ပါ၏။ ပဲနွယ်ကုန်းရောက်လျှင် ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်ရောက်ပြီ။ မီးရထား၊ အဝေးပြေးကားများဖြင့် လိုရာခရီးကို ဆက်ကြရမည်ဖြစ်သည်။

မယဉ်ရွှေက ကလေးကိုပိုက်ရင်း ငိုရှိုက်ကာပါသွားသော ခင်လပြည့်ဝန်းကို ငေးကြည့်နေခဲ့သည်။

ကားတရွေ့ရွေ့ဝေးသွားသည်နှင့်အမျှ ခင်လပြည့်ဝန်း၏အသွင်သဏ္ဍာန်က မယဉ်ရွှေမြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထိုအဖြစ်သည် မယဉ်ရွှေအနေဖြင့် ခင်လပြည့်ဝန်းကို နောက်ဆုံးမြင်လိုက်ရခြင်းဖြစ်ပါသည်။

ကလေးကို ပြန်လာခေါ်မည်ဆိုသော ခင်လပြည့်ဝန်းသည်… တကယ်တန်းကျ ပြန်လာမခေါ်နိုင်ခဲ့ပါ။ ဘယ်လိုအကြောင်းတွေရှိလို့လဲ တော့ မယဉ်ရွှေမသိ။

သားကလေးမိုးမြင့်သော်တာသည်… မယဉ်ရွှေရင်ခွင်ထဲမှာပင် ကြီးပြင်းလာခဲ့ရာ ယခုဆိုလျှင်… အသက်နှစ်ဆယ်ပင် ရှိပါပြီကော။

♛♛♛♛♛

၁ ( င )

မိုးမြင့်သော်တာ အသက်သုံးနှစ်အရွယ်တွင်… မယဉ်ရွှေကို ဒေါ်အေးစိန်က အိမ်ထောင်ချပေးခဲ့သည်။

တစ်ရွာတည်းနေ ကားသမားကိုတင်ဖေနှင့် လူကြီးချင်းပြောဆိုကာ အိမ်ထောင်ပြုပေးလိုက်ခြင်းဖြစ်ပါသည်။ ကိုတင်ဖေက နတ်သံကွင်းရွာနှင့်ကျောက်ကြီးမြို့ကိုပြေးဆွဲသော ခရီးသည်တင်ကားကိုမောင်းသည့် ဒရိုင်ဘာတစ်ယောက်ဖြစ်ပါသည်။

မယဉ်ရွှေက ကိုတင်ဖေနှင့်မယူခင်… ကလေးကိစ္စကို ရှင်းလင်းအောင်ဆွေးနွေးခဲ့သည်။

''မိုးမြင့်သော်တာလေးကို ကျွန်မတို့သားအမိမွေးစားထားတာ ကိုတင်ဖေအသိပဲနော်''

''အေးလေ… တစ်ရွာလုံးလည်း သိနေတာပဲယဉ်ရွှေ''

''ကလေးက ကျွန်မကို အမေလို့ခေါ်ပြီး အမေရင်းလိုခင်တွယ်နေရှာတယ်ကိုတင်ဖေ၊ ဒါကို… ရှင်နားလည်မှုရှိဖို့တော့လိုလိမ့်မယ်နော်၊ ကလေးအပေါ်မှာ ခွဲခွဲခြားခြားစိတ်ထားရင်တော့ ကျွန်မနဲ့ မယူကြတာကောင်းလိမ့်မယ်ကိုတင်ဖေ''

''ဩော်… ယဉ်ရွှေ၊ နင် ဒီကလေးကိုတော်တော်ချစ်တာပဲနော်၊ ကလေးကရော… နင့်ကို အမေအရင်းလို့ထင်နေတာလားဟ''

''အရွယ်ကလေးငယ်သေးပေမယ့် ကျွန်မဟာ သူ့အမေအရင်းမဟုတ်ဘူးဆိုတာတော့ သူသိရှာပါတယ်၊ ပတ်ဝန်းကျင်ကလည်း ပြောကြဆိုကြတယ်မဟုတ်လား၊ ဒါပေမယ့်… ကလေးအချစ်က ကျွန်မအပေါ် လျော့မသွားပါဘူးရှင်၊ ရှင်သာ ကိုယ့်သားသမီးမဟုတ်လို့ဆိုပြီး တစ်ချိန်ကျ ငြိုငြင်လာမှာစိုးလို့ပါ ကိုတင်ဖေ၊ ကျွန်မအိမ်ထောင်မပြုရလို့ ဘာမှကိစ္စမရှိဘူး၊ အိမ်ထောင်ပြုလိုက်လို့ ကလေးစိတ်အားငယ်သွားမှာပဲစိုး တယ်၊ ဒီတော့… ရှင် ကျွန်မနဲ့ယူရင် ကလေးကိုတော့ အနွံအတာခံရလိမ့် မယ်၊ သားအရင်းမဟုတ်ဘူးဆိုပြီး ခွဲခြားတာမျိုး လုပ်လို့တော့မဖြစ်ဘူး''

''ယဉ်ရွှေ… ယဉ်ရွှေ… ငါကတိပေးပါတယ်ဟာ၊ ငါလည်း သဘောထားဒါလောက်မသေးသိမ်ပါဘူး၊ နင်က သားအရင်းလိုချစ်နေတော့လည်း ငါ့သားပဲပေါ့ဟာ''

''တစ်ချိန်… ရှင်နဲ့ကျွန်မနဲ့ သားသမီးတွေရလာကြဦးမှာမဟုတ်လား၊ အဲဒီကျမှ… ပြောစရာဆိုစရာဖြစ်လာမှာစိုးလို့ပါ''

''ယဉ်ရွှေရယ်… ငါတို့အခြေအနေက မကျွေးနိုင်မမွေးနိုင်တာမှမဟုတ်ပဲဟာ၊ ဒီကလေး ငါတို့စားသလိုစား ငါတို့နေသလိုနေနိုင်ရင်ပြီးရောမဟုတ်လား၊ ငါမငြိုငြင်ပါဘူး၊ ခုလည်း… မငြိုငြင်ဘူး၊ နောင် လည်းမငြိုငြင်ပါဘူး ယဉ်ရွှေ''

''ပြောသာပြောနေတာပါလေ၊ မိုးမြင့်သော်တာလေးကို သူ့အမေက မကြာခင်ပြန်လာခေါ်ရင် ခေါ်သွားမှာပါကိုတင်ဖေရယ်၊ နောက် ၂နှစ်သုံးနှစ်လောက်ဆိုရင် ခင်လပြည့်ဝန်း ဆရာဝန်ဖြစ်တော့မှာလေ၊ သူလာခေါ်မယ်ပြောသွားတယ်၊ ကလေးကိုပြန်လာခေါ်ရင်တော့ ကျွန်မရင်ကွဲရဦးမယ် ကိုတင်ဖေရဲ့''

''ဩော်… ယဉ်ရွှေ… ယဉ်ရွှေ… နင့်လို သံယောဇဉ်ကြီးတဲ့လူမျိုးတော့ ရှားပါတယ်ဟာ၊ ကိုယ့်ရင်သွေးမဟုတ်ပဲ မိခင်အရင်းလိုမေတ္တာထားနိုင်တဲ့နင့်ကို ငါချီးကျူးပါတယ်ဟာ၊ ဂုဏ်လည်းယူပါတယ်ယဉ်ရွှေရယ်''

\+ + + + +

ကိုတင်ဖေက သူ့ကတိကိုတည်ခဲ့ပါသည်။ မိုးမြင့်သော်တာကို သားအရင်းနှင့်မခြား ဂရုစိုက်ရှာသည်။ သူ့ကိုလည်း ''အဖေ''လို့ပဲခေါ်ခိုင်းသည်။

မယဉ်ရွှေနှင့်ကိုတင်ဖေမှာ သားသမီးမထွန်းကားခဲ့ပါ။ ဒါ့ကြောင့်လည်း မိုးမြင့်သော်တာလေးအပေါ်မှာသာ အချစ်ပိုခဲ့ကြခြင်းဖြစ်သည်။ မိုးမြင့်သော်တာအတွက် ကံကောင်းသည်ဟုဆိုရမည်ပင်။

ခင်လပြည့်ဝန်း ကလေးကိုလာခေါ်နိုး... ခေါ်နိုး... မျှော်လင့်ခဲ့သော်လည်း တကယ်တန်းကျ ရောက်မလာခဲ့ပါ။

ဘာကြောင့်ရောက်မလာတာလဲ။ သူ့အိမ်က တားလို့လား။ အိမ်ထောင်ပဲကျသွားပြီလား။ အနေဝေးလို့ သားလေးကို သံယောဇဉ်လျော့ပါးသွားတာလား။ တစ်ချိန်ကညစ်နွမ်းသောအတိတ်ကို ပစ္စုပ္ပန်အထိမသယ်ဆောင်ချင်လို့ မေ့ထားလိုက်တာလား။

မည်သို့ပင်ဆိုစေ... မိုးမြင့်သော်တာကို ခင်လပြည့်ဝန်း ပြန်လည်မဆက်သွယ်ခဲ့ခြင်းကပင် မယဉ်ရွှေတို့အတွက်ဝမ်းသာစရာဖြစ်နေတော့၏။

ခင်လပြည့်ဝန်း လာခေါ်လျှင်တောင် ပြန်ထည့်ဖို့ခက်နေတော့ သည်။ ကိုယ်တိုင်သားသမီးမမွေးဖွားသော ကိုတင်ဖေနှင့်မယဉ်ရွှေတို့မှာ မိုးမြင့်သော်တာလေးကိုပင် သားအရင်းလိုချစ်နေကြပြီ။ ဘယ်နည်းနဲ့မှ မခွဲနိုင်ကြတော့ပါ။ သည်တော့... ခင်လပြည့်ဝန်းလာမခေါ်တာပင် ခပ်ကောင်းကောင်းလို့ ပြောရပေတော့မည်။

မိုးမြင့်သော်တာ သုံးတန်းအရောက်မှာ မယဉ်ရွှေမိခင်ကြီး ဒေါ်အေးစိန်ကွယ်လွန်သွားခဲ့သည်။ မယဉ်ရွှေကတော့ လက်သည်အလုပ်ကို ဆက်လုပ်ခဲ့ပါသည်။

မိုးမြင့်သော်တာလေးသည် သူ့ကိုယ်သူ မွေးစားသားမှန်းသိရှာသည်။ သို့သော်... မယဉ်ရွှေစိတ်ဆင်းရဲမှာစိုး၍ထင်သည်။ ဘာမှ မမေးမြန်းရှာပေ။

ဉာဏ်ကောင်း၍ စာတော်သောမိုးမြင့်သော်တာသည် အတန်းတိုင်းကို နှစ်ချင်းပေါက်အောင်ခဲ့ပါ၏။

အသက်၁၄နှစ် ၈တန်းကျောင်းသားဖြစ်လာချိန်မှာတော့ မိုးမြင့်သော်တာသည် သူ့ဘဝဇာတ်ကြောင်းကို မယဉ်ရွှေအားမေးလာတော့သည်။

သားလေးက အမေစိတ်မချမ်းမသာဖြစ်သွားမှာကို စိုးရိမ်မှန်းသိသာလှပေသည်။ သူ့အကြောင်းကို မေးမြန်းရာတွင်... အမေ့ကို အရင်ဆုံး တောင်းပန်သေးသည်။

''ကျွန်တော့်ကို အမေသိပ်ချစ်တာ ကျွန်တော်သိပါတယ်အမေ၊ ကျွန်တော့်အတွက်လည်း လူမှန်းသိစကတည်းက သားကိုမွေးလာတဲ့အမေ့ကိုပဲ အမေလို့မှတ်ပါတယ် အမေရယ်၊ ဒါပေမယ့်... အများက ကျွန်တော့်ကို အမေက မွေးစားထားတာလို့ပြောကြတယ်၊ အဲဒါ... အမှန်ဟုတ်သလား အမေ၊ အမေပြောချင်မှပြောပါ၊ အမေ မပြောချင်ရင် ကျွန်တော်ဆက်မမေးပါဘူး''

မယဉ်ရွှေက သိတတ်လှသောသားကလေးကို ငေးကြည့်နေမိ၏။

တကယ်တော့... ဘေးစကားတွေကြောင့် အဖြစ်မှန်ကို သားသိပြီးဖြစ်သည်။ အလုံးစုံစေ့စေ့စပ်စပ်သာ မသိရသေးခြင်းဖြစ်သည်။ မယဉ်ရွှေရောင်ရှုံမထားတော့ပါ။ သားကိုပွင့်ပွင့်လင်းလင်းပင်ပြောပြလိုက်ပါ၏။

''ဟုတ်တယ်သား... သားရဲ့အမေက အမေတို့ဆီမှာ သားကိုလာမွေးရင်းနဲ့ မဖြစ်သာလို့ သားကို အမေတို့နဲ့ထားပစ်ခဲ့ရတာ''

''ဒါဖြင့်... သားအမေအရင်းက ဘယ်သူလဲဟင်၊ သူအခုရှိသေးလား၊ သူက သူဌေးသမီးဆိုတာကော ဟုတ်သလားဟင်''

''ဟုတ်ပါတယ်သားရယ်... သူဌေးသမီးဖြစ်ရုံတင်ဘယ်ကမလဲ၊ သားအမေက ဆရာဝန်တစ်ယောက်ကွဲ့၊ ချောလည်းသိပ်ချောတဲ့မိန်းကလေးတစ်ယောက်ပါကွယ်''

''ဗျာ–''

''အမေတို့ဆီကို သားကိုလာမွေးတော့ သူက ဆေးကျောင်းတက်နေရင်းတန်းလန်းကလေ၊ ကျောင်းတစ်နှစ်ထွက်ပြီး သားကို အမေတို့ ဆီမှာလာမွေးတာ''

''အမေ၊ သူဘာလို့ အဲဒီလိုလုပ်ရတာလဲအမေရယ်၊ ဒါဖြင့်... ကျွန်တော့်အမေဟာ မိန်းမကောင်းတစ်ယောက်မဟုတ်ဘူးပေါ့၊ ဟုတ်လား အမေ''

''အို... ငါ့သား၊ မွေးသမိခင်ကို ဒီလိုမပြောရဘူးကွဲ့၊ အကျင့်စာရိတ္တပျက်ပြားနေစေဦး၊ အမေဟာ အမေပဲ၊ တကယ်တော့ သားအမေဟာ မိန်းမကောင်းတစ်ယောက်ပါ၊ စိတ်ထားသိပ်နူးညံ့တဲ့ မိန်းကလေးတစ်ယောက်ပါကွယ်၊ လူမသိအောင် ကလေးမွေးရတာက သူအကျင့်ပျက်လို့မဟုတ်ဘူး၊ သားအဖေဟာ သားကိုယ်ဝန်ရှိချိန်မှာပဲ ကားတိုက် ခံရလို့ ကွယ်လွန်သွားတယ်တဲ့ငါ့သား၊ ဒီတုံးက... သူတို့ မယူကြရသေး ဘူး၊ ဒီတော့

အပျိုလေးတန်မဲ့ ကိုယ်ဝန်နဲ့ကျန်ခဲ့တဲ့ မင်းအမေဟာ မင်း ကို လူမသိအောင် အမေတို့ရွာအထိ လာမွေးရတော့တာပေါ့ကွယ်''

''ကျွန်တော့်ကို ထားပစ်ခဲ့တာကျတော့ရောအမေ''

''ဒီမယ်ငါ့သား၊ မင်းအမေကို အထင်မမှားနဲ့ကွဲ့၊ မင်းအမေ မင်းကိုမွေးတဲ့အချိန်မှာ အသက်က ၁၈နှစ်ရှိသေးတာ၊ သူ့ဘဝသူ မပိုင်ရှာဘူး၊ သူ့မိဘများဆန္ဒအရ သားကိုမွေးပြီး အမေတို့နဲ့ထားခဲ့ရရှာတာပါကွယ်၊ တစ်နေ့... သူပြန်လာခေါ်မယ်လို့လည်း အထပ်ထပ်ကတိပေးသွားရှာပါတယ်''

''ဟင်... ဒါဖြင့် ကျွန်တော့်ကို အခုထိ မဆက်သွယ်တာကျတော့ရော''

''လောကကြီးမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့ရတာမဟုတ်ပါဘူးငါ့သားရယ်၊ သားအမေမှာ မလွန်ဆန်နိုင်တဲ့အကြောင်းတွေ ရှိလို့ဖြစ်မှာပါ၊ ဥပမာ– သူအိမ်ထောင်ကျသွားမယ်၊ သူ့အိမ်ထောင်ဖက်က ဒီနောက်ကြောင်းတွေကိုသိမှာစိုးလို့ သားကိုဆက်သွယ်လို့မဖြစ်တော့တာမျိုးလည်း ဖြစ်နိုင်တယ်လေ''

''အခုဆို... အိမ်ထောင်ကျပြီးလို့ သူ့မှာ သားသမီးတွေရှိနေရောပေါ့အမေရယ်... ကျွန်တော့်ကို မေ့နေပြီထင်ပါရဲ့ဗျာ''

''သားရယ်... လူ့လောကရောက်အောင် မွေးပေးခဲ့တဲ့ အမေအရင်းကို အထင်အမြင်လွဲတဲ့အတွေးမျိုးတွေ မဝင်ပါနဲ့သား၊ သူ သားကိုသိပ်ချစ်တယ်ဆိုတာ အမေအသိဆုံး၊ အမေတစ်ခုပဲပြောမယ်၊ သူတို့ ဟာ သူဌေးသူကြွယ်တွေ၊ မင်းကို လူ့လောကရောက်အောင်မွေးမထုတ် ချင်ရင် ကိုယ်ဝန်ကိုဖျက်ချလိုက်လို့ရတယ်လေ၊ သူတို့ခနအင်အားနဲ့ တတ်နိုင်တာပေါ့၊ ဒါမျိုးမလုပ်ပဲ... ဟောဒီရွာလို ချောင်ကျိုချောင်ကြားနေရာရောက်တဲ့အထိလာပြီး ဆင်းရဲဒုက္ခခံ မွေးခဲ့တယ်ဆိုကတည်းက သူဟာ ရင်သွေးအပေါ်မှာ တာဝန်မမဲ့ဘူးဆိုတာ သိသာနေပြီလေ''

''အမေ... အမေ... ဟုတ်ပါတယ်အမေရယ်၊ ကျွန်တော့်အမေအရင်းကို ကျွန်တော်အထင်အမြင်မလွဲပါဘူး၊ အမေကိုယ်တိုင်ပြောပြ လို့ ကျွန်တော်ယုံပါပြီ၊ ဒါပေမယ့်ဗျာ... သူ ဘာလို့ ကျွန်တော့်ကိုမဆက်သွယ်လည်း မသိဘူးနော်''

မိုးမြင့်သော်တာက မချင့်မရဲပြောလိုက်သည်။

''ကျွန်တော့်အမေ လူ့လောကကြီးထဲမှာ ရှိမှရှိသေးရဲ့လား မသိပါဘူးအမေရယ်''

''အို... မပြောကောင်းမဆိုကောင်းငါ့သားရယ်၊ အမေ့အထင်တော့... သူ ဆရာဝန်မကြီးဖြစ်နေပြီ၊ အိမ်ထောင်လည်းကျနေပြီ၊ အဲဒါကြောင့်... သားကိုဆက်သွယ်ဖို့ခက်နေရှာတာ ဖြစ်ပါလိမ့်မယ်ကွယ်''

''ကျွန်တော်တွေ့ချင်လိုက်တာဗျာ၊ ကျွန်တော့်အမေအရင်းကို ကျွန်တော်မြင်ချင်လိုက်တာအမေရယ်''

''သားရယ်...''

''အမေ့ကိုမချစ်လို့ပြောတာမဟုတ်ဘူးနော်၊ သားကိုမွေးထုတ်လိုက်တဲ့အမေကို မြင်ဖူးချင်လို့ပါအမေ''

''အမေနားလည်ပါတယ်သား''

''သူ့နာမည်က ဘယ်သူလဲဟင်၊ သူ့ဓာတ်ပုံလေးမှ မထားခဲ့ဘူးလားအမေရယ်၊ သူတို့အိမ်လိပ်စာရော အမေမေးမထားလိုက်ဘူးလား''

''ဓာတ်ပုံလည်း မကျန်ခဲ့ပါဘူး၊ လိပ်စာမေးဖို့လည်း အမေသတိမရခဲ့ဘူးကွဲ့၊ မင်းအမေမှာ ဘေးကနေလိုက်ပြီး ချယ်လှယ်နေတဲ့ မိန်းမကြီးတစ်ယောက်က ပါလာသေးတယ်၊ ဒေါ်ချောစုဆိုတဲ့မိန်းမကြီးကို သူ့မိဘတွေက အပ်လွှတ်လိုက်တာ၊ ဒေါ်ချောစုကြီးက အရာရာဝင်ပြီး စွက်ဖက်နေတာကွဲ့၊ သူဌေးတွေဆိုတော့လည်း သူတို့နောက် ခြေရာခံ လိုက်မှာ စိုးတယ်ထင်ပါရဲ့လေ၊ ဒါပေမယ့်... ခင်လပြည့်ဝန်းကတော့ သူ့မိသားစုအကြောင်းတွေ ပြောပြရှာပါတယ်''

''ခင်လပြည့်ဝန်း...''

''ဟုတ်တယ်၊ သားအမေနာမည်က ခင်လပြည့်ဝန်း... တဲ့''

''နာမည်လေးက လှလိုက်တာ၊ ဆန်းလည်းဆန်းတယ်နော် အမေ''

''ဟုတ်တယ်၊ သူ့အဖေနာမည်က ဦးနေလတဲ့၊ ဆန်စက် ဆီစက်တွေပိုင်တယ်၊ ဆီစက်ဆန်စက်တွေကိုလည်း နေလနာမည်ပဲ မှည့်ထားတာတဲ့၊ သားနာမည်ကိုလည်း နေတို့လတို့အဓိပ္ပါယ်ပါအောင် နေ့သင့်နံသင့် သူကိုယ်တိုင်မှည့်ပေးခဲ့တာ ငါ့သား''

''ဩော်... ကျွန်တော့်နာမည် မိုးမြင့်သော်တာ... ဆိုတာကို ကျွန်တော့်အမေကိုယ်တိုင်က မှည့်ပေးခဲ့တာကိုး''

''ပြောလက်စနဲ့ အမေသားကိုပြပါဦးမယ်၊ မင်းအမေပေးခဲ့တဲ့ ရွှေဆွဲကြိုးလေး''

ဒေါ်ယဉ်ရွှေက သေတ္တာထဲတွင် သိမ်းဝှက်ထားသော နေလ တံဆိပ်ဆွဲပြားပါသည့်ဆွဲကြိုးလေးကို ထုတ်ပြလိုက်သည်။

''ဆွဲပြားလေးတစ်ဖက်က ဒေါင်းရုပ်က နေအမှတ်အသားတဲ့၊ တစ်ဖက်က ယုန်ရုပ်က လအမှတ်အသားတဲ့၊ သူ့အဖေရဲ့ ဦးနေလဆိုတဲ့ နာမည်ကိုအစွဲပြုပြီးလုပ်ထားတဲ့ဆွဲကြိုးလေးလို့ ပြောတယ်၊ ခင်လပြည့်ဝန်း က သားကို အရွယ်ရောက်တဲ့အထိ ဒီဆွဲကြိုးလေးဆွဲပေးဖို့မှာသွားတယ်၊ ဒါလေးဟာ... သူ့သားဖြစ်ကြောင်း သက်သေတဲ့''

''ဟင်...''

မိုးမြင့်သော်တာက ဆွဲကြိုးလေးကို အပြန်ပြန်အလှန်လှန်ကြည့် နေသည်။

''ဒါဖြင့်... ကျွန်တော့်အမေဟာ ကျွန်တော့်ကို ပြန်တွေ့ဖို့ ရည်ရွယ်ချက်တော့ရှိခဲ့တာပေါ့နော်၊ ဒါပေမယ့်... သူ့ကိုယ်သူမပိုင်မှန်းသိ လို့ ဒီဆွဲကြိုးလေးပေးပြီး အမှတ်အသားထားခဲ့တာပဲပေါ့နော်... အမေ''

''ဒါပေါ့ကွယ်... အမေတို့လည်း ခင်လပြည့်ဝန်း သားကို လာ ခေါ်နိုး... ခေါ်နိုးနဲ့ မျှော်ခဲ့ပါတယ်၊ သူမှရောက်မလာတော့ အမေတို့ လည်း ဘာမှမတတ်နိုင်ဘူးလေ၊ ဒါပေမယ့်... အခုအချိန်မှတော့ သားကို သူနဲ့ပြန်မတွေ့စေချင်တော့ဘူးသား''

''ဘာဖြစ်လို့လဲအမေရယ်''

''သားက အမေတို့နဲ့နေသားကျနေပြီလေ၊ ဒီလိုပဲ... ခင်လပြည့် ဝန်းလည်း သူ့ဘဝနဲ့သူ နေသားကျနေရောပေါ့ကွယ်''

''ကျွန်တော်တော့ ကျွန်တော့်အမေအရင်းကို တွေ့ချင်တယ်''

''ဘာဖြစ်လို့လဲသားရယ်၊ သားကိုအမေတို့က လိုလေသေးမရှိ ထားတာပဲ၊ ကျောင်းထားပေးတယ်၊ သားအတွက် ဘာမှ အပူအပင် အကြောင့်အကျမရှိထားခဲ့တာ ငါ့သားအသိပဲ၊ ဘာလို့ အမေအရင်းကို တွေ့ချင်ရတာလဲ၊ အရွယ်လေးရောက်လာတာနဲ့ အမေ့ရင်ကို စုံကန်ချင် ပြီလားငါ့သား၊ မင်းအမေအရင်းက သူဌေးမ ဆရာဝန်မဆိုတာသိလိုက် ရလို့ ဟိုဖက်ကိုသွားချင်ပြီလား၊ ဖြစ်မှဖြစ်ရလေငါ့သားရယ်''

ဒေါ်ယဉ်ရွှေက ပြောရင်း မျက်ရည်များကျလာသည်။

''မတွေ့ရဘူး၊ မတွေ့ရဘူး၊ တစ်သက်လုံး ဒီအရွယ်ရောက် အောင် ငါကျွေးမွေးသုတ်သင်လာတာ၊ မင်းအမေက မင်းကို မွေးရုံလေး မွေးထုတ်ခဲ့တာ၊ ဒီအချိန်ကျမှ ငါ့ရင်ထဲကနေ ဆွဲထုတ်မခံနိုင်ဘူး၊ မင်း ခင်လပြည့်ဝန်းကို မတွေ့ရဘူး၊ ငါ မင်းကိုမခွဲနိုင်ဘူးမိုးမြင့်သော်တာ''

''အမေ... အမေ...''

ရှိုက်ကြီးတငင်ငိုနေသောဒေါ်ယဉ်ရွှေကို မိုးမြင့်သော်တာက ပွေ့ ဖက်လိုက်သည်။ ဒေါ်ယဉ်ရွှေပါးပြင်ပေါ်မှ မျက်ရည်များကို တယုတယ သုတ်ပေးသည်။

''မဟုတ်ပါဘူးအမေရယ် မဟုတ်ပါဘူး၊ သား အမေနဲ့မခွဲပါ ဘူး၊ ခွဲလည်းမခွဲနိုင်ပါဘူးအမေ၊ သားအမေ့ကိုချစ်ပါတယ်၊ သူ့ကိုတွေ့ ချင်တယ်လို့ပြောတာက အမေအရင်းဆိုတာကို မြင်ဖူးချင်လို့ပါ၊ ဓာတ်ပုံ လေးတောင် မြင်ခွင့်မရှိလို့ မြင်ဖူးချင်ရုံသက်သက်ပါအမေ၊ အမေရင်ခွင် ထဲက သားထွက်သွားဖို့ မဟုတ်ပါဘူးအမေရယ်၊ ယုံပါအမေရယ်၊ အမေ မကြိုက်ရင် ကျွန်တော် နောက်ဒီလိုစကားမျိုးမပြောတော့ဘူးနော်အမေ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါအမေရယ်''

မိုးမြင့်သော်တာက ဒေါ်ယဉ်ရွှေမကြိုက်မှန်းသိ၍ မည်သည့်အခါ မျှ သူ့မိခင်ရင်းအကြောင်းကို မမေးတော့ပါ။

♛♛♛♛♛

၁ ( ၈ )

သည်လိုနှင့်... မိုးမြင့်သော်တာသည် အသက်၁၆နှစ်အရွယ်မှာ ဆယ်တန်းအောင်ခဲ့သည်။

ဆယ်တန်းအောင်တဲ့နှစ်မှာ သူ့အဖေကိုတင်ဖေက မိုးမြင့်သော် တာကို ကားမောင်းသင်ပေးခဲ့သည်။ ကိုတင်ဖေက နတ်သံကွင်းရွာနှင့် ကျောက်ကြီးမြို့ကို ပြေးဆွဲသည့် လိုင်းကားဒရိုင်ဘာဖြစ်ပါသည်။

မိုးမြင့်သော်တာကို ကားမောင်းလည်း သင်ပေး၊ ယာဉ်မောင်း လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးခဲ့ပါသည်။

ကျောင်းအားရက်မှာ မိုးမြင့်သော်တာကို ကားမောင်းသင်ပေး ခဲ့ခြင်းက မယဉ်ရွှေတို့မိသားစုအတွက် နောက်ပိုင်းတွင် အဆင်ပြေအောင် ဖန်တီးပေးသကဲ့သို့ရှိခဲ့သည်။

အဘယ်ကြောင့်ဆိုသော်... မိုးမြင့်သော်တာ ဆယ်တန်းအောင်စာရင်းထွက်ပြီးလို့ ဆယ်တန်းအောင်မြင်ကြောင်း သိပြီးချိန်မှာပင် ကိုတင်ဖေတစ်ယောက် လေဖြတ်သွားခြင်းကြောင့်ဖြစ်ပါသည်။ ဒေါ်ယဉ်ရွှေထက်အသက်ဆယ်နှစ်ပိုကြီးသော ဦးတင်ဖေမှာ အသက်၆၀ရှိနေပါပြီ။

တစ်သက်လုံး အရက်သောက်လာခဲ့သည့်ဒဏ်၊ နေပူမရှောင် မိုးရွာမရှောင် ကားမောင်း၍ပင်ပန်းသည့်ဒဏ်များဖြင့် လေဖြတ်သွားခြင်းဖြစ်လေသည်။

အဖေကြီးလေဖြတ်သွားပြီး ကားမမောင်းနိုင်တော့ ဦးတင်ဖေမောင်းလက်စကားကို မိုးမြင့်သော်တာဆက်မောင်းရသည်။ ကားပိုင်ရှင်ကလည်း ခွင့်ပြု၍ အဆင်ပြေသွားရခြင်းဖြစ်ပါသည်။ နို့မို့ဖြင့်... မိသားစုဝင်ငွေအတွက် အခက်တွေ့ရပေလိမ့်မည်။

လေဖြတ်နေသောဦးတင်ဖေသည် ပါးကြီးရွဲ့နေရင်းကြားမှ... မပီသသောစကားသံဖြင့် မျက်ရည်များကျရင်း ပြောရှာသည်။

''ငါ့သားလေး ဆယ်တန်းအောင်ပါရက်နဲ့ ကောလိပ်ကိုဆက်မပို့နိုင်တော့ဘူး။ အသက်ငယ်ငယ်နဲ့အလုပ်ဝင်လုပ်နေရပြီ၊ အဖေ့မိုက်ပြစ် ပါကွယ်၊ အဖေစိတ်မကောင်းလိုက်တာ၊ အဖေ့ကိုခွင့်လွှတ်ပါငါ့သား''

မိုးမြင့်သော်တာအနေဖြင့် မိရင်းဖရင်းမဟုတ်သော်ငြား... မိမိအပေါ်မှာ သားအရင်းလိုသဘောထားရှာသည့် မိဘနှစ်ပါး၏မေတ္တာကိုခံယူရတော့ စိတ်မကောင်းဖြစ်မိသည်။ သည်အဖေ သည်အမေကိုပဲ တစ်သက်လုံးပြုစုလုပ်ကျွေးသွားဖို့ ဆုံးဖြတ်လိုက်ပါသည်။

ကျောင်းပညာရေးကိုတော့ အဝေးသင်တက္ကသိုလ်ဖြင့်သာ ဆက်တက်ခဲ့ပါသည်။

မိုးမြင့်သော်တာဘွဲ့ရသည့်နှစ်မှာပင် ဖခင်ကြီးဦးတင်ဖေ ဆုံးပါးသွားရှာသည်။

မိုးမြင့်သော်တာက ဖခင်ကြီးမောင်းခဲ့သည့်ကားကို ဆက်မောင်းနေဆဲ။

ဒေါ်ယဉ်ရွှေကတော့ ဘွဲ့ရပညာတတ်သားလေး တောလမ်းမှာသွားတဲ့ ကားကြမ်းကြီးမောင်းနေရတာကိုကြည့်ကာ စိတ်မကောင်းဖြစ်မိသည်။ တက္ကသိုလ်ဘွဲ့ရတစ်ယောက်ဖြစ်နေမှတော့... သားကို ပန်ကာအောက်ထိုင်အလုပ်လုပ်ရသော အရာရှိအရာခံကြီးဖြစ်စေချင်သည်။

ဒေါ်ယဉ်ရွှေဖြစ်စေချင်တဲ့ ပန်ကာအောက်က အေးအေးလူလူအလုပ်မျိုးကား သူတို့တောအရပ်တွင် မရှိချေ။ ဘွဲ့ရသူများ အစိုးရအလုပ်လုပ်လိုလျှင် ကျောင်းဆရာ၊ ကောင်စီစာရေး၊ မြေတိုင်းစာရေးလိုအလုပ်မျိုးသာရှိလေသည်။ ဒါတောင်... အပြိုင်အဆိုင်အများကြီးထဲမှာကြိုးစားနိုင်ပါမှ ရနိုင်ခြင်းဖြစ်သည်။

မိုးမြင့်သော်တာနှင့် ဆယ်တန်းအတူအောင်၊ တစ်နှစ်တည်းဘွဲ့ရခဲ့သော မကြာပွင့်လေးပင် ယခုအထိ အလုပ်မရသေး။

မိုးမြင့်သော်တာနှင့်မကြာပွင့်က သက်တူရွယ်တူ၊ အိမ်ချင်းကပ်ရက်နေကြသည့် ငယ်ကတည်းက ကစားဖက်သူငယ်ချင်းတွေ။ အရွယ်လေးရောက်လာကြတော့ သူတို့နှစ်ယောက်သံယောဇဉ်တွယ်ငြိနေတာကို ဒေါ်ယဉ်ရွှေသိသည်။

ဒေါ်ယဉ်ရွှေသည် မိုးမြင့်သော်တာကားမောင်းပြီး ပင်ပင်ပန်းပန်းလုပ်ကိုင်ကျွေးမွေးနေတာကိုကြည့်ပြီး တစ်ခါတစ်ခါတော့... တစ်ယောက်တည်းမျက်ရည်ကျမိသည်။ သူ့အမေအရင်းနဲ့သာဆိုလျှင် ဒီလိုပင်ပန်းမှာမဟုတ်ဘူးလို့တွေးမိပြီး ဝမ်းနည်းမိခြင်းဖြစ်ပါသည်။

စာတော်ပြီး ဉာဏ်ကောင်းတဲ့မိုးမြင့်သော်တာလေးဟာ မြို့အရပ်ကကျောင်းကောင်းကောင်းမှာနေခွင့်ရလျှင် သူ့အမေခင်လပြည့်ဝန်းလိုပဲ ဆရာဝန်ဖြစ်လာနိုင်သည်ဟု တွေးမိသည်။

ဘဝပေးအခြေအနေကိုက... သည်အတိုင်း ဖန်လာတာမဟုတ်လား။

ဒီလိုအချိန်ရောက်ပါမှ ခင်လပြည့်ဝန်းလာခေါ်လျှင်တောင်... ဒေါ်ယဉ်ရွှေအနေဖြင့် မိုးမြင့်သော်တာကို ပြန်မပေးနိုင်တော့ပါ။ မိုးမြင့်သော်တာသည် မိမိသားဖြစ်နေပြီ။

ခင်လပြည့်ဝန်းကလည်း နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာမြင့်ချိန် ကျမှလာခေါ်တော့မည်မဟုတ်ပါပေ။

♛♛♛♛♛

### ၁ ( ဆ )

ဒေါ်ယဉ်ရွှေအဖို့ မိုးမြင့်သော်တာနှင့်ခင်လပြည့်ဝန်း... သည်တစ်သက်ပြန်ဆုံစရာမရှိတော့ဘူးလို့ စိတ်ချလက်ချဖြစ်နေတဲ့အချိန်ကျပါမှ...

တစ်နေ့တွင်... မိုးမြင့်သော်တာက ပြောလာသည်။

''အမေ... ကျွန်တော့်အမေဒေါက်တာခင်လပြည့်ဝန်းရဲ့သတင်း ကို ကျွန်တော်ရထားပြီအမေ''

ဒေါ်ယဉ်ရွှေ မျက်လုံးပြူးသွားရသည်။

''မင်းတို့... မင်းတို့... ဘယ်လိုအဆက်အသွယ်ရလိုက်တာလဲ''

''အဆက်အသွယ်ရတာမဟုတ်ပါဘူးအမေရယ်၊ ကျွန်တော်က သာ သူဘယ်မှာရှိတယ်ဆိုတာ သိရတာပါ၊ သူကတော့ သိမှာမဟုတ်ပါ ဘူး၊ ကိုအေးမောင်ကို အမေသိတယ်မဟုတ်လား''

''ရန်ကုန်မှာ ကားသွားမောင်းနေတဲ့ မောင်အေးမောင်လား၊ ရွာတောင်ပိုင်းက ဖိုးလှကြင်သား''

''ဟုတ်တယ်... အဲဒီကိုအေးမောင်ပေါ့အမေ၊ သူက ရန်ကုန်မှာ ဆေးတိုက်ကြီးတစ်ခုမှာ ကားမောင်းနေတာတဲ့အမေ၊ ဆေးတိုက်နာမည်က နေလဆေးတိုက်တဲ့၊ ပုဂ္ဂလိကပိုင်ဆေးရုံပေါ့အမေရယ်၊ ဆေးရုံပိုင်ရှင်က ဒေါက်တာကျော်လင်းထွန်းနဲ့ဒေါက်တာခင်လပြည့်ဝန်းတို့ လင်မယားတဲ့''

''အို...''

''အမေ၊ အဲဒါ ကျွန်တော့်အမေပဲမဟုတ်လားဟင်... အမေ''

''အမေဘယ်သိမလဲကွယ်''

''ဟုတ်မှာပါအမေရယ်... ခင်လပြည့်ဝန်းဆိုတဲ့နာမည်က ခပ်ရှားရှားနာမည်မျိုးပါ၊ ပြီးတော့... ဆရာဝန်တဲ့၊ ဆရာဝန်လည်းဖြစ် တယ်၊ နာမည်ကလည် ခင်လပြည့်ဝန်းဆိုတော့ ကျွန်တော့်အမေပဲဖြစ် မှာပါ အမေရယ်''

ဒေါ်ယဉ်ရွှေဘာမှပြန်မဖြေမိ။ သားထင်တဲ့အတိုင်းဖြစ်နိုင်ပါ သည်။ ရှားပါးတဲ့နာမည်ချင်း... တူရုံမက ဆရာဝန်လည်းဆရာဝန်ဆိုတော့ သားအမေခင်လပြည့်ဝန်းကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ။ ပြီးတော့... ဆေးတိုက်နာမည်။ **နေလဆေးတိုက်**ဆိုပဲ။ ခင်လပြည့်ဝန်းက သူ့အဖေ နာမည်ဟာ ဦးနေလ၊ ဆီစက်ဆန်စက်တွေကိုလည်း နေလနာမည်နဲ့ပဲ ပေးထားတယ်လို့ ဆိုခဲ့ဖူးတယ်မဟုတ်ပါလား။ မိုးမြင့်သော်တာမိခင် ခင်လပြည့်ဝန်းသာ ဖြစ်ပေမည်။

''ဟုတ်နိုင်တယ်မဟုတ်လားအမေရယ်''

''မောင်အေးမောင်က ဘာလို့ဒီအကြောင်းတွေသိနေရတာလဲ''

မိုးမြင့်သော်တာအမေးကို ဒေါ်ယဉ်ရွှေက မေးခွန်းနဲ့ပဲပြန်မေး လိုက်သည်။

''သားကိုခွင့်လွှတ်ပါအမေ၊ ကိုအေးမောင်ကို သားစုံစမ်းခိုင်း ထားတာပါ၊ သူက တိုက်တိုက်ဆိုင်ဆိုင် နေလဆေးခန်းမှာအလုပ်ရလို့ ကျွန်တော့်ကို အကြောင်းကြားလိုက်တာပါအမေ''

''သားရယ်... ဒီအကြောင်းကို မစုံစမ်းပါနဲ့တော့လို့ အမေပြော သားပဲ၊ မင်းအမေအကြောင်း သိရတော့ ဘာထူးမှာလဲ၊ သူမှ မကြင်နာလို့ ကိုယ့်လာမခေါ်တာပဲကွယ်၊ ပြီးတော့... သူအိမ်ထောင်ကျနေပြီလေ''

''ဟုတ်တယ်၊ သူ့ယောကျာ်းကလည်း ဆရာဝန်ပဲအမေ၊ ဒေါက်တာကျော်လင်းထွန်းတဲ့''

''အေး... အဲဒီတော့ မင်းစုံစမ်းတာ ဘာထူးဦးမှာလဲ၊ သူ့မှာ အိမ်ထောင်နဲ့၊ သားသမီးတွေလည်း ရှိနေရောပေါ့၊ အဲဒါကြောင့်... မင်းကို မဆက်သွယ်တာလေ၊ မေ့လိုက်ပါသားရယ်၊ ဘဝချင်းကွာခြားသွားပါပြီ၊ ဒါတွေမေ့လိုက်တော့ငါ့သား''

မိုးမြင့်သော်တာမျက်နှာငယ်သွားသည်။ ဘာမှျပြန်မပြောတော့။ မအေကို ကြောက်ရွံ၊ လေးစားရှာလွန်း၍သာ ပြန်မပြောခြင်းဖြစ်သည်။ မိုးမြင့်သော်တာရင်ထဲမှာ မိခင်ရင်းအပေါ် စိတ်ဝင်စားသည့်စိတ်တွေ ကိန်းအောင်းနေပြီဆိုတာ ဒေါ်ယဉ်ရွှေရိပ်မိခဲ့ပါသည်။

နောက်တစ်လလောက်ကြာတော့... မိုးမြင့်သော်တာက ထပ် ပြောပြန်သည်။ သည်တစ်ခါတော့... ဒေါ်ယဉ်ရွှေကို တောင်းပန်စကားဦးစွာ ဆိုကာ... သူ့ဆန္ဒကိုတင်ပြလာခြင်းပင်ဖြစ်လေ၏။

''အမေဟာ ကျွန်တော့်ကို မိခင်ရင်းထက်တောင် အချစ်ပိုတာ ကျွန်တော်သိပါတယ်အမေ၊ ကျွန်တော်ကလည်း အမေ့ကို မိခင်ရင်းမက ချစ်တယ်ဆိုတာ အမေသိမှာပါ၊ ဒါပေမယ့်အမေရယ်... ကျွန်တော်တစ်ခု တောင်းဆိုပါရစေ၊ ကျွန်တော့်ဘဝမှာ ကျွန်တော့်ကိုမွေးထုတ်ခဲ့တဲ့ အမေ

အရင်းတစ်ယောက်လုံး ရှိနေသေးတယ်ဆိုတာ သိနေရမှတော့ ကျွန်တော် သူ့ကို မြင်ဖူးချင်တယ်၊ တွေ့ဖူးချင်တယ်အမေရယ်၊ အမေအရင်းဆိုတာ ဘယ်လိုပုံစံမျိုးလည်း သူ ကျွန်တော့်အပေါ်မှာ ဘယ်လိုသဘောထားမလဲ ဆိုတာ သိချင်လို့ပါအမေ၊ ကျွန်တော်သူ့ဆီက ဘာမှမမျှော်လင့်ပါဘူး၊ ကျွန်တော့်အမေဒေါက်တာခင်လပြည့်ဝန်း ဘယ်မှာရှိတယ်ဆိုတာ အတိအကျသိနေရပြီပဲအမေ၊ ကျွန်တော့်အမေကို ကျွန်တော်သွားကြည့်ပါရစေ အမေရယ်''

ဒေါ်ယဉ်ရွှေဘာမျှပြန်မပြောဖြစ်။ မတုန်မလှုပ်။

''နော်– အမေ၊ အခြေအနေပေးနေလို့ ကျွန်တော်တောင်းဆိုတာပါအမေ၊ နေလဆေးတိုက်မှာ ကားမောင်းဖို့ ဒရိုင်ဘာတစ်ယောက်လိုနေတယ်တဲ့၊ ကိုအေးမောင်က ဖုန်းလှမ်းဆက်တာအမေ၊ သူပြောပေးရင် ရနိုင်တယ်တဲ့၊ ဒီလကုန်အမီလာခဲ့ဖို့ မှာနေတယ်အမေ၊ သား သွားပါရစေနော်... အမေ''

''မင်းသွားလို့ သူတို့အိမ်ထောင်ရေးမှာ အနှောက်အယှက်တွေဖြစ်သွားရင် ဘဲ့နဲ့လုပ်မလဲမိုးမြင့်သော်တာ''

''မဟုတ်ဘူးအမေ၊ ကျွန်တော်က ကျွန်တော့်အမေကို သူ့သားပါလို့ပြောပြီး ဝင်မှာမဟုတ်ပါဘူးအမေရယ်၊ သူ့ဆေးခန်းကကားကိုမောင်းတဲ့ဒရိုင်ဘာတစ်ယောက်အနေနဲ့သာ နေမှာပါ၊ သူ့ကို... ကျွန်တော်ဟာ သူ့သားဖြစ်ကြောင်းလည်း မပြောပါဘူး၊ ကျွန်တော့်အမေကို မြင်ဖူးတွေ့ဖူးရရင် ကြေနပ်ပါပြီအမေ၊ သူ... ကျွန်တော့်ကို သိသိ–မသိသိ အရေးမကြီးပါဘူး၊ ကျွန်တော် သူ့မျက်နှာကိုမြင်ရရုံလေးပါအမေရယ်''

''ဘာပဲဖြစ်ဖြစ်... သူကတော့ မင်းကိုတွေ့တာနဲ့ သူ့သားမှန်း သိမှာပဲမိုးမြင့်သော်တာ''

''ဗျာ– မြင်ရုံနဲ့သိနိုင်ပါ့မလားအမေရယ်''

''မင်းက သူ့ဆေးတိုက်မှာအလုပ်လုပ်မှာဆို၊ မင်းနာမည်ကို သူမမေးပဲနေမလား။ မိုးမြင့်သော်တာဆိုတဲ့နာမည်ကိုကြားရုံနဲ့ သူ့သား ဆိုတာ သိနိုင်တယ်၊ ဒီနာမည်ကို သူကိုယ်တိုင်မှည့်ပေးခဲ့တာလေ၊ ပြီးတော့ မင်းဟာ နတ်သံကွင်းရွာကလာတယ်ဆိုတာကော၊ မင်းကိုမွေးထားတဲ့ အမေဟာ မယဉ်ရွှေဆိုတာကော... ကြားတာနဲ့တင် မင်းဟာ သူ့သား ဆိုတာ သိနိုင်ပါတယ်ကွယ်''

''ဒီလိုသိချင်လည်း သိပစေပေါ့အမေရယ်၊ ကျွန်တော်ကတော့ စ,မပြောပါဘူးအမေ၊ သူ့အိမ်ထောင်ရေးအနှောက်အယှက်ဖြစ်မယ့်အဖြစ် မျိုး ကျွန်တော်မလုပ်ပါဘူး၊ ကျွန်တော့်အမေမျက်နှာကို ကျွန်တော်မြင်ဖူးရုံလေးပါအမေရယ်၊ ကျွန်တော်သွားပါရစေ၊ အမေ့မျက်နှာကို တဝကြည့်ပြီးရင် ကျွန်တော်ပြန်လာခဲ့ပါ့မယ်၊ လေးငါးခြောက်လလောက်ပဲ ကျွန်တော် နေမယ်လေ၊ ကျွန်တော့်ကိုခွင့်ပြုပါအမေ... နော်''

''သူက... သူက... မင်းကို ခေါ်ထားလိုက်ရင်ကော''

''အဲဒါ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့ကိစ္စပဲအမေ၊ ကျွန်တော့်ကို သားအရင်းတစ်ယောက်လို့ သံယောဇဉ်ရှိရင် ငယ်ငယ်ကတည်းက လာခေါ်မှာပေါ့၊ သူ့မှာ နောက်ထပ်သံယောဇဉ်တွေတိုးနေလို့သာ ကျွန်တော့်ကိုမေ့ထားတာပေါ့အမေ''

''အဲဒါသိရက်နဲ့ မင်း... စိတ်မနာဘူးလားကွယ်၊ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ မိုးမြင့်သော်တာရယ်''

''ဒါတော့... ကျွန်တော့်ကိုကိုယ်ချင်းစာပါအမေရယ်၊ မွေးမိခင်ကို မြင်ဖူးရုံလေး မြင်ဖူးချင်လို့ပါ၊ ပြီးတော့... အခွင့်သင့်ရင်လည်း ကျွန်တော့်ကိုဘာလို့ပစ်ထားတယ်ဆိုတာ မေးလိုက်ချင်တယ်အမေ''

''ခက်ပါလားကွယ်''

''အမေစိုးရိမ်နေတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်ပြန်မလာမှာကို အမေစိုးရိမ်နေတာမဟုတ်လား''

ဒေါ်ယဉ်ရွှေက မိုးမြင့်သော်တာကို ရီဝေသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။ နှုတ်မှပြန်မဖြေသော်လည်း မျက်လုံးဖြင့် အဖြေပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

''စိတ်ချပါအမေ၊ သူက ကျွန်တော့်ကို သားလေးရဲ့... အမေနဲ့ နေပါလို့–ဆိုရင်တောင် ကျွန်တော်မနေဘူးအမေ၊ ကျွန်တော် သူ့မျက်နှာကိုမြင်ချင်တာကတစ်ခြား၊ သူ့ကိုစိတ်နာတာက တစ်ခြားပါ''

''ဘာ–''

''ဟုတ်တယ်အမေ၊ ကျွန်တော်သူ့ကိုစိတ်နာတယ်၊ သူ ဘာလို့ ကျွန်တော့်ကိုပစ်ထားရတာလဲ၊ ဘာလို့ပြန်မခေါ်တာလဲ၊ အမေ့လိုအမေမျိုး လက်ထဲမှာ ကျွန်တော်ကျန်နေလို့သာ ကျွန်တော်ခုလိုလူတစ်လုံးသူတစ်လုံးဖြစ်နေရတာအမေ၊ နို့မို့ဆိုရင် ကျွန်တော့်ဘဝ ရစရာမရှိတော့ဘူး၊ သွားပြီ–

၊ အမေအရင်းဖြစ်တဲ့သူ့မှာ တာဝန်ရှိတာပဲအမေရဲ့ ကိုယ်မွေး တဲ့ကလေးကို တစ်သက်လုံးဥပေက္ခာပြုထားတာ ဘာကြောင့်လဲဆိုတာ အခွင့်သင့်ရင် မေးလိုက်ချင်သေးတယ်အမေ''

''ဒီလိုတော့ အထင်မမှားပါနဲ့သားရယ်၊ မိခင်ရင်းကို ပြောလည်း မပြောကောင်းပါဘူး၊ သား အပြစ်ဖြစ်လိမ့်မယ်၊ သူ့ဖက်မှာလည်း မလွှဲမရှောင်သာတဲ့အကြောင်းတွေ ရှိပါလိမ့်မယ်၊ အမေအရင်းကို ကံကြီးထိုက်မယ့်စကားမျိုးတွေနဲ့ မပြစ်မှားပါနဲ့ငါ့သား''

''ဟုတ်ကဲ့ပါအမေ၊ ကျွန်တော်သတိထားပါ့မယ်၊ ကျွန်တော် အမေ့ကိုထာဝရခွဲသွားမှာမဟုတ်ဘူးဆိုတာ သိစေချင်လို့ ပြောတာပါ အမေ၊ သူ့ကို အမေတစ်ယောက်အနေနဲ့မြင်ချင်ပေမယ့် သားရင်ထဲမှာ ဟောဒီအမေလောက် ချစ်လို့မရပါဘူးအမေရယ်၊ ယုံပါ...''

''သားရယ်...''

''သား အမေ့ရင်ခွင်ထဲကနေ ဘယ်မှထွက်မပြေးပါဘူးအမေ၊ သား ရန်ကုန်ကိုသွားပါရစေနော်၊ ခဏဖြစ်ဖြစ် သွားပါရစေ၊ သားကို ခွင့်ပြုပါအမေရယ်''

\+ + + + +

မိုးမြင့်သော်တာ အကြိမ်ကြိမ်အခါခါ ပူဆာသောကြောင့်... နောက်ဆုံးမတော့ ဒေါ်ယဉ်ရွှေလိုက်လျောခဲ့ရပါပြီ။

တကယ်သွားတော့မယ်ဆိုတော့... ခင်လပြည့်ဝန်းပေးခဲ့သော ဆွဲကြိုးလေးကို မိုးမြင့်သော်တာနှင့်ပေးလိုက်သည်။ ဒါလေးက မိုးမြင့်သော်တာဟာ သူ့သားဆိုတဲ့ အမှတ်အသားပစ္စည်းလေးမဟုတ်ပါလား။

ဒေါ်ယဉ်ရွှေက နေလတံဆိပ်ဆွဲပြားပါသော ဆွဲကြိုးလေးကို မိုးမြင့်သော်တာလည်မှာ ကိုယ်တိုင်ဆွဲပေးလိုက်ပါသည်။ ဆွဲကြိုးလေးကို ခင်လပြည့်ဝန်းမြင်စေချင်လို့ပါ။ သားက အငြောင်းတိုက်ဆိုင်လို့ ခင်လပြည့်ဝန်းကို သူ့သားအရင်းဖြစ်ကြောင်း ပြောဆိုခဲ့လျှင် သားဖက်က သက်သေဖြစ်အောင် ထည့်ပေးလိုက်ခြင်းဖြစ်ပါသည်။

ဒီနေ့တော့...

မိခင်ရင်းကိုမြင်ချင်ဇောဖြင့် မိုးမြင့်သော်တာ ရန်ကုန်သို့ထွက်ခွာသွားပေပြီ။

မင်းကတိအတိုင်း ဟောဒီက မွေးစားမိခင်ကြီးဒေါ်ယဉ်ရွှေဆီကို ပြန်လာခဲ့ပါသားရေ။ အမေ... မင်းကိုမျှော်နေမယ်။

ဒေါ်ယဉ်ရွှေက ကြေကွဲစွာ တမ်းတလိုက်မိလေတော့သည်။

♛♛♛♛♛

( ၂ )

''သားပြန်လာမှာပါအမေ... အမေ့ဆီကို သားအရောက်ပြန်လာမှာပါ''

အဝေးပြေးကားကြီး လမ်းကွေ့ကို ကွေ့ချိုးလိုက်၍ အမေနှင့် မကြာပွင့်တို့ မြင်ကွင်းမှကွယ်ပျောက်သွားသည်နှင့်... မိုးမြင့်သော်တာ ရင်တွင်းမှ ရေရွတ်လိုက်မိလေသည်။

ထွက်သာလာခဲ့ရသည်။ မိုးမြင့်သော်တာ အမေဒေါ်ယဉ်ရွှေကို သနားလှပါ၏။ အမေဒေါ်ယဉ်ရွှေ သူ့အပေါ်မှာ သားအရင်းနှင့်မခြား ချစ်ရှာတာကို မိုးမြင့်သော်တာသိပါသည်။

ခွင့်လွှတ်ပါတော့အမေ၊ သားအမေအရင်းရဲ့မျက်နှာကိုမြင်ချင်လွန်းလို့... အမေ့ရင်ခွင်ထဲက ထွက်ခဲ့ရတာပါ။ သားပြန်လာခဲ့ပါမယ် အမေရယ်။

အမေအရင်း...။

သူ့မှာ အမေအရင်းရယ်လို့ရှိတာကို မိုးမြင့်သော်တာ ငယ်ငယ်ကတည်းက သိခဲ့ပါသည်။ ဒေါ်ယဉ်ရွှေကိုလည်း သူ့ကို မွေးစားထားသည့် အမေသာဖြစ်ကြောင်း သိခဲ့သည်။ ဒေါ်ယဉ်ရွှေတို့ကလည်း လျှို့ဝှက်မထားပဲ သူ့ကို အသိပေးထားခဲ့ကြသည်။

ငယ်စဉ်ကတော့... အမေအရင်းဆိုသည်ကို တွေ့ချင်စိတ်သိပ် မရှိခဲ့၊ မတမ်းတမိခဲ့ပါ။

ဒေါ်ယဉ်ရွှေ၏ မေတ္တာရိပ်က လိုသေးသေးမရှိ အေးမြလုံခြုံလှသည်မို့ အမေရင်းကို မတမ်းတမိခြင်းလည်းဖြစ်သည်။

မိခင်ရင်းကို တွေ့ချင်မြင်ချင်စိတ် ပေါ်ပေါက်ခဲ့ရခြင်းမှာ... အိပ်မက်ကြောင့်သာဖြစ်ပါသည်။

မိုးမြင့်သော်တာ အရွယ်ရောက်လာချိန်တွင် မက်သည့်အိပ်မက် တိုင်း၌ အမေ၏ပုံရိပ်များ ပါဝင်နေခဲ့သည်။ အမေသည် အိပ်မက်ထဲတွင် မိုးမြင့်သော်တာကို ထွေးပွေ့ထားလျှက်ရှိသည်။ တချို့အိပ်မက်များထဲ၌

အမေသည် မိုးမြင့်သော်တာကို နို့ချိုတိုက်ကျွေးလျှက်ရှိသည်။ ထိုအိပ်မက်မျိုးထဲတွင် မိုးမြင့်သော်တာသည် ရင်ခွင်ပိုက်ကလေးငယ်လေးဖြစ်နေတတ်သည်။

အိပ်မက်ထဲမှာတွေ့ရသည့်အမေသည် ဒေါ်ယဉ်ရွှေမဟုတ်ပါ။ တခြားတစ်ယောက်ဖြစ်သည်။ အိပ်မက်ထဲကအမေ၏မျက်နှာကိုတော့ မိုးမြင့်သော်တာ သဲသဲကွဲကွဲမမြင်ရပေ။ အိပ်မက်မက်တိုင်း အမေ၏ရင်ငွေ့ အမေ၏မေတ္တာဓာတ်ကို ခံစားရမြဲဖြစ်ပါသည်။

ထိုအိပ်မက်များကို မိုးမြင့်သော်တာ လူပျိုပေါက်အရွယ်ရောက်သည့်အချိန်မှစ၍ မက်ခဲ့ခြင်းဖြစ်သည်။ မှတ်မှတ်ရရ... ရှစ်တန်းနှစ်တွင် စ၍မြင်မက်ခဲ့ခြင်းဖြစ်ပါသည်။

အိပ်မက်ကြောင့် မိုးမြင့်သော်တာသည် အမေအရင်းဆိုသည် ကို စိတ်ဝင်စားလာရသည်။ အမေဒေါ်ယဉ်ရွှေကို အမေအရင်းအကြောင်း စပ်စုမိတော့ အမေဒေါ်ယဉ်ရွှေက အကြောင်းစုံကို မကွယ်မဝှက်ပြောပြ ခဲ့သည်။ သို့သော် အမေအရင်း ခင်လပြည့်ဝန်းကို မမျှော်လင့်တော့ရန် မတမ်းတရန်တားမြစ်ခဲ့သည်။ ဒေါ်ယဉ်ရွှေအနေဖြင့် မိုးမြင့်သော်တာကို ဒီအရွယ်ရောက်ခါမှ မခွဲခွာနိုင်၊ အမေအရင်းနောက်သို့ မထည့်နိုင်တော့ ဘူးဆိုတာကို မိုးမြင့်သော်တာ နားလည်ပါသည်။

အမေအရင်းအကြောင်းကို မိုးမြင့်သော်တာမေးလိုက်၍ ဒေါ်ယဉ်ရွှေမျက်ရည်ကျရသည်ကိုတွေ့ကာ နောက်ထပ်ပြီး မမေးတော့ပါ။ အမေအရင်းကိုတွေ့လိုမြင်လိုကြောင်းလည်း ဒေါ်ယဉ်ရွှေရှေ့တွင် မပြောတော့ပါ။

မကြာခဏမက်သည့် အိပ်မက်အကြောင်းကိုလည်း ပြောမပြ ပဲ ရင်ငုံနှုတ်ပိတ်နေခဲ့ပါသည်။

မိခင်ရင်းပါဝင်သောအိပ်မက်များကိုမူ ဆက်မက်နေဆဲ။

တရံမလပ် မက်နေသောအိပ်မက်များထဲတွင် အမေအရင်း သည် မိုးမြင့်သော်တာကို ချီပွေ့ထိန်းကျောင်း နို့ချိုတိုက်ကျွေးကာ တေးဆိုချော့သိပ်လျှက်ရှိပေသည်။ ထိုမြင်ကွင်းများကို တစ်ပိုင်းစီ တစ်စစီ အိပ်မက်အဖြစ် အကြိမ်ကြိမ်အခါခါမက်ခဲ့ခြင်းဖြစ်ပါသည်။

အိပ်မက်များကြောင့် မိခင်ရင်းဆိုသူကို စိတ်ဝင်စားလာရသည်။ မိခင်ရင်းသည် တစ်နေရာရာမှနေ၍ သူ့ကိုတမ်းတနေလေသလား။ တွေ့ချင်နေလေသလားလို့တွေးကာ ဝမ်းနည်းမိသည်။ မိခင်ကိုတမ်းတလွမ်းမောသည့်စိတ်များလည်း ဝင်လာခဲ့လေသည်။

ထို့ကြောင့်... မိခင်ရင်းသတင်းကို ဒေါ်ယဉ်ရွှေမသိအောင် မိုးမြင့်သော်တာစုံစမ်းခဲ့ပါသည်။

သို့သော်... ဒေသချင်းဝေးလံသည်သာမက၊ ကျင်လည်ရာဘဝချင်းကလည်း အလှမ်းကွာလွန်းလှသည်မို့ ဒေါက်တာခင်လပြည့်ဝန်းမည်သော မိခင်ရင်း၏သတင်းကို မကြားခဲ့၊ မသိခဲ့ရပါ။

အမှတ်မထင်... ရန်ကုန်တွင်အလုပ်သွားလုပ်နေသော ရွာမှ ကိုအေးမောင်ကို စကားစပ်မေးမြန်းမိရာမှ တိုက်ဆိုင်စွာပင်... ကိုအေးမောင်သည် ဒေါက်တာခင်လပြည့်ဝန်းတို့ ဖွင့်ထားသော ဆေးခန်းတွင် ဒရိုင်ဘာတစ်ယောက်ဖြစ်နေရလေသည်။

ထို... ဒေါက်တာခင်လပြည့်ဝန်းမှာ သူ့မိခင်ရင်းဟု ယုံကြည်လောက်သောအချက်အလက်များကိုရသည်နှင့် မိခင်ကြီးဒေါ်ယဉ်ရွှေထံ ခွင့်တောင်းကာ ရန်ကုန်သို့စွန့်စားထွက်ခွာလာခြင်းဖြစ်ပါသည်။

ဒေါက်တာခင်လပြည့်ဝန်းသည် သူ့ကိုတွေ့လျှင် တစ်ချိန်က စွန့်ပစ်ခဲ့သောသားတစ်ယောက်အဖြစ် လက်ခံပါ့မည်လား။ နှစ်ပေါင်းများစွာ ကြာတဲ့အထိ ဘာလို့မဆက်သွယ်တာလဲ။

မိုးမြင့်သော်တာရင်ထဲတွင် မိခင်ရင်းကို တွေ့မြင်လိုခြင်း၊ တမ်းတလွမ်းမောခြင်းကတစ်ပိုင်း... စွန့်ပစ်ထားပြီး မဆက်သွယ်သည့်အတွက် စိတ်နာကြည်းခြင်းကတစ်ပိုင်းဖြင့်... မိခင်ရင်းရှိရာသို့ ရင်တွင်းဆန္ဒများစွာဖြင့် ခရီးနှင်ခဲ့မိပါလေပြီ။

♛♛♛♛♛

၂ ( က )

ရန်ကုန်အရောက်တွင် ကားဂိတ်၌ ကိုအေးမောင်လာကြိုနေပါ သည်။

ကိုအေးမောင်က မင်္ဂလာဒုံရှိ သူ့အိမ်ကို မိုးမြင့်သော်တာအား ခေါ်သွားသည်။

ကိုအေးမောင်မိန်းမကလည်း နတ်သံကွင်းရွာသူမို့ မိုးမြင့်သော်တာနှင့်ရင်းနှီးပြီးဖြစ်သည်။ ကိုအေးမောင်နှင့် မသိန်းကြည်တို့မှာ ကလေး တစ်ယောက်ပဲရှိသေးသည်။

''ကဲ– မိုးမြင့်သော်တာ၊ ငါတော့ မင်းအတွက် မန်နေဂျာကို အလုပ်ပြောထားတယ်ကွ၊ မင်းလိုင်စင်က အငှားကားမောင်းလိုင်စင် မဟုတ်လား''

''ဟုတ်တယ် ကိုအေးမောင်''

''ဒါပေမယ့်... မင်းရန်ကုန်လမ်းတွေကို မောင်းတတ်ဦးမှာ မဟုတ်ဘူး''

''ကျွန်တော်လေ့လာပါ့မယ်ကိုအေးမောင်၊ ကျွန်တော်အလုပ်ရ ဖို့ရော သေချာသလားဟင်''

''ဒရိုင်ဘာလိုနေတာတော့ အမှန်ပဲကွ၊ နှစ်ယောက်လောက်ကို လိုနေတာ၊ ငါ မင်းကို... ဆေးရုံမန်နေဂျာနဲ့တွေ့ပေးမယ်လေ၊ မင်းကို သဘောကျမှာပါ''

''ဟို... ဒေါက်တာခင်လပြည့်ဝန်း... သူကရော ကျွန်တော့်ကို အလုပ်ခန့်ဖို့...''

''သူတို့က ပိုင်ရှင်တွေကွ၊ အောက်ခြေအထိ လိုက်မကြည့်နိုင် ဘူး၊ ရုံးရုံးဝန်ထမ်းခန့်တာလောက်ကို မန်နေဂျာနဲ့လွှဲထားတာ၊ ရုံးရုံး ဝန်ထမ်းဆိုတာ ဆရာဝန်တို့ သူနာပြုတို့မဟုတ်တဲ့ ဝန်ထမ်းမျိုးကိုပြော တာကွ၊ ငါတို့လို ဒရိုင်ဘာတို့၊ အစောင့်တို့၊ စာရေးစာချီတွေ၊ သန့်ရှင်းရေး သမားတွေပေါ့ကွာ''

''ဩော်...''

''ဒါတွေ နောက်တော့ မင်းနားလည်သွားမှာပါ၊ မင်း ချက်ချင်း ကားမမောင်းရရင်တောင် တစ်နေရာရာမှာ မင်းကို ခိုင်းထားမှာပါ၊ ငါ ကြည့်ပြောပေးပါ့မယ်''

''အဲဒါတွေထားပါဦး ကိုအေးမောင်၊ ကျွန်တော့်အမေ... ကျွန်တော့်အမေဆိုတဲ့ ဒေါက်တာခင်လပြည့်ဝန်းက...''

''ဒေါက်တာခင်လပြည့်ဝန်းရုပ်က မင်းနဲ့တစ်ထေရာတည်းပဲကွ''

''ဗျာ– ဒါဆို ကျွန်တော့်ကိုမြင်ရုံနဲ့ သူ့သားမှန်း တန်းသိနိုင် သလားဟင်၊ ဘေးလူတွေအတွက်ရော''

''ဒေါက်တာခင်လပြည့်ဝန်းကတော့ သိရင်သိမှာပေါ့ကွာ၊ ဘေး လူတွေကတော့ အဆက်အစပ်မရှိပဲ ဘယ်သိနိုင်မလဲ၊ မင်းတို့ ရုပ်ချင်း တူတယ်ဆိုတာတော့ သိနိုင်တာပေါ့၊ တကယ်တန်းကျတော့... မင်းနဲ့ ဒေါက်တာခင်လပြည့်ဝန်းကို ဘယ်တွဲပြီးစဉ်းစားမိမှာလဲကွာ''

''ဟုတ်ပါတယ်လေ၊ အခြေအနေချင်းက တစ်ခြားစီပဲ၊ ဒါနဲ့ ကိုအေးမောင်၊ ကျွန်တော့်အမေက လှသလားဟင်''

''လှတာပေါ့ကွ''

''ကိုအေးမောင်၊ ဒီအကြောင်းတွေ ဘယ်သူ့မှမပြောပါနဲ့နော်၊ ကျွန်တော့်အမေ သိက္ခာကျမှာစိုးလို့ပါ၊ ကျွန်တော်ရန်ကုန်အထိလိုက်လာ တာလည်း ကျွန်တော့်အမေမျက်နှာကို မြင်ရရုံပါပဲဗျာ၊ သူ့ကို ကျွန်တော် ဟာ သူ့သားပါလို့... ဖွင့်ပြောဖို့ ရည်ရွယ်ချက်မရှိပါဘူး၊ မြင်ရုံမြင်ရရင် ကျေနပ်ပါပြီ၊ ဒီအဖြစ်တွေကို ဘယ်သူမှမသိပါစေနဲ့ဗျာ''

''ဟကောင်ရ၊ ငါကလည်း ပြောမလားဟ၊ ငါ့အလုပ်ရှင်သိက္ခာ ကျအောင် ငါလုပ်ပါ့မလား၊ အခုပြောနေတာက မင်းရယ် ငါရယ် ငါ့ မိန်းမရယ်ပဲရှိလို့ လွတ်လွတ်လပ်လပ်ပြောနေတာ၊ ငါနားလည်ပါတယ် မိုးမြင့်သော်တာ''

''ဟုတ်ပါတယ်မိုးမြင့်သော်တာရယ်၊ နင်စုံစမ်းခိုင်းလို့သာ... ဒေါက်တာခင်လပြည့်ဝန်းငယ်ငယ်က တို့ရွာမှာ နင့်ကိုလာမွေးတယ်ဆိုတာ သိရတာ၊ ဒေါက်တာခင်လပြည့်ဝန်းကိုမြင်လိုက်တော့လည်း နင့်ရုပ်နဲ့ အတော်တူသား၊ ဒီကလေးကိုမွေးတုန်းက သူတို့ဆေးရုံမှာမွေးတာလေ၊ ဒေါက်တာခင်လပြည့်ဝန်းယောကျ်ား ဒေါက်တာကျော်လင်းထွန်း ကိုယ်တိုင်မွေးပေးတာပေါ့၊ သူက မီးယပ်သားဖွားဆရာဝန်ကြီးလေ၊ ငါလည်း ဆေးရုံတက်ရလို့ ဒေါက်တာခင်လပြည့်ဝန်းကို မြင်ဖူးလိုက် တာ၊ ဒီအကြောင်းတွေ တို့ ဘယ်သူ့မှမပြောပါဘူးဟယ်''

''လောလောဆယ် ငါတို့အိမ်မှာပဲနေပေါ့ကွာ၊ အလုပ်ရတော့ တစ်မျိုးစဉ်းစားတာပေါ့၊ မင်းကလူပျိုဆိုတော့ ဆေးခန်းမှာပဲနေလို့ရချင် ရမယ်၊ ဒါနဲ့... ငါ ဒီနေ့ ညဝနာရီကနေ မနက်၆နာရီအထိ အလုပ်ဆင်း ရမှာကွ၊ ဆေးခန်းကို မင်းလိုက်ခဲ့မလား''

''လိုက်မှာပေါ့ ကိုအေးမောင်၊ ခင်ဗျားအလုပ်ဆင်းရတာလဲ ညကြီးပါလားဗျ''

''အဆိုင်းသုံးဆိုင်းရှိတယ်၊ မနက်၆နာရီက နေ့လည်၂နာရီအထိ တစ်ဆိုင်း၊ နေ့လည်၂နာရီကနေ ညဝနာရီအထိ တစ်ဆိုင်း၊ ညဝနာရီကနေ နောက်တစ်နေ့မနက်၆နာရီအထိ တစ်ဆိုင်း...လေ၊ တစ်ပတ် တစ်ခါအလှည့်ကျဆင်းရတာပေါ့၊ နားရက်တစ်ရက်ပေးတယ်''

''ညပိုင်းလည်း ကားမောင်းရတာပဲလား၊ ခင်ဗျားက ဘယ်လို ကားမျိုးမောင်းရတာလဲကိုအေးမောင်''

''ငါက လူနာတင်ကားမောင်းရတာကွ၊ အရေးပေါ်လူနာအတွက် ဖုန်းဆက်ပြီး ကားခေါ်ရင် လူနာအိမ်အထိ သွားခေါ်ရတာမျိုးပေါ့၊ တာဝန် ချိန်မှာ စတင်းဘိုင်စောင့်နေရတာပေါ့ကွာ၊ မပင်ပန်းပါဘူး''

''ဩော်...''

မိုးမြင့်သော်တာက အံ့သြနေသည်။ သူထင်ထားတာက ဆေးခန်း ဆိုသည်မှာ အချိန်ပိုင်းနှင့်လူနာကြည့်သော ဆေးခန်းမျိုးလို့သာထင်ထား သည်။ သည်လောက်ကြီးကျယ်သော ဆေးတိုက်ကြီးတစ်ခုဖြစ်မည်ဟု ထင်မထားခဲ့ချေ။

''အဲဒီဆေးတိုက်ကြီးကို ဒေါက်တာခင်လပြည့်ဝန်းတို့ပဲ ပိုင်တာ လားဟင်''

''အေးပေါ့... သူနဲ့သူ့ယောကျ်ား ဒေါက်တာကျော်လင်းထွန်း တို့ပိုင်တဲ့ ပုဂ္ဂလိကဆေးရုံကြီးပေါ့၊ ဆေးရုံက အထပ်လေးထပ်ရှိတယ်၊ လူနာတစ်ရာကျော် ဆေးရုံတက်ပြီးဆေးကုလို့ရတယ်၊ ကလေးမီးဖွားလို့ လည်းရတယ်၊ ရောဂါမျိုးစုံကုတဲ့ ဆေးရုံကြီးတစ်ခုပါပဲကွာ''

သူ့အမေဒေါက်တာခင်လပြည့်ဝန်းတို့ဟာ တော်တော်ချမ်းသာ ကြွယ်ဝကြပါလား။ သူ့ကို အသိအမှတ်မှပြုပါ့မလား။

''ဒေါက်တာခင်လပြည့်ဝန်းမှာ သားသမီးဘယ်နှယောက်ရှိလဲ ဟင်''

''အဲဒါတော့... မသိဘူး၊ အိမ်သားတွေက ဆေးရုံကိုလာတဲ့ အလေ့အထမရှိဘူးလေ''

''ဟင်... သူတို့က အဲဒီမှာပဲနေတာမဟုတ်ဘူးလား''

''ဘယ်ဟုတ်မှာလဲကွ၊ တခြားနေရာမှာ သီးခြားနေတာပေါ့၊ ဒါက ဆေးရုံချည်းသီးခြားဖွင့်ထားတာ''

''ဒီနေ့ ကျွန်တော်လိုက်လာရင် ဒေါက်တာခင်လပြည့်ဝန်းကို တွေ့ရနိုင်လားကိုအေးမောင်''

''အဲဒါတော့ အတပ်မပြောနိုင်ဘူး၊ သူတို့က တခြားဆေးခန်း တွေလည်း လှည့်ထိုင်ရသေးတာ၊ ဆရာဝန်တွေက အလှည့်ကျဝင်ထွက် နေတာကွ''

မိုးမြင့်သော်တာ နားမလည်။ ကိုယ်ပိုင်ဆေးရုံကြီးရှိနေပါရက်နဲ့ တခြားဆေးခန်းတွေမှာ သွားထိုင်ရသေးလား။

''ကျွန်တော်လိုက်ခဲ့မယ်ဗျာ''

''အေး– လိုက်ခဲ့တာကောင်းပါတယ်၊ မင်းကို မန်နေဂျာနဲ့ တစ်ခါတည်း မိတ်ဆက်ပေးလိုက်မယ်''

♛♛♛♛♛

## ၂ (ခ)

ညပိုင်းတွင်... ကိုအေးမောင်နှင့်အတူ ဆေးခန်းသို့လိုက်လာခဲ့ သည်။ ကိုအေးမောင်က မြို့ထဲသို့သွားလျှင် စီးရမည့်ဘတ်စ်ကားကို မှတ်တိုင်နေရာပြ၍ နံပါတ်ကအစ ပြောပြသင်ပေးသွားသည်။

ဒေါက်တာခင်လပြည့်ဝန်းတို့၏ဆေးတိုက်ကြီးမှာ ဘတ်စ်ကား ပြေးသောလမ်းမကြီးပေါ်မှ ချိုးဝင်သွားရသည်။ လမ်းကြားကိုလွန်သည်နှင့် ခန့်ညားထည်ဝါသောဆေးတိုက်ကြီးကို ဘွားကနဲတွေ့လိုက်ရလေသည်။

လေးထပ်အဆောက်အဦးကြီးမှာ... ဆေးရုံဟုထင်စရာမရှိပဲ သားနားထည်ဝါလှပေသည်။ အဝင်ဝတွင် စိုက်ထူးထားသော ကျောက် သားဆိုင်းဘုတ်ကြီးကိုအမြင်တွင် မိုးမြင့်သော်တာ ကြက်သီးဖြန်းဖြန်း ထသွားရလေသည်။

ဆိုင်းဘုတ်ကြီး၏ဘေးတစ်ဖက်တစ်ချက်စီတွင် ဒေါင်းရုပ်နှင့် ယုန်ရုပ်ကို ရေးဆွဲထွင်းထုထားသောကြောင့်ဖြစ်ပါသည်။

ဒါဆိုလျှင်... ဒေါက်တာခင်လပြည့်ဝန်းဆိုသည်မှာ သူ့မိခင်ရင်း ဖြစ်တာ သေချာပါပြီ။

စက်သူဌေးဦးနေလ၏သမီးခင်လပြည့်ဝန်း။ ဦးနေလပိုင် ဆီစက် ဆန်စက်များကို နေလအမည်ပေးကာ ဆိုင်းဘုတ်များတွင် ဘေးတစ်ဖက်စီ၌ ဒေါင်းရုပ်နှင့်ယုန်ရုပ်ကိုရေးဆွဲလေ့ရှိသည်ဆိုသော အမေဒေါ်ယဉ်ရွှေ ပြောဖူးသည့်စကားများကို ကြားယောင်လာသည်။

မိုးမြင့်သော်တာသည် သူ့လည်ပင်းတွင်ဆွဲထားသောဆွဲကြိုးလေး ကို လက်နှင့်စမ်းလိုက်မိသေး၏။

ကိုအေးမောင်က ဆေးရုံနောက်ဖက် ကားများထားသည့်နေရာ အထိဝင်သွားသည်။ ဂိတ်ပေါက်ဝတွင် ရောက်ရှိကြောင်းလက်မှတ်ထိုး သည်။

သူတို့ရောက်ချိန်မှာ ကိုးနာရီကျော်ကျော်ပဲရှိပါသေးသည်။ ဆယ် နာရီထိုးမှ ကိုအေးမောင် ဂျူတီဝင်ရမည်ဖြစ်သည်။

ကိုအေးမောင်က မန်နေဂျာအခန်းထဲသို့ သူ့ကိုခေါ်သွားလေ သည်။

ဝင်ခွင့်တောင်းပြီး မန်နေဂျာဦးစိုးတင့်နှင့် မိုးမြင့်သော်တာကို မိတ်ဆက်ပေးလိုက်သည်။

''ဆရာ... ဒါ ကျွန်တော်ပြောတဲ့ ကျွန်တော်တို့ရွာက ကားမောင်း တတ်တဲ့လူငယ်လေးပါဆရာ၊ နာမည်က မိုးမြင့်သော်တာလို့ခေါ်ပါတယ်''

''အေး– ဟုတ်ပြီ၊ ဒရိုင်ဘာနှစ်ယောက်ထပ်ခန့်ဖို့ရှိတယ်လေ၊ စီဗွီရေးပြီးတင်ထားပေါ့၊ လိုင်စင်ကရော (င)လိုင်စင်ဟုတ်ရဲ့လား၊ ပြပါဦး''

မိုးမြင့်သော်တာက အိတ်ထဲမှ ယာဉ်မောင်းလိုင်စင်ကိုထုတ်၍ ရိုရိုသေသေလှမ်းပေးလိုက်သည်။ မန်နေဂျာက အငှားကားမောင်းနိုင်သည့် လိုင်စင်အမျိုးအစားဟုတ်မဟုတ် စစ်ကြည့်၏။

''ဘယ်လိုကားမျိုးမောင်းဖူးလဲ''

''ခရီးသည်တင် ဒေါ့ဂျစ်ကားပါခင်ဗျာ၊ ကျွန်တော်တို့ရွာနဲ့ ကျောက်ကြီးမြို့ကိုဆွဲတဲ့ကားပါ''

''ယာဉ်မောင်းကျွမ်းကျင်မှုကိုတော့ မော်တော်ယာဉ်ဌာနကြီးကြပ် ရေးမှူးက စစ်ဆေးလိမ့်မယ်၊ ရန်ကုန်လမ်းတွေ မောင်းနိုင်ပါ့မလား''

''ကျွန်တော် ရန်ကုန်ကို ခုမှရောက်ဖူးပါတယ်ဆရာ''

မိုးမြင့်သော်တာက ရိုးရိုးသားသားပင်ဖွင့်ပြောလိုက်သည်။

''ဒါဆို... ကိုအေးမောင်နဲ့တွဲပြီး သင်ဦးပေါ့၊ လောလောဆယ် မင်းကို မော်တော်ယာဉ်ဌာနမှာ နေ့စားနဲ့ထားပေးပါ့မယ်၊ ကဲ–ကဲ– စီဗွီဖောင်လေး ဖြည့်လိုက်ပါဦး''

မန်နေဂျာက စီဗွီပုံစံအလွတ်တစ်ရွက်ထုတ်ပေးသည်။ ပုံစံပေါ် တွင် မြန်မာလိုရိုက်နှိပ်ထားသော်လည်း မိုးမြင့်သော်တာက အင်္ဂလိပ် လိုရေးဖြည့်လိုက်ပါသည်။

ဖြည့်ပြီးပုံစံကို မန်နေဂျာကိုပေးလိုက်တော့... မန်နေဂျာက ဖတ်ကြည့်ပြီးမျက်လုံးပြူးသွားသည်။

''ဟင်– မောင်မိုးမြင့်သော်တာက ဘွဲ့ရပြီးသားပဲ''

''ဟုတ်ကဲ့ဆရာ''

''ကောင်းပါတယ်ကွယ်... ကိုအေးမောင်၊ ဦးသက်တင်ကို ခဏ ခေါ်လိုက်ပါဦး''

''ဟုတ်ကဲ့ဆရာ''

ကိုအေးမောင် မန်နေဂျာအခန်းထဲက ထွက်သွားသည်။

ဦးသက်တင်ဆိုသူမှာ မော်တော်ယာဉ်ဌာနကို အုပ်ချုပ်ရသော ကြီးကြပ်ရေးမှူးဖြစ်ပြီး မိုးမြင့်သော်တာအတွက် တစ်ခါတည်း အပ်နှံရန် ခေါ်ခိုင်းလိုက်ခြင်းဖြစ်ပါသည်။

ဦးသက်တင်ရောက်လာတော့ မန်နေဂျာက ဦးသက်တင်ကို အကျိုးအကြောင်းပြောပြကာ အပ်နှံလိုက်၏။

''ဒီသူငယ်က ဒရိုင်ဘာလုပ်ဖို့ စီဗွီတင်ထားတယ်ဦးသက်တင်၊ ကိုအေးမောင်တို့ရွာကပဲ၊ မိုးမြင့်သော်တာတဲ့''

''ဟုတ်ကဲ့၊ ကျွန်တော်သိပြီးပါပြီဆရာ''

''အလုပ်အတွက်တော့ လျှောက်ထားတဲ့လူတွေအားလုံးထဲက လက်တွေ့မောင်းခိုင်းပြီးရွေးရမှာပေါ့၊ လောလောဆယ်တော့... သူက နယ်ကလာတာဆိုတော့... သူ့အတွက်လည်း အဆင်ပြေသွားအောင် နေ့စားနဲ့ပဲ ဦးသက်တင်ဌာနမှာထည့်ထားချင်တယ်''

''ဟုတ်ကဲ့ဆရာ''

"မိုးမြင့်သော်တာက ဘွဲ့ရပြီးသားပါ၊ ဦးသက်တင်စာရင်းဇယား ပိုင်း ခိုင်းချင်ရင်လည်း ရတယ်၊ ဒီတော့... မော်တော်ယာဉ်ဖက်မှာပဲ သင့်တော်တဲ့အလုပ်တစ်ခုခု ပေးထားလိုက်ပေတော့ဦးသက်တင်"

"ဟုတ်ကဲ့"

"မောင်မိုးမြင့်သော်တာကို နေ့တွက် တစ်နေ့ခြောက်ရာရှင်းပေး ပါ့မယ်၊ အလုပ်ကို ကြိုးကြိုးစားစားလုပ်ပေါ့ကွယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်ကြိုးစားပါ့မယ်၊ တာဝန် လည်းကျေစေရပါမယ်ဆရာ"

မိုးမြင့်သော်တာပြန်ပြောရာတွင် အသံများပင်တုန်နေ၏။ သူ သည် အလုပ်ကို ဤမျှအလွယ်တကူရလိမ့်မည်ဟု မထင်ခဲ့ပါ။ မန်နေဂျာ ကြီးက သူ့အပေါ်စေတနာထားပြီး ကြည့်ရှုစောင့်ရှောက်သည့်အတွက် လွယ်လွယ်နှင့်အဆင်ပြေသွားခြင်းဖြစ်သည်။

စိတ်လှုပ်ရှားလွန်းသောကြောင့် ကျေးဇူးတင်စကားကို ဘယ်လို ပြောရမှန်းတောင် မသိတော့ပေ။

"အလုပ်ချိန်ကိုတော့ ကိုအေးမောင်နဲ့အတူတူ ဆင်းပေါ့၊ ကိုအေးမောင်က ခုတစ်ပတ် ညဆိုင်းမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"ကိုအေးမောင် နေ့ဆိုင်းအလှည့်ကျတော့လည်း နေ့ဆိုင်းပြောင်း ဆင်းပေါ့ကွာ၊ ကဲ-ကဲ- သွားနိုင်ကြပါပြီ"

+ + + + +

အပြင်ကိုရောက်တော့ ဦးသက်တင်က သူ့ကို လက်ဆွဲနှုတ်ဆက် သည်။

"မင်းသိပ်ကံကောင်းတယ်ကောင်လေး၊ ဘယ်သူ့ကိုမှ အလုပ် လျှောက်ထားတုံးမှာ နေရာမပေးဘူး၊ မင်းကိုပဲ နေ့စားအနေနဲ့ ခန့်ဖူး သေးတာ"

"ဟုတ်လားဦး၊ ကျွန်တော်လည်း ထင်တောင်ထင်မထားဘူး ဗျာ"

"ဒီပုံအတိုင်းဆို ဒရိုင်ဘာရွေးရင် မင်းရမှာပဲကွ၊ မန်နေဂျာ က လူကြီးဆိုတော့ မင်းကိုရွေးမယ်ဆိုတာ ကြိုပြောထားလို့မကောင်းလို့၊ ကိုးဆယ်ရာခိုင်နှုန်း သေချာနေပြီပေါ့ ငါ့တူရ"

"အဲဒါ... ငါ့မျက်နှာကြောင့်ကွ၊ ငါ့မျက်နှာကြောင့်"

ကိုအေးမောင်က အသားယူပြီး ဝင်ပြောသည်။

"ဟုတ်ပါတယ်ကိုအေးမောင်၊ ခင်ဗျားကျေးဇူးတွေ အများကြီး ပါပါတယ်၊ ခင်ဗျားလည်း ကျွန်တော့်ကျေးဇူးရှင်တစ်ယောက်ပါဗျာ"

"ကဲ- လာ၊ မင်းလည်း ဒီဆေးရုံက ဝန်ထမ်းတစ်ယောက်ဖြစ် သွားပြီ၊ မင်းကို ဆေးရုံအနှံ့ခေါ်လိုက်ပြမယ်၊ ဦးသက်တင်... ကျွန်တော် မိုးမြင့်သော်တာကိုလိုက်ပြလိုက်ဦးမယ်နော်"

♛♛♛♛♛

## ၂ ( ၈ )

အလာတုံးက သူတို့ဝင်လာသောအပေါက်မှာ... ကားဂိုဒေါင်နှင့် နီးသော ဘေးပေါက်မှဝင်လာကြခြင်းဖြစ်သည်။

ကိုအေးမောင်က မိုးမြင့်သော်တာကို ဆေးရုံရှေ့မျက်နှာစာအထိ ခေါ်သွားကာ တစ်ဆင့်ချင်းလိုက်ပြသည်။

ဆေးရုံမျက်နှာစာတွင်... ဘုတ်ပြားကြီးတစ်ခုပေါ်၌ ဆရာဝန် အမည်များကိုဆိုင်းဘုတ်ငယ်ကလေးများဖြင့်ရေး၍ချိတ်ဆွဲထားသည်။ ဆရာဝန်အားလုံးမှာ သက်ဆိုင်ရာရောဂါတစ်ခုချင်းအတွက် အထူးကု ဘွဲ့ရထားသော ဆရာဝန်များချည်းဖြစ်သည်။

ဒေါက်တာကျော်လင်းထွန်းနှင့်ဒေါက်တာခင်လပြည့်ဝန်းတို့၏ ဆိုင်းဘုတ်များကိုလည်း တွေ့ရသည်။ ဒေါက်တာကျော်လင်းထွန်းမှာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးဖြစ်သည်။ ဒေါက်တာခင်လပြည့်ဝန်း က မျက်စိအထူးကုဆရာဝန်ဖြစ်၏။

မိုးမြင့်သော်တာက ဆရာဝန်ဆိုင်းဘုတ်များကိုကြည့်ပြီး အံ့သြ နေသည်။

"ဆရာဝန်တွေအများကြီးပါလားကိုအေးမောင်၊ ဒီဆရာဝန်တွေ အကုန်လုံး ဒီဆေးရုံထဲမှာရှိတာလား"

"ဆရာဝန်တစ်ရာကျော်ရှိတယ်၊ အားလုံး အထူးကုချည်းပဲ၊ အထူးကုမဟုတ်တဲ့ ရိုးရိုးဆရာဝန်တွေနာမည် ဒီထဲမှာ မပါဘူး"

"ဟင်- ဒါဖြင့် ဆရာဝန်တွေ ဒါ့ထက်တောင် များသေးတာပေါ့"

"ဒီလိုကွ၊ ဒီဆရာဝန်တွေအကုန်လုံးဟာ ဒီဆေးရုံမှာထိုင်တာ တော့မှန်တယ်၊ ဒါပေမယ့်... တပြိုင်တည်းရှိနေကြတာမဟုတ်ဘူး၊ အလှည့် ကျလာကြတာ၊ တစ်ချို့က အချိန်ပိုင်းနဲ့လာတယ်၊ တစ်ချို့က သတ်မှတ်

ထားတဲ့ရက်တွေမှလာထိုင်တယ်၊ သူတို့က ဒီဆေးရုံလိုပဲ တခြားအထူးကု ဆေးရုံကြီးတွေမှာလည်း လှည့်ပြီးထိုင်ကြတာလေ၊ အဲဒီတော့... သူတို့နာမည်တွေဟာ တခြားဆေးရုံတွေမှာလည်း ရှိနေကြတာပေါ့ကွာ''

''ဪ... ဒီလိုလား''

''ဒေါက်တာကျော်လင်းထွန်းနဲ့ ဒေါက်တာခင်လပြည့်ဝန်းကတော့ ပိုင်ရှင်တွေမို့လို့ ဒီဆေးတိုက်ကို နေ့တိုင်းလာထိုင်ကြပါတယ်၊ ဒါပေမယ့် သူတို့လည်း တခြားဆေးခန်းတွေ သွားထိုင်ပေးရတာပဲ''

''ဟင်– ကိုယ်ပိုင်ဆေးရုံရှိရက်နဲ့ တခြားနေရာကို သွားကုရသေးသလား''

''ဒေါက်တာကျော်လင်းထွန်းနဲ့မှပြချင်တယ်ဆိုတဲ့လူနာမျိုးလည်း တခြားဆေးခန်းတွေမှာ ရှိနေနိုင်သေးတာကိုးကွ''

''ဪ... ဪ...''

ခုမှနယ်ကရောက်လာတဲ့မိုးမြင့်သော်တာအဖို့ ခမ်းနားကြီးကျယ်လှသည့်ဆေးရုံကြီး၏အရှိန်အဟုန့်မှာ ထူးဆန်းအံ့ဩဖွယ်ဖြစ်နေပါသည်။

''ကိုအေးမောင် ဒေါက်တာခင်လပြည့်ဝန်း၊ ဒေါက်တာခင်လပြည့်ဝန်းရော... အခု... ဒီဆေးရုံထဲမှာ ရှိနေသလားဟင်''

မိုးမြင့်သော်တာက ကိုအေးမောင်းအနားကပ်၍ လေသံနှိမ့်ပြီး ခပ်တိုးတိုးမေးလိုက်သည်။

''ရှိဦးမလား မသိနိုင်ဘူး၊ လာလေ– ငါမင်းကို အတွင်းထဲ လိုက်ပြမယ်''

ကိုအေးမောင်က မိုးမြင့်သော်တာကို ရှေ့တည့်တည့်အပေါက်မှ ဆေးရုံထဲသို့ခေါ်သွားသည်။

ကိုအေးမောင်နှင့်မိုးမြင့်သော်တာ မှန်တံခါးကြီးရှေ့တွင်ရပ်လိုက်သည်နှင့် တံခါးနှစ်ချပ်က ဘေးနှစ်ဖက်သို့ အလိုလိုရွေ့ကာ ပွင့်သွားသည့်အတွက် မိုးမြင့်သော်တာ အံ့ဩသွားရလေသည်။

ခန်းမကြီးထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း တွေ့လိုက်ရသည်က ဧည့်ကြိုခန်းဖြစ်သည်။ ဧည့်ခန်းထဲတွင် ရှည်လျားသောကောင်တာကြီးများရှိနေသည်။ ကောင်တာနောက်တွင် တူညီဝတ်စုံဝတ်ထားသော ဆေးရုံဝန်ထမ်းများရှိနေ၏။ ဧည့်ခန်းထဲတွင်လည်း ဧည့်သည်ကိုဆီးကြိုလမ်းညွှန်ပေးသည့် မိန်းကလေးဝန်ထမ်းများကို တူညီဝတ်စုံဖြင့်တွေ့ရလေသည်။

မိုးမြင့်သော်တာတို့ ဧည့်ခန်းမကြီးထဲဝင်သွားတော့ ဧည့်ကြိုမိန်းကလေးတစ်ယောက်က အနားသို့ရောက်လာကာ ဆီးကြိုမည့်ဟန်ပြုလိုက်သည်။ ပြီးမှ... ကိုအေးမောင်ကိုမြင်လိုက်ပြီး တန့်သွားလေသည်။

''ဘယ်သူများလဲလို့၊ ဦးအေးမောင်ကြီးကိုး''

ဧည့်ကြိုမိန်းကလေးက ပြောလိုက်သည်။ သူမက ကိုအေးမောင်နောက်မှမိုးမြင့်သော်တာကိုအမြင်တွင် နှုတ်ခမ်းနှစ်စုံဝိုင်းဟသွားလေသည်။

အခြားဧည့်ကြိုဝန်ထမ်းမိန်းကလေးတစ်ဦး အနားရောက်လာပြန်ကာ မိုးမြင့်သော်တာကို တအံ့တဩကြည့်လိုက်ပြန်၏။

''ဦးအေးမောင် သူကဘယ်သူလဲ''

''ငါတို့ရွာကပါ၊ ဒီမှာ ကားမောင်းဖို့ ငါခေါ်လာတာ၊ မန်နေဂျာနဲ့တောင်တွေ့ပေးပြီးပြီ''

''ဦးအေးမောင်တို့ရွာက ဟုတ်လား''

''ဦးအေးမောင်၊ သူ့ရုပ်က မမပြည့်နဲ့ အရမ်းတူတာပဲနော်''

''ဟုတ်တယ်၊ တို့လည်း အဲဒါပြောမလို့၊ ယောကျာ်းနဲ့မိန်းမ ဖြစ်ပေမယ့် ရုပ်ချင်းက တော်တော်ကိုတူတာနော်၊ မမပြည့်ဆွေမျိုးထဲက လို့တောင် ထင်လိုက်မိတာ''

မိုးမြင့်သော်တာကလည်း ဝန်းထမ်းမိန်းကလေးနှစ်ယောက် ပြောစကားကြောင့် အံ့အားသင့်သွားမိလေသည်။

သူတို့ပြောတဲ့ ''မမပြည့်''ဆိုတာ ဒေါက်တာခင်လပြည့်ဝန်းပဲ ဖြစ်ရပေမည်။

''မဟုတ်ပါဘူးဟာ၊ ငါတို့ရွာကပါ၊ သူက ရန်ကုန်ကို ခုမှရောက်ဖူးတာ၊ ဒီနေ့မှရောက်လာတာဟ''

ကိုအေးမောင်ကပြန်ပြောရင်း မိုးမြင့်သော်တာလက်ကိုဆွဲကာ အတွင်းဖက်သို့ခေါ်လာလိုက်လေသည်။

အတွင်း၌ ခန်းမကြီးနှင့်အပြည့်ပလတ်စတစ်ထိုင်ခုံများချထား ပြီး အခန်းအသီးသီးရှေ့တွင် လူများပြည့်နေသည်ကိုတွေ့ရသည်။ ကိုအေးမောင်က ဆရာဝန်တစ်ယောက်ချင်းစီထိုင်သောအခန်းများရှေ့၌

သက်ဆိုင်ရာရောဂါအလိုက် ပြသရန်စောင့်ဆိုင်းနေသောလူနာများဖြစ်ကြောင်း ပြောပြသည်။

ထိုင်စောင့်နေသူများကြည့်ရှုရန် တီဗွီများကိုလည်း နေရာအနှံ့၌တွေ့ရပေသည်။

မိုးမြင့်သော်တာသည် ဆေးရုံဆိုသည်မှာ ဆေးနံ့များအမြဲမွှန်ထူနေပြီး အနိဋ္ဌာရုံလူနာများဖြင့် စိတ်မသက်သာဖွယ်နေရာတစ်ခုအဖြစ် သာသိထားသူဖြစ်သည်။ သူကြုံတွေ့ဖူး ရောက်ဖူးသောဆေးရုံများမှာ လည်း ထိုအတိုင်းဖြစ်ပေသည်။

ယခုတော့ လူနာများကလည်း ဝတ်ကောင်းစားလှများဝတ်ဆင်လို့၊ မီးရောင်ထိန်ထိန်ညီးနေသည့်ခန်းမကြီးထဲတွင် တီဗွီတွေကလည်း တစ်လုံးနှင့်တစ်လုံးမတူအောင် ဇာတ်ကားတွေ တေးသီချင်းတွေဖွင့်ပြ လို့၊ ဝန်ထမ်းတွေကလည်း ဖော်ဖော်ရွေရွေဆီးကြိုညွှန်ခံနေကြတာကြည့် ပြီး အံ့သြပြီးရင်း အံ့သြနေတော့သည်။ အစားအသောက်ရောင်းသော ဆိုင်များလည်း အတွင်းထဲမှာရှိသည်။ ဆေးရောင်းသည့်ကောင်တာမှာ လည်း ဆေးတွေကိုအလကားပေးသလို ဝယ်ယူနေကြတာတွေ့ရ၏။

ကိုအေးမောင်က သူ့ကို အခန်းတစ်ခုရှေ့သို့ခေါ်သွားလေသည်။

"ဒါ– ဒေါက်တာခင်လပြည့်ဝန်းထိုင်တဲ့အခန်းပဲ"

အခန်းရှေ့၌လူရှင်းနေသည်။ အခန်းတံခါးလည်းပိတ်ထားသည်။

အခန်းပေါက်ထိပ်တည့်တည့်မှာ "ဒေါက်တာခင်လပြည့်ဝန်း၊ မျက်စိအထူးကု"ဆိုသည့်ဆိုင်းဘုတ်ငယ်လေးချိတ်ဆွဲထား၏။

"မမပြည့်ပြန်သွားပြီကွ"

ကိုအေးမောင်က အခန်းနံရံမှ ဗိုက်ဘုတ်ပေါ်တွင်ရေးထားသော စာများကိုညွှန်ပြရင်းပြောလိုက်သည်။

ယနေ့တွေ့ဆုံချိန်

ညနေ၅နာရီမှ ည၈နာရီအထိ

"မနက်ဖန်တော့ မြင်ရမှာပေါ့ကွာ၊ လာ– ငါ့အပေါ်ထပ်တွေ လိုက်ပြမယ်"

ကိုအေးမောင်က ဓာတ်လှေကားဖြင့် သူ့ကိုအပေါ်ထပ်သို့ခေါ် လာခဲ့လေ၏။ အပေါ်ဆုံးထပ်အထိတက်ပြီးမှ တစ်ထပ်စီကိုလိုက်ပြရင်း လှေကားမှခြေလျင်ပြန်ဆင်းလာကြသည်။

လူနာခန်းများကို တစ်ယောက်တစ်ခန်းစီစဉ်ထားပုံမှာ ဆေးရုံနှင့်မတူပဲ ဟိုတယ်ကြီးနှင့်တူနေသည်။ အခန်းတွေကလည်း သန့်ပါတ်နှင့်သူ။ အခန်းရှေ့မှာလည်း လူနာအမည်၊ တာဝန်ရှိသည့် ဆရာဝန်အမည်နှင့် သူနာပြုဆရာမအမည်များကို ရေးထားသေးသည်။ ပြည်သူ့ဆေးရုံများ လို အခန်းကြီးထဲမှာ လူနာကုတင်တွေတန်းစီထားခြင်းမဟုတ်ပဲ၊ လူနာတစ်ယောက် အခန်းတစ်ခန်းဖြင့်ကုသသည့်အတွက် လူနာများ၏အနိဋ္ဌာရုံမြင်ကွင်းကို မြင်ရစရာအကြောင်းမရှိပေ။

ကိုအေးမောင်က လူနာမရှိသောအခန်းလွတ်တစ်ခန်းကို ဖွင့် ပြ၏။

အခန်းထဲတွင် လူနာကုတင်အပြင် ဧည့်သည်လာလျှင်ထိုင်ရန် ဆက်တီခုံလည်း ရှိသေးသည်။ ရေခဲသေတ္တာ၊ တီဗွီများလည်း ထားပေးသည်။ အခန်းအပြင်တွင် လသာဆောင်လေးထုတ်ထားပေးသေးသည်။

"ဒီမှာဆေးရုံတက်ရင် ပိုက်ဆံအများကြီးကုန်မှာပေါ့နော် ကိုအေးမောင်"

"ဒါပေါ့ကွာ၊ အထူးကုဆေးရုံဆိုတာ ငွေကြေးတတ်နိုင်တဲ့ သူဌေး လူနာတွေအတွက်ပါ၊ တို့လိုလူမျိုး ဒီလိုဆေးရုံ ဘယ်တက်နိုင်မလဲ"

"အင်းနော်..."

ကိုအေးမောင်က စမ်းသပ်ခ၊ ဆေးရုံတက်လျှင် တစ်ရက်ကျသင့်သည့် အခန်းခများကိုပြောပြသည်။

မိုးမြင့်သော်တာမျက်လုံးပြူးသွားရ၏။

"ဒါပေမယ့်... ဆရာကြီးနဲ့မမပြည့်တို့က ဝန်ထမ်းတွေကျန်းမာရေးကိစ္စတော့ ဂရုစိုက်တယ်ကွ၊ ဘယ်တော့မှ ပိုက်ဆံမယူဘူး၊ ဖျားရင်နာရင်လည်း ဆေးရုံတက်သင့်တက်ခိုင်းပြီး အလကားကုပေးတာပဲ၊ အိမ်ကကောင်ကိုမွေးတုံးက မသိန်းကြည် ဒီဆေးရုံမှာပဲတက်မွေးတာလေ၊ ပိုက်ဆံတစ်ပြားမှမကုန်ဘူး၊ အလကားမွေးပေးပါတယ်"

"ဩော်... ဟုတ်လား"

ဒေါက်တာခင်လပြည့်ဝန်းတို့၏ စေတနာထားပုံကိုသိလိုက်ရ၍ မိုးမြင့်သော်တာ ကြည်နူးသွားရလေသည်။

♛♛♛♛♛

၂ ( ဃ )

ထိုညက ကိုအေးမောင် လူနာသွားခေါ်ရန် တာဝန်ကျ၍ မိုးမြင့်သော်တာကို ကိုအေးမောင်မောင်းသောကားနှင့်လိုက်ခိုင်းသည်။

တာမွေဖက်မှ ဖုန်းဆက်၍ လူနာတင်ကား လှမ်းခေါ်ခြင်းဖြစ် သည်။ ဦးသက်တင်က လေ့လာသည့်သဘောလိုက်သွားရန် မိုးမြင့်သော် တာကို ထည့်လွှတ်လိုက်ခြင်းဖြစ်သည်။

နှလုံးရောဂါဖြင့် အမောဖောက်နေသောလူနာအဘွားကြီးကို သွားခေါ်ရခြင်းဖြစ်သည်။ အသွားအပြန်လမ်းမှာ ကိုအေးမောင်က လမ်းကြောများကိုရှင်းပြပါသည်။ ညလည်းဖြစ်... ရန်ကုန်ရောက်ခါစလည်း ဖြစ်၍ မိုးမြင့်သော်တာ ကောင်းကောင်းမမှတ်မိချေ။

''ကျွန်တော့်ကို အလုပ်ခန့်ရင်တောင် ရန်ကုန်လမ်းတွေ ကျွန်တော်မကျွမ်းသေးတာနဲ့ ဖြစ်ပါ့မလားကိုအေးမောင်''

''စိတ်မပူပါနဲ့၊ ဒရိုင်ဘာအသစ်တွေကို တစ်ယောက်တည်း မလွှတ်ပါဘူး။ အလုပ်သင်တဲ့သဘောနဲ့ လူဟောင်းနဲ့ သုံးလေးလတွဲခိုင်းတာပါ၊ ငါ့တုန်းကလည်း ဒီလိုပဲ၊ နေ့ခင်းပိုင်း ငါအားတဲ့အချိန်မှာ မင်းကို ရန်ကုန်လမ်းတွေသိအောင် ငါလိုက်ပြထားပါမယ်''

\+ \+ \+ \+ \+

နောက်တစ်နေ့မနက်၆နာရီတွင် ကိုအေးမောင်ဂျူတီထွက်ခဲ့ရ သည်။

မိုးမြင့်သော်တာလည်း ကိုအေးမောင်နှင့်အတူ အိမ်ကိုပြန်လိုက်လာခဲ့၏။

သူသိပ်တွေ့ချင်တော့ အမေ့ကိုတော့ မတွေ့ရသေးပါ။

အမေရယ်... အမေ့အနားကို သားရောက်လာပါပြီ။ အမေ့မျက်နှာကို သားမြင်ချင်လှပါပြီအမေရယ်။

မိုးမြင့်သော်တာက လမ်းမပေါ်သို့ ခြေလျင်လျှောက်ထွက်လာ ရင်းမှ နေလဆေးရုံကြီးကို နောက်ပြန်လှည့်ကြည့်ကာ ရင်တွင်းမှ တမ်းတလိုက်မိလေသည်။

ခန့်နားကြီးကျယ်လှသောဆေးရုံကြီးကိုကြည့်၍ မိုးမြင့်သော်တာ လိပ်ပြာငယ်သွားရပြန်သည်။ အမေတို့ဟာ ချမ်းသာလှချည်လား။ ကြွယ်ဝလှချေလားဗျာ။ တောမှာစွန့်ပစ်ထားခဲ့တဲ့ ကျွန်တော့်လိုကောင်လေးကို အမေလက်ခံပါ့မလား။ ကျွန်တော်ဟာ အမေ့သားဆိုတာ အမေယုံပါ့ မလား။ ကျွန်တော့်ကို အမေမှတ်မိပါတော့မလား။ အမေ့ရင်ထဲမှာ သားရှိမှရှိသေးရဲ့လား အမေရယ်...။

မိုးမြင့်သော်တာက လည်မှာဆွဲထားသော နေလတံဆိပ်ပါဆွဲကြိုးလေးကို ယောင်၍စမ်းလိုက်မိလေသည်။

♛♛♛♛♛

( ၃ )

နေ့လည်ပိုင်းတွင် မိုးမြင့်သော်တာက ကိုအေးမောင်ကိုပူဆာမိ သည်။

ဒေါက်တာခင်လပြည့်ဝန်း၏ဆေးခန်းချိန်မှာ... ညရနာရီတွင် ပြီးဆုံးသည့်အတွက် ဒီနေ့လည်း သူတို့သွားချိန်တွင် တွေ့ခွင့်ကြုံမည် မဟုတ်ပေ။

ထို့ကြောင့်... ညနေပိုင်း စောစောသွားရန် ကိုအေးမောင်ကို ပူဆာခြင်းဖြစ်ပါသည်။

''အေးလေ... ဒါဖြင့် ညစာထမင်းစားပြီးတာနဲ့ ငါတို့ထွက် တာပေါ့၊ ခြောက်နာရီလောက် အိမ်ကထွက်မယ်၊ မင်းကို ရွှေတိဂုံဘုရား လည်းဝင်ပို့ပေးပါမယ်၊ ဆေးခန်းကို ခုနစ်နာရီခွဲလောက်ရောက်ရင် မမပြည့်ကို မင်းတွေ့ရမှာပါ''

''ကိုအေးမောင်တို့က အမေ့ကို.. အဲ.. ဒေါက်တာခင်လပြည့်ဝန်းကို မမပြည့်လို့ခေါ်ကြတယ်နော်''

''ဆေးရုံတစ်ခုလုံး ဒီလိုပဲခေါ်ကြတာပဲကွ၊ ဦးသက်တင်တို့ မန်နေဂျာဦးစိုးတင့်တို့လို မမပြည့်ထက်အသက်ပိုကြီးတဲ့လူတွေကလည်း မမပြည့်လို့ပဲ ခေါ်ကြတယ်''

''ဟင်– ဘာဖြစ်လို့လဲ''

''ထုံးစံဖြစ်နေတာပေါ့ကွာ၊ လုပ်ငန်းခွင်ထဲမှာ အမျိုးသမီးအထက်အရာရှိတွေက အန်တီတို့၊ အဒေါ်တို့ခေါ်ရင် မကြိုက်ကြဘူးတဲ့ ကွ၊ အသက်ကြီးပြီလို့ ဆိုလိုရာရောက်တာပေါ့၊ ဒီတော့... အသက်ချင်း ဘယ်လောက်ကွာကွာ မမလို့ခေါ်ကြတာပဲ၊ အသက်ကြီးတဲ့လက်အောက်ငယ်သားကလည်း ကိုယ့်ထက်ငယ်တဲ့ အထက်အရာရှိအမျိုးသမီးကို မမလို့ပဲခေါ်ကြတယ်၊ လူကိုခေါ်တာမဟုတ်ဘူး၊ ရာထူးကိုခေါ်တာပေါ့ကွာ''

''ရှုပ်လိုက်တာဗျာ''

''ယောကျ်ားအရာရှိတွေကို ဆရာဝန်ဖြစ်ဖြစ်၊ အရပ်သားဖြစ်ဖြစ် ဆရာလို့ခေါ်လိုက်တာက ရှင်းတယ်ကွ၊ ငါလည်းရောက်ခါစက ဆရာဝန်မတွေကို ဆရာမလို့ခေါ်မိသေးတယ်၊ ဦးစိုးတင့်က သင်ပေးလို့ သိရတာ၊ မင်းလည်း မှတ်ထားဦး၊ ဆရာဝန်မတွေက သူတို့ကို ဆရာမလို့ခေါ်ရင် မကြိုက်ကြဘူး''

''ဟင်... ဂါရဝနဲ့ခေါ်တာပဲဗျာ''

''ဆရာမဆိုတဲ့ အခေါ်အဝေါ်က သူနာပြုဆရာမတွေကိုခေါ်တဲ့ အခေါ်အဝေါ်ဖြစ်နေလို့တဲ့ကွ၊ ဆရာဝန်နဲ့သူနာပြု အဆင့်ချင်းညီရာကျ မှာစိုးလို့ မကြိုက်ကြတာ၊ ဆရာဝန်မတွေကို ဆရာခေါ်ချင်ရင် ''မ'' ထည့်မခေါ်ရဘူး၊ ယောကျ်ားတွေကိုခေါ်သလို ''ဆရာ''လို့ပဲခေါ်ရတယ် တဲ့၊ ဥပမာ– ဆရာခင်လပြည့်ဝန်းပေါ့ကွာ၊ အဲဒီလိုခေါ်ရတယ်''

''မိန်းမကြီးကို ဆရာလို့ခေါ်ရတော့ တစ်မျိုးကြီးပေါ့ဗျာ''

''အေးလေ... ငါတို့ဗမာတွေက လေးစားသမှုနဲ့ ဆရာမလို့ပဲ နှုတ်ကျိုးနေကြတာမဟုတ်လား၊ မိန်းမကြီးကို ဆရာလို့ မခေါ်တတ်ကြဘူးလေ၊ အဲဒီတော့... မမ,ပဲခေါ်ကြတာပေါ့''

''သြော်... အဲဒါကြောင့်... ကျွန်တော့်ထက်ငယ်တဲ့ ညှော်ကြို မိန်းကလေးတွေက ဒေါက်တာခင်လပြည့်ဝန်းကို ''မမပြည့်'' ''မမပြည့်'' လို့ ပြောနေကြတာကိုး''

''မင်းလည်း ဒေါက်တာခင်လပြည့်ဝန်းနဲ့ စကားပြောဆိုဖို့ အခွင့်ကြုံလာရင် မမပြည့်လို့ပဲ ခေါ်ရမှာပဲ''

ကျွန်တော်က အမေလို့ အားရပါးရခေါ်ပစ်လိုက်ချင်တာပါဗျာ... ဟု ရင်ထဲမှ ပြောနေမိလေသည်။

\+ + + + +

ညနေခြောက်နာရီတွင် အိမ်မှထွက်ခဲ့ကြသည်။

ကိုအေးမောင်က သူ့ကို ရွှေတိဂုံဘုရား ဝင်ပို့ပေးပါသည်။

ဘုရားတွင် အမေအရင်းနှင့်ပြန်ဆုံစည်းရပါစေလို့... မိုးမြင့်သော်တာဆုတောင်းခဲ့လေသည်။

နေလဆေးတိုက်ကို သူတို့ရောက်တော့ ခုနစ်နာရီခွဲပြီ။

ကိုအေးမောင်က ဒေါက်တာခင်လပြည့်ဝန်းရှိမရှိကို အခန်းနှင့် ခပ်လှမ်းလှမ်းမှ သွားကြည့်ပေးသည်။

''မမပြည့်မပြန်သေးဘူးကွ၊ ဒီနေ့လည်း ရနာရီကျူတီထွက်လိမ့် မယ်''

မိုးမြင့်သော်တာ ရင်ခုန်သွားသည်။

အမေ့ကို သူတွေ့ရတော့မှာပါလား။

''ရနာရီကျရင် ဘေးထွက်ပေါက်နားမှာ မသိမသာသွားရပ်နေ ကွာ၊ မမပြည့်ကားကို ငါပြထားမယ်၊ လာ...''

ကိုအေးမောင်က သူ့ကို ရပ်ထားသောကားတစ်စီးနားခေါ်သွားသည်။

''ဒီကားပဲ၊ မမပြည့်ကား၊ ဒရိုင်ဘာမတွေ့ဘူး၊ ဒရိုင်ဘာမပါ ပုံထောက်တော့ သူ့ဟာသူမောင်းလာတာဖြစ်မယ်''

''ဒေါက်တာကျော်လင်းထွန်းကရော''

''ဆရာကြီးနဲ့မမပြည့်က အတူတူလာခဲတယ်ကွ၊ ဆေးခန်းမှာ ထိုင်တဲ့အချိန်ချင်း မတူဘူး၊ တခြားဆေးခန်းတွေကူးတော့လည်း မတူ ဘူး၊ ဆရာကြီးက အိုကျိဆိုတော့ ပိုအလုပ်များတယ်၊ တခြားဆေးခန်း တွေကိုလည်း အကူးအသန်းပိုများတယ်''

''ဒါဖြင့်... ဆရာကြီးက ကားတစ်စီး၊ ဒေါက်တာခင်လပြည့်ဝန်း က ကားတစ်စီး, တစ်စီးစီပေါ့''

''ဟုတ်တယ်''

''ကျွန်တော်အပေါက်ဝမှာပဲ သွားရပ်နေတော့မယ်ဗျာ''

မိုးမြင့်သော်တာက ကားရုံရှိရာသို့ထွက်သည့် ဘေးထွက်ပေါက် နားတွင် မယောင်မလည် သွားရပ်နေလိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းအခန်းဆီကိုလည်း မကြာမကြာမျှော် ကြည့်နေမိ၏။

ရနာရီထိုးပါပြီ။

ဒေါက်တာခင်လပြည့်ဝန်းအခန်းရှေ့မှာလည်း လူရှင်းသွားပြီ။

အခန်းထဲမှ ယူနီဖောင်းဝတ်မိန်းကလေးတစ်ယောက် လက်ဆွဲ အိတ်ကိုဆွဲပြီးထွက်လာသည်။

သူ့နောက်ကမှထွက်လာသောသူမှာ ဒေါက်တာခင်လပြည့်ဝန်း ဖြစ်ပေလိမ့်မည်။

လက်ဖြူဖြူတစ်စုံက ခန်းဆီးကို မ,လိုက်၏။

မြင်ရပါပြီ။

အသားဖြူဖြူ၊ မျက်နှာခပ်ဝိုင်းဝိုင်းဖြင့် ကျက်သရေရှိခန့်ညား လှသောအမျိုးသမီးကြီး။ ကိုယ်နေဟန်မပိန်မဝ။

သူမက အခန်းထဲမှထွက်လာပြီး ဆေးခန်းကြီးတစ်ခုလုံးကို ခဏမျှ မျက်လုံးဝေ့ကြည့်လိုက်သည်။ သူမဟန်ပန်က ပညာတတ် အထက် တန်းစားဟန်များ အပြည့်ရှိနေပေသည်။ တမင်လုပ်ယူထားသောဟန်မျိုး မဟုတ်ပဲ နဂိုရှိရင်းစွဲအတိုင်း ထင်ဟပ်နေသော အမူအရာများပါပေ။ သူဌေးသမီး၊ ကိုယ်တိုင်လည်း သူဌေးမဆရာဝန်မကြီး၊ ဆရာဝန်ကြီး ကတော်၊ အထူးကုဆေးတိုက်ပိုင်ရှင်ဆိုသည့်ဂုဏ်ပုဒ်အားလုံးက သူမ တစ်ကိုယ်လုံးကို လွှမ်းခြုံထားလေသည်။

မြင်ရုံဖြင့် ထည်ဝါသောမိန်းမတစ်ယောက်ဆိုတာ သိသာနိုင် သော်လည်း သူမမျက်နှာ၌ မာန်မာနအရိပ်အယောင်များ လွှမ်းမနေပါ ပေ။ ပကတိရှင်းလင်းကြည်လင်သောမျက်နှာက ဂရုဏာတရားအပြည့် ရှိနေကြောင်း၊ သဘောသကန်ကောင်းမွန်သူတစ်ဦးဖြစ်ကြောင်း ဖော်ပြ နေပေ၏။

သူမက မိုးမြင့်သော်တာရပ်နေသော တံခါးပေါက်ဆီသို့ တရွေ့ ရွေ့လှမ်းလာနေသည်။

အနီးသို့ရောက်လာသည်တွင် သူမသည် ဒေါက်တာခင်လပြည့် ဝန်းဆိုတာ သေချာသွားလေပြီ။

မျက်နှာအကျအပေါက်က မိုးမြင့်သော်တာအတိုင်းပါပင်။

မိုးမြင့်သော်တာက ရှေ့မှလျှောက်လာသောမိန်းကလေးကို ကိုယ် ကိုယို့၍ လမ်းဖယ်ပေးလိုက်သည်။ ဒေါက်တာခင်လပြည့်ဝန်းက ခပ်လှမ်း လှမ်းမှပါလာ၏။

မိုးမြင့်သော်တာသည် ခုန်လှုပ်သောရင်ဖြင့် အပေါက်ဘေးတွင် ကပ်၍ရပ်ကာ ဒေါက်တာခင်လပြည့်ဝန်းကို မမှိတ်မသုန်စိုက်ကြည့်နေမိ သည်။

''အမေ'' ''အမေ''ဆိုသည့်စကားလုံးများက ရင်ခုန်သံနှင့်အတူ မိုးမြင့်သော်တာ၏ရင်ကို ပွင့်ကွဲထွက်မတတ်မြည်ဟိန်းနေလေသည်။

ဒေါက်တာခင်လပြည့်ဝန်း အပေါက်ဝသို့ရောက်လာပြီ။

တံခါးဝဘေးတွင်ရပ်နေသော မိုးမြင့်သော်တာထံသို့ အကြည့် တစ်ချက်ရောက်လာသည်။

ဒေါက်တာခင်လပြည့်ဝန်းသည် မိုးမြင့်သော်တာကိုကြည့်ကာ တုံ့ကနဲရပ်သွားသည်။ နှုတ်ခမ်းအစုံဝိုင်းဟသွားကာ မိုးမြင့်သော်တာကို တဒင်္ဂစိုက်ကြည့်လိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်း မျက်ဝန်းထဲတွင် အသိရခက်သော အရိပ်အယောင်တချို့ ဖြတ်ပြေးသွားလေ၏။

''အမေ''

မိုးမြင့်သော်တာရင်ထဲမှမြည်ဟိန်းသွားသောစကားလုံးဖြစ်သည်။

အပြင်သို့ပွင့်ထွက်မလာအောင် မနည်းမြိုချပစ်လိုက်ရပါ၏။

ဒေါက်တာခင်လပြည့်ဝန်းက အပေါက်ဝကိုကျော်လွန်၍ လှေ ကားထစ်သုံးထစ်ကိုဆင်းသက်ကာ အပြင်ဖက်သို့ထွက်သွားလေသည်။

မိုးမြင့်သော်တာသည် အပြင်သို့မထွက်ရဲပဲ ကိုယ်ကိုကိုင်း၍ ဒေါက်တာခင်လပြည့်ဝန်းလျှောက်သွားသည်ကို နောက်မှခိုးကြည့်မိသည်။

ကားနားတွင် ညော့်ကြိုမိန်းကလေးက ရောက်နှင့်နေကာ ရပ် စောင့်နေ၏။

ဒေါက်တာခင်လပြည့်ဝန်းက ကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက် သည်။ မိန်းကလေး သယ်လာသောပစ္စည်းများကို ကားပေါ်လှမ်းပေးလိုက် သည်။ ဒေါက်တာခင်လပြည့်ဝန်းက လှမ်းယူပြီး ဘေးထိုင်ခုံတွင် ချထား လိုက်၏။

ထို့နောက်... ကားကိုမောင်းထွက်သွားလေသည်။

ညော့်ကြိုမိန်းကလေး ဆေးခန်းထဲပြန်ဝင်လာသည်အထိ မိုးမြင့် သော်တာ ဒေါက်တာခင်လပြည့်ဝန်းကားကို ငေးကြည့်နေမိသည်။

မိန်းကလေးသည် လှေကားထစ်သုံးထစ်ကိုတက်လာရင်းမှ အဝ တွင်ပိတ်ရပ်နေသောမိုးမြင့်သော်တာကိုအမြင်တွင် အံ့သြဟန်ဖြင့်ကြည့် လိုက်သည်။ ဒေါက်တာခင်လပြည့်ဝန်းကားကိုငေးကြည့်နေသော မိုးမြင့်သော်တာ သတိမထားမိလိုက်ပါချေ။

\+ + + + +

“ဟော့ကောင်– မိုးမြင့်သော်တာ”

ကိုအေးမောင်က သူ့ပခုံးကိုပုတ်ခေါ်လိုက်မှပင် မိုးမြင့်သော်တာ သတိပြန်ဝင်လာသည်။

“မင်းဟာက သိသာလွန်းတယ်ကွာ၊ နည်းနည်းပါးပါးက္ကန္ဒြေဆည်ဦးမှပေါ့၊ အချိန်တွေအများကြီးရှိပါသေးတယ် ငါ့ညီရာ”

“ဟုတ်လား၊ ကျွန်တော် တော်တော်က္ကန္ဒြေပျက်သွားသလား၊ ဆောရီးကိုအေးမောင်ရာ၊ ကျွန်တော်သူ့ကိုမြင်လိုက်ရတော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ သူ… သူဟာ… ကျွန်တော့်အမေဆိုတာ သေချာတယ် ကိုအေးမောင်”

“ပြောထားရက်နဲ့ကွာ၊ ဒီစကားလူကြားလို့မကောင်းပါဘူး၊ လာ– လာ– ဒီနားမှာရပ်မနေနဲ့၊ သွားကြစို့”

“ဆောရီးကိုအေးမောင်ရာ၊ ကျွန်တော်စိတ်လှုပ်ရှားသွားလို့ပါ”

အမေက သူ့ကိုကြည့်သွားတယ်။ အမေ့ရင်ထဲမှာ ဘယ်လိုခံစားသွားရမှာပါလိမ့်။ ကျွန်တော့်ကို အမေ့သားဆိုတာ အမေသိမှာလားဟင်။ အမေမျက်လုံးထဲမှာမြင်လိုက်ရတဲ့ ဇဝေဇဝါအရိပ်အယောင်တွေက သားကိုမြင်လိုက်လို့ဖြစ်လာတာတွေမဟုတ်လားအမေ။

မိုးမြင့်သော်တာက လည်ပင်းမှဆွဲကြိုးလေးကိုစမ်းလိုက်မိသည်။

သူ ဘာဖြစ်လို့ ဆွဲကြိုးလေးကိုအပြင်ထုတ်ဆွဲမထားမိပါလိမ့်။ နောက်နေ့တွေတော့ ဆွဲကြိုးလေးကို အလွယ်တကူမြင်ရအောင် အပြင်ထုတ်ဆွဲထားပါတော့မည်။

♛♛♛♛♛



( ၄ )

ကိုအေးမောင်အိမ်မှ နေလဆေးရုံအထိ ဘတ်စ်ကားကို စီးတတ်သွားပြီမို့… မိုးမြင့်သော်တာက နောက်တစ်နေ့တွင် တစ်ယောက်တည်း အိမ်မှစောစောထွက်လာခဲ့လေသည်။

ကိုအေးမောင်ဂျူတီချိန်မှာ ညဆယ်နာရီမှစသည်မို့ ဒေါက်တာခင်လပြည့်ဝန်းပြန်ပြီးချိန်ဖြစ်နေသည်။ ကိုအေးမောင်ကို နေ့စဉ် စောစောလိုက်ပို့ဖို့ပြောရမှာ အားနာတာကြောင့် ကိုယ့်ဘာသာထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ညစာထမင်းကို ခြောက်နာရီတွင်စားပြီး မြို့ထဲသို့ထွက်လာခဲ့ ရာ ဆေးခန်းသို့ ခြောက်နာရီလေးဆယ့်ငါးမိနစ်တွင်ရောက်လေသည်။

မိုးမြင့်သော်တာက ဒေါက်တာခင်လပြည့်ဝန်းအခန်းကိုသိပြီးပြီ မို့ ထိုအနားမှာပဲတရစ်ဝဲဝဲလုပ်နေမိ၏။ မိုးမြင့်သော်တာကို ယာယီဝန်ထမ်းကတ်ထုတ်ပေးထားပြီးပြီမို့… ဝန်ထမ်းကတ်ပြားလေးကို အင်္ကျီအိတ်ကပ်တွင်ညှပ်ထားပြီး ဆေးခန်းထဲသို့ ရဲရဲတင်းတင်းသွားလာရဲနေပေပြီ။

နေလတံဆိပ်ဆွဲပြားပါသောဆွဲကြိုးလေးကိုလည်း မမေ့မလျော့ အင်္ကျီအပြင်ထုတ်ဆွဲထားခဲ့သည်။

ဒေါက်တာခင်လပြည့်ဝန်းအခန်းကို ခန်းဆီးပိတ်စဖြင့်ကာထားသည်မို့ အတွင်းသို့မမြင်သာနိုင်ပါပေ။ မိုးမြင့်သော်တာက အခန်းထဲမှာအမေရှိနေတယ်ဆိုတဲ့စိတ်ဖြင့် ထိုအခန်းရှေ့ကမခွာပဲ တရစ်ဝဲဝဲလုပ်နေမိခြင်းဖြစ်ပါ၏။

တကယ်တန်းကျတော့ ရနာရီထိုးလို့ တာဝန်ချိန်ကုန်ပြီး အခန်းထဲကထွက်လာမှပင် ဒေါက်တာခင်လပြည့်ဝန်းကို မိုးမြင့်သော်တာမြင်ခွင့်ရပါတော့သည်။

ဒီနေ့တော့… မိုးမြင့်သော်တာသည် ဒေါက်တာခင်လပြည့်ဝန်း အခန်းအပြင်မှပင် မသိမသာရပ်စောင့်ကာ ကြည့်နေမိသည်။

ဒေါက်တာခင်လပြည့်ဝန်း အခန်းထဲကထွက်အလာနှင့် အခြားဆရာဝန်တစ်ဦးရောက်အလာကြုံသွားသောကြောင့် စကားရပ်ပြောနေကြသည်။ ထို့နောက်… စကားပြောရင်းမှ အပြင်ကိုအတူထွက်သွားကြသည်။

မိုးမြင့်သော်တာက ဒေါက်တာခင်လပြည့်ဝန်းမြင်သာအောင် ရပ်နေသော်လည်း ဒေါက်တာခင်လပြည့်ဝန်းက သူ့ကို လှည့်ကြည့်မသွားပါ။ ဆရာဝန်အချင်းချင်း စကားပြောရာတွင် စိတ်ဝင်စားနေ၍ ဘေးဘီကို လှည့်မကြည့်နိုင်ခြင်းဖြစ်သည်။

မိုးမြင့်သော်တာကတော့… နောက်မှထပ်ချပ်မခွာလိုက်ပါရင်း အမေကားမောင်းထွက်သွားသည်အထိ ငေးကြည့်နေမိလေသည်။

အမေရယ်… ကျွန်တော်ဟာ အမေ့သားပါလို့ ဘယ်တော့များ မှ ပြောခွင့်ကြုံတော့မှာလဲဗျာ။

\+ + + + +

ထိုညက ကိုအေးမောင်ပြသဖြင့် ဒေါက်တာခင်လပြည့်ဝန်း ယောကျ်ား ဒေါက်တာကျော်လင်းထွန်းကို မြင်ဖူးလိုက်ရပါသည်။

ဒေါက်တာကျော်လင်းထွန်း ည၁၁နာရီကျော်မှ ဆေးခန်းက ပြန်သွားခဲ့သည်။ ဗိုက်ခွဲမွေးသည့်လူနာတစ်ဦးရှိနေ၍ ကိုယ်တိုင်ကြီးကြပ် နေသောကြောင့်ဟု သိရပါသည်။

ဒေါက်တာကျော်လင်းထွန်းသည် နဖူးပြင်ကျယ်ကျယ်၊ အရပ် ထောင်ထောင်မောင်းမောင်းနှင့် ဥပဓိရုပ်ကောင်းသောဆရာဝန်ကြီးတစ်ဦး ဖြစ်ပါသည်။ အသက်အရွယ်ကတော့ ဒေါက်တာခင်လပြည့်ဝန်းထက် အတော်ပင်ကြီးမည်ဟု ခန့်မှန်းရပါ၏။ လေးဆယ့်ငါးနှင့်ငါးဆယ်ကြား အရွယ်ဖြစ်ပါသည်။

ဒေါက်တာခင်လပြည့်ဝန်းအသက်မှာ ၃၈နှစ်သာရှိပါသေးသည်။ သူ့ကို ရွာမှာလာမွေးတော့ အမေ့အသက်က ၁၈နှစ်ပဲရှိသေးတာတဲ့။ အခု မိုးမြင့်သော်တာအသက်က နှစ်ဆယ်ဆိုတော့ အမေ့အသက်သည် ၃၈ နှစ်ဖြစ်ပါလိမ့်မည်။

♛♛♛♛♛



( ၅ )

နောက်ရက်များတွင်လည်း မိုးမြင့်သော်တာသည် ဆေးရုံသို့ ခပ်စောစောသွားကာ ဒေါက်တာခင်လပြည့်ဝန်းကိုချောင်းကြည့်ခဲ့သည်။ ဒေါက်တာခင်လပြည့်ဝန်းကတော့ သူ့ကို သတိပြုမိပုံ မပေါ်တော့ပါပေ။ တစ်ခါတစ်ရံတွင်… ဒေါက်တာခင်လပြည့်ဝန်း၏အကြည့်များ သူ့ဆီကို ကျရောက်လာတတ်ပါ၏။ သို့သော်… ပထမဆုံးတွေ့တဲ့နေ့ကလို တွေဝေ အံ့အားသင့်သွားဟန်မျိုးပေါ်မလာတော့ပါ။

မိုးမြင့်သော်တာရင်ပတ်မှာတပ်ထားသည့် ဝန်ထမ်းကတ်ပြား လေးကြောင့် သူ့ကို ဆေးရုံဝန်ထမ်းတစ်ယောက်လို့တော့ သိမည်ပင်။

အမေရယ်… ကျွန်တော်ဟာ အမေ့သားဆိုတာ မြင်ရုံနဲ့သိနိုင် ပါရက်နဲ့ အမေမသိတာလား၊ မသိချင်ယောင်ဆောင်တာလားဗျာ…။ ကျွန်တော်ဟာ နတ်သံကွင်းဆိုတဲ့ရွာကလာခဲ့တယ်ဆိုတာရယ် ကျွန်တော့် နာမည်မိုးမြင့်သော်တာဆိုတာရယ်ကို အမေသိအောင်လုပ်ရမယ်။ ဒါဆို ရင်တော့… ကျွန်တော်ဟာ အမေ့သားဆိုတာ မပြောပဲနဲ့သိနိုင်လောက်ပါ ရဲ့နော်။

မိုးမြင့်သော်တာဆိုတဲ့နာမည်က အမေကိုယ်တိုင်မှည့်ပေးခဲ့တဲ့ နာမည်လေ။

မိုးမြင့်သော်တာရန်ကုန်ရောက်ပြီး တစ်ပတ်အကြာတွင်… ကို အေးမောင်တာဝန်ချိန်ပြောင်းသွားသည်။ ည၁၀နာရီမှ မနက်၆နာရီအဆိုင်း ဆင်းနေရရာမှ… နေ့လည်၂နာရီမှ ည၁၀နာရီအထိအဆိုင်းကို ပြောင်းရ ခြင်းဖြစ်သည်။ နှစ်ပတ်လျှင်တစ်ကြိမ် ဂျူတီကိုအလှည့်ကျချိန်းပေးသည်ဟု သိရပါသည်။

မိုးမြင့်သော်တာလည်း ကိုအေးမောင်အလုပ်ဆင်းသည့်အချိန် အတိုင်း ပြောင်းဆင်းရပါသည်။

မိုးမြင့်သော်တာအဖို့ ယခုအထိ ကားမောင်းခွင့်မကြုံသေးပါ။ ဦးသက်တင်တာဝန်ပေးသော စာရင်းဇယားအလုပ်များကိုသာ လုပ်နေရ ဆဲဖြစ်သည်။ ဓာတ်ဆီအဝင်အထွက်မှတ်တမ်း၊ ကားအသုံးပြုမှုမှတ်တမ်း များကို ဦးသက်တင်အတွက် ကူလုပ်ပေးရသည်။ လူနာတင်ကားခေါ် သည့်အခါတိုင်းမှာတော့ မည်သူမောင်းသည့်ကားနှင့်ဖြစ်စေ မိုးမြင့်သော် တာကို

အကူထည့်ပေးလိုက်မြဲဖြစ်၏။ သွားနေကျလမ်းများကိုတော့ မိုးမြင့်သော်တာအတော်မှတ်မိနေပါပြီ။ တစ်လမ်းမောင်းလမ်းများကိုလည်း မှတ်သားထားပြီးဖြစ်သည်။

ဒရိုင်ဘာအသစ်နှစ်ယောက်ခန့်ရန် အင်တာဗျူးကိုတော့ နောက်တစ်ပတ်တွင် စစ်ဆေးမည်ဟုပြောသည်။ အလုပ်လျှောက်ထားသူ နှစ်ဆယ်ကျော်ရှိသည့်အထဲကမှ နှစ်ယောက်ခန့်မည်ဖြစ်သည်။

ဦးသက်တင်က ကားလက်တွေ့မောင်းအင်တာဗျူးတွင် သိထားသင့်သောအချက်များကို သင်ပေးထားဖို့ ကိုအေးမောင်ကိုပြောသည်။

ဂျူတီချိန်မပြောင်းမီတစ်ရက်မှာ ကိုအေးမောင်နားရက်ဖြစ်၏။

ကိုအေးမောင်နှင့်အတူ မိုးမြင့်သော်တာလည်း အနားရသဖြင့် ယနေ့တော့**...** ကိုအေးမောင်က အင်တာဗျူးဖြေရာတွင် သိထားသင့်သည့်အချက်များကို သင်ပေးနေလေသည်။

''အလုပ်လျှောက်တဲ့လူတိုင်းကတော့ ကားမောင်းတတ်လို့ လျှောက်တာတွေချည်းပဲကွ၊ ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်ပြီး သားတွေချည်းပဲ၊ အကုန်လုံးကလည်း (င)လိုင်စင်ရထားတဲ့သူချည်းပဲ၊ အဲ**...** စစ်ဆေးတယ်ဆိုတာက ကားမောင်းတတ်တာကိုစစ်တာမဟုတ်ဘူး၊ ကားမောင်းပုံစံနစ်ကျမကျနဲ့ ကားတစ်စီးကိုကိုင်တွယ်ပုံ သပ်ရပ်မှုရှိမရှိကိုစစ်တာ''

''ဟုတ်ကဲ့''

''မင်းကို သတ်မှတ်ထားတဲ့လမ်းကြောမှာ မောင်းခိုင်းလိမ့်မယ်၊ အဲဒီလမ်းကြောမှာ မီးပွိုင့်လည်းရှိမယ်၊ မျဉ်းကြားလည်းရှိမယ်၊ ကုန်းတက်ကုန်းဆင်းလည်းပါမယ်ပေါ့ကွာ၊ စစ်တဲ့သူက ကားပေါ်ကိုမင်းတက်ကတည်းက ကြည့်ထားလိမ့်မယ်၊ ကားတံခါးဖွင့်တာပိတ်တာ ညင်သာရဲ့လားက စလို့ မှတ်သားထားလိမ့်မယ်၊ အဲဒီမှာ အစစ်ခံတဲ့လူက ကားတံခါးကို ဆောင့်ပိတ်တာမျိုးလုပ်ရင် အမှတ်လျှော့ပြီပဲ''

''ဩော်**...**''

''ကုန်းတက်ကုန်းဆင်းမှာ ဂီယာချိန်းသလား၊ မီးပွိုင့်ရောက်ခါ နီး၊ မျဉ်းကျားရောက်ခါနီးမှာ အရှိန်လျှော့သလား၊ ဂီယာချိန်းပုံညင်သာရဲ့လားဆိုတာကအစ ကြည့်ပြီး အမှတ်ပေးသွားမှာပဲ၊ နောက်ဆုံး ဂိတ်ပြန်ရောက်လို့ ကားရပ်တဲ့အထိ လုပ်ပုံကိုင်ပုံတွေကို ကြည့်ပြီး အမှတ်ပေးနေမှာပေါ့ကွာ၊ ကားရပ်လိုက်ပြီဆိုရင်လည်း လက်ဆွဲဘရိတ်ဆွဲခဲ့ဖို့ မမေ့နဲ့၊ အဲဒါကို အရေးမကြီးဘူးထင်ပြီး တချို့က မလုပ်ကြဘူး၊ ကားကို ကိုင်တွယ်မောင်းနှင်ပုံ အသေးစိတ်ကလေးတွေကြည့်ပြီး ဖြေတဲ့လူတစ်ယောက်နဲ့တစ်ယောက် အမှတ်ချင်းကွာသွားတာပေါ့ကွာ၊ မင်းကကြိုသိထားတော့ ဒါတွေသတိထားနိုင်ရင် အမှတ်ပိုရနိုင်တာပေါ့''

''ဟုတ်ကဲ့ပါကိုအေးမောင်''

အနားရသောထိုနေ့မှာပင်**...** မကြာပွင့် ရေးလိုက်သောစာ စာတိုက်မှရောက်လာပါသည်။

*ကိုမိုး**...***

*ဒီစာကို နင်သွားပြီး နှစ်ရက်မြောက်နေ့မှာ ရေးလိုက်ပါတယ်။ နင်မရှိတော့ နင့်ကိုလွမ်းနေရတယ်ဆိုတာတော့ ပြောစရာမလိုပါဘူးနော်။*

*ငါ့ထက် ဒေါ်လေးယဉ်က ပိုဆိုးတာပေါ့ဟယ်။ နှစ်ယောက်တည်းနေတဲ့အိမ်မှာ နင်လျော့သွားတော့ သိသာတာပေါ့။ တစ်ချိန်လုံး နင့်အကြောင်းပဲပြောနေတာပဲ။*

*ငါလည်း ဒေါ်လေးယဉ်နဲ့အတူ ညတိုင်းသွားအိပ်ပေးပါတယ်။*

*နင်ကော**...** အဲဒီမှာ အဆင်ပြေရဲ့လား။ ငါရော ဒေါ်လေးယဉ်ရော နင့်စာကိုမျှော်နေကြတယ်နော်။*

*နင့်အမေဒေါက်တာခင်လပြည့်ဝန်းနဲ့ တွေ့ရလား ဟင်။ သူဟာ တကယ်ပဲနင့်အမေဖြစ်နိုင်လား။ ငါသိပ်သိချင်တာပဲဟယ်၊ ရန်ကုန်ကအကြောင်းတွေ မြန်မြန်စာရေးလိုက်ပါဦး။*

*ဩော်**...** ငါတော့ မနေ့ကပဲ မြို့နယ်ပညာရေးမှူးရုံးမှာ လျှောက်လွှာသွားတင်ထားလိုက်တယ်။ တောင်ခြေကရွာတွေအတွက် ဆွဲခန့်ဆရာတွေခန့်မယ်ကြားလို့လေ။ ငါလည်း ဘွဲ့ရပြီးအလကားထိုင်နေမယ့်အတူတူ ဘယ်ရွာရောက်ရောက် ကျောင်းဆရာမပဲသွားလုပ်တော့မယ် ဟယ်။ နင်ရှိလို့ နင်နဲ့အတူတူသွားရရင်ကောင်းမှာပဲ။*

*နင်ရန်ကုန်မှာနေတာ အဓိပ္ပါယ်ရှိရဲ့လား။ နင်ရန်ကုန်သွားတာ နင့်အမေအရင်းကို မြင်ချင်လို့ပဲမဟုတ်လား။ အခုတွေ့နေရတဲ့ဒေါက်တာခင်လပြည့်ဝန်းဟာ နင့်အမေဆိုတာသေချာရဲ့လားဟယ်။*

*ဘာပဲဖြစ်ဖြစ်... နင်ပြန်လာမှာမဟုတ်လား။ နင့်အမေနဲ့တွေ့ရရင် ကြေနပ်ပြီ။ ရွာကို ပြန်လာပါမယ်လို့ နင်ကတိပေးထားတယ်နော်။*

*ငါတော့ ခေါင်ဖျားတဲ့ရွာလေးတစ်ခုခုကို ကျောင်းဆရာမသွားလုပ်ရင် နင်ပါစေချင်တယ်ဟယ်။ နင်နဲ့ငါနဲ့ နှစ်ယောက်အတူတူဆို ကောင်းတာပေါ့။ မဟုတ်ဘူးလား။*

*အဓိပ္ပါယ်မဲ့တဲ့ အလုပ်တွေနဲ့တော့ အချိန်မဖြုန်းပါနဲ့ဟယ်။ တော်ကြာ... ရန်ကုန်အနေအထိုင်မက်မောပြီး တောကိုမပြန်ချင်ပဲဖြစ်နေပါဦးမယ်။*

မကြာပွင့်စာက သူ့ကိုတွေဝေသွားစေသည်။ ရွာကိုလည်း သတိရလွမ်းဆွတ်သွားရလေ၏။

တကယ်လို့သာ... ဒေါက်တာခင်လပြည့်ဝန်းရှိနေကြောင်း သတင်းကို ကိုအေးမောင်ဆီက မရခဲ့လျှင်... သူနှင့်မကြာပွင့်တို့ ရွာမှာပဲ လက်ထပ်ဖြစ်ကာ ရိုးမြေကျအတူနေသွားဖို့ပင်ဖြစ်ပါ၏။

ဒေါက်တာခင်လပြည့်ဝန်း ရှိနေသေးတယ်ဆိုတဲ့သတင်းက အမေအရင်းကိုတွေ့ချင်သောသူ့စိတ်ကိုနှိုးဆွခဲ့သည်။

ကြံရွယ်ထားသောအစီအစဉ်များကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပါ သည်။

အမေဒေါ်ယဉ်ရွှေက အမေအရင်းနဲ့တွေ့ပြီး သူပြန်မလာတော့ မှာ စိုးရိမ်သလို... မကြာပွင့်ကလည်း မြို့ကြီးပြကြီးမှာပျော်မွေ့ပြီး ရွာပြန်မလာမှာကို စိုးရိမ်နေရှာပေသည်။

စိတ်ချပါကြာပွင့်ရယ်... ငါ့ဇာတိရွာကလေးနဲ့... အမေရော... နင်ရော... ငါ့ရင်ထဲမှာ အမြဲရှိနေပါတယ်။

ငါပြန်လာမှာပါ။

ဒေါက်တာခင်လပြည့်ဝန်းက ငါ့ကို သူ့သားလို့အသိအမှတ်ပြုလိုက်တာနဲ့ ငါကြေနပ်ပြီ။

ငါပြန်လာခဲ့ပါမယ်။



အခုတော့... ငါ့ရည်ရွယ်ချက်တွေက နိဒါန်းပိုင်းပဲရှိသေးလို့ သည်းခံပါဦးဟာ။

ငါလည်း နင့်ကို သစ္စာမဖောက်ဘူး၊ နင်လည်း ငါ့ကို သစ္စာရှိရှိ စောင့်နေပါကြာပွင့်ရယ်...။

မကြာပွင့်ဆီစာပြန်ရေးရင်းမှ သူနှင့်ကြာပွင့်တို့ ငယ်ကတည်း က သံယောဇဉ်ငြိတွယ်ခဲ့ပုံတွေ၊ အရွယ်ရောက်လာတော့... သူငယ်ချင်း အချစ်မှ သမီးရည်းစားအချစ်သို့ပြောင်းသွားပုံတွေကို ပြန်တွေးကာ သတိရနေမိတော့သည်။

♛♛♛♛♛

( ၆ )

နောက်တစ်ပတ် အင်္ဂါနေ့တွင်... နေလဆေးရုံ၌ ယာဉ်မောင်းရာထူးလျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းပြုလုပ်ပါသည်။

မိုးမြင့်သော်တာကတော့ ကိုအေးမောင်ကြိုတင်ပြောပြထားသည့်အတွက် ကားကို ဂရုတစိုက်ဖြင့် မောင်းနှင်ပြသနိုင်ခဲ့သည်။

ကားနှင့်အတူလိုက်ပါ၍ စစ်ဆေးသူမှာလည်း အခြားသူမဟုတ်။ မော်တော်ယာဉ် ကြီးကြပ်ရေးမှူးဦးသက်တင်ပင်ဖြစ်ပါသည်။

မိုးမြင့်သော်တာ အလုပ်ရဖို့ သေချာနေသည်။

ရွေးချယ်ခံရသူနှစ်ဦးအမည်ကို သောကြာနေ့တွင် ဆေးရုံရှေ့ ကြော်ငြာဘုတ်ပေါ်၌ကပ်ထားမည်ဖြစ်ကြောင်း ဦးသက်တင်က လာရောက်ဖြေဆိုသူများကို မှာကြားလိုက်ပါသည်။

\+ + + + +

ကြာသပတေးနေ့။

မနက်ဖန်ဆိုလျှင်... ယာဉ်မောင်းရာထူးအရွေးခံရသူများစာရင်းကို ကြေငြာတော့မည်။

အလုပ်ရမယ်ဆိုတာ သေချာနေသော်လည်း မိုးမြင့်သော်တာ ရင်ခုန်နေသည်။ စာရွက်ပေါ်မှာ မိမိနာမည်ရိုက်နှိပ်ပြီး မန်နေဂျာလက်မှတ်ထိုးထားသောပြန်တမ်းကိုမြင်ရမှသာ စိတ်ချလက်ချရှိနိုင်မည်ဖြစ်သည်။

ဒီအလုပ်အရွေးခံရမှလည်း မိုးမြင့်သော်တာအဖို့ အမေနှင့်အနီးကပ်နေနိုင်မည်မဟုတ်ပါလား။ ဒေါက်တာခင်လပြည့်ဝန်းကို မိမိ သည်

တစ်ချိန်က သူစွန့်ပစ်ခဲ့သောသားဖြစ်ကြောင်း သိအောင်လုပ်ဖို့က ရှိသေးသည်။

မိုးမြင့်သော်တာအတွက် လုပ်စရာအလုပ်တွေ အများကြီးရှိနေပါသေးသည်။

\+ + + + +

ကြာသပတေးနေ့ညနေပိုင်းတွင် မန်နေဂျာဦးစိုးတင့်က ခေါ်သောကြောင့် မိုးမြင့်သော်တာ မန်နေဂျာအခန်းထဲသွားရသည်။ အခန်း ထဲတွင် ဦးသက်တင်လည်း ရောက်နေ၏။

''ထိုင်– မောင်မိုးမြင့်သော်တာ၊ မင်းကို ပြောစရာလေးရှိလို့ ခေါ်လိုက်တာ''

မိုးမြင့်သော်တာက မန်နေဂျာညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

''ဆရာနဲ့ဦးသက်တင်နဲ့ မင်းကိစ္စကိုညှိနေကြတာကွဲ့''

''ဟုတ်ကဲ့''

ဘာများပါလိမ့်ဆိုသည့်အတွေးဖြင့် မိုးမြင့်သော်တာရင်ခုန်သွားရလေသည်။

''ဒီလိုကွ၊ ဆရာတို့အနေနဲ့ မင်းကို ဒရိုင်ဘာအလုပ်မှာ ခန့်ဖို့ပါပဲ၊ မင်းကားမောင်းပုံတွေလည်း သပ်သပ်ရပ်ရပ်ရှိတယ်လို့ ဦးသက်တင်က ထောက်ခံပါတယ်၊ ဒါပေမယ့်...''

မန်နေဂျာ၏ ဒါပေမယ့်ဆိုသောစကားထောက်ကြောင့် မိုးမြင့်သော်တာ မျက်လုံးပြူးသွားရလေသည်။

''ဒါပေမယ့်... ဆေးခန်းကားကိုမောင်းဖို့ မင်းကို မခန့်ဖြစ်တော့ဘူးကွယ်''

''ဗျာ– ဆရာ''

မိုးမြင့်သော်တာ ချက်ချင်းမျက်ရည်ဝိုင်းသွားရလေသည်။

''ဆရာ... ကျွန်တော်...''

မိုးမြင့်သော်တာရှေ့ဆက်မပြောနိုင်ပဲ အသံများတုန်ကာ စကားလုံးများ လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွားလေသည်။

သူ့မှာ ဘာသဘောမကျစရာရှိလို့လဲ။

''ဒီလိုပါ မောင်မိုးမြင့်သော်တာ၊ ဆရာကြီးတို့အိမ်မှာလည်း ဒရိုင်ဘာတစ်ယောက်ထွက်သွားတယ်ကွဲ့၊ အရင်က ဒရိုင်ဘာနှစ်ယောက်ရှိတာလေ၊ အခု တစ်ယောက်တည်းရှိတော့လို့ မမပြည့်ကိုယ်တိုင် သူ့ကားသူ မောင်းနေရတယ်၊ တစ်ယောက်က ကလေးကျောင်းပို့ဖို့ကြိုဖို့ လိုသေးတာကိုး၊ အဲဒီတော့... ဆရာကြီးတို့က ဒရိုင်ဘာတစ်ယောက်ထပ်ရှာပေး ဖို့ ဆရာ့ကို တာဝန်ပေးထားလို့ပါ''

''ဟုတ်ကဲ့ဆရာ... အဲဒီတော့...''

မိုးမြင့်သော်တာရင်တွေ တလှပ်လှပ်တုန်လာရပါပြီ။

''အဲဒီတော့... မင်းကို ဆေးခန်းကား မမောင်းခိုင်းပဲ ဆရာကြီးအိမ်ကကားကိုပဲမောင်းဖို့ တာဝန်ပေးချင်တယ်''

''ဟာ... ဆရာ''

မိုးမြင့်သော်တာ စိတ်လှုပ်ရှားစွာ အော်လိုက်မိ၏။

''ဘာဖြစ်လို့လဲမိုးမြင့်သော်တာ၊ မဖြစ်နိုင်လို့လား၊ ဆရာတို့က ဆရာကြီးအိမ်ကကားမောင်းဖို့လူကို လူရည်သန့်သန့်နဲ့ လူငယ်ထဲက ဖြစ်ချင်လို့ ဦးသက်တင်နဲ့တိုင်ပင်ပြီး ရွေးလိုက်တာပါကွယ်၊ အိမ်ကားမမောင်းချင်ဘူးဆိုလည်း...''

မန်နေဂျာက မိုးမြင့်သော်တာစိတ်လှုပ်ရှားသွားပုံကိုကြည့်၍ မလုပ်ချင်ဘူးထင်သွားခြင်းဖြစ်သည်။

''မဟုတ်ဘူးဆရာ၊ လုပ်ချင်ပါတယ်၊ ကျွန်တော့်အတွက် ပိုကောင်းပါတယ်ဆရာ၊ ဆရာကြီးအိမ်ကားကို ကျွန်တော်မောင်းပါ့မယ်၊ လုပ်ပါ့မယ်ဆရာ''

မိုးမြင့်သော်တာက အငမ်းမရပင် ပြောလိုက်မိလေ၏။

''ဒါဆို လက်ခံတယ်ပေါ့၊ ဒါက ဆရာနဲ့ဦးသက်တင် တိုင်ပင်ရုံပဲရှိပါသေးတယ်၊ မင်းကိုကြိုအသိပေးထားတာပါ၊ ညနေပိုင်းကျ မင်းကို ခေါ်ပြီး ဆရာကြီးနဲ့ဖြစ်ဖြစ်၊ မမပြည့်နဲ့ဖြစ်ဖြစ် တွေ့ပေးမယ်လေ၊ သူတို့ သဘောကျတယ်ဆိုရင် ပြီးပြီပေါ့၊ အိမ်ကားမောင်းရင်လည်း လခက ဒီလခအတိုင်းပဲ ရမှာပါ မောင်မိုးမြင့်သော်တာ''

''ဟုတ်ကဲ့၊ ကျွန်တော် သဘောတူပါတယ်ဆရာ၊ လုပ်ပါ့မယ်''

''ဒါဖြင့်... ညနေပိုင်းကျ ဆရာတို့ ဆရာကြီးနဲ့ဖြစ်ဖြစ်၊ မမပြည့်နဲ့ဖြစ်ဖြစ် ဝင်တွေ့ကြတာပေါ့၊ တကယ်လို့... သူတို့က သဘောမကျလို့

အိမ်ကားမမောင်းစေချင်ဘူးဆိုရင်လည်း စိတ်မပျက်နဲ့နော်၊ မင်းကို ဆရာတို့က အလုပ်ခန့်မှာပါမိုးမြင့်သော်တာ''

\+ \+ \+ \+ \+

မိုးမြင့်သော်တာ တစ်နေ့လုံး စိတ်လှုပ်ရှားနေရပါတော့သည်။

မန်နေဂျာခေါ်ပြောတဲ့အကြောင်းကို ကိုအေးမောင်ကို ပြောပြလိုက်သည်။

ကိုအေးမောင်က... ''မင်းအတွက် ပိုအဆင်ပြေသွားတာပေါ့ကွာ''ဟုပြောသည်။

အလုပ်ထွက်သွားတဲ့ဒရိုင်ဘာက ဒေါက်တာခင်လပြည့်ဝန်းကားကိုမောင်းတဲ့ဒရိုင်ဘာတဲ့၊ လောလောဆယ်တွင်... ဒေါက်တာခင်လပြည့် ဝန်းကားကိုကိုယ်တိုင်မောင်းနေရခြင်းမှာ ဒရိုင်ဘာအလုပ်ထွက်သွားလို့ဟု မန်နေဂျာကပြောသည်။ ဒီပုံအတိုင်းဆိုလျှင်... သူသည် ဒေါက်တာခင်လပြည့်ဝန်းကားကို မောင်းပို့ရတော့မည်ပေါ့။ အမေနဲ့ အနီးကပ်နေရတော့မည်။ သူပြောချင်တဲ့စကားတွေပြောခွင့်သာတော့မည်။

တစ်ခုပဲရှိပါသည်။ ဆရာကြီးနှင့်ဒေါက်တာခင်လပြည့်ဝန်းတို့က သူ့ကိုအိမ်ကားမောင်းရန် လက်ခံဖို့ပဲဖြစ်သည်။

မိုးမြင့်သော်တာက သူ့ကိုလက်ခံပါစေဟု အထပ်ထပ်ဆုတောင်းပြီး တစ်နေ့လုံး စိတ်လှုပ်ရှားနေရပါတော့သည်။

♛♛♛♛♛

( ၇ )

ညစနေ့ရှိ၊

မန်နေဂျာဦးစိုးတင့်က သူ့ကို လူတစ်ယောက်နှင့်အခေါ်လွှတ်လိုက်သည်။ မန်နေဂျာအခန်းထဲရောက်တော့...

''လာ– မောင်မိုးမြင့်သော်တာ၊ ဆရာကြီးက မအားဘူးကွ၊ တို့တွေမမပြည့်နဲ့ပဲ ဝင်တွေ့ရမယ်''

မန်နေဂျာနောက်ကလိုက်လာသော မိုးမြင့်သော်တာရင်များကတလှုပ်လှုပ်ခုန်နေလေသည်။ ဒေါက်တာခင်လပြည့်ဝန်းနှင့် မျက်နှာချင်း ဆိုင်နှုတ်တွေ့ဒူးတွေ့တွေ့ရတော့မည်။

စနေ့ရှိမှာ ဒေါက်တာခင်လပြည့်ဝန်းပြန်ချိန်ဖြစ်သည်။

ဒေါက်တာခင်လပြည့်ဝန်းအခန်းရောက်တော့ မန်နေဂျာက သူ့ကိုခဏစောင့်ခိုင်းကာ အခန်းထဲသို့ အရင်ဝင်သွား၏။

သိပ်မကြာခင်ပြန်ထွက်လာကာ အပေါက်ဝမှလက်ယပ်ခေါ်လိုက်သည်။

မိုးမြင့်သော်တာသည် အခန်းထဲမဝင်ခင် လည်ပင်းမှဆွဲကြိုး လေးကို အပြင်မှမြင်သာအောင် အင်္ကျီအပေါ်သို့ထုတ်၍ဆွဲလိုက်ပါသည်။ ဆွဲကြိုးလေးကိုမြင်လျှင် ဒေါက်တာခင်လပြည့်ဝန်းမျက်နှာ ဘယ်လို အပြောင်းအလဲဖြစ်သွားတယ်ဆိုတာကို သူအကဲခတ်ရပါလိမ့်မည်။

မိုးမြင့်သော်တာက လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင်ထိန်းကာ အခန်းထဲသို့ဝင်လိုက်၏။

အခန်းထဲတွင် ဒေါက်တာခင်လပြည့်ဝန်းက စားပွဲနောက်တွင်ထိုင်နေဆဲ။ မန်နေဂျာဦးစိုးတင့်က ဒေါက်တာခင်လပြည့်ဝန်းရှေ့တည့်တည့်မှကုလားထိုင်တွင်ထိုင်နေသည်။

မိုးမြင့်သော်တာ အခန်းထဲသို့ ခြေစုံချမိသည်နှင့်...

''ဩော်... သူလား၊ သူ့ကို မပြည့်မြင်မြင်နေပါတယ်''

ဒေါက်တာခင်လပြည့်ဝန်းက အခန်းထဲရောက်လာသောမိုးမြင့်သော်တာကိုကြည့်ရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့၊ နာမည်က မိုးမြင့်သော်တာပါတဲ့မမပြည့်"

မိုးမြင့်သော်တာဆိုသည့်အမည်ကိုကြားလိုက်လျှင် ဘယ်လိုများဖြစ်သွားလေမလဲဟု မိုးမြင့်သော်တာက ဂရုထားကြည့်နေမိသော်လည်း ဒေါက်တာခင်လပြည့်ဝန်း နည်းနည်းမျှ အမူအရာပျက်မသွားပါ။

"ကိုအေးမောင်တို့ရွာကပါ၊ ကိုအေးမောင်ခေါ်လာတာပါမမပြည့်၊ ကားမောင်းကျွမ်းကျင်မှုကိုတော့ စစ်ဆေးပြီးပါပြီ၊ ကြေနပ်လောက်ပါ တယ်၊ ရန်ကုန်မှာသိပ်မကျွမ်းသေးလို့ လမ်းနည်းနည်းပါးပါး ပြပေးဖို့ တော့ လိုပါလိမ့်မယ် မမပြည့်"

"ဟုတ်လား.. မောင်မိုးမြင့်သော်တာက ဘယ်မြို့ကလာတာလဲ"

"ကျွန်တော် နတ်သံကွင်းရွာက လာခဲ့တာပါခင်ဗျာ"

မိုးမြင့်သော်တာက နတ်သံကွင်းဆိုသည့်စကားလုံးကို အလေးအနက်ထားပြောလိုက်ပြီး ဒေါက်တာခင်လပြည့်ဝန်းမျက်နှာအပြောင်း အလဲကို သတိပြုကြည့်နေမိသည်။

မည်သို့မျှ ထူးခြားမသွားပါ။

"ဘယ်မြို့က ဆိုတာပြောမှပေါ့ မိုးမြင့်သော်တာရ"

မန်နေဂျာက ဝင်ထောက်ပေးလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ နတ်သံကွင်းရွာကလေးက ကျောက်ကြီးမြို့နယ်ထဲမှာပါပါတယ်ခင်ဗျာ၊ ရန်ကုန်ကသွားရင် ပဲနွယ်ကုန်းမှာ ဆင်းပြီး တစ်ဆင့်သွားရပါတယ်"

"အမယ်... မိုးမြင့်သော်တာက ခရီးသွားဆောင်းပါးရေးပြဦး မယ် ထင်တယ်ဟေ့၊ ကျောက်ကြီးမြို့ကဆိုရင် လုံလောက်ပါပြီကွာ"

ဦးစိုးတင့်က ရယ်စရာလုပ်ပြောလိုက်သည်ကို ဒေါက်တာခင် လပြည့်ဝန်းက လိုက်ရယ်နေသည်။

သူကတော့ နတ်သံကွင်းရွာဆိုတဲ့ နာမည်ကိုကြားလိုက်ရုံနှင့် ဒေါက်တာခင်လပြည့်ဝန်းမျက်နှာပျက်သွားမည်အထင်နှင့် ပြောလိုက်ခြင်း ဖြစ်သည်။ ပိုပြီးလေးနက်အောင် ရွာသို့လာရသည့်လမ်းခရီးကိုပါ ပြောပြမိခြင်းဖြစ်ပါ၏။ သို့သော်... ဒေါက်တာခင်လပြည့်ဝန်းမျက်နှာမှာ နတ်သံကွင်းဆိုသည့်အမည်ကိုကြားလိုက်ရ၍ ဘယ်လိုမှထူးခြားမသွားရုံမက၊ ဆက်ပြောလိုက်သည့်စကားများအတွက်လည်း ဘာမှခံစားရပုံမပေါ်ပါချေ။



"မိုးမြင့်သော်တာက ရိုးပုံရပါတယ်၊ ကောင်းပြီလေ... သူ့ကိုပဲ မပြည့်တို့အိမ်အတွက် သုံးလိုက်တာပေါ့ဦးစိုးတင့်"

ဒေါက်တာခင်လပြည့်ဝန်းက သူ့ကို လက်ခံလိုက်ပေပြီ။

"လူငယ်ချင်းဆိုတော့ သားသား ကျောင်းအကြိုအပို့ကားကို မိုးမြင့်သော်တာကိုပဲ မောင်းခိုင်းမှပဲဦးစိုးတင့်ရေ၊ ဦးဘဇံကိုတော့ မပြည့် ကားကို ပြောင်းပြီးမောင်းခိုင်းလိုက်မယ်"

"သင့်လျော်ပါတယ်မမပြည့်"

"ဦးစိုးတင့်သတိထားမိလား၊ မပြည့်တော့ မိုးမြင့်သော်တာကို စမြင်ကတည်းက သတိထားမိတယ်"

"ဘာများလဲမမပြည့်"

"မိုးမြင့်သော်တာရဲ့ရုပ်လေ၊ သူ့ရုပ်က မပြည့်ဖေဖေဦးနေလ နဲ့ သိပ်တူတာပဲ၊ မပြည့် မြင်ခါစက ငေးကြည့်မိသေးတယ်"

"ဩော်... ဟုတ်လား၊ မမပြည့်အဖေကို ဓာတ်ပုံထဲမှာပဲမြင်ဖူး လို့ ကျွန်တော်သေချာမသိပါဘူး၊ မိုးမြင့်သော်တာနဲ့ မမပြည့်ကတော့ မျက်နှာချင်းပေါက်ချင်း တော်တော်ဆင်တယ်ခင်ဗျ"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်ရောက်ခါစနေ့ကလည်း ညီ့ကြိုက မိန်းကလေးတွေက ကျွန်တော့်ကို ဟောဒီက မမ... မမပြည့်နဲ့တူလို့ဆိုပြီး ပြောနေကြပါတယ်"

မိုးမြင့်သော်တာ ဝင်ပြောလိုက်သည်။

"အို... ဟုတ်လား"

ဦးစိုးတင့်နှင့်ဒေါက်တာခင်လပြည့်ဝန်းက သဘောကျစွာ ရယ် မောနေကြသည်။

ဘယ်လိုလဲ၊ မိုးမြင့်သော်တာနာမည်နှင့် နတ်သံကွင်းရွာအမည် တို့ကို ကြားရစဉ်က ဟန်ဆောင်ကောင်းခဲ့သော ဒေါက်တာခင်လပြည့်ဝန်း သည်... မိုးမြင့်သော်တာနှင့် သူမ ရုပ်ချင်းဆင်တူတာကိုတော့ သူမကိုယ် တိုင်က ဖွင့်ပြောနေပြန်၏။ ပြောတော့လည်း မထူးဆန်းသောအကြောင်း အရာကိုပြောသလို ပေါ့ပေါ့ပါးပါးပါပင်။

မိုးမြင့်သော်တာ ဘယ်လိုနားလည်ရမှန်းမသိတော့ပါ။

''ကဲ– ဒါဖြင့်ရင် မနက်ဖန်တော့ မိုးမြင့်သော်တာ မမပြည့်တို့အိမ် ပြောင်းခဲ့လေ၊ ဒီလိုလုပ်၊ မနက်ဖန် ဦးဘဖံကို ဆေးခန်းလာခိုင်းလိုက်မယ်၊ မင်း ဆေးခန်းကနေစောင့်နေပေါ့''

''ဟုတ်–ဟုတ်ကဲ့၊ ကျွန်တော်က မမပြည့်တို့အိမ်မှာ လိုက်နေရမှာလားခင်ဗျာ''

''ဒါပေါ့... အိမ်ကားမောင်းမှတော့ မင်း အိမ်လိုက်နေရမှာပေါ့ကွဲ့၊ ဘာလဲ၊ အခက်အခဲရှိလို့လား''

''မရှိပါဘူးခင်ဗျာ၊ ကျွန်တော်က ဆေးခန်းမှာအလုပ်ဆင်းသလိုနေ့တိုင်း အိမ်ကနေဆင်းရမယ်မှတ်လို့ပါ၊ ကျွန်တော်ပြောင်းနေဖို့ အဆင်ပြေပါတယ်၊ ရန်ကုန်မှာလည်း ကိုအေးမောင်အိမ်မှာ ကပ်နေရတာပါ၊ ကျွန်တော့်ကိုမွေးစားထားတဲ့အမေကလည်း နတ်သံကွင်းရွာမှာ ကျန်နေခဲ့ပါတယ်''

မိုးမြင့်သော်တာက အခွင့်အရေးရတုံး စကားစုတစ်ခုဖြင့် ဒေါက်တာခင်လပြည့်ဝန်းရင်ထဲကို ပစ်သွင်းလိုက်ပြန်သည်။

သို့သော်... ဒေါက်တာခင်လပြည့်ဝန်းက မိုးမြင့်သော်တာစကားကို အမှုအမှတ်ထားပုံမရ။

''အေး– ဒါဖြင့်... မနက်ဖန် မင်းပစ္စည်းပစ္စယတွေယူလာပြီး ဆေးခန်းမှာပဲ လာစောင့်နေလိုက်၊ ဟုတ်ပြီလား''

ဒေါက်တာခင်လပြည့်ဝန်းက စကားပြောပြီး ထိုင်ရာမှထလိုက်သည်။ ပြန်ဖို့ပြင်နေပြီမို့ ဦးစိုးတင့်နှင့်မိုးမြင့်သော်တာ အခန်းထဲမှ ထွက်လာခဲ့လေသည်။

\+ + + + +

အပြင်ရောက်သည်နှင့် အကျိုးအကြောင်းကို ကိုအေးမောင် အား ပြောပြလိုက်ပါသည်။ ကိုအေးမောင်ကလည်း ဝမ်းသာနေသည်။

''မင်းအကြံအစည်တွေ အောင်မြင်တော့မှာပေါ့ကွာ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အလျင်စလိုမလုပ်နဲ့၊ သတိရှိပေစေနော် မိုးမြင့်သော်တာ''

''ဟုတ်ကဲ့ပါ ကိုအေးမောင်''

မိုးမြင့်သော်တာရင်ထဲမှာတော့ ဒေါက်တာခင်လပြည့်ဝန်း ဟန်ဆောင်ကောင်းပုံကို မချင့်မရဲဖြစ်နေမိပါသည်။ မိုးမြင့်သော်တာဆိုတဲ့ သူ့နာမည်ရယ်... နတ်သံကွင်းဆိုတဲ့ရွာနာမည်ရယ်... ကြားလိုက်ရုံနဲ့ မိုးမြင့်သော်တာဟာ သူမ မွေးပြီးစွန့်ပစ်ခဲ့တဲ့သားဆိုတာ သိနိုင်လောက်ပါသည်။ ဒါတွေမမှတ်မိလောက်အောင် မှတ်ဉာဏ်လျော့ပါးမသွားလောက်သေးပါ။

သို့သော်... ဒေါက်တာခင်လပြည့်ဝန်းပုံစံက မျက်နှာတစ်ချက်မပျက်ပဲ အရာရာ ဘာမှမသိသလို ဟန်ဆောင်ကောင်းလှပေသည်။

မိုးမြင့်သော်တာလည်မှာဆွဲထားသော နေလတံဆိပ်ဆွဲပြားပါ သည့် ဆွဲကြိုးလေးကိုလည်း မြင်လား မမြင်သလား မသိနိုင်ပါပေ။

အေးလေ... ပညာတတ်ဆရာဝန်မကြီးတစ်ယောက်ဖြစ်လို့ ဘဝအတွေ့အကြုံစုံနေပြီပဲ။ ငယ်ငယ်ကလိုတော့ စိတ်လှုပ်ရှားမှုတွေ ဘယ်ဖြစ်ပါတော့မလဲ၊ ပြီးတော့... သူ့မှာ ငွေ့ညှာထောက်ထားစရာတွေရှိနေတော့ ဟန်ဆောင်ရပေမပေါ့။

ရုပ်ရှင်ထဲကလို... ''*အမလေး အနှစ်နှစ်အလလက ကွဲကွာနေတဲ့ ငါ့သားလေးပါလား*''...ဆိုပြီး ပြေးဖက်တာမျိုးကိုတော့ မိုးမြင့်သော်တာ မျှော်လင့်လို့ရမည်မဟုတ်ပေ။

ဘာပဲဖြစ်ဖြစ်... ဒေါက်တာခင်လပြည့်ဝန်းကိုယ်တိုင်က သူ့ကို အိမ်အပါခေါ်သွားပြီဆိုတာဟာ သူ့အတွက်အောင်မြင်မှုတစ်ခုမဟုတ်ပါ လား။ ဤမျှအလွယ်တကူဖြစ်လာမည်ဟု စိတ်ပင်မကူးခဲ့မိသော အဖြစ်တစ်ခုဖြစ်ပါသည်။

အနီးကပ်နေခွင့်ရပြီဆိုမှတော့... အမေနဲ့သား နှစ်ယောက်တည်း ပြောဆိုခွင့်လည်း တစ်ချိန်ချိန်မှာ ရလာနိုင်သည်မဟုတ်ပါလား။

မိုးမြင့်သော်တာက ရလာသောအခွင့်အလမ်းကိုပင် စိတ်ကြေနပ်အောင် ဖြေသိမ့်လိုက်ပါသည်။

♛♛♛♛♛

( ၈ )

နောက်တစ်နေ့မှာ သူ့မှာရှိသည့် အဝတ်အစားအိတ်ကလေး ရယ်၊ ရန်ကုန်ရောက်မှဝယ်ထားသည့် အိပ်ရာလိပ်ကလေးရယ်ကို ဆေး ခန်းသို့ တစ်ပါတည်းယူလာခဲ့လိုက်ပါသည်။

အိမ်ကိုလည်း ဒီကအကျိုးအကြောင်းတွေအကုန် စာရေးကာ မသိန်းကြည်ကို စာတိုက်မှထည့်ပေးဖို့ ပေးထားခဲ့လိုက်သည်။

ညနေငါးနာရီတွင် ဒေါက်တာခင်လပြည့်ဝန်း ဆေးခန်းကိုရောက်လာသည်။ လင်မယားနှစ်ယောက်စလုံး အတူတူရောက်လာကြသော်လည်း ကားက တစ်ယောက်တစ်စီးစီဖြစ်ပါသည်။ တစ်ယောက်စီ ကိုယ်တာဝန်ရှိရာဆေးတိုက်ကြီးများသို့ ကူးသန်းရဦးမည်မို့ ကားတစ်စီးစီဖြင့်ရောက်လာကြခြင်းဖြစ်ပါ၏။

မိုးမြင့်သော်တာသည် ဒေါက်တာခင်လပြည့်ဝန်းက သူ့ကို သိထားပြီး လက်ခံထားပြီပြီမို့ ဒေါက်တာခင်လပြည့်ဝန်းကားရပ်မည့်နေရာတွင်ကြိုစောင့်ကာ ကားတံခါးကို ဖွင့်ပေးလိုက်သည်။

“မိုးမြင့်သော်တာ၊ အတော်ပဲ၊ မင်းကို ဆရာကြီးနဲ့မိတ်ဆက်ပေးရဦးမယ်”

ဒေါက်တာခင်လပြည့်ဝန်းက သူ့ကားဘေးတွင် ကပ်၍ရပ်လိုက်သော ဒေါက်တာကျော်လင်းထွန်း ကားပေါ်မှဆင်းအလာကိုစောင့်ရင်း ဆရာကြီးကိုလှမ်းခေါ်လိုက်သည်။

“ကိုကို ဟောဒီမှာလေ ပြည့်တို့အိမ်အတွက် ဒရိုင်ဘာအသစ်”

ဒေါက်တာကျော်လင်းထွန်းက မိုးမြင့်သော်တာတို့အနားသို့ လျှောက်လာသည်။

“နာမည်က မိုးမြင့်သော်တာတဲ့ကိုကို၊ သားသားကို ကျောင်း ဖယ်ရီလုပ်ခိုင်းဖို့ စိတ်ကူးထားတယ်”

“ကောင်းပါတယ်၊ သူက နယ်ကလား”

“ဟုတ်တယ်ကိုကို၊ ပြီးတော့... မိုးမြင့်သော်တာက ဂရယ်ဂျူရိတ်တဲ့”

မိုးမြင့်သော်တာ ဘွဲ့ရပြီးသားဖြစ်ကြောင်းပါ ဒေါက်တာခင်လပြည့်ဝန်းက ထည့်ပြောလိုက်သည်။

“ကောင်းတာပေါ့၊ ဘွဲ့ရပြီးသားဆိုတော့ ဆေးခန်းမှာ နေရာကောင်းတစ်ခုခုလစ်လပ်ရင် ပြောင်းလုပ်လို့ရတာပေါ့”

“ဟုတ်ကဲ့ဆရာကြီး”

မိုးမြင့်သော်တာက ကိုယ်ကိုညွှတ်ကာ ဒေါက်တာကျော်လင်းထွန်းကိုပြန်ပြောလိုက်သည်။

“ဟုတ်သားပဲ၊ သူ့ရုပ်က ပြည့်နဲ့တော်တော်ဆင်တာပဲ”

“ပြည့်လည်း သူ့ကိုကြည့်ပြီး အံ့သြနေတာကိုကို”

“သူ့ကို အိမ်ဘယ်လိုပို့ပေးမှာလဲ၊ ပြည့်ပြန်မှ တစ်ခါတည်း ခေါ်သွားမှာလား”

“မဟုတ်ဖူးကိုကို၊ ဦးဘဇံကိုလာခေါ်ခိုင်းထားပါတယ်၊ ညနေ ၆နာရီ သားသားကိုကျူရှင်ပို့ပေးပြီးရင် ဦးဘဇံလာခေါ်ပါလိမ့်မယ်”

ဒေါက်တာကျော်လင်းထွန်းက ခေါင်းညိတ်အသိအမှတ်ပြုပြီး ဆေးခန်းထဲသို့ဝင်သွားသည်။

“မင်းပစ္စည်းတွေ ယူလာခဲ့ပြီးပြီလားမိုးမြင့်သော်တာ”

“ဟုတ်ကဲ့၊ ပါလာပါပြီမမပြည့်”

“အေး အေး... မင်းနဲ့ဂျူတီချိန်းမယ့် ဦးဘဇံဆိုတဲ့ဒရိုင်ဘာကြီး လာကြိုလိမ့်မယ်၊ ဒီကပဲ စောင့်နေနော်”

“ဟုတ်ကဲ့ပါ မမပြည့်”

\+ + + + +

ညနေခြောက်နာရီတွင် ဦးဘဇံဆိုသော ဒရိုင်ဘာအဘိုးကြီး ရောက်လာပါသည်။ ဒေါက်တာခင်လပြည့်ဝန်းသားကို ကျူရှင်ပို့ထားခဲ့ ပြီး ရောက်လာခြင်းဖြစ်သည်။

လင်မယားနှစ်ယောက်က ကားတစ်စီးစီ၊ ကလေးကျောင်းအကြို အပို့လုပ်သည့်ကားက တစ်စီးသပ်သပ်ဖြစ်ပါ၏။ မိုးမြင့်သော်တာက ကလေးကို ကျောင်းကြိုပို့သည့်ကားကို မောင်းရမည်ဖြစ်သည်။

ဦးဘဇံဆိုသူ ဒေါက်တာခင်လပြည့်ဝန်းကို သွားအကြောင်းကြား ပြီး မကြာမီ ဝန်ထမ်းတစ်ယောက်က မိုးမြင့်သော်တာကိုလာခေါ်သည်။

ဒေါက်တာခင်လပြည့်ဝန်းက သူ့အခန်းထဲတွင် မိုးမြင့်သော်တာနှင့် ဦးဘဇံကို မိတ်ဆက်ပေး၏။

''သူက သားသားကားကိုမောင်းမယ့် ဒရိုင်ဘာပဲ ဦးဘဇံ၊ မိုးမြင့်သော်တာတဲ့''

ဦးဘဇံက သူ့ကိုပြုံးပြသည်။

''နောက်ဆို သားသားဖယ်ရီကို သူပဲလုပ်လိမ့်မယ်၊ ဒါပေမယ့် သူက နယ်ကလာတာဆိုတော့ လမ်းတွေမသိသေးဘူး၊ တစ်ပတ်လောက် ဦးဘဇံပြပေးရလိမ့်မယ်''

''ရပါတယ်မပြည့်''

''ကဲ– အိမ်ကိုခေါ်သွားပေတော့၊ သားသားကျူရှင်ကြိုရင်လည်း တစ်ခါတည်းခေါ်သွားလိုက်ပေါ့''

''ဟုတ်ကဲ့ပါမပြည့်''

''ဩော်... သူ့ကို ဦးဘဇံတို့တန်းလျားက လွတ်နေတဲ့ ဘေးအစွန်အခန်းမှာထားလိုက်ပါ''

''ဟုတ်ကဲ့ပါ၊ ကဲ– သူငယ်၊ လာဟေ့– ငါတို့ အိမ်သွားကြစို့''

♛♛♛♛♛



( ၉ )

မိုးမြင့်သော်တာ၏ ''မိခင်ရင်းရှာဖွေရေးစွန့်စားမှုခရီးစဉ်''မှာ ယခုမှစတင်ခြင်းပင်ဖြစ်ပါတော့သည်။

ဦးဘဇံက ကားပေါ်တွင် အိမ်နှင့်ပတ်သက်၍သိသင့်သည့်အချက်များကိုပြောပြပါသည်။

''မင်းနေရမယ့် နောက်ဖေးတန်းလျားက အခန်းသုံးခန်းရှိတယ်ကွ၊ ငါတို့လင်မယားက အနောက်ဖက်အစွန်ဆုံးအခန်းမှာနေတယ်၊ ငါ ရယ် ငါ့မိန်းမရယ်ရှေ့မြင့်ရယ်ပေါ့၊ သားသမီးတွေကလက်လွှတ်ကုန်လို့ ငါတို့နဲ့မနေကြဘူး၊ အလယ်ခန်းမှာ ခြံစောင့်မာလီအဘိုးကြီးဦးချစ်ဆွေနေ တယ်၊ သူက မုဆိုးဖိုကြီး၊ တစ်ယောက်တည်းနေတယ်၊ အဘိုးကြီးက ပုတီးစိတ်နေတာများပါတယ်၊ မင်းနေမယ့် အရှေ့ဖက်အစွန်ဆုံးအခန်းက လူမနေတာကြာပြီ၊ ငါတို့ဒီအိမ်ရောက်ကတည်းက နေတဲ့သူမရှိတာပဲ၊ အဲ...''

ဦးဘဇံက ဆက်မပြောသေးပဲ နှုတ်တွန့်သွားသည်။ ခဏနေမှ ဆက်ပြော၏။

''အဲ... နေတဲ့သူမရှိဘူးပေါ့လေ၊ တံခါးကိုအမြဲပဲပိတ်ထားတာ ပဲ၊ မင်းနေရင်တော့ ဖုံတွေအမှိုက်သရိုက်တွေ တော်တော်ရှင်းရမယ်ဟေ့''

''အလုပ်ထွက်သွားတဲ့ဒရိုင်ဘာက အဲဒီအခန်းမှာနေခဲ့တာ မဟုတ်ဘူးလားဦးလေး''

''သူက အိမ်ကနေအလုပ်ဆင်းတာကွ၊ ခြံထဲမှာမနေဘူး''

''ဟုတ်ကဲ့၊ ကျွန်တော် အကြိုအပို့လုပ်ပေးရမယ့် မမပြည့်တို့ သားကရော၊ ဘယ်အရွယ်လဲ၊ ဘယ်နှတန်းရောက်ပြီလဲဦးလေး''

''နေမင်းရာဇာက ကိုးတန်းကွ''

''ဩော်... နာမည်က နေမင်းရာဇာ''

''သူ့မလည်း တက်ရတဲ့ကျူရှင်ကကို မနည်းဘူးဟေ့၊ ကျောင်းဆင်းတာနဲ့ ကျူရှင်သုံးခုကို အလှည့်ကျလိုက်ပို့လိုက်ကြိုရတာပဲကွ၊ ကျူရှင်ချိန်တွေကလည်း တစ်နေ့နဲ့တစ်နေ့မတူဘူး၊ ဒါတွေ မင်းကို ဦးလေး အကုန်လိုက်ပြထားပါမယ်လေ၊ နေမင်းရာဇာကတော့ လူပျော်လေးတစ်ယောက်ပါ၊ သဘောကောင်းတယ်၊ ပျော်ပျော်နေတတ်တယ်၊ အပေါင်းအသင်းတော့ တော်တော်ခင်တဲ့ကလေးကွ၊ တစ်ဦးတည်းသောသားဆို တော့ တစ်ချက်တစ်ချက်တော့လည်း ဆိုးချင်တာပေါ့လေ''

မိုးမြင့်သော်တာက နေမင်းရာဇာကို မြင်ယောင်ကြည့်နေသည်။ ကိုးတန်းဆိုတော့ အသက် ၁၄–၁၅လောက်ရှိပေလိမ့်မည်။ တကယ်တော့ နေမင်းရာဇာဆိုတာ သူ့ရဲ့ အမေတူ အဖေကွဲညီလေးတစ်ယောက်ပါပဲ။ နေမင်းရာဇာရုပ်က ဘယ်သူနဲ့တူမှာပါလိမ့်။ အဖေတူလား၊ အမေတူလား။ အမေတူဆိုရင်တော့ သူနဲ့လည်း ရုပ်ချင်းဆင်ပေလိမ့်မည်။

ကားက ခြံကြီးတစ်ခြံရှေ့အရောက်တွင်ရပ်လိုက်သည်။

အဝင်ဝတံခါးပေါက်အုတ်တိုင်တွင် ''နေလရိပ်သာ''ဆိုသည့် ကြေးဝါဆိုင်းဘုတ်ကလေးကိုချိတ်ထားသည်။ ဆိုင်းဘုတ်အသေးလေးသာ ဖြစ်၍ ဘေးတွင် ဒေါင်းရုပ်၊ ယုန်ရုပ်များ မပါပါ။

ဦးဘဇံကားဟွန်းတီးလိုက်ရာ... အဘိုးကြီးတစ်ယောက်က ခြံတံခါးလာဖွင့်ပေး၏။

''အဲဒါ... မာလီနဲ့ခြံစောင့် ဦးချစ်ဆွေဆိုတာပဲ''

ဦးဘဇံကပြောရင်း ကားကို ခြံထဲမောင်းဝင်လိုက်၏။

တံခါးပြန်ပိတ်နေသောဦးချစ်ဆွေကို...

''ဦးချစ်ဆွေ၊ ဒီမှာ ရာဇာ့အတွက် ဒရိုင်ဘာအသစ်ပါလာပြီ၊ မိတ်ဆက်ပေးမယ်၊ နောက်ဖေးဖက်လျှောက်ခဲ့ပါဦး''

...ဟု အော်ပြောလိုက်သည်။

ကားကိုဂိုဒေါင်ဘေးတွင်ထားခဲ့ပြီး ဦးဘဇံက သူ့ကို နောက်ဖေးတန်းလျားဆီခေါ်သွား၏။

အိမ်နောက်ဖက် မလှမ်းမကမ်းတွင် သုံးခန်းတွဲတန်းလျားလေးတစ်ခုကို လှမ်းမြင်နေရသည်။ အစေခံတန်းလျားပဲဖြစ်ပါသည်။

မိုးမြင့်သော်တာက အဝတ်အိတ်ကို စလွယ်သိုင်း၍ အိပ်ရာလိပ်ကလေးကို ပခုံးပေါ်ထမ်းကာ ဦးဘဇံနောက်ကလိုက်လာခဲ့သည်။

''ရွှေမြင့်ရေ... ထွက်ခဲ့ဦးဟေ့၊ ဟောဒီမှာ... ဒရိုင်ဘာအသစ်ပါလာတယ်''

ဦးဘဇံက အိမ်ထဲသို့လှမ်းအော်ခေါ်လိုက်သည်။

သနပ်ခါးထူထူလိမ်းထားသည့် အသက်ငါးဆယ်ကျော်မိန်းမကြီးတစ်ယောက် အိမ်ထဲကထွက်လာသည်။

''အို... ဒရိုင်ဘာက ခပ်ငယ်ငယ်ပဲ၊ သူက ဒီမှာနေမှာလား ကိုဘဇံ''

''အေးလေ၊ လွတ်နေတဲ့အစွန်ခန်းမှာနေဖို့ မပြည့်က မှာလိုက်တယ်''

''ဟင်...''

ဒေါ်ရွှေမြင့်မျက်နှာပျက်သွားတာကို မိုးမြင့်သော်တာ သတိထားမိလိုက်သည်။

''ဟေ့– သူငယ်၊ မင်း အဲဒီအခန်းမှာနေရင် သတိတော့ထားနော်၊ သရဲခြောက်တယ်ကွဲ့''

''အို... ရွှေမြင့်၊ ဘာတွေလျှောက်ပြောနေတာလဲ၊ နင်ဟာလေ''

''ကိစ္စမရှိပါဘူးအဒေါ်ရာ၊ ကျွန်တော် သရဲမကြောက်တတ်ပါ ဘူး''

မိုးမြင့်သော်တာက အိပ်ရာလိပ်နှင့်အဝတ်အိတ်ကို ဘေးမှ ကွပ်ပြစ်ကလေးပေါ်ချထားရင်းပြောလိုက်သည်။ သုံးခန်းတွဲတန်းလျားရှေ့ တွင် ထနောင်းပင်ကြီးတစ်ပင်ရှိနေပြီး ထနောင်းပင်အောက်၌ သစ်သား ကွပ်ပြစ်ကလေးရိုက်ထားခြင်းဖြစ်သည်။

ထိုစဉ်... ဦးချစ်ဆွေရောက်လာသည်။

''မရွှေမြင့်တော့ ပေါက်ကရတွေ လျှောက်ပြောနေပြန်ပြီထင် တယ်၊ နောက်မှရောက်လာတဲ့လူကို''

''အို... ကျွန်မက သရဲခြောက်လို့ခြောက်တဲ့အကြောင်း သတိပေးတာပါ၊ ဦးချစ်ရွှေကလည်း''

''ဒါ... ဟိုတုန်းကပါမရွှေမြင့်ရယ်၊ ကြာပြီပဲ၊ မလေးနွယ်လည်း ကျွတ်သွားလောက်ပါပြီ''

ဦးချစ်ဆွေက ပြောရင်း ကွပ်ပြစ်ပေါ်တက်ထိုင်လိုက်သည်။

''ထိုင်ဟေ့မောင်ရင်၊ မင်းက ဘယ်နယ်ကလဲ''

''ကျောက်ကြီးကပါအဘ''

''တောင်ငူကျောက်ကြီးလား''

''ဟုတ်ကဲ့အဘ''

ဦးချစ်ဆွေမှာ အသက်၆၀ကျော်အရွယ်မို့ မိုးမြင့်သော်တာက အဘလို့ပဲ ခေါ်လိုက်ပါသည်။

''အေးပေါ့ဟယ်... ဒီရောက်လာမှတော့ တို့နဲ့ ပျော်ပျော်နေပါလေ၊ အဒေါ်က ဘာရယ်မဟုတ်ဘူး၊ အဲဒီအခန်းမှာ အရင်သရဲခြောက်ဖူးတယ်ဆိုလို့ ပြောလိုက်မိတာပါ၊ ဒါနဲ့... မင်းနာမည်က ဘယ်သူတဲ့တုန်း''

ဒေါ်ရွှေမြင့်က ကွပ်ပြစ်ပေါ်တက်ထိုင်ရင်းမှမေးသည်။

''မိုးမြင့်သော်တာပါ အဒေါ်''

''နာမည်က လှသားဟဲ့၊ ကိုဘဇံနာမည်တော့ သိပြီးရောပေါ့၊ တို့နာမည်လည်း မှတ်ထားဦး၊ ငါက **မဆွေမြင့်**တဲ့၊ ဟိုဟာက **ဦးချစ်ရွှေ**''

''လုပ်ပြီ၊ တလွဲတချော်''

ဦးချစ်ဆွေက ဝင်ပြောလိုက်သည်။

''တကယ့်နာမည်အမှန်က သူ့နာမည် မရွှေမြင့်ကွ၊ ဆွေမြင့်မဟုတ်ဘူး၊ ငါ့နာမည်ကလည်း ချစ်ဆွေပါကွာ၊ ချစ်ရွှေမဟုတ်ပါဘူး၊ ဒီလိုပဲဟေ့–မရွှေမြင့်ပါးစပ်ကထွက်ရင် ရွှေနဲ့ဆွေကိုလွဲပြီးထွက်တာချည်းပဲ''

ပြောရင်း ဦးချစ်ဆွေက ရယ်နေသည်။ ဦးဘဇံကပါ ရယ်နေ၏။

သူ့ကိုရယ်စရာလုပ်နေသည့်အတွက် ဒေါ်ရွှေမြင့်က ဦးချစ်ဆွေကိုမျက်စောင်းထိုးလိုက်သည်။

''ဦးချစ်ရွှေကလည်းလေ ကျွန်မပြောတာ ဘာမှားလို့တုန်း၊ ရှင့်နာမည်က ဦးချစ်ရွှေလေ၊ ကျွန်မနာမည်က မဆွေမြင့်လေ၊ ကဲ–''

သည်တစ်ခါတော့ မိုးမြင့်သော်တာပါ လိုက်ရယ်မိလေသည်။

''ကဲ–ကဲ– ဒါဖြင့် ကျော်ဆွေ၊ရွှေဘဆိုတာကို ရွတ်ပြလိုက်ပါဦး မရွှေမြင့်ရယ်''

''ကျော်ရွှေ၊ ဆွေဘ...လေတော်၊ အဲဒါဘာမှားသတုံး''

ရယ်ကြရပြန်လေသည်။

''ပြောလိုက်ပါဦး၊ ဝါဝါဝင်းရွှေ၊ ဆွေဇင်ထိုက်...လို့''

''ဝါဝါဝင်းဆွေ၊ ရွှေဇင်ထိုက်လေ၊ အဲဒါဘာမှားလို့တုန်း''

ဒေါ်ရွှေမြင့်က ဆွေနှင့်ရွှေကို စကားလုံးချင်း လွဲထွက်သည်ကို သူ့ဟာသူတော့ မသိရှာပေ။

''ဒီလိုရှိတယ်မောင်ရင်ရဲ၊ မရွှေမြင့်အသံထွက်လွဲတာက အသံမထွက်တတ်လို့မဟုတ်ဘူး၊ စကားမပီလို့လည်း မဟုတ်ဘူး၊ ရွှေဆိုတဲ့စကားလုံးရော၊ ဆွေဆိုတဲ့စကားလုံးရော သူကောင်းကောင်းပီအောင် ရွတ်နိုင်တယ်လေ၊ ဖြစ်ပုံက ရွှေနဲ့ဆွေကို အမြဲနေရာလွဲပြီးပြောတတ်တာပဲ''

''အဲဒါဘာဖြစ်လို့လဲအဘ''

''အကျင့်ဖြစ်နေတာပေါ့ကွာ၊ တချို့က ဒေသလိုက်ပြီး စကားဝဲတယ်၊ ရှမ်းတွေ မြန်မာစကားပြောရင် ဝဲသလိုမျိုးပေါ့၊ တရုပ်လူမျိုးတွေကျတော့ တ–နဲ့ သ–နဲ့ ကွဲအောင်မပြောတတ်တာမျိုး ဖြစ်တတ်တယ်၊ အဲဒါမျိုးတွေက... ဒေသအလိုက်၊ လူမျိုးအလိုက် အားလုံးဖြစ်နေတာ၊ မရွှေမြင့်ဖြစ်ပုံက ရေမြေဒေသကြောင့်လည်းမဟုတ်ဘူး၊ မျိုးရိုးကြောင့် လည်းမဟုတ်ဘူး၊ တစ်ယောက်တည်းရယ် အသံထွက်လွဲနေတာမျိုး၊ မရွှေမြင့်ရေ... ဆွေဇင်ထိုက် ရွှေလက်စွပ်ဝတ်ထားတယ်ဆိုတာကို ပြောပြ လိုက်ပါဦး''

''ရွှေဇင်ထိုက် ဆွေလက်စွပ်ဝတ်ထားတယ်လေ၊ အဲဒါဘာဖြစ် တုံး၊ တော်ပြီ၊ တော်ပြီ၊ ရှင်တို့က ကျွန်မပဲ စ,နေကြတာပဲ၊ မပြောတော့ ဘူး ဦးချစ်ရွှေရေ့''

''မပြောချင်လည်း မပြောနဲ့တော့ မဆွေမြင့်ရေ''

''အမယ်... မနောက်ပါနဲ့နော်၊ လူကို''

''ဟော... တွေ့လား၊ သူ့ကိုပြန်နောက်တော့ကျ သိတယ်ကွ''

''တော်ကြပါတော့ရှင်၊ ကျွန်မက ဟောဒီ မိုးမြင့်သော်တာကို ကြည့်နေတာ၊ သူ့ရုပ်က မပြည့်နဲ့မတူဘူးလားဟင်''

''အေး– ဟုတ်တယ်၊ တူတယ်ဟေ့၊ မပြည့်နဲ့လည်း တူတယ်၊ ငါ့ဆရာကြီးဦးနေလနဲ့ ပိုတူသေး''

ဦးချစ်ဆွေက ထောက်ခံလိုက်၏။

''မပြည့်အဖေဦးနေလတော့ မမီလို့ မသိလိုက်ပါဘူး၊ ညည့်ခန်းထဲက ဓာတ်ပုံထဲမှာတော့မြင်ဖူးသား၊ ဟုတ်တယ်နော်၊ ယောကျာ်းအချင်းချင်းဆိုတော့ ဦးနေလနဲ့ပိုတူသလိုပဲ''

''ဆရာကြီးဦးနေလငယ်ငယ်က ဒီသူငယ့်ပုံစံအတိုင်းပဲဟေ့၊ ငါ က ဆရာကြီးနဲ့အတူနေခဲ့တော့ သိတာပေါ့''

မိုးမြင့်သော်တာရင်များတလှပ်လှပ်ခုန်လာသည်။ သူ့ကို နေလမိသားစုဝင်တွေနဲ့တူတယ်လို့ပြောသူတွေ ထပ်တိုးလာပြန်ပါပြီ။

''မမပြည့်ကလည်း ပြောဖူးပါတယ်ခင်ဗျာ၊ ဒါနဲ့... ကျွန်တော်နေရမယ့်အခန်းထဲကို ပစ္စည်းတွေသွားထားရင်း သန့်ရှင်းရေးလုပ်လိုက် ဦးမှပဲ''

''လုပ်မနေနဲ့ မောင်မိုးမြင့်၊ အချိန်မရဘူး၊ ခဏနေ ရာဇာ့ကို ကျူရှင်သွားကြိုရတော့မှာ''

ဦးဘဇံက တားလိုက်သည်။

''ဒီနေ့တော့ ငါ့အခန်းထဲမှာပဲ အိပ်လိုက်ပါကွာ၊ ဟိုဖက်ခန်းက လူမနေတာကြာတော့ မင်းတော်တော်ရှင်းယူရမှာ''

ဦးချစ်ဆွေက ဝင်ပြောသည်။

''ဟုတ်တယ်ဟဲ့၊ သရဲခြောက်တယ်ဆိုပြီး... အဲဒီအခန်းကို ဘယ်သူမှမဖွင့်ကြတာ ကြာပြီ''

''လာပြန်ပြီဒီသရဲ၊ ကလေးကိုကြောက်အောင်လန့်အောင် လျှောက်ပြောမနေစမ်းနဲ့ရွှေမြင့်''

ဦးဘဇံက သူ့မိန်းမဒေါ်ရွှေမြင့်ကို ငေါက်လိုက်လေသည်။

''ကျွန်တော်သရဲမကြောက်တတ်ပါဘူးဗျာ၊ သရဲရှိတယ်ဆိုတာ လည်း မယုံပါဘူးဗျာ''

မိုးမြင့်သော်တာက ပြေရာပြေကြောင်း ဝင်ပြောလိုက်၏။

ဒေါ်ရွှေမြင့်က စကားလမ်းကြောင်းပြောင်းလိုက်သည်။

''ဒါနဲ့... နင် ထမင်းစားတော့ ဘယ်လိုစားမလဲ၊ ကိုယ့်ဘာသာ ချက်စားမှာလား''

''အင်း... ကျွန်တော်''

မိုးမြင့်သော်တာတွေသွားသည်။ အစားအသောက်ကိစ္စကို သူ ကြိုတွေးမထားမိပေ။ ကိုအေးမောင်တို့အိမ်နေစဉ်ကတော့ မသိန်းကြည် က သူ့အတွက်ပါ ထမင်းဗူးထည့်ပေးလိုက်သည်။ တစ်ခါတစ်ရံလည်း ဆေးရုံနားမှာပင်ဆိုင်များရှိ၍ ထွက်ဝယ်စားလိုက်သည်။ ဒီမှာတော့ ဆိပ်ငြိမ်ရပ်ကွက်ထဲက အိမ်မို့ အနီးအနားမှာ စျေးဆိုင်မရှိပေ။

''လူပျိုတစ်ယောက်တည်း ဘာလို့ချက်စားနေမလဲ၊ ကရိကထ များပါတယ်၊ ငါတောင် နင့်ဆီမှာ လခပေးစားနေတာ၊ မောင်မိုးမြင့်... မင်းလည်း အဲဒီလို မရွှေမြင့်ဆီမှာပဲ လခပေးစားလိုက်ပေါ့''

''ဟုတ်ကဲ့အဘ၊ အဲဒါကောင်းပါတယ်''

''မရွှေမြင့်က ဟင်းချက်ကောင်းကွ''

''အေးပေါ့– ဒါဖြင့် ဒီညစာက စပြီးစားပေတော့၊ ရာဇာလေး ကိုကြိုပြီးပြန်လာရင် ဦးချစ်ရွှေရယ်၊ ကိုဘဇံရယ်၊ မင်းရယ် သုံးယောက် ဆုံစားကြပေတော့၊ ဒီနေ့... ငါချက်ထားတဲ့ **ဆွေ**ဖရုံသီးဟင်းလေး စားလိုက်ရင် မင်း... **ရွှေ**မျိုးမေ့သွားမယ်''

ဒေါ်ရွှေမြင့်စကားကြောင့် ရယ်လိုက်ကြရပြန်သည်။

သူ့အပေါ်မှာ ရင်းရင်းနှီးနှီးရှိကြသောလူကြီးသုံးယောက်ကိုလည်း ခင်မင်သွားမိသည်။ ဒီအသိုင်းအဝိုင်းနဲ့နေရင်တော့ ပျင်းစရာကောင်းမည် မဟုတ်ပါ။

''ကဲ– မောင်မိုးမြင့်ရေ၊ ကျူရှင်ဆင်းချိန်နီးပြီ၊ ငါတို့ သွားကြ စို့''

''ဟုတ်ကဲ့ဦးလေး''

♛♛♛♛♛

## ( ၁၀ )

နေမင်းရာဇာ...–တဲ့။

ကျူရှင်လွှတ်လိုက်သည်နှင့် ဖောင်းထဲမှမြင်းများလွှတ်လိုက်သလို ကျောင်းသားကျောင်းသူများပြုဆင်းလာသည်။ ဆယ်ကျော်သက်အရွယ် များမို့ ကြွက်ကြွက်ဆူအောင် စကားတွေပြောလာကြသည်။ တစ်ယောက် နှင့်တစ်ယောက်စ,နောက်လာကြသည်။

လူငယ်လေးတစ်ယောက်သည် မိုးမြင့်သော်တာတို့ကားရပ်ထား ရာနေရာသို့ ပြေးလာနေသည်။

''ဟောဟိုကလာနေတာ နေမင်းရာဇာမဟုတ်လားဦးလေး''

''အေး– ဟုတ်တယ်ကွ''

နေမင်းရာဇာသည် ဒေါက်တာခင်လပြည့်ဝန်းနှင့်မတူပါ။ ထို့ ကြောင့်... သူနှင့်လည်း မတူပါ။

သို့သော်... နေမင်းရာဇာကိုမြင်မြင်ချင်း သူသိလိုက်သည်။ နေမင်းရာဇာက ဖခင်ဖြစ်သူ ဒေါက်တာကျော်လင်းထွန်းနှင့်လည်း မတူ လှပါ။ မိုးမြင့်သော်တာအနေဖြင့် သွေးကစကားပြောသောကြောင့်သာ အလိုလို သိလိုက်ခြင်းဖြစ်ပါသည်။

နေမင်းရာဇာ။ ကားရှိရာကိုပြေးလာနေသည်။

ငါ့ရဲ့ညီလေးဆိုတဲ့အသိဖြင့် မိုးမြင့်သော်တာရင်ထဲမှာ နွေးသွားလေသည်။

နောက်မှ သူငယ်ချင်းတစ်ယောက်လှမ်းခေါ်လိုက်သောကြောင့် နေမင်းရာဇာက ရပ်ပြီး စကားပြောနေသည်။

မိုးမြင့်သော်တာက နေမင်းရာဇာကိုကြည့်၍ အကဲခတ်နေမိ၏။

နေမင်းရာဇာပုံက ခေတ်ရှေ့ပြေးနေပေသည်။ ဆံပင်ကိုကော်ဖြင့် အပေါ်ကိုမတ်နေအောင်ထောင်ထားသည်။ နားမှာ ရွှေနားကွင်းနှင့်။ လက်မှာလည်း ပြောင်ပြောင်လက်လက်ကွင်းများပြည့်နေသည်။ သရီးကွာတားခေါ် ဒူးဆစ်အထိသာဖုံးသည့်ဘောင်းဘီလေးကိုဝတ်ထား၏။ တီရှပ်ပေါ်က အရုပ်ကတော့ သွားဖြဲပြနေသော အရိုးခေါင်းကြီးဖြစ်ပါသည်။

"ကျောင်းမှာနေမင်းရာဇာဝတ်သလို ဝတ်လို့ရသလားဦးလေး"

"ဒါကကျူရှင်မို့လို့ပါမောင်မိုးမြင့်ရယ်၊ ကျောင်းကြီးမှာ ဘယ်ရ မလဲ၊ ကျောင်းကဆင်းပြီး ကျူရှင်တစ်ခုဝင်၊ ပြီးတော့... အိမ်ပြန်ရေမိုးချိုး ပြီးမှ အဝတ်အစားလဲထားတာလေ"

"သြော်..."

နေမင်းရာဇာက သူငယ်ချင်းနှင့်စကားပြောပြီး ကားဆီလျှောက်လာသည်။

ကားဘေးတွင်ရပ်နေသောမိုးမြင့်သော်တာကို အမြင်တွင် တုံ့သွား၏။

ဦးဘဇံက ကားပေါ်မှဆင်းလာကာ မိတ်ဆက်ပေးလိုက်သည်။

"ရာဇာ... သူက မင်းအတွက် ဒရိုင်ဘာအသစ်ပဲ၊ နာမည်က မိုးမြင့်သော်တာ"

"ဟိုင်း..."

နေမင်းရာဇာက ညာဖက်လက်ကို ကမ်းပေးလိုက်သည်။

မိုးမြင့်သော်တာ လက်ချင်းဆွဲ၍နှုတ်ဆက်လိုက်ရ၏။

"မိုးမြင့်သော်တာ... ဟုတ်လား၊ The moon in the sky...ပေါ့၊ နာမည်ကအမိုက်စားပဲ၊ ကျွန်တော်က နေ၊ ခင်ဗျားက လ... ဟား... ဟား... ဟား..."

နေမင်းရာဇာက သူ့ဟာသူပြောပြီး သူ့ဟာသူ သဘောတွေကျနေသည်။

"ဒါပဲနော်... ခင်ဗျား ကျွန်တော့်ကို အလိုလိုက်ရမယ်"

"ဟင်..."

"ကျွန်တော် ဘာလုပ်လုပ်၊ ဒက်ဒီနဲ့မာမီ့ကိုပြန်မတိုင်ရင် ခင်ဗျားနဲ့ကျွန်တော် တည့်မယ်၊ ဒါပဲ"

နေမင်းရာဇာက စကားဆုံးသည်နှင့် ကားနောက်ခန်းတံခါးကို ဖွင့်ကာ စွေ့ကနဲဝင်ထိုင်လိုက်သည်။

"ကဲ– တက်၊ မောင်မိုးမြင့်ရေ... ပြန်ကြစို့"

အိမ်ပြန်လာကြသည်။

နေမင်းရာဇာက ကားနောက်ခန်းထဲတွင် တစ်ယောက်တည်းထိုင်လိုက်လာကာ မှိန်းလျှက်ပါလာသည်။ ဘာစကားမျှမပြောတော့။

မျက်တောင်များမေးစင်းကာ နှုတ်ခမ်းက တရွရွလှုပ်နေ၏။ သီချင်းငြီးနေသလားမသိ။

မိုးမြင့်သော်တာက နောက်ကြည့်မှန်မှတစ်ဆင့် နေမင်းရာဇာကို သတိထားပြီးကြည့်လာခဲ့သည်။ နေမင်းရာဇာမှာ ရုပ်ရည်ချောမောသော လူငယ်လေးတစ်ယောက်ပင်။

လမ်းတစ်ဝက်လောက်အရောက်တွင်... နေမင်းရာဇာက လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကိုနှိုက်ထုတ်လိုက်သည်။ ပလတ်စတစ်အိတ်ကလေးနှင့်ထည့်ထားသော ဆေးပြားလေးသုံးလေးပြားကိုမြင်လိုက်ရ၏။

နေမင်းရာဇာက ဆေးပြားတစ်ပြားကို ပါးစပ်ထဲပစ်သွင်းလိုက်သည်။ ပြီး... ထိုင်ခုံနောက်မှီကို မှီထိုင်ကာ ပြန်မှိန်းသွားလေသည်။

မိုးမြင့်သော်တာက ဒက်ရှ်ဘုတ်ထဲမှ ရေသန့်ဗူးကိုထုတ်ကာ နောက်သို့ကမ်းပေးလိုက်သည်။ မှိန်းနေသောနေမင်းရာဇာက မသိ။

"ရာဇာ... ရေသောက်လိုက်ဦးလေ"

မိုးမြင့်သော်တာက ပြောလိုက်သည်။

ရာဇာက မျက်လုံးကို မှေးစင်းကာ ဖွင့်ကြည့်ရင်း...

"ဟင်... ဘာလဲ"

"ရေလေ... ရာဇာ ခုနက ဆေးသောက်တာမဟုတ်လား၊ ရေနဲ့မျှောချလေ"

"ကျွတ်–"

နေမင်းရာဇာက စိတ်ပျက်သလို စုတ်သပ်လိုက်သည်။

''မလိုဘူးဗျာ၊ ထားစမ်းပါ''

လက်ကာပြပြီး ပြန်မှိန်းသွားလေသည်။

ကျူရှင်တွေတက်ရပြီး စာတွေလိုက်ရလွန်းလို့ ပင်ပန်းတယ် ထင်ပါရဲ့။ မိုးမြင့်သော်တာက ရေသန့်ဗူးကို နေရာတကျပြန်ထားလိုက် လေသည်။

''အဟင်း... ဟင်း...''

ဦးဘဇံဆီက ခပ်တိုးတိုး ရယ်သံထွက်လာသည်။

မိုးမြင့်သော်တာကြည့်လိုက်တော့ ပြုံးနေသောဦးဘဇံကိုတွေ့ရ လေသည်။

ဦးဘဇံသာပြုံးပါလိမ့်။

ထိုစဉ်တုန်းက မိုးမြင့်သော်တာ နားမလည်ခဲ့ပါချေ။

\+ + + + +

အိမ်ပြန်ရောက်ပြီ။

ဦးဘဇံက ကားကို အိမ်ရှေ့ပေါ်တီကိုအောက်အထိ မောင်းဝင် ကာ ရပ်လိုက်၏။

နောက်ခန်းကိုလှည့်ကြည့်လိုက်တော့ နေမင်းရာဇာက အိပ်ပျော် နေသည်။

''ရာဇာ... အိမ်ရောက်ပြီလေ၊ ထ– ထ–''

ဦးဘဇံက နောက်ပြန်လှည့်ကာ နေမင်းရာဇာပခုံးကိုပုတ်၍ပြော လိုက်၏။

မိုးမြင့်သော်တာအကြည့်က... ကားနှင့်တည့်တည့် အိမ်အတွင်း ဧည့်ခန်းထဲသို့ရောက်သွားသည်။ ဧည့်ခန်းထိပ်တွင် ပန်းချီကားကြီးတစ် ချပ်ချိတ်ဆွဲထားသည်ကိုမြင်ရ၏။ လူပုံပန်းချီကားဖြစ်ပါသည်။ ပန်းချီကား ကိုမြင်ရုံဖြင့် ဦးနေလပုံဆိုတာ မိုးမြင့်သော်တာသိလိုက်သည်။ သူနှင့် ရုပ်ချင်းဆင်သောဦးနေလ။ ဒေါက်တာခင်လပြည့်ဝန်း၏ဖခင် ဦးနေလ ၏ပုံ။ တကယ်တော့... ဦးနေလသည် သူ့အဘိုးပင်မဟုတ်ပါလား။

မိုးမြင့်သော်တာ ပန်းချီကားကိုလှမ်းကြည့်နေစဉ်မှာ အိမ်ထဲ က အဘွားကြီးတစ်ယောက်ထွက်လာသည်။

''သာလေးရာဇာ ပြန်လာပြီလား''

အဘွားကြီးကနှုတ်ဆက်လိုက်သည်။ ကားနားလျှောက်လာ သည်။

''ရာဇာ ကြီးကြီးမေလာနေပြီ၊ အိမ်ရောက်ပြီ၊ ထ,တော့လေ''

ဦးဘဇံက နောက်ခန်းတံခါးကိုဖွင့်ပြီး ရာဇာ့ပခုံးကိုပုတ်ကာ နောက်တစ်ကြိမ်ထပ်ပြောလိုက်သည်။

နေမင်းရာဇာ ''အင်...အယ်...''နှင့်ငြီးရင်း အိပ်နေရာမှနိုး လာကာ ကားအောက်သို့ဆင်းလိုက်သည်။

''လာ– သား''

ကြီးကြီးမေဆိုသော အဘွားကြီးက နေမင်းရာဇာကို လက်ဆွဲ ခေါ်သွားလေသည်။

ဦးဘဇံက ကားကို ဂိုဒေါင်ထဲသွင်းရန် နောက်ဆုတ်လိုက်၏။ မိုးမြင့်သော်တာလည်း ကားပေါ်တက်ထိုင်လိုက်သည်။

''နေဦး– နေဦး–''

နေမင်းရာဇာက နောက်ကိုပြန်လှည့်ကာ အော်လိုက်သည်။

ဦးဘဇံက ကားကိုမောင်းမထွက်သေးပဲ နေမင်းရာဇာကိုကြည့် လိုက်၏။

''ဘာကျန်ခဲ့လို့လဲရာဇာ''

''မဟုတ်ဘူး၊ ကိုမိုးမြင့်သော်တာ ဟိုမှာကြည့်စမ်း''

နေမင်းရာဇာက ဧည့်ခန်းနံရံမှ ဦးနေလပန်းချီကားကြီးကို လက် ညှိုးထိုးပြရင်း မိုးမြင့်သော်တာကိုပြောလိုက်သည်။

ပြီးတော့... ပန်းချီကားကိုတစ်လှည့်၊ မိုးမြင့်သော်တာကို တစ်လှည့် လက်ညှိုးဖြင့်ညွှန်ပြနေ၏။

''နားလည်လား၊ Do you understand? ကျွန်တော်ပြောတာ နားလည်လား''

''ဘာလဲရာဇာ''

''That is a paint of my grandfather. You are very look like my grandpa. ကျွန်တော်ပြောတာ နားလည်လားကိုမိုးမြင့်သော်တာ''

''နားလည်ပါတယ်ရာဇာ''

ပန်းချီကားထဲမှဦးနေလနှင့် မိုးမြင့်သော်တာ ရုပ်ချင်းတူကြောင်း ကို ပြောနေခြင်းဖြစ်သည်။

“နားလည်ရင်ပြီးရော၊ သွားတော့”

နေမင်းရာဇာက အိမ်ထဲလှည့်ဝင်သွားတော့သည်။

နေမင်းရာဇာအမူအရာများက တစ်ခုခုထူးခြားမှုရှိနေတယ်လို့ မိုးမြင့်သော်တာထင်သည်။ ဘာလဲတော့မသိ။

“ရာဇာက မင်းကိုဘာတွေပြောနေတာလဲမောင်မိုးမြင့်၊ အင်္ဂလိပ်လိုပြောလိုက်တာလား။ ဦးလေး မသိလို့”

“သူ့အဘိုးဦးနေလနဲ့ကျွန်တော်နဲ့တူတယ်ဆိုတာကို အင်္ဂလိပ်လိုပြောနေတာပါဦးလေး”

“ဩော်... ဩော်...”

“အိမ်ထဲကထွက်ကြိုတဲ့အဘွားကြီးက ဘယ်သူလဲဦးလေး”

“အဲဒါ... ဆရာကြီးဒေါက်တာကျော်လင်းထွန်းရဲ့အစ်မအကြီးဆုံးလေ၊ ဒီအိမ်မှာလာနေတာ၊ ဦးနေလဆုံးပြီးကတည်းက လာနေပေးတာပေါ့၊ သူက အပျိုကြီး၊ ဒေါ်တင်တင်ထွန်းတဲ့၊ သူလာနေပေးလို့ပဲလေ၊ ဆရာကြီးရော မပြည့်ရော အလုပ်တွေမှမအားကြတာ၊ အိမ်မှုကိစ္စပြန်မကြည့်နိုင်ကြဘူးကိုး၊ မပြည့်တို့က ဆွေမျိုးသားချင်းနည်းရှာတယ်ကွဲ့”

ကားကိုဂိုဒေါင်ထဲသွင်းရင်းမှ ဦးဘဇံက ရှင်းပြနေသည်။

မပြည့်မှာ ဆွေမျိုးနည်းပေမယ့် လူမသိတဲ့သားတစ်ယောက်ရှိပါသေးတယ်ဦးလေးရယ်။ မိုးမြင့်သော်တာက စိတ်ထဲမှပြောလိုက်လေ သည်။

♛♛♛♛♛



( ၁၁ )

ထိုညက မိုးမြင့်သော်တာ ဦးချစ်ဆွေအခန်းထဲမှာ အိပ်လိုက် သည်။ တန်းလျားအိမ်ခန်းလေးမှာ အကန့်သုံးကန့်ကန့်ပေးထားသော အရှည်လိုက်အခန်းလေးဖြစ်ပါသည်။ ရှေ့နှစ်ခန်း၏အကျယ်တစ်ဝက်ကို ပေါင်လည်လောက်မြင့်သည့် သစ်သားကြမ်းပြင်ခင်းပေးထားသည်။

ရှေ့ဆုံးအကန့်ကို ဘုရားခန်းအဖြစ် အသုံးပြုကြ၏။ အလည်အကန့်က အိပ်ခန်း။ နောက်ဖက်အကျဆုံးအခန်းမှာ မီးဖိုးခန်းဖြစ်သည်။

ဦးချစ်ဆွေက ချက်ပြုတ်မစားသည်မို့ မီးဖိုးခန်းက လွတ်နေ သည်။ ဘုရားခန်းလုပ်ထားသည့်ရှေ့ဆုံးအကန့်တွင် မိုးမြင့်သော်တာ အိပ်ရခြင်းဖြစ်သည်။

ညကလည်း ထမင်းကို ထနောင်းပင်ကြီးအောက်ကကွပ်ပြစ်ကလေးပေါ်တွင် ဦးဘဇံ၊ ဦးချစ်ဆွေတို့နှင့်အတူတူစားခဲ့ရသည်။ လူကြီးတွေက ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းရှိကြသည်မို့ မိုးမြင့်သော်တာ ဒီမှာနေရတာပျော်ပါသည်။

မနက်ရောက်တော့ ဒေါ်ရွှေမြင့်တံပျက်စည်းလှည်းသံတရှဲရှဲကြားရသည့်အတွက် မိုးမြင့်သော်တာ အစောကြီးနိုးလာသည်။ ဒေါ်ရွှေ မြင့်က ခြံထဲမှသစ်ရွက်ခြောက်များကို လှဲကျင်းနေခြင်းဖြစ်သည်။

နိုးသည်နှင့် မိုးမြင့်သော်တာသည် သူ့အတွက်ပေးထားသော အခန်းလေး၏တံခါးကို ဖွင့်ဝင်လိုက်သည်။

အခန်းတံခါးကိုသော့ခတ် မထားပါ။ တံခါးပတ္တာကို တုတ်တစ်ချောင်းဖြင့် ထိုးပိတ်ထားခြင်းသာဖြစ်၏။

တံခါးဖွင့်လိုက်သည်နှင့် အောက်သိုးသိုးအနံ့ကြီးက ထောင်းကနဲနှာခေါင်းဝကို လာရိုက်သည်။ အခန်းထဲမှာလည်း မှောင်းမည်းနေ၏။

မိုးမြင့်သော်တာက ကြမ်းခင်းလေးပေါ်တက်ကာ ခေါင်းရင်းဖက်မှ တံခါးကိုဖွင့်လိုက်သည်။ တံခါးတွင်တွယ်နေသောပင်ကူအိမ်များပြတ်ပါသွားကာ ပင့်ကူအိမ်ပေါ်မှဖုံများက ဖွားကနဲ လွင့်ကျသွားလေသည်။ မိုးမြင့်သော်တာနင်းတက်လိုက်သောကြမ်းပြင်တွင်လည်း ဖုံထုထဲ၌ မိုးမြင့်သော်တာ၏ခြေရာကွက်ကြီးထင်နေသည်။

မိုးမြင့်သော်တာက အကန့်သုံးကန့်လုံးရှိ ပြတင်းပေါက်များကို ဖွင့်ပစ်လိုက်သည်။ ဘေးအစွန်အခန်းဖြစ်၍သာ ပြတင်းပေါက်ရှိခြင်းဖြစ် သည်။ ပြတင်းပေါက်တွေဖွင့်လိုက်တော့ အလင်းရောင်ဝင်လာသည်။

အခန်းသုံးခန်းလုံးတွင် ဘာပစ္စည်းမှရှိမနေပါ။ ဗလာဟင်းလင်းဖြစ်နေသည်။ အလင်းရောင်အောက်တွင် ထုတက်နေသောဖုံများ၊ ပင့်ကူမျှင်များကိုသာတွေ့ရသည်။ တံခါးဖွင့်လိုက်၍ အနေပျက်သွားသောပိုးဟပ်တချို့က ကြမ်းပြင်ပေါ်တွင် ပြေးလွှားနေကြသည်။

ဖျာတစ်ချပ်နှင့်သောက်ရေအိုး၊ရေခွက်များတော့ ဝယ်ရဦးမည်။

မိုးမြင့်သော်တာက ဒေါ်ရွှေမြင့်တံမျက်စည်းလှည်းအပြီးကို စောင့်ကာ အုန်းတံမျက်စည်းကြမ်းကြီးကို ငှားလိုက်၏။

တံမျက်စည်းဖြင့် ကြမ်းပြင်ပေါ်မှ ဖုံမှုန့်များကို ဦးစွာလှည်းချလိုက်သည်။

ဒေါ်ရွှေမြင့်က ပြတင်းပေါက်မှကဲ၍ သူလုပ်နေပုံကိုလာကြည့်၏။

‘‘ဖုံတွေလှည်းချပြီး ရေနဲ့လောင်းချမှရမယ် မောင်မိုးမြင့်ရေ’’

‘‘ဟုတ်ကဲ့ဒေါ်လေး’’

‘‘အမလေး... မျက်နှာကျက်မှာလည်း ပင့်ကူအိမ်တွေချည်း ရှုပ်ယှက်ခတ်လို့ပါလား၊ ငါ နင့်ကိုကူညီချင်ပါတယ်ဟယ်၊ အဲဒီအခန်း ထဲ ဝင်ရမှာကြောက်လို့ပါ’’

‘‘ဟား... ဟား... လုပ်ပြန်ပြီ ဒေါ်လေးကတော့၊ သရဲဆိုတာ တကယ်မရှိပါဘူးဗျာ’’

‘‘အေးလေ... မတွေ့သေးခင်တော့ပြောပေါ့၊ နင်တို့ခေတ်လူ တွေက ခက်တယ်၊ ပြောရင် မယုံချင်ဘူး၊ ငါ့မျက်စိနဲ့တပ်အပ်တွေ့တာ သုံးလေးခါရှိပြီဟဲ့’’

‘‘ဘယ်လိုတွေ့တာလဲဒေါ်လေး’’

‘‘ငါ ည အပေါ့ထသွားတော့ ဒီအခန်းထဲမှာရပ်နေတာ၊ ဆံပင်ဖားလျားချလို့’’

‘‘ဩော်... သရဲက မိန်းမပေါ့၊ ဒီအခန်းထဲမှာရပ်နေတာ ဟုတ်လား၊ ဒီအခန်းကပိတ်ထားတာမဟုတ်ဘူးလားဒေါ်လေးရဲ့’’

‘‘ပိတ်ထားတာမှန်တယ်၊ ငါမြင်တဲ့အချိန်မှာဘယ်လိုလုပ်တံခါးပွင့်နေတယ်မသိဘူး၊ ပြတင်းပေါက်မှာ ငုတ်တုတ်ကြီးရပ်နေတာမြင်ရတာပဲ၊ ဆံပင်ဖားလျားချလို့၊ အမလေး– ပြောရင်းတောင် ကြက်သီးထတယ်’’

‘‘အဲဒါ သူခိုးဖြစ်မှာပေါ့ဗျ’’

‘‘သူခိုးက ဒီလိုရပ်နေမလားဟဲ့၊ ပြီးတော့... မိန်းမ၊ ငါမြင်တာလည်း တစ်ခါတည်းမဟုတ်ဘူး၊ လေးငါးခါရှိပြီ၊ မယုံချင်လည်း နေဟော့၊ သရဲနဲ့ပက်ပင်းတွေ့မှ ငါ့စကားဟုတ်ပါပြီမလုပ်နဲ့၊ တကတည်း...’’

ဒေါ်ရွှေမြင့်က တတွတ်တွတ်ပြောရင်း ထွက်သွားတော့သည်။

ခဏနေတော့ ဦးဘဇံရောက်လာသည်။

‘‘မောင်မိုးမြင့်၊ မင်းအလုပ်က တော်တော်နဲ့ပြီးမယ့်အလုပ်မဟုတ်ဘူး၊ ရပ်ထားလိုက်ဦး၊ ရေချိုးတော့၊ ခဏနေရင် ရာဇာ့ကို ကျောင်းပို့ရတော့မယ်’’

‘‘ဟုတ်လားဦးလေး၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့’’

\+ + + + +

ရာဇာ့ကို မနက်ပိုင်း အဦးဆုံးပို့ပေးရသည့်ကျောင်းမှာ အတန်းကျောင်းဖြစ်သည်။ အတန်းကျောင်းက မနက်ရနာရီတက်ရသည်မို့ အိမ်မှရနာရီ၁၅မိနစ်ခန့်ကတည်းက ထွက်ရပါသည်။

မနက်ပိုင်းမှာတော့ နေမင်းရာဇာသည် အဖြူအစိမ်းကျောင်းဝတ်စုံလေးဖြင့် သားနားသပ်ရပ်လျှက်ရှိလေသည်။ နားကွင်းလည်း မတွေ့ရ။ လက်ကောက်များလည်း မတွေ့ရတော့ပေ။ တကယ့် ကျောင်းသားလူလိမ္မာလေးပုံစံပေါက်နေပေ၏။

ဦးဘဇံက သူ့ကို ကျောင်းသွားသည့်လမ်းကို မှတ်ခိုင်းသည်။ ကျောင်းကြိုရမည့်အချိန်ကိုပြောပြသည်။

‘‘မနက်ပိုင်း တို့တာဝန်က ကျောင်းကြီးကိုပို့ရုံပဲ၊ ၁၂နာရီ ထမင်းစားကျောင်းဆင်းအမီ ထမင်းပူးတစ်ခေါက်ပို့ပေးရမယ်၊ ကျောင်းကြီးဆင်းချိန်က သုံးနာရီခွဲ၊ သုံးနာရီခွဲနောက်ပိုင်းတော့ ကျူရှင်သုံးခုကို တစ်လှည့်စီ မမောတမ်းပို့ပေတော့၊ ညကိုးနာရီမှ အနားရတော့မယ် ကိုယ့်လူ’’

‘‘ဟုတ်ကဲ့ဦးလေး’’

‘‘ကျောင်းအဆင်းမှာ ကျူရှင်တစ်ခုကို တန်းပို့၊ အဲဒီကျူရှင်ပြီးအောင်စောင့်ခေါ်ပြီး... အိမ်ပြန်၊ ရာဇာလည်း အဲဒီကျမှ ရေမိုးချိုး

စားသောက်ရရှာတာ၊ ပြီးတာနဲ့... နောက်ထပ်ကျူရှင်နှစ်ခုကို ထပ်ပို့ပေးရတာ''

''ဩော်...''

''တစ်ရက်နဲ့တစ်ရက် သွားရတဲ့ကျူရှင်ချင်းက မတူဘူးကွ၊ ကျူရှင်တစ်ခုတည်းပေမယ့် တက်ရတဲ့အချိန်ချင်း မတူပြန်ဘူး၊ မင်းကို အချိန်ဇယား ပေးထားပါမယ်''

ဦးဘဖဲက မိုးမြင့်သော်တာလုပ်ရမည့်တာဝန်များကို တစ်လမ်းလုံးရှင်းပြလာခဲ့သည်။

\+ \+ \+ \+ \+

အိမ်ပြန်အရောက်တွင် ရှင်းလက်စအခန်းကို ဆက်ရှင်းရပြန်၏။

မိုးမြင့်သော်တာက ကြမ်းပြင်များပေါ်ရေလောင်းထားလိုက်ပြီး မျက်နှာကြက်တလျှောက်မှ ပင့်ကူအိမ်များကို ဝါးလုံးတစ်ချောင်းဖြင့် အရင်လိုက်ရှင်းလိုက်သည်။ အပေါ်မှကျလာသောအမှိုက်များဖုန်များ ကုန်သွားမှ ရေတစ်ထပ်ပြန်လောင်းပြီး တံမျက်စည်းကြမ်းဖြင့်လှည်းလိုက်သည်။

မိုးမြင့်သော်တာက ရှင်းစရာကျန်မကျန် အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်ရာ ခေါင်းရင်းဖက်တွင် ကပ်ရိုက်ထားသော သစ်သားစင်ကလေးတစ်ခုကို တွေ့လိုက်ရသည်။ ယခင်က... ဘုရားစင်အဖြစ် အသုံးပြုခဲ့ဟန်တူပါသည်။ စင်ပေါ်တွင် ပန်းအိုးလေးတစ်လုံးသာ တင်လျှက်တွေ့ရသည်။ စင်နောက်နံရံတွင် ကပ်ထားသောဘုရားပုံပြက္ခဒိန်က ပိုးများစားပြီး ပေါက်ပြဲနေပြီ။

မိုးမြင့်သော်တာက ဘုရားပုံကားချပ်ကို ဆွဲခွာပြီးဖြုတ်ပစ်လိုက်၏။ နောက်မှ... ဘုရားပုံပိုစတာဖြစ်စေ၊ ဆင်းတုခပ်သေးသေးဖြစ်စေ တင်ပြီးပူဇော်ထားဖို့ စိတ်ကူးသည်။

စင်ပေါ်မှပန်းအိုးအဟောင်းကိုလည်း လွှင့်ပစ်ရန် မ,ယူလိုက် ၏။

ပန်းအိုးအောက်တွင်ဖိထားဟန်တူသော ပစ္စည်းတစ်ခုကိုတွေ့လိုက်ရသည်။

မိုးမြင့်သော်တာက ယူကြည့်လိုက်သည်။

ပလတ်စတစ်အိတ်အကြည်ဖြင့်ထုတ်ထားသော အမွေးကလေးများဖြစ်နေသည်။ အမွေးနုနုကလေးများဖြစ်သည်။ တိရစ္ဆာန်အမွေးတွေများလား၊ ဘုရားစင်ပေါ်ဘာလို့တင်ထားပါလိမ့်၊ အဆောင်တစ်ခုခုများ လား။

မိုးမြင့်သော်တာက လွှင့်ပစ်ရန်ကြံပြီးမှ တခြားသူတစ်ယောက် ယောက် ဘုရားစင်ပေါ်တယုတယတင်ထားသည့်ပစ္စည်းကို လွှင့်မပစ် တော့ပဲ အင်္ကျီအိတ်ထဲထည့်ထားလိုက်သည်။

ပြီးတော့... ပလတ်စတစ်အိတ်ထဲက နီညိုညိုအမွေးနုနုကလေးတွေဟာ ဘာတွေလဲလို့ သူစိတ်ဝင်စားနေမိသည်။

မိုးမြင့်သော်တာက သန့်ရှင်းရေးကိစ္စအားလုံးအပြီးတွင် ရေချိုးသည်။ သူရေချိုးအပြီးတွင် နေ့လည်စာထမင်းစားရန် ဒေါ်ရွှေမြင့်က ပြင်ဆင်ပြီးပေပြီ။ နေမင်းရာဇာကိုသွားပို့ရမည့် ထမင်းဗူးကိုလည်း အိမ်ကြီးထဲမှအိမ်ဖော်မလေးက လာပေးထားပြီ။ ထမင်းစားပြီးလျှင် နေမင်းရာဇာကျောင်းကို ထမင်းဗူးသွားပို့ပေးရမည်။

''လာဟေ့မောင်မိုးမြင့်ရေ၊ ထမင်းစားကြစို့''

မိုးမြင့်သော်တာက တစ်ခါတည်းလက်ဆေးခဲ့ပြီး ထမင်းဝိုင်းပြင်ထားသည့် ထနောင်းပင်အောက်က ကွပ်ပြစ်ကြီးပေါ်တက်ထိုင်လိုက်သည်။

ထမင်းမစားမီ အိတ်ကပ်ထဲထည့်ထားသောပစ္စည်းလေးကို သတိရကာ ထုတ်ယူလိုက်သည်။

''အဘ၊ ဟောဒါဘာလေးလဲဗျ၊ ကြည့်ပါဦး၊ အိမ်ရှင်းရင်း ဘုရားစင်ပေါ်ကတွေ့တာ''

ဦးချစ်ဆွေကိုပြရင်း မေးလိုက်သည်။

ဦးချစ်ဆွေက အမွေးနုနုလေးများပါသည့်ပလတ်စတစ်ထုတ်ကို ယူကြည့်ရင်း...

''အမွေးတွေပဲ၊ ဘာမွေးဖြစ်မလဲတော့ မသိနိုင်ဘူး၊ ဘုရားစင်ပေါ်ကတွေ့တာ၊ ဟုတ်လား''

''မှန်း– ကျွန်မကိုပြစမ်းပါဦး ဦးချစ်ရွှေ''

ဒေါ်ရွှေမြင့်က တောင်းယူကြည့်လိုက်သည်။

''အို... ဒါ မွေးဆံပင်တွေပဲ''

''မွေးဆံပင်''

''ဟုတ်တယ်၊ ကလေးမွေးတဲ့အခါ မွေးမွေးချင်းအချိန်မှာ ဝမ်းထဲမှာကတည်းက ပါလာတဲ့ဆံပင်ကို မွေးဆံပင်ခေါ်တယ်ကွဲ့၊ ဒါ ကလေးတစ်ယောက်ရဲ့မွေးဆံပင်ပဲ''

''မွေးဆံပင်ကို ဘယ်သူက ဘုရားစင်ပေါ်တင်ထားပါလိမ့်''

"တချို့က မွေးဆံပင်လေးတွေကို အမှတ်တရသိမ်းထားတတ်တယ်လေ၊ သိမ်းရင်းက ဘုရားစင်ပေါ်ကျန်နေတာဖြစ်ပါလိမ့်မယ်"

"အင်း... နောက်ဆုံးနေသွားတဲ့ မလေးနွယ်ရဲ့ပစ္စည်းတော့ မဟုတ်ဘူး၊ မလေးနွယ်ကအပျို၊ မလေးနွယ်ရဲ့ရှေ့က နေသွားတဲ့လင်မယားမှာ ကလေးအငယ်ရှိတယ်၊ သူတို့ပစ္စည်းဖြစ်မှာပေါ့ကွယ်"

ဦးချစ်ဆွေက ပြန်စဉ်းစားရင်းပြောသည်။

မိုးမြင့်သော်တာက မွေးဆံပင်ဆိုသည့်အထုတ်ကလေးကို အင်္ကျီအိတ်ကပ်ထဲပြန်ထည့်ထားလိုက်သည်။

ထို့နောက်တွင်လည်း သူများအမှတ်တရဖြင့် တယုတယထားခဲ့သည့်ပစ္စည်းကို လွှင့်မပစ်ချင်၍ သူ့အဝတ်အစားများထည့်သည့် ခရီးဆောင်အိတ်၏ဘေးအိတ်ကလေးထဲတွင် ပြောင်းထည့်ထားခဲ့လေသည်။ နောင်တော့ ထိုပစ္စည်းကလေးကို မိုးမြင့်သော်တာ မေ့သွားခဲ့ပါသည်။

"ဦးချစ်ဆွေက ဒီမှာနေတာကြာပြီဆိုတော့ အစဉ်အဆက်သိနေတယ်နော်၊ ကျွန်မတို့တော့ အရင်လူတွေမသိပေါင်၊ ကျွန်မတို့ရောက်လာတော့ ဒီတန်းလျားမှာ ဦးချစ်ဆွေတစ်ယောက်တည်းရှိတာလေ၊ နော်–"

ဒေါ်ရွှေမြင့်က ထမင်းဝိုင်းဘေးမှ ယပ်ခပ်ပေးနေရင်း ပြောနေခြင်းဖြစ်သည်။

"အဲဒီအခန်းထဲမှာ မိန်းကလေးတစ်ယောက် နေမကောင်းဖြစ် ရင်း သေသွားဖူးတယ်ဆိုတာ ခုနပြောတဲ့မလေးနွယ်လား ဦးချစ်ဆွေ"

"ဟုတ်တယ်မရွှေမြင့်၊ အိမ်ဖော်မိန်းကလေးတစ်ယောက်ပါပဲ၊ ဒီအိမ်မှာနှစ်ရှည်လများအိမ်ဖော်လုပ်လာတာ၊ ကျုပ်ထက်တောင် အရောက်စောသေးတယ်၊ မိဘသားချင်းမရှိရှာဘူးတဲ့၊ နေမကောင်းဖြစ်ပြီး ဖျားနာတော့ ပြန်စရာမရှိဘူးလေ၊ မပြည့်တို့က ကုသပေးရှာပါတယ်၊ နေမကောင်းဖြစ်ကတည်းက အဲဒီအခန်းလေးထဲပြောင်းနေတာ၊ ကျုပ်ရောက်ပြီးမကြာဘူး... မိန်းကလေးလည်း ဆုံးရှာတာပဲ"

"သနားပါတယ်၊ သရဲခြောက်တယ်ဆိုတာ အဲဒီမိန်းကလေးခြောက်တယ်လို့ပြောနေကြတာထင်ပါရဲ့"

ဦးဘဇံက သူ့ထင်ကြေးကိုပြောလိုက်သည်။

"ကျန်ခဲ့တဲ့အိမ်ဖော်မလေးတွေက ကြောက်ကြောက်နဲ့ ထင်ရာလျှောက်ပြောကြတာပါကွာဘဇံရယ်၊ ကျုပ်တော့ တစ်ခါမှအခြောက်မခံရဘူးပါဘူး၊ စွပ်စွဲတာတော့ မလေးနွယ်ကို သရဲဖြစ်နေတယ်လို့ စွပ်စွဲကြတာပဲ၊ ဒါပေမယ့်... မဟုတ်ပါဘူး"

♛♛♛♛♛

( ၁၂ )

ထိုညမှာပင် မိုးမြင့်သော်တာသည် ဒေါ်ရွှေမြင့်ပြောသော သရဲမ၏ အစွမ်းအစပြခြင်းကိုခံခဲ့ရပါသည်။

ညပိုင်း နောက်ဆုံးကျူရှင်ကို စောင့်ဆိုင်းနေစဉ် မိုးမြင့်သော်တာနှင့်ဦးဘဇံတို့ မိုးမြင့်သော်တာအခန်းအတွက် လိုအပ်သောပစ္စည်းတချို့သွားဝယ်ကြသည်။ ဖျာတစ်ချပ်နှင့် မီးလုံးများဖြစ်ပါသည်။

အိမ်ပြန်ရောက်သည်နှင့် မီးလုံးများကို အသင့်ရှိနေပြီးဖြစ်သော ပလပ်ခေါင်းများတွင် တပ်ကြည့်လိုက်သည်။ အသုံးမပြုသည်မှာ နှစ်အတန်ကြာပြီဖြစ်သော်လည်း မီးကြိုးများမှာ မဆွေးမမြေ့ပဲ အသုံးပြု၍ ရနေဆဲဖြစ်သည်။ ခလုတ်များကလည်း ကောင်းနေဆဲဖြစ်သည်။

အခန်းသုံးခန်းလုံးတွင် မီးလုံးတစ်လုံးစီတပ်ဆင်လိုက်ပါ၏။

မိုးမြင့်သော်တာ နေလရိပ်သာကိုရောက်တာ ဒုတိယညဖြစ်ပါသည်။

ကိုယ့်အတွက်ပေးထားတဲ့အခန်းလေးထဲမှာပင် မိုးမြင့်သော်တာ အိပ်လိုက်သည်။ ထိုညက မမက်တာကြာပြီဖြစ်သောအိပ်မက်ကို မိုးမြင့်သော်တာမက်သည်။ အမေပါဝင်သောအိပ်မက်ဖြစ်သည်။ အိပ်မက်ထဲမှာ အမေဟုထင်ရသောမိန်းမတစ်ယောက်က သူ့ကို တေးဆိုချော့သိပ်နေသော အိပ်မက်ပင်ဖြစ်ပါသည်။ ငယ်ငယ်ကမက်ဖူးသောအိပ်မက်ကို တစ်ဖန် ထပ်၍မက်ရခြင်းဖြစ်ပါသည်။

ထိုအိပ်မက်ထဲမှ သူ့ကိုချော့သိပ်နေသောမိန်းမမှာ ဒေါ်ယဉ်ရွှေ မဟုတ်ပါ။ မိုးမြင့်သော်တာက အိပ်မက်ထဲကမိန်းမသည် သူ့မိခင်ရင်း ဒေါက်တာခင်လပြည့်ဝန်းရဲ့ပုံရိပ်ဟုထင်ခဲ့သည်။ ယခုတစ်ခါ... ဒီအိပ်မက်ကိုထပ်မက်ရတော့ အိပ်မက်ထဲက အမေပုံရိပ်ရှင်ကို တွေ့ရပြန်ပြီ။

သို့သော်... ထိုပုံရိပ်ရှင်မိန်းမသည် ဒေါက်တာခင်လပြည့်ဝန်းနဲ့လည်း မတူပြန်ပါ။

အိပ်မက်ထဲကအမေသည် ငယ်ငယ်တုံးကလိုပင် သူ့ကို ရင်ခွင်ထဲ၌ထွေးပွေ့ကာ တေးဆိုရင်း သူ့ကျောလေးကိုပွတ်သပ်၍ ချော့သိပ်နေခြင်းဖြစ်ပါသည်။ ဒီအိပ်မက်ကို အကြိမ်ကြိမ်အခါခါမက်ဖူး၍ အိပ်မက်မက်နေစဉ်မှာပင် ဒါဟာအိပ်မက်ပဲလို့ မိုးမြင့်သော်တာက သိလိုက်သည်။

အိပ်မက်ဆိုတဲ့ အသိဝင်လာလာချင်း မိုးမြင့်သော်တာသည် အိပ်ရာမှလန့်နိုးသွားလေ၏။

အိပ်ရာမှလန့်အနိုး... မျက်လုံးဖွင့်အကြည့်တွင် သူ့အိပ်ရာဘေး၌ ဒူးထောက်ထိုင်နေသောမိန်းမတစ်ယောက်ကိုတွေ့လိုက်ရသည်။ ထိုမိန်းမသည် ဆံပင်ဖားလျားချထားကာ ဆံပင်များက သူမမျက်နှာပေါ်ဖုံးနေသည့်အတွက် မျက်နှာကိုမမြင်ရပါ။ ထိုမိန်းမက အိပ်နေသောမိုးမြင့်သော်တာကို ငုံ့ကြည့်နေခြင်းဖြစ်သည်။ ငုံ့ကြည့်နေသည့်အတွက် သူမဆံပင် များက မိုးမြင့်သော်တာရင်ပတ်ပေါ်တွင် ကျရောက်လျှက်ရှိသည်။

မိုးမြင့်သော်တာက အလန့်တကြား ထလိုက်သည်။

ထိုစဉ်မှာပင်... မိန်းမအရိပ်သဏ္ဍာန်သည် ဖြတ်ကနဲ ပျောက်ကွယ်သွားလေတော့၏။

မိုးမြင့်သော်တာသည် အိပ်ရာပေါ်တွင် ထထိုင်ရင်း အံ့သြ၍ ကျန်ရစ်ခဲ့ရလေသည်။

သူမြင်လိုက်ရတဲ့မိန်းမပုံရိပ်ဟာ အမှန်တကယ်လား။

အိပ်မက်ထဲကမိန်းမပုံရိပ်ကိုစွဲလမ်းပြီး အပြင်မှာတကယ်မြင်ရတယ်လို့ ထင်လိုက်မိတာလား။

မိုးမြင့်သော်တာ ဇဝေဇဝါဖြစ်၍ ကျန်ခဲ့လေသည်။

\+ + + + +

ထိုအဖြစ်ကို မိုးမြင့်သော်တာ ဘယ်သူ့ကိုမှ ပြန်မပြောခဲ့ပါ။ မိန်းမသဏ္ဍာန်ကို သူမြင်လိုက်ရခြင်းသည် အမှန်တကယ်ဟုတ်ချင်မှ ဟုတ်လိမ့်မည်။ အိပ်မက်ကြောင့် စိတ်စွဲလမ်းတာလည်း ဖြစ်နိုင်သည်။

မြင်လိုက်ရသောမိန်းမသည် ငယ်ငယ်ကတည်းက သူ့အိပ်မက် ထဲမှာမြင်နေရသောမိန်းမပုံစံမျိုးဖြစ်နေသည်။ တခြားပုံစံမျိုးနဲ့တွေ့ရပါ ကဒေါ်ရွှေမြင့်ပြောတဲ့ ဒီအခန်းမှာခြောက်နေကျသရဲမလို့ ထင်စရာဖြစ် ဦးမည်။ ငယ်အိပ်မက်ထဲက အမေအဖြစ် အမြဲမြင်ခဲ့ရသောမိန်းမပုံရိပ် ကိုမြင်လိုက်ခြင်းမှာ အိပ်မက်မက်ရာမှ လန့်အနိုးတွင် စိတ်စွဲလမ်းပြီး ထင်ယောင်မြင်ယောင်မိခြင်းပဲ ဖြစ်ပါလိမ့်မည်။

မိုးမြင့်သော်တာက ဘယ်သူ့ကိုမှ ပြန်မပြောဖြစ်တော့ပေ။

♛♛♛♛♛

## ၁၂ ( က )

သို့သော်... နောက်တစ်နေ့ညမှာလည်း ထိုပုံစံအတိုင်းပင် အခြောက်ခံရပြန်သည်။

အိပ်မက်မှာလည်း ငယ်ငယ်က မက်ဖူးသောအိပ်မက်မျိုးပင် ဖြစ်သည်။ အိပ်မက်ထဲတွင် အမေနှင့်တူသောထိုမိန်းမက အိပ်နေသော သူ့ဆံပင်လေးများကို ဖွဖွလေးပွတ်ကာ သပ်တင်ပေးလျှက်ရှိသည်။ ထူးခြားသည်မှာ အိပ်မက်ထဲကထိုအမေသည် အိပ်နေသောသူ့ကို ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေခြင်းဖြစ်ပါသည်။

ရာသီဥတုမှာ ပူပြင်းသောနွေရာသီဖြစ်သည်။ ပြင်ပတွင်လည်း ပူအိုက်လွန်းလှ၍ မိုးမြင့်သော်တာသည် ခေါင်းရင်းဖက်ပြတင်းပေါက်ကို ဖွင့်အိပ်နေခြင်းဖြစ်သည်။ ပြတင်းပေါက်ဖွင့်ထားသည့်တိုင် လေမတိုက်သဖြင့်... အိုက်စပ်စပ်ဖြစ်နေမြဲပင်ဖြစ်သည်။ ထိုကဲ့သို့ ရာသီဥတုပူပြင်းသောကြောင့် အအေးဓာတ်ကိုလိုလားပြီး အိပ်မက်ထဲမှာ ယပ်ခတ်ပေးသယောင်မြင်မက်မိခြင်းလားမသိပေ။

အိပ်မက်ထဲမှထိုအမေက ယပ်ခပ်ပေးနေသောကြောင့် မိုးမြင့်သော်တာ ပူအိုက်ခြင်းမှသက်သာသွားသည်။ ထိုစဉ်မှာပင်... ဒါဟာ အိပ်မက်ပါလားဟု မိုးမြင့်သော်တာ သတိရလိုက်ပြန်သည်။

မျက်စိကိုဖွင့်ကြည့်လိုက်သည်။

အပြင်မှာလည်း... အိပ်မက်ထဲကထိုအမေသည် သူ့ဘေးတွင်ထိုင်၍ သူ့ကို ယပ်ခတ်ပေးလျှက်ရှိသည်ကို တွေ့လိုက်ရလေသည်။

မိုးမြင့်သော်တာ ကြက်သီးမွေးညင်းထသွားသည်။

အိပ်ရာမှထရန် ကိုယ်ကိုလူးလွန့်လိုက်ရာ ယပ်ခတ်ပေးနေသော အမျိုးသမီးပုံရိပ်သည် ရုတ်တရက်ဖြတ်ကနဲ ကွယ်ပျောက်သွားလေတော့ သည်။

မိုးမြင့်သော်တာသက်ပြင်းချလိုက်မိလေ၏။ ဒီအိမ်ရောက်မှ ငယ်ငယ်ကမက်ခဲ့ဖူးတဲ့အိပ်မက်မျိုးတွေပြန်မက်နေပါလား။

သူစဉ်းစားနေစဉ် သူ့ရင်ပတ်ပေါ်မှာ တစ်စုံတစ်ခုရှိနေသည်ကို ခံစားရသည့်အတွက် မိုးမြင့်သော်တာက ထိုအရာကို ယူကြည့်လိုက်သည်။ သူ့လက်ထဲတွင် ယပ်တောင်တစ်ချောင်းပါလာလေသည်။

''ဟင်...''

သူ ဆတ်ကနဲထထိုင်လိုက်လေသည်။

အိပ်ရာမှထကာ မီးခလုတ်ကိုဖွင့်လိုက်သည်။

သူ့လက်ထဲမှယပ်တောင်ကိုကြည့်လိုက်သည်။

အိပ်မက်ထဲတွင် ထိုအမေက သူ့ကိုယပ်ခတ်ပေးနေသည်ဟု မြင်မက်သည်။ အိပ်မက်ကလန့်နိုးတော့ ထိုအမေ၏ပုံရိပ်ကို မြင်လိုက်ရသေးသည်။ ထိုအမေ သူ့ကိုယပ်ခတ်ပေးနေသော ယပ်တောင်လေးကမူ သူ့ရင်ပတ်ပေါ်တွင် ကျန်နေခဲ့လေ၏။

ဒါ... ဖြစ်နိုင်သလား။

မိုးမြင့်သော်တာသည် သူ့လက်ထဲက ယပ်တောင်လေးကိုကြည့် ရင်း အိပ်မက်ထဲကအဖြစ်နှင့် ယှဉ်ထိုးစဉ်းစားနေမိသည်။

အမျိုးသမီးပုံရိပ်ကိုမြင်လိုက်ရတာက အိပ်မက်ကြောင့် ထင် ယောင်ထင်မှားဖြစ်တာလို့ပဲ ထားပါတော့။

ဒီယပ်တောင်က အိပ်နေတဲ့သူ့ရင်ပတ်ပေါ်ကို ဘယ်လိုရောက် နေတာလဲ။

ယပ်တောင်မှာ ဒေါ်ရွှေမြင့်သုံးသည့်ယပ်တောင်ဖြစ်သည်။ သူတို့ ထမင်းစားလျှင် ဒေါ်ရွှေမြင့်က ဘေးမှနေ၍ သည်ယပ်တောင်လေးဖြင့် ယင်မလာအောင်ခတ်ပေးနေတတ်သည်။ ယပ်တောင်ကို မိုးမြင့်သော်တာမှတ်မိပါသည်။ ဒေါ်ရွှေမြင့်က ယပ်တောင်ကို မီးဖိုးခန်းထဲမှာလည်း အသုံးပြုသည့်အတွက် အိုးမဲတွေပေနေသည့်ယပ်တောင်ဖြစ်သည်။

ညတုံးက သူတို့ထမင်းစားအပြီးမှာ ယပ်တောင်လေးကို အိမ်ရှေ့ကွပ်ပြစ်ပေါ်တွင် ဒေါ်ရွှေမြင့်ချထားခဲ့တာကိုသတိရသည်။

ယပ်တောင်လေးက သူ့အိပ်ရာထဲ ဘယ်လိုရောက်လာတာလဲ။

သူပဲ ညက အိုက်သည့်အတွက် ယပ်တောင်လေးကို ကိုင်လာမိလေသလား။ မိုးမြင့်သော်တာပြန်စဉ်းစားလို့မရပေ။ ယပ်တောင်ကို သူ ယူခဲ့တာမဟုတ်ဘူးလို့ပဲထင်မိသည်။

မိုးမြင့်သော်တာက ယပ်တောင်လေးကို အပြန်ပြန်အလှန်လှန် ကြည့်မိလေ၏။

ထိုအခါ... ယပ်တောင်ပေါ်တွင်ရိုက်နှိပ်ထားသောစာသားများ ကို မြင်လိုက်ရလေသည်။

***မလေးနွယ်***

***အသက် (၃၁) နှစ်***

***၁၂–၆–၁၉၉၁ ကွယ်လွန်သည်***

မိုးမြင့်သော်တာ ကြက်သီးထသွားမိလေသည်။

ယပ်တောင်က ဒီအခန်းထဲမှာသေသွားတဲ့ မလေးနွယ်ဆိုတဲ့ မိန်းမရဲ့နာရေးမှာ ဝေခဲ့တဲ့ယပ်တောင်ပါလား။

မိုးမြင့်သော်တာသည် ယပ်တောင်လေးကို အံ့သြစွာစိုက်ကြည့် နေမိလေတော့၏။

\+ + + + +

မနက်ကျတော့ ယပ်တောင်လေးကိုကိုင်ကာ ဒေါ်ရွှေမြင့် ထမင်း ချက်နေသည့်နေရာသို့သွားပေးလိုက်သည်။

''ဒေါ်လေး... ဟောဒါ ဒေါ်လေးယပ်တောင်မဟုတ်လား''

''အေးဟဲ့၊ ငါ့မယ် မီးသွေးက မီးခိုးတွေအူထွက်နေလိုက်တာ၊ ယပ်တောင်လိုက်ရှာတာ ရှာမတွေ့ဘူး။ နင်ယူထားတာကိုး၊ ပေး–ပေး''

ဒေါ်ရွှေမြင့်က သူ့လက်ထဲမှယပ်တောင်ကိုယူကာ မီးခိုးတွေ အူထွက်နေသော မီးသွေးမီးဖိုကို ယပ်ခတ်လိုက်သည်။

''ဒီနေ့... **ဆွေ**ပဲသီးတောင့်လေးတွေတွေ့လို့ဝယ်လာတယ်၊ ဝက်သားကို ပါးပါးလှီးပြီး **ဆွေ**ပဲသီးနဲ့ ကြော်ကျွေးမယ်ဟေ့''

ဒေါ်ရွှေမြင့်က ဗန်းထဲမှ ရွှေပဲသီးတောင့်များကိုပြရင်း သူ့ ထုံးစံအတိုင်း ''**ဆွေပဲသီးတောင့်**''ဟုဆိုကာ ပြောပြနေသည်။

''ဒေါ်လေး''

''ဟေ–''

''အဲဒီယပ်တောင် ဒေါ်လေးဘယ်ကရတာလဲဟင်''

ဒေါ်ရွှေမြင့်က မိုးမြင့်သော်တာကို အံ့သြဟန်မော်ကြည့်သည်။

''ဘာဖြစ်လို့လဲဟဲ့''

''ယပ်တောင်က သေသွားတဲ့မလေးနွယ်နာရေးမှာ ဝေခဲ့တဲ့ ယပ်တောင်ဗျ။ ဒေါ်လေးမတွေ့ဘူးလား''

''ဟင်–''

ဒေါ်ရွှေမြင့်က ယပ်တောင်ပေါ်မှစာများကိုဖတ်ကြည့်လိုက်သည်။

''အေးဟဲ့၊ ငါဖြင့် ယပ်တောင်ပေါ်ကစာ တစ်ခါမှမဖတ်ဖြစ်ဘူး၊ ကြည့်စမ်း၊ ငါ ဒီယပ်တောင်သုံးနေတာ ကြာ–ကြာလှပေါ့၊ ဒီအိမ်ရောက်ကတည်းကပဲ၊ နံရံမှာထိုးထားတာတွေ့လို့ အလွယ်တကူဆွဲသုံးနေတာ၊ စာကို မဖတ်ဖြစ်ပါဘူးဟယ်၊ နင်ပြောမှပဲ''

မိုးမြင့်သော်တာက ထိုယပ်တောင်လေး သူ့အိပ်ရာထဲအထိ ထူးထူးဆန်းဆန်းရောက်နေပုံကို ပြောမပြတော့ပါ။

အပြင်မှာယပ်ခပ်ရင်းမှ အိပ်ရာထဲအထိ ယောင်ပြီးယူလာမိတာလည်း ဖြစ်ချင်ဖြစ်နိုင်သည့်အတွက် မပြောတော့ခြင်းဖြစ်ပါသည်။

♛♛♛♛♛

## ( ၁၃ )

နေလရိပ်သာသို့ရောက်ရှိပြီးရက်များတွင် မိုးမြင့်သော်တာသည် တစ်နေ့တစ်နေ့ ပုံမှန်လည်ပတ်မှုများဖြင့်သာ အချိန်ကုန်လွန်ခဲ့ရလေ၏။ သူမျှော်လင့်ထားသလို ဒေါက်တာခင်လပြည့်ဝန်းနှင့် အနီးကပ်မနေရပါ။ ဒေါက်တာခင်လပြည့်ဝန်းကို သူသည် စွန့်ပစ်ခံသားအရင်းတစ်ယောက်ဖြစ်ကြောင်း ပြောခွင့်ကိုလည်း မကြုံရသေးပါ။ ကြုံရဖို့လည်း အတော်ပင်ခဲယဉ်းလျှက်ရှိပေ၏။

ဒေါက်တာခင်လပြည့်ဝန်းတို့လင်မယားမှာ အလွန်အလုပ်များကြပါသည်။ မနက်ခင်းစောစောနှင့် ညမိုးချုပ်ချိန်များတွင်သာ တွေ့ရတတ်သည်။

မနက်ရောက်လျှင် အိမ်ရှိကားသုံးစီးကို ဦးဘဖုံနှင့်မိုးမြင့်သော် တာက ဂိုဒေါင်ထဲမှအဆင်သင့်ထုတ်ပေးထားရသည်။ ကားများကို ဆီ၊ ရေ၊ လေ၊ ဝိုင်၊ ဘရိတ်များစစ်ရသည်။ ခါတ်ဆီဖြည့်ထည့်ပေးရသည်။

သည်အိမ်တွင် ကားသုံးစီးရှိရာ ဒေါက်တာကျော်လင်းထွန်း၊ ဒေါက်တာခင်လပြည့်ဝန်းနှင့်နေမင်းရာဇာတို့ တစ်ယောက်တစ်စီးစီ အသုံးပြုကြပါ၏။ ဆရာကြီးနှင့်ဒေါက်တာခင်လပြည့်ဝန်းမှာ လုပ်ငန်းချင်းတူသော်လည်း သွားလာရသည့်နေရာများ မတူ၊ သွားချိန်ချင်းမတူပါ၍ ကားတစ်စီးစီအသုံးပြုရပါသည်။ နေမင်းရာဇာအတွက်လည်း ကားတစ်စီး ပေးထားမှသာ အဆင်ပြေလေ၏။

ယခင်က... ဒရိုင်ဘာနှစ်ယောက်ထားရှိရာ တစ်ယောက်က ဒေါက်တာခင်လပြည့်ဝန်းကားကိုမောင်းပေးသည်။ ဆရာကြီးကတော့ သူ့ကားကို သူကိုယ်တိုင်သာ မောင်းလေ့ရှိပါ၏။ မိုးမြင့်သော်တာကို ခန့်လိုက်ခြင်းမှာ ဒေါက်တာခင်လပြည့်ဝန်းကားမောင်းသောဒရိုင်ဘာ နေရာတွင်လစ်လပ်သွား၍ ခန့်လိုက်ခြင်းဖြစ်ပါသည်။ လူငယ်ဖြစ်နေ၍ သာ နေမင်းရာဇာကားကို မောင်းခိုင်းခြင်းဖြစ်၏။

ညပိုင်းတွင်လည်း ဆရာဝန်နှစ်ယောက်ပြန်ရောက်သည်အထိ ဦးဘဖုံနှင့်မိုးမြင့်သော်တာ စောင့်ပေးရပါသည်။ ဆရာကြီးနှင့်ဒေါက်တာခင်လပြည့်ဝန်းကပြန်ရောက်သည်နှင့် ကားကိုပေါ်တီကိုအောက်မှာပဲ ထားခဲ့တတ်သည်။ ဦးဘဖုံနှင့်မိုးမြင့်သော်တာက ဂိုဒေါင်ထဲကို သိမ်းပေးရပါသည်။

မိုးမြင့်သော်တာသည် ဒေါက်တာခင်လပြည့်ဝန်းပြန်လာချိန်ကို အမြဲစောင့်ဆိုင်းပေးခဲ့သည်။ ကားကို ဂိုဒေါင်ထဲသွင်းပေးခဲ့သည်။

ဒေါက်တာခင်လပြည့်ဝန်းထံမှ သူ့အပေါ်တစ်စုံတစ်ရာတုံ့ပြန်မှု ရရှိလာမည်မျှော်လင့်သော်လည်း တကယ်တန်းတွင် ဒေါက်တာခင်လပြည့်ဝန်းသည် မိုးမြင့်သော်တာကို စိတ်ဝင်စားသည့်ဟန် မပြပါ။

သူမသည် မိုးမြင့်သော်တာ ဘယ်အရပ်ကလာတယ်ဆိုတာ လည်း သိပြီးပြီ၊ မိုးမြင့်သော်တာရုပ်ရည်မှာ သူမဖခင်နှင့်တူကြောင်းကို လည်း သူမကိုယ်တိုင် ဝန်ခံခဲ့ပြီးပြီ။ ဒါနဲ့တောင် ဒေါက်တာခင်လပြည့်ဝန်း သည် မိုးမြင့်သော်တာကို သူမ၏သားဖြစ်ကြောင်း အသိအမှန်ပြုဟန် မပြသေး။ မေးမြန်းစစ်ဆေးမှုလည်း မလုပ်သေး။ ဘာသိဘာသာပင် နေနိုင်ရက်ပေ၏။

ဒေါက်တာခင်လပြည့်ဝန်းအနေဖြင့် မိုးမြင့်သော်တာကို သူ့သား မှန်းရိပ်မိပါရက်နှင့် နောက်ကြောင်းများကိုမဖော်ထုတ်လို၍ ဥပေက္ခာပြု လိုက်ခြင်းလား။ သူမသည် ဟန်ဆောင်ကောင်းလှပေ၏။

မိုးမြင့်သော်တာကတော့ မိခင်မျက်နှာကိုမြင်ချင်လွန်း၍ညစဉ် ဒေါက်တာခင်လပြည့်ဝန်းပြန်လာချိန်ထိအောင် ကားသိမ်းဖို့အကြောင်းပြ ကာ စောင့်ဆိုင်းနေမြဲဖြစ်ပါသည်။ ဒေါက်တာခင်လပြည့်ဝန်းကတော့

မိုးမြင့်သော်တာကို နှုတ်ပင်မဆက်၊ လှည့်၍ပင်မကြည့်ပဲ ကားစက်သတ်၊ သော့ပိတ်ကာ အိမ်ထဲသို့တန်းဝင်သွားတတ်ပေသည်။

အမေရယ်... ကျွန်တော်ဟာ အမေ့သားဆိုတာ သိရက်နဲ့ ဟန်ဆောင်နေတာလား။ အမေ့ရင်ထဲမှာ အတိတ်ကအကြောင်းတွေကို ခဝါချပစ်ခဲ့ပြီလား။ ဒါမှမဟုတ် လက်ရှိပြေလည်နေတဲ့အိမ်တွင်းရေးမှာ အနှောက်အယှက်ဖြစ်မှာစိုးလို့ သားကို မသိချင်ယောင်ဆောင်တာလား။

သားအတွက်နဲ့ အမေ့ဘဝမညှိုးနွမ်းစေရပါဘူးအမေရယ်။ အမေတစ်ယောက်တည်း ဘယ်သူမှမသိအောင် သားကိုလက်ခံပြီး ''သား''လို့တစ်ခွန်းတည်းအခေါ်ခံပြီးတာနဲ့ သားဒီအိမ်ကထွက်သွားပါ့မယ် အမေ။

မိုးမြင့်သော်တာကတော့... ဒေါက်တာခင်လပြည့်ဝန်းကို အကြောင်းစုံရင်ဖွင့်ပြနိုင်မည့်အခွင့်အရေးကို စောင့်ဆိုင်းနေမြဲဖြစ်ပေ၏။

\+ + + + +

နေမင်းရာဇာတက်ရသည့်ကျောင်းနှင့်ကျူရှင်များတည်နေရာကို ဦးဘဇံက ဆယ်ရက်တိတိလိုက်ပြပြီးသည်နှင့် မိုးမြင့်သော်တာ မှတ်မိသွားပါသည်။

ဆယ်ရက်နောက်ပိုင်းတွင် မိုးမြင့်သော်တာကိုယ်တိုင် မောင်းပို့နိုင်ခဲ့ပြီ။ ဦးဘဇံက ဒေါက်တာခင်လပြည့်ဝန်းကားကို မောင်းပေးနေပြီ။

ဒေါက်တာခင်လပြည့်ဝန်းကို ဦးဘဇံက ပို့ပေးကြိုပေးသည်နှင့် မိုးမြင့်သော်တာ၏ ညစဉ်စောင့်ဆိုင်း၍ ကားသိမ်းပေးရသည့်တာဝန်မှာ လည်း ပျောက်ကွယ်သွားလေတော့သည်။ ကားကို ဦးဘဇံကိုယ်တိုင် ဂိုဒေါင်ထဲသွင်းရုံမို့ မိုးမြင့်သော်တာ စောင့်စရာမလိုတော့ပါ။

အမေ့ကို ခဏတဖြုတ်မြင်ရမယ့်အခွင့်အရေးကိုတောင် လက်လွှတ်လိုက်ရပြန်ပါကော။

မိခင်ရင်းနှင့် တစ်အိမ်တည်း၊ တစ်ခြံတည်း အတူတူနေရပါ ရက် နီးလျှက်နှင့်ဝေးနေရသည့်အဖြစ်ကို မိုးမြင့်သော်တာက သည်းမခံ နိုင်၊ မခံစားနိုင်အောင်ဖြစ်လာရလေသည်။

ဘယ်တော့များမှ ဖွင့်ပြောခွင့်ကြုံရတော့မှာလဲ အမေရယ်။

\+ + + + +

မကြာပွင့်ဆီက စာရောက်လာခဲ့သည်။

ကိုအေးမောင်အိမ်လိပ်စာနှင့်ထည့်လိုက်သည့်စာကို ကိုအေး မောင်က ဦးဘဇံနှင့်တစ်ဆင့်ပေးခိုင်းလိုက်ခြင်းဖြစ်၏။

မကြာပွင့်စာထဲတွင် သူအလုပ်ရပြီဖြစ်ကြောင်း၊ ရိုးမတောင်ခြေ က ''တောင်ညို''အမည်ရှိရွာကလေးတွင် မူလတန်းပြဆရာမအဖြစ် သွား ရောက်တာဝန်ထမ်းရတော့မည်ဖြစ်ကြောင်းဖော်ပြထားသည်။ မိုးမြင့်သော် တာကိုလည်း အမေမယဉ်ရွှေနှင့်အတူနေဖို့ ပြန်လာသင့်ကြောင်းနှင့် ရန်ကုန်တွင် အကြောင်းမထူးပါက အားလုံးကိုမေ့ပစ်ကာ ရွာကိုပြန်လာ ဖို့တိုက်တွန်းထားလေသည်။

တကယ်တော့... ဒေါ်လေးယဉ်ကသာ နင့်အမေပါ ဟယ်... မကြင်နာလို့စွန့်ပစ်ခဲ့မှတော့ အမေအရင်းဆိုတာ တွေ နင်ရင်ထဲမှာထားမနေပါနဲ့တော့။ ခုဆို... ငါ တာဝန် ကျတဲ့နေရာ သွားရတော့မယ်ဆိုတော့ ဒေါ်လေးယဉ်ကို ကြည့်မယ့်လူမရှိဘူး၊ နင်ပြန်လာသင့်တယ် ကိုမိုးရယ်။ ဒေါ်လေးယဉ်အနေနဲ့ နင့်ကိုမပြောရက်လို့၊ ပြောဖို့လည်း မသင့်လို့ မပြောခဲ့ပေမယ့် နင်မရှိတော့ ရင်ကွဲလုမတတ် ဖြစ်နေတယ်ဆိုတာ ငါအသိဆုံးပဲ။ နင့်ကိုလည်း သိစေချင် တယ်။

ရန်ကုန်မှာ နင့်အမေအရင်းက နင့်ကို အသိအ မှတ်မပြုချင်သလိုဖြစ်နေရင်လည်း သူ့မေတ္တာကိုမျှော်လင့် မနေပါနဲ့တော့ကိုမိုး။ နတ်သံကွင်းကို ပြန်လာခဲ့ပါဟယ်။ ငါ့လိုပဲ ကျောင်းဆရာလုပ်ပါလား။ ဝေးလံတဲ့ရွာလေးကို သွားရတာချင်းအတူတူ နင်နဲ့ဆိုရင် ပျော်စရာကောင်းမှာပဲ ကိုမိုးရယ်...

နင်စဉ်းစားပါဦး...

မိုးမြင့်သော်တာစဉ်းစားပါသည်။

သူ ရန်ကုန်ကိုလာနေခြင်းသည် အမေရင်းမျက်နှာကိုမြင်ရရုံနှင့် အမေရင်းက သူ့ကို သားရယ်လို့ အသိအမှတ်ပြုခံရရုံသာဖြစ်ပါသည်။ အမေရင်းဆီက ဘာမှသူမမျှော်လင့်ပါ။ ဒေါက်တာခင်လပြည့်ဝန်းက သူ့ကို

သားရယ်လို့တစ်ခွန်းခေါ်ရုံနှင့် သူ့ဆန္ဒပြည့်မြောက်ပါပြီ။ ရန်ကုန်မှာ အစဉ်အမြဲနေဖို့လည်း သူ့မှာ ရည်ရွယ်ချက်မရှိပါ။

ထို့ကြောင့် ဒေါက်တာခင်လပြည့်ဝန်းကို အကြောင်းစုံဖွင့်ပြောခွင့်ရချိန်အထိတော့ သူစောင့်ဆိုင်းရပေမည်။ သူ့တစ်သက်လုံး တမ်းတ၍မြင်ချင်ခဲ့သောအမေ့ဆီက အသိအမှတ်ပြုမှုကိုတော့ ရမှဖြစ်မည်။

ဒေါက်တာခင်လပြည့်ဝန်းက သူ့ကို သားရယ်လို့အသိအမှတ်ပြုပြီးသည်နှင့် ရွာကိုပြန်မည်ဖြစ်သည်။

လောလောဆယ်တော့ ငါ ရန်ကုန်မှာနေပါရစေဦးကြာပွင့်ရယ်။ ငါလည်း အမေနဲ့နှင့်ကိုလွမ်းပါတယ်။ မကြာလှတဲ့အချိန်မှာ ငါပြန်လာ ပါ့မယ်။ ငါ့အမေအရင်းကို ဖွင့်ပြောခွင့်ရတဲ့အချိန်အထိတော့ စောင့်ပေး ပါဦးကြာပွင့်။

♛♛♛♛♛

( ၁၄ )

နေမင်းရာဇာကို မိုးမြင့်သော်တာဂရုစိုက်ကြည့်မိသည်။

မနက်ကျောင်းတက်ချိန်တွင် နေမင်းရာဇာပုံစံက ရွှင်ရွှင်လန်း လန်း၊ တက်တက်ကြွကြွ။

ညနေကျောင်းဆင်းလျှင်တော့ ပင်ပန်း၍လားမသိ။ အနည်းငယ်နုံးခွေနေတတ်သည်။ ကျောင်းကြီးကဆင်းပြီး ကျူရှင်တစ်ခုဝင်ပို့ချိန်အထိ သူ့ပုံစံက မလန်းဆန်းချေ။

ကျူရှင်အပြီး အိမ်ပြန်ရေမိုးချိုးပြီးမှပင် ပြန်ပြီးလန်းလန်းရွှင်ရွှင်ဖြစ်လာတတ်၏။ ညပိုင်း နောက်ဆုံးကျူရှင်အပြန်မှာတော့ နေမင်းရာဇာပင်ပန်းနေပေပြီ။ ကျောင်းတွေချည်းဆက်တိုက်တက်ရလို့လည်း ပင်ပန်းလောက်ပါပေသည်။

နောက်ဆုံးကျူရှင်မှအပြန်တွင် နေမင်းရာဇာသည် အမြဲတမ်းဆေးတစ်လုံးထုတ်သောက်လေ့ရှိသည်။ ပထမဆုံးနေ့ကတည်းက... မိုးမြင့်သော်တာသတိထားမိခြင်းဖြစ်သည်။ မိုးမြင့်သော်တာက ရေပုလင်းကမ်းပေးတော့ ငြင်းခဲ့သည်။ နောက်ရက်များမှာလည်း ထိုနည်းအတိုင်း။ လွယ်အိတ်ထဲမှဆေးတစ်လုံးထုတ်ထုတ်ယူကာ ရေမပါပဲ သောက်ချတတ်သည်။

ဆေးသောက်အပြီးမှာတော့ တစ်နေ့လုံးပင်ပန်းလို့ထင်ပါသည်။ ကားပေါ်မှာပင် မှိန်း၍လိုက်လာတတ်သည်။ တစ်ခါတလေအိပ်ပျော်သွားတတ်သည်။ အိမ်ရောက်မှနှိုးယူရသည်။

မိုးမြင့်သော်တာက နေမင်းရာဇာပင်ပန်းသည်ကိုကြည့်၍ သနားမိ၏။ တကယ်တော့ မိုးမြင့်သော်တာသည် သူ့ညီလေးပင် မဟုတ်ပါလား။ အမေတူအဖေကွဲညီလေး။

သူ့တုန်းကတော့ ကိုးတန်းဆယ်တန်းနှစ်တုံးက ဒါလောက်မပင်ပန်းခဲ့ပါ။ ရွာမှာ တက်စရာကျူရှင်လည်း မရှိ။ ကျောင်းကသင်လိုက်သည့်သင်ခန်းစာကိုပဲ ကျက်မှတ်ပြီး ဆယ်တန်းအောင်အောင်ဖြေခဲ့ရခြင်းဖြစ် သည်။ တူတော့မတူဘူးပေါ့၊ နေမင်းရာဇာက ရန်ကုန်မှာနေရခြင်းဖြစ်၍ ပတ်ဝန်းကျင်မှာ အပြိုင်အဆိုင်များသည့်နည်းတူ အများတန်းတူ စာလိုက်နိုင်အောင် အများလိုပဲ ကျူရှင်ယူရပေမည်။ ပြီးတော့ မိဘနှစ်ပါး စလုံးက အထူးကုဆရာဝန်ကြီးတွေဆိုတော့ မိဘခြေရာနင်းဖို့ ကြိုးစားရမည်မဟုတ်ပါလား။

''ရန်ကုန်ကကျောင်းသားလေးတွေက ကျူရှင်တက်၊ ကျောင်း တက်နဲ့ တစ်နေ့လုံးနားချိန်ကိုမရှိဘူး၊ သိပ်ပင်ပန်းတာပဲနော် ဦးလေး''

မိုးမြင့်သော်တာက ဦးဘဖံကို ငြီးငြူ၍ပြောပြဖူးသည်။

''ရာဇာဆိုရင် ကြည့်ပါဦးဗျာ၊ တက်လိုက်ရတဲ့ကျူရှင် တစ်နေကုန်ရောပဲ၊ သူ့မှာပင်ပန်းလွန်းလို့ ညညဆို အားဆေးသောက်သောက်နေရတယ်၊ အင်းလေး အိမ်ရောက်တော့လည်း စာကြည့်ရဦးမှာကိုး''

''ဟဲဟဲဟဲ... မောင်မိုးမြင့်က ရာဇာဆေးသောက်တာကိုကြည့်ပြီး သဘောကျနေတာကိုး၊ ဟဲဟဲ...''

''ကျွန်တော်က သနားလို့ပါဗျာ၊ ဆေးသောက်တာကို သဘောကျတယ်ရယ်လို့မဟုတ်ပါဘူး၊ ရာဇာကလည်း ဆေးသောက်ရင် ရေနဲ့မျှောမချဘူးနော်၊ ဒီအတိုင်းမျိုးချလိုက်တာပဲ''

''ဟဲဟဲ... အဲဒီဆေးက ရေနဲ့မျှောချသောက်ရတဲ့ဆေးမှမဟုတ်ပဲကိုးကွဲ့၊ အားဆေးလည်း မဟုတ်ပါဘူး''

''ဗျာ...''

''မောင်မိုးမြင့်က အတော်ရိုးသကိုး၊ ရာဇာသောက်နေတာ အားဆေးမဟုတ်ဘူးကွ၊ စိတ်ကြွဆေး''

''ဗျာ...''

''(......)ဆိုတဲ့ စိတ်ကြွဆေးလေ၊ မင်းမကြားဖူးဘူးလား''

''ကြားဖူးပါတယ်၊ မြင်သာမမြင်ဖူးတာ၊ ဒါဖြင့်... ရာဇာက မူးယစ်ဆေးသုံးနေတာပေါ့၊ ဟုတ်လားဦးလေး''

''သူကတော့ အဲဒါမူးယစ်ဆေးမဟုတ်ဘူးလို့ ပြောတာပဲကွယ်''

''ဘယ်ဟုတ်ရမှာလဲဦးလေးရယ်၊ (......)ဆိုတဲ့စိတ်ကြွဆေးက မူးယစ်ဆေးပဲ၊ မူးယစ်ဆေးမို့လို့ စိတ်ကိုတက်ကြွစေတာပေါ့၊ ရာဇာ ခုလို ဆေးသုံးနေတာကို ဦးလေးက ဆရာကြီးတို့ကိုပြန်မပြောဘူးလားဟင်''

''မပြောရဲပါဘူးကွယ်၊ မပြောရဲပါဘူး''

''ဘာဖြစ်လို့လဲဦးလေး၊ သိရက်သားနဲ့မပြောရင် ပြဿနာဖြစ် လာမှ ဦးလေးကိုမပြောရကောင်းလားဆိုပြီး အပြစ်ပြောစရာဖြစ်နေမှာပေါ့''

''ဖြစ်မှသာဖြစ်ရောကွယ်၊ ဦးလေးတို့အလုပ်ရှင်က ဆရာကြီး ဆိုပေမယ့် ဦးလေးတို့က ဆရာကြီးနဲ့တိုက်ရိုက်ဆက်ဆံရတာမဟုတ်ဘူး လေကွာ၊ ရာဇာ့ကိုကျောင်းပို့ကျောင်းကြိုလုပ်ပြီး နေ့ရှိသ၍ ရာဇာနဲ့ပဲ ဆက်ဆံနေရတာမဟုတ်လား၊ သူ့အကြောင်းသွားတိုင်လိုက်လို့ ဦးလေး တို့ကို အလုပ်ကပြုတ်အောင်လုပ်ပစ်လိုက်ရင်မခက်ပါလား''

''ဘာဆိုင်လို့လည်း ဦးလေးရယ်၊ ကိုယ်က ကောင်းစေချင်လို့ တိုင်တာတောတာပဲ၊ ဆရာကြီးတို့ကလည်း နားလည်မှာပါ၊ ဒါလောက် သဘောထားမသေးလောက်ပါဘူး''

''နီးရာဓားကိုကြောက်ရတယ်ကွဲ့၊ မိဘဆိုတာ သားသမီးကို ထိပ်ဆုံးကထားတာ၊ ရာဇာက ဦးလေးကိုမကြိုက်ပါဘူးတစ်ချက်ပြောလိုက် ရုံနဲ့ ဦးလေးအလုပ်လက်မဲ့ဖြစ်သွားမယ်လေ၊ သူတို့လည်း ကိုယ့်သားသမီး အကြောင်း သူတို့ဘာသာသိပစေပေါ့၊ ဦးလေးတော့ ကြားမဝင်ရဲဘူး၊ မင်းလည်း ဒီလိုကိစ္စမျိုးမှာ ဘယ်တော့မှကြားဝင်မပါနဲ့၊ ကိုယ်က သူတို့ ရဲ့အခိုင်းအစေကွဲ့၊ အနေသာကြီး''

ဦးဘဇံစကားများကို မိုးမြင့်သော်တာ လက်မခံပါ။ အလုပ်ရှင် ရဲ့အကျိုးစီးပွားထိခိုက်မှာကို တားဆီးဖို့၊ သတိပေးဖို့ အလုပ်သမားမှာ လည်း တာဝန်ရှိသည်မဟုတ်ပါလား။

ဦးဘဇံကိုတော့ ဘာမျှပြန်မပြောဖြစ်ပေ။ ရာဇာမူးယစ်ဆေး သုံးနေတာသိလိုက်ရလို့ မိုးမြင့်သော်တာစိတ်ထဲမှာ မကောင်းနိုင်ပဲဖြစ် သွားရလေ၏။

♛♛♛♛♛

## ( ၁၅ )

သည်ကြားထဲတွင် မိုးမြင့်သော်တာ၏အိပ်မက်မှာလည်း နေ့စဉ် ရက်ဆက် မက်လျှက်ရှိပါသည်။

အိပ်မက်များထဲတွင် အမေအသွင်သဏ္ဌာန်ဆောင်ယူထားသော မိန်းမက သူ့ကို နို့ချိုတိုက်ကျွေးနေပုံ၊ ချီပိုးထိန်းကျောင်းနေပုံ၊ ချော့မြှူနေပုံ၊ တေးဆိုချော့သိပ်နေပုံများကို တစ်နေ့တစ်မျိုး စီကာစဉ်ကာ မက်နေတတ် ပေ၏။

သည်အိမ်ကိုရောက်ပါမှ ထိုဆင်တူအိပ်မက်များကို နေ့စဉ်လို ထပ်ကာထပ်ကာမက်နေခြင်းအပေါ် မိုးမြင့်သော်တာ နားမလည်နိုင်တော့ ပါပေ။

အိပ်မက်မှလန့်နိုးသည့်အခါတိုင်းတွင်လည်း သူ့အိပ်ရာနံဘေး တွင် အိပ်မက်ထဲကမိန်းမပုံရိပ်ကို မြင်ရတတ်ပြန်သည်။ အိပ်မက်ထဲက မိန်းမသဏ္ဌာန်သည် အိပ်ရာမှနိုးလာသည့်အခါတိုင်း သူ့ဘေး၌ရှိနေတတ် ပေသည်။ သူလုံးလုံးနိုးထလာမှပင် အရိပ်သဏ္ဌာန်မှာ ပျောက်ကွယ်သွား တတ်သည်။

မိုးမြင့်သော်တာသည် အိပ်မက်ထဲကပုံရိပ်နှင့် အပြင်တွင်မြင်ရ သောပုံရိပ်တို့ ထပ်တူရှိနေခြင်းကို နားမလည်နိုင်အောင်ဖြစ်မိသည်။

သူကပဲ စိတ်ထင်ယောင်ထင်မှားဖြစ်နေတာလား။

အိပ်မက်မှလန့်အနိုးတွင်မြင်ရသောမိန်းမသဏ္ဌာန်မှာ ဤအခန်း တွင်သေသွားပြီး ချောက်လှန့်နေသောဝိညာဉ်ပုံရိပ်ပေလား။ စဉ်းစားရခက် လှပေသည်။

မိုးမြင့်သော်တာက ဦးချစ်ဆွေကို မေးမြန်းကြည့်ခဲ့သည်။

''ကျွန်တော်နေတဲ့အခန်းထဲမှာသေသွားတဲ့ အိမ်ဖော်မလေးဆို တာ ဘယ်လိုပုံစံလဲအဘ၊ သူ ဘာဖြစ်လို့သေသွားရတာလဲဟင်''

''အိမ်ဖော်မိန်းကလေးတစ်ယောက်ပါပဲ၊ ခပ်ချောချောမိန်းက လေးတစ်ယောက်ပေါ့ကွယ်၊ အဘသိရသလောက်တော့ သူ့မှာ နေထိုင် မကောင်းဖြစ်တော့ ပြန်စရာမရှိဘူးလို့သိရတယ်၊ ဒါနဲ့ပဲ... မပြည့်တို့က အဲဒီအခန်းလေးထဲမှာထားပြီးဆေးကုပေးနေတာတဲ့၊ အဘနဲ့ကြာကြာမဆုံ လိုက်ရပါဘူး၊ အဘရောက်ပြီး နှစ်လသုံးလလောက်ပဲရှိဦးမယ်၊ သူဆုံး သွားတာပဲ''

"ဆုံးခါစက ခြောက်တယ်လှုန့်တယ်ဆိုတာရော အဘကိုယ်တိုင် ကြုံဖူးသလား"

"အဘတော့ အခြောက်မခံရဘူးပါဘူး။ ကိုတာဖံတို့ မဒွေးမြင့် တို့ရှေ့က နေသွားတဲ့ဒရိုင်ဘာလင်မယားကတော့ ညညဆို အဲဒီအခန်း ထဲက အသံတွေကြားရတယ်၊ အခန်းရှေ့မှာ သေသွားတဲ့မိန်းကလေး... မလေးနွယ်တဲ့ကွဲ့၊ သူ့နာမည်က၊ အဲ... မလေးနွယ် အခန်းရှေ့မှာလမ်း လျှောက်နေတာမြင်ရတယ်လို့ပြောကြတာပဲ"

"အဲဒါဟုတ်နိုင်သလားအဘ"

"ဟုတ်ချင်လည်းဟုတ်မှာပေါ့၊ စိတ်အစွဲအလမ်းကြီးလွန်းရင် လည်း သေတဲ့သူရဲ့ဝိညာဉ်ဟာ ကျွတ်ချင်မှကျွတ်တာကလားကွယ်"

"အဘကိုတော့ မခြောက်တာ ဆန်းတယ်နော်"

"အဘက ပုတီးသမားကို၊ အဲဒါကြောင့် မမြင်မတွေ့ရတာလဲ ဖြစ်မှာပါ၊ ဟိုလူတွေအပြောအရတော့ မလေးနွယ်က သူတို့ကို တမင် သက်သက်ခြောက်တာတော့မဟုတ်ဘူးကွဲ့၊ မလေးနွယ်က ကြောက်လန့် အောင် ခြောက်တာမဟုတ်ဘူး၊ သူတို့ဟာသူတို့ ကံနိမ့်လို့ အရိပ်အယောင် မြင်ရတာမျိုးလောက်ပါ"

"သေသွားတဲ့မလေးနွယ်ပုံစံက ဘယ်လိုများလဲအဘ"

"မောင်မိုးမြင့်မေးပုံက ဆန်းလိုက်တာ၊ ဘာလဲ၊ မင်း အခြောက် ခံရလို့လား မောင်မိုးမြင့်"

မိုးမြင့်သော်တာက သက်ပြင်းချလိုက်သည်။

"အပြောရခက်သားပဲအဘရယ်၊ ကျွန်တော့်အိပ်မက်တွေနဲ့ ရောနေတယ်၊ အိပ်မက်ကလန့်အနိုးမှာ မိန်းမတစ်ယောက်ပုံသဏ္ဌာန်ကို မြင်ရသလိုပဲ"

"ဘယ်လိုပုံသဏ္ဌာန်မျိုးများလဲကွဲ့၊ ပြောပါဦး"

"မျက်နှာကိုကောင်းကောင်းမမြင်ရဘူးအဘ၊ ဆံပင်ဖားလျား ချထားတော့ ဆံပင်နဲ့မျက်နှာကိုကွယ်နေတယ်၊ အသက်ကတော့ သုံးဆယ် ပတ်ဝန်းကျင်ပဲ"

"အေးလေ... စိတ်ထင်ယောင်ထင်မှားဖြစ်တာလဲဖြစ်နိုင်တယ်၊ မလေးနွယ်ကိုယ်တိုင်ပဲ မကျွတ်လွတ်သေးတာလဲ ဖြစ်နိုင်တာပဲလေ၊ ဒါပေမယ့်... မကြောက်ပါနဲ့လေ၊ မင်းကို အန္တရာယ်ပြုမယ့်အရိပ်အယောင် မျိုး ပြတာရှိသလား"

"မရှိပါဘူးအဘ"

"ဘုရားရှိခိုးပြီးအိပ်ပါကွယ်၊ ဘုရားရှိခိုးပြီးရင် မလေးနွယ် ကို ရည်စူးပြီး အမျှအတန်းလေးဝေလိုက်ပါ၊ အဘလည်း ညတိုင်း မေတ္တာ ပို့ပေးနေပါတယ်၊ အစွဲအလမ်း မထားပါနဲ့"

"ဟုတ်ကဲ့အဘ၊ ဒီပုံအတိုင်းဆို သေသွားတဲ့မလေးနွယ်ကို အဘ သိပ်ပြီးရင်းရင်းနှီးနှီးမသိလိုက်ဘူးပေါ့"

"မသိလိုက်ပါဘူးကွယ်၊ အဘက ဆရာဦးနေလရဲ့လက်ရင်း တပည့်လေ၊ အင်းစိန်ဖက်က ဆန်စက်မှာ နေရတာပေါ့၊ ဦးနေလဆုံးပြီး တော့ မပြည့်တို့က ဆီစက်ဆန်စက်တွေကို ဆက်မလုပ်တော့ဘူး၊ ရောင်း ပစ်လိုက်တယ်၊ အဘကိုလည်း ဒီခြံထဲခေါ်ထားလိုက်လို့ ရောက်လာရ တာမောင်မိုးမြင့်ရဲ့၊ မလေးနွယ်က အဘရောက်ပြီးမကြာခင်ဆုံးတော့ မရင်းနှီးလိုက်ကြပါဘူး၊ မလေးနွယ်ကဆို မမာနေတာဆိုတော့ အဘကို သိတောင်သိလိုက်မှာမဟုတ်ပါဘူးကွယ်"

ဦးချစ်ဆွေက သူ့အကြောင်းများကိုဆက်ပြောပြနေသည်။ ဇနီး ဖြစ်သူဆုံးပါးသွားပြီး သားတစ်ယောက်နှင့် နောက်အိမ်ထောင်မပြုပဲနေ ခဲ့ပုံ၊ သားဖြစ်သူအရွယ်ရောက်သည့်အခါ ရွှေတောသွားအလုပ်လုပ်ရင်း မှ ဟိုမှာပဲအိမ်ထောင်ကျကာ အခြေချနေပုံ၊ အသက်ကြီးလာလျှင် သား နောက်ကိုလိုက်နေရန်ဆုံးဖြတ်ထားပုံများကို ပြောပြနေလေသည်။

♛♛♛♛♛

( ၁၆ )

နေမင်းရာဇာသည် စိတ်ကြွဆေးများကို နေ့စဉ်သုံးစွဲနေမြဲပင်။ မိုးမြင့်သော်တာအဖို့ နေမင်းရာဇာကိုကြည့်ကာ စိတ်မသက်မသာဖြစ်ခဲ့ရသည်။

စိတ်ကြွဆေးသုံးစွဲသည်မှာ နေမင်းရာဇာတစ်ယောက်တည်း မဟုတ်။ နေမင်းရာဇာ၏သူငယ်ချင်းအပေါင်းအသင်းများလည်း ပါသည်။ တစ်ခါတစ်ရံတွင် ကျူရှင်မှအပြန်တွင် နေမင်းရာဇာမောင်းပို့ခိုင်းသည့်နေရာများကို မိုးမြင့်သော်တာလိုက်ပို့ရသည်။

နေမင်းရာဇာ သူ့သူငယ်ချင်းများနှင့်ဆုံတွေ့ကာ စိတ်ကြွဆေးပြားများ အလဲအလှယ်အပေးအယူလုပ်သည်ကို မိုးမြင့်သော်တာမြင်တွေ့နေရသည်။

မိုးမြင့်သော်တာအဖို့ နေမင်းရာဇာမူးယစ်ဆေးသုံးနေတာကို မြင်တွေ့နေရပါလျှက် သည်အတိုင်း ကြည့်နေသင့်သလား။ သူ့မိဘများ ကို အသိပေးသင့်သလား။ တကယ်တော့ မိုးမြင့်သော်တာအတွက် နေမင်းရာဇာသည် အလုပ်ရှင်၏သားအဖြစ်သာ မဟုတ်ပေ။ နေမင်းရာဇာသည် သူ့ညီလေးဖြစ်ပါသည်။

တစ်နေ့တွင်... မိုးမြင့်သော်တာ အရဲစွန့်ကာ ပြောမိသည်။

''ရာဇာ... ရာဇာသောက်နေတဲ့ဆေးတွေက ဘာတွေလဲ''

''ဆေး... နိဗ္ဗာန်ရောက်တဲ့ဆေးဗျ။ ဘာလဲ... ကိုမိုးမြင့် သုံးကြည့်ချင်လို့လား''

''မဟုတ်ပါဘူးရာဇာ၊ အဲဒါ... စိတ်ကြွဆေးမဟုတ်လား၊ စိတ်ကြွဆေးဆိုတာ မူးယစ်ဆေးပဲရာဇာ၊ မင်းမသုံးသင့်ဘူး''

နေမင်းရာဇာက အဟက်...ကနဲတစ်ချက်ရယ်ကာ ကားနောက်ခန်းမှနေ၍ မိုးမြင့်သော်တာကို မျက်လုံးမှေးစင်း၍လှောင်သလိုကြည့် သည်။ မိုးမြင့်သော်တာ နောက်ကြည့်မှန်မှတစ်ဆင့်မြင်နေရ၏။

''အရေးထဲ... တရားဟောဆရာနဲ့လာတွေ့နေပြန်ပြီထင်တယ်၊ နေစမ်းပါဗျာ၊ ဒီမှာ... ကိုယ်ဟာကိုယ် ငြိမ့်နေတာ၊ ဖီးလ်ပျက်တယ်''

နေမင်းရာဇာက ပြောပြီးပြန်မှိန်းသွားသည်။

ခဏချင်းပင်... မျက်လုံးပြန်ဖွင့်ကာ မိုးမြင့်သော်တာကို ပြောလိုက်လေသည်။

''ဟေ့လူ... ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး၊ ခင်ဗျား ဒီအလုပ်မှာမြဲချင်ရင် အေးအေးဆေးဆေးနေနော်၊ ဒက်ဒီနဲ့မာမီကို သွားပြောဖို့တော့ စိတ်မကူးနဲ့၊ အိမ်ကနေ အမြန်ညောင်းသွားရလိမ့်မယ်''

နေမင်းရာဇာက ချိန်းခြောက်လိုက်လေသည်။

ငါ ဒီအိမ်ကနေ မသွားပါရစေနဲ့ဦးညီလေးရယ်၊ ငါဟာ မင်းရဲ့အစ်ကိုတစ်ယောက်ဆိုတာ အမေလက်မခံသေးသမျှ ငါ ဒီအိမ်မှာနေရပါဦးမယ်။ ဒါပေမယ့်... မင်းဆေးစွဲနေတာကိုတော့ မင်းမိဘတွေသိအောင်ပြောရမယ့်တာဝန် ငါ့မှာရှိနေတယ်။ တာဝန်တစ်မျိုးတည်းကြောင့် မဟုတ်ပါဘူးလေ။ မင်းဟာ ငါ့ညီလေး။ ငါ့ညီလေး မူးယစ်ဆေးနဲ့ ရေတိမ်နစ်ရမယ့်အဖြစ်ကို အစ်ကိုကြည့်မနေနိုင်ဘူးကွာ။

မိုးမြင့်သော်တာက ဆေးဖြင့်မှိန်းနေသော နေမင်းရာဇာကို ကြည့်ရင်းသက်ပြင်းချလိုက်မိလေသည်။

\+ + + + +

ထိုအကြောင်းကို ဦးဘဖံနှင့်တိုင်ပင်ကြည့်တော့ ဦးဘဖံက မပြောဖို့တားမြစ်သည်။ ယခင်ကလည်း ဦးဘဖံတားခဲ့ဖူးသည်ပင်။ ဦးဘဖံက နေမင်းရာဇာမကြိုက်လို့ ဒရိုင်ဘာကိုအလုပ်ဖြုတ်ပစ်လိုက်လျှင် ကိုယ်ပင်နစ်နာမည်စိုး၍ မပြောဖို့တားခြင်းဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ထိုအတိုင်းလက်ခံကျင့်သုံးခဲ့သည်ပင်။

မိုးမြင့်သော်တာက ဦးချစ်ဆွေနှင့်တိုင်ပင်ကြည့်ပြန်သည်။

ဦးချစ်ဆွေကတော့ တရားသမားပီပီ ချင့်ချင့်ချိန်ချိန်နှင့်ပြော သည်။

''ကာလဒေသကိုကြည့်ပြီး ပြောသင့်တဲ့အချိန်ရောက်မှပြောပေါ့ကွယ်၊ ကိုဘဖံရဲ့အတွေးအခေါ်ဟာလည်း မမှားပါဘူး၊ ဘယ်မိဘမဆို သားသမီးကိုအပြစ်မြင်တာက နောက်၊ သားသမီးကိုချစ်တဲ့အချစ်က ဖုံးနေတတ်တာကလား၊ ပြီးတော့... သူတို့စိတ်ကြည်တဲ့အချိန်မှာပြောတတ်ဖို့လိုသေးတယ်ကွဲ့၊ ဆရာကြီးရော မပြည့်ရော သိပ်ပြီးအလုပ်များကြတယ်၊ အလုပ်များပြီး စိတ်ထွေနေတဲ့အချိန်မှာ သားသမီးသတင်းဆိုးကြားရင် ပေါက်ကွဲကုန်လိမ့်မယ်၊ ဒီတော့ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြောပေါ့၊ ပြောသင့်တာကတော့ အမှန်ပါပဲလေ''

ဦးချစ်ဆွေစကားအတိုင်း ပြောရမယ့်အချိန်ကို မိုးမြင့်သော်တာ စောင့်ဆိုင်းနေခဲ့ပါသည်။

တစ်နေ့တွင်... မိုးမြင့်သော်တာ ကားကို မနက်အတွက် ဆီဖြည့်နေစဉ် ဒေါက်တာခင်လပြည့်ဝန်းပြန်ရောက်လာသည်။ သည်နေ့ အပြန်စောခြင်းဖြစ်သည်။

မိုးမြင့်သော်တာ အလုပ်ပြီးလို့ ဂိုဒေါင်ထဲမှထွက်လာချိန်တွင် ဒေါက်တာခင်လပြည့်ဝန်းကား ပြန်ရောက်လာခြင်းဖြစ်၏။ ဦးဘဇံက ဒေါက်တာခင်လပြည့်ဝန်းကို ပေါ်တီကိုအောက်တွင် ချထားပေးခဲ့ကာ ကားကို ဂိုဒေါင်ထဲသွားသိမ်းနေသည်။

မိုးမြင့်သော်တာက ဒေါက်တာခင်လပြည့်ဝန်းအိမ်ထဲမဝင်မီ အိမ်အဝသို့ရောက်အောင်သွားလိုက်သည်။

ထိုအချိန်တွင် နေမင်းရာဇာ အိပ်ရင်လည်း အိပ်နေလောက်ပြီ။ သူ့အခန်းထဲမှာပဲ ရှိနေပါလိမ့်မည်။ မိုးမြင့်သော်တာက လူရှင်းချိန်တွင် ဒေါက်တာခင်လပြည့်ဝန်းကိုပြောရန်သင့်တော်ပြီဟုယူဆမိသည်။

ဒေါက်တာခင်လပြည့်ဝန်းက အနီးကိုရောက်လာသော မိုးမြင့်သော်တာ၏ထူးခြားသောဟန်ကို ဂရုပြုမိပုံရပေသည်။

''မိုးမြင့်သော်တာပါလား၊ မပြည့်ကို ပြောစရာရှိလို့လား''

ဒေါက်တာခင်လပြည့်ဝန်းက မေးလိုက်သည်။

''ဟုတ်ကဲ့မမပြည့်၊ ကျွန်တော် ရာဇာ့အကြောင်း နည်းနည်း ပါးပါး အသိပေးချင်လို့ပါ''

''သြော်... ဒါဖြင့် စာကြည့်ခန်းထဲလိုက်ခဲ့လေ''

ဒေါက်တာခင်လပြည့်ဝန်းက မိုးမြင့်သော်တာကို စာကြည့်ခန်းထဲခေါ်သွားသည်။

မိုးမြင့်သော်တာသည် နောက်မှလိုက်သွားရင်း ဆွဲကြိုးလေးကို သတိတရ အင်္ကျီအပြင်ဖက်သို့ ထုတ်ဆွဲလိုက်၏။

''ထိုင်– မိုးမြင့်သော်တာ''

ဒေါက်တာခင်လပြည့်ဝန်းက ကုလားထိုင်ကိုလက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။ သူမကိုယ်တိုင်လည်း စားပွဲနောက်မှခုံတွင်ဝင်ထိုင်လိုက်၏။

''သားသားဘာဖြစ်လို့လဲမိုးမြင့်သော်တာ''

မိုးမြင့်သော်တာက ချက်ချင်းပြောမထွက်သေးပဲ ဒေါက်တာခင်လပြည့်ဝန်းကို ငေးကြည့်နေမိသည်။ သူပြောလိုက်လျှင် အမေစိတ် မချမ်းမသာဖြစ်သွားမည်ကိုစိုးရိမ်ကာ မထွက်ရက်ပဲဖြစ်နေ၏။

''ပြောလေကွယ်''

''ဟို... ဟို... ရာဇာ... ရာဇာ စိတ်ကြွဆေးတွေ သုံးနေလို့ပါ မမပြည့်''

''အို...''

ဒေါက်တာခင်လပြည့်ဝန်း၏ခန္ဓာကိုယ်မှာ မတ်ကနဲဖြစ်သွားလေသည်။

ခဏနေမှ သက်ပြင်းကိုချရင်း...

''ဘယ်လောက်ကြာပြီလဲမိုးမြင့်သော်တာ''

''ကျွန်တော် သူ့ကားကိုမောင်းကတည်းက သတိထားမိပါတယ်''

''ဟင်...''

''သူသုံးတဲ့ဆေးက (......)ဆိုတဲ့စိတ်ကြွဆေးပါမမပြည့်''

''ဒါ... မူးယစ်ဆေးပဲ''

''ကျွန်တော်ပြောတာကို ရာဇာမသိစေချင်ပါဘူး၊ ရာဇာက သူမကြိုက်ရင် အလုပ်ဖြုတ်ပစ်လို့ရတယ်တဲ့''

''အို... မစိုးရိမ်ပါနဲ့လေ၊ ဒီကိစ္စကို မမ ရအောင်ကိုင်တွယ် ပါ့မယ်၊ မင်းပြောတာလည်း မသိစေရပါဘူး၊ ကျေးဇူးတင်တယ်ကွယ်၊ မင်းအလုပ်မပြုတ်စေရပါဘူးမိုးမြင့်သော်တာ''

''ကျွန်တော်... ကျွန်တော်... ကျွန်တော်အလုပ်ပြုတ်လို့ မဖြစ်တာက...''

မိုးမြင့်သော်တာက အခွင့်အရေးရတုန်း ဒေါက်တာခင်လပြည့် ဝန်းကို စကားထည့်ရန် အကြံရလိုက်သည်။

''ကျွန်တော်အလုပ်ပြုတ်လို့ မဖြစ်သေးပါဘူး၊ ရွာမှာကျန်ခဲ့တဲ့ ကျွန်တော့်အမေက ကျွန်တော်ပို့ပေးတဲ့ငွေလေးနဲ့ ဆေးကုနေရတာပါ မမပြည့်၊ နတ်သံကွင်းရွာက ကျွန်တော့်ကိုမွေးစားထားတဲ့အမေ ဒေါ်ယဉ်ရွှေဟာ ကျန်းမာရေးမကောင်းပါဘူး၊ မွေးစားအမေကြီးကို မထောက်ပံ့နိုင်မှာစိုးလို့ ကျွန်တော်အလုပ်ပြုတ်လို့ မဖြစ်သေးပါဘူး မမပြည့်''

မိုးမြင့်သော်တာက ရွာအမည်၊ အမေမယဉ်ရွှေအမည်များ မပါ၊ ပါအောင် တမင်ထည့်ပြောလိုက်ခြင်းဖြစ်ပါသည်။

သို့သော်... ဒေါက်တာခင်လပြည့်ဝန်းသည် သူ့သားငယ် အတွက် စိတ်လှုပ်ရှားနေလို့ပဲထင်သည်။ မိုးမြင့်သော်တာစကားများကို အမှုထားမိဟန်မတူပေ။

“မင်းအလုပ်မပြုတ်စေရပါဘူးကွယ်၊ မင်းပြောလို့သိရတယ်လို့ လည်း မပြည့်မပြောပါဘူး၊ ရာဇာ့ကိုဆီးစစ်ကြည့်ရင် မူးယစ်ဆေးသုံး တာ ပေါ်ပါတယ်၊ သူ့အဖေနဲ့တိုင်ပင်ပြီး မပြည့်တို့ စီစဉ်ရမှာပေါ့၊ အကြမ်းနည်းနဲ့ကိုင်လို့တော့ရမှာမဟုတ်ဘူး၊ အေးကွယ်... ခုလိုပြောပြ တာ မပြည့် မင်းကိုကျေးဇူးတင်ပါတယ်မိုးမြင့်သော်တာ၊ နောင်လည်း ထူးခြားတာရှိရင် မပြည့်ကိုပြောပါဦး၊ ကဲ–ကဲ– သွားနိုင်ပါပြီကွယ်”

ဒါပဲလား။ အမေနဲ့သားနဲ့တွေ့ဆုံပွဲက ဒါလောက်ပဲလားအမေ ရယ်။ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်တွေ့ရပေမယ့်လည်း အမေ့ ဖက်က ဟန်ဆောင်ထားနိုင်တုံးပဲနော်။

မိုးမြင့်သော်တာက မထချင်ထချင်ဖြင့် ခုံပေါ်မှထလိုက်သည်။

သူသည် အမေ့သားဖြစ်ကြောင်း ဒေါက်တာခင်လပြည့်ဝန်းကို ယခုပင်ဖွင့်ပြောလိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

မဖြစ်သေးပါဘူးလေ။ ရာဇာ့အတွက် အမေစိတ်ပင်ပန်းသွား တယ်၊ အမေ့စိတ်ကို ထပ်ပြီး မပင်ပန်းစေချင်တော့ပါဘူး။

မိုးမြင့်သော်တာက အခန်းထဲမှလေးကန်စွာပြန်ထွက်လာခဲ့သည်။

ရင်ထဲမှာတော့ တအုံနွေးနွေးခံစားမှုများဖြင့် တင်းကျပ်ဆို့ပိတ် နေပေ၏။

♛♛♛♛♛



( ၁၇ )

နေလရိပ်သာသို့ မိုးမြင့်သော်တာရောက်ခဲ့သည်မှာ တစ်လကျော် သွားပေပြီ။ နေလဆေးရုံမှာအလုပ်ဝင်ခဲ့ရတဲ့ရက်တွေထည့်ပေါင်းလျှင် ရန်ကုန်ရောက်တာ နှစ်လလောက်ပင်ရှိပေပြီ။

အမေနှင့်တစ်အိမ်တည်း၊ တစ်ခြံတည်းမှာ အတူနေနေရသော် လည်း မိုးမြင့်သော်တာ အဖြစ်မှန်များကိုဖွင့်ပြောခွင့် ယခုထိမကြုံရသေး။

ဒေါက်တာခင်လပြည့်ဝန်းကလည်း ဟန်ဆောင်ကောင်းလွန်းလှ သည်။ ဥပေက္ခာပြုနိုင်လွန်းလှပေသည်။ သူမအနေဖြင့် မိုးမြင့်သော်တာ ကို သူမစွန့်ပစ်ခဲ့သောသားဖြစ်မှန်း သိနိုင်လောက်ပါလျှက် မိုးမြင့်သော် တာအပေါ်ဆက်ဆံရေးက ပြောင်းလဲမသွားခဲ့ပေ။ သာမန်လူအချင်းချင်း ဆက်ဆံသကဲ့သို့သာ မသိချင်ယောင်ဆောင်၍ ဆက်ဆံနေမြဲဖြစ်ပေသည်။

မိုးမြင့်သော်တာသည် အမေဒေါ်ယဉ်ရွှေကို ဒီအိမ်အထိ အလည် ခေါ်ပြီး ဒေါက်တာခင်လပြည့်ဝန်းနှင့်ဆုံပေးချင်စိတ်ပင် တစ်ခါတစ်ရံ ပေါက်လာမိလေ၏။ ဒါပေမယ့်... မဖြစ်သေးပါဘူးလေ။ ဒေါ်ယဉ်ရွှေနှင့်ဆုံ တွေ့လိုက်လျှင် ဒေါက်တာခင်လပြည့်ဝန်း၏ဟန်ဆောင်မှုများ ပေါက်ကွဲ သွားကောင်းသွားနိုင်ပါသည်။

မိုးမြင့်သော်တာအလိုရှိတာက ဒီလိုအဖြစ်မျိုးမဟုတ်။ ဒေါက်တာ ခင်လပြည့်ဝန်းကိုယ်တိုင်က မိုးမြင့်သော်တာကို သူမ၏သားအဖြစ် လက်ခံ စေလိုခြင်းသာဖြစ်ပါသည်။ လူမသိသူမသိ တိုးတိုးတိတ်တိတ်ဖြစ်စေ “သား”လို့တစ်ခွန်းခေါ်ပြီး အသိအမှတ်ပြုလိုက်လျှင်ပင် မိုးမြင့်သော်တာ ကြေနပ်ပါပြီ။

ခုတော့... အမေသည် ဟန်ဆောင်ကောင်းလွန်းလှချေလား။

မိုးမြင့်သော်တာဖွင့်ပြောဖို့အကွက်ချောင်းနေသော်လည်း အခွင့် အရေးက ပေါ်မလာခဲ့ပါ။

မကြာပွင့်ကလည်း အခြေအနေမထူးလျှင် ပြန်လာရန် နောက် ထပ်စာတစ်စောင်ရေးလိုက်ပြန်သည်။ မကြာပွင့် တောင်ညိုရွာလေးတွင် ကျောင်းဆရာမလုပ်နေတာ အဆင်ပြေသည်ဟု စာထဲတွင်ထည့်ရေးထား သည်။

ရွာက အစအစအရာရာဂရုစိုက်ပါတယ်။ သူတို့ရွာ မှာ ကလေးတွေကိုစာလာသင်ပေးလို့ နေရာတိုင်းမှာလည်း ဦးစားပေးကြရှာပါတယ်။ ရွာကျောင်းလေးက မူလတန်းကျောင်းအဆင့်ဆိုပေမယ့် ကျောင်းသားကများတယ် ကိုမိုး၊ အနီးပတ်ဝန်းကျင်ရွာလေးတွေက လာတက်တဲ့ ကျောင်းသားတွေလည်း ရှိတာကိုး။ ဆရာဆိုလို့ ရွာမှာအိမ်ထောင်ကျပြီးအခြေချနေတဲ့ ဆရာမကြီးရယ် ငါရယ်ပဲ ရှိတာယ်။ ဆရာမကြီးကလည်း အသက်ဇဝပြည့်လို့ ပင်စင် ယူခါနီးပြီ။ ကျောင်းမှာ နောက်ထပ်ဆရာလိုနေသေးတယ် ကိုမိုး။ နင်လာနိုင်ရင် သိပ်ကောင်းမှာပဲဟယ်...

မကြာပွင့်က သူ့ကိုပြန်လာဖို့ချည်း ပြောနေသည်။

တကယ်တော့လည်း... ကြာပွင့် ရွာမှမရှိတော့၍ အမေနှင့်ဆက်သွယ်ရတာပါ ခက်နေရပါပြီ။ အမေပြောချင်မှာချင်တဲ့စကားများကို မကြာပွင့်က စာထဲမှာထည့်ရေးပြီးပြောနေကျဖြစ်သည်။ မကြာပွင့်အဝေးကိုရောက်နေတော့ စာရေးပေးမယ့်လူမရှိလို့ အမေ့ဆီက သတင်းတွေလည်း မရတော့ပေ။ မကြာပွင့် တစ်လတစ်ခါ မြို့နယ်ပညာရေးမှူးရုံးမှာ လခလာထုတ်မှသာ ရွာကို ခဏပြန်ရောက်တော့သည်။ မြို့တက်လာမှသာ သူ့ဆီစာရေးနိုင်ခြင်းဖြစ်၏။

ပြီးတော့... မကြာပွင့်မရှိတော့ အမေ့အတွက် အနီးကပ်အဖော်မရှိတော့ပေ။ အမေ့အနားမှာ ဘယ်သူမှမရှိတော့။ တကယ်တော့... မကြာပွင့်ပြောသလို သူ ရွာပြန်သင့်ပါသည်။ အမေ့အနားမှာနေဖို့သင့် ပါသည်။

ဒေါက်တာခင်လပြည့်ဝန်းကို ဖွင့်ပြောဖို့ ဘယ်တော့များမှ အခြေအနေပေးလာမှာပါလိမ့်။

♛♛♛♛♛

( ၁၈ )

ဖွင့်ပြောဖို့ အခြေအနေပေးလာတော့လည်း မမျှော်လင့်မထင်မှတ်တဲ့အချိန်မှာ ဖြစ်လာခဲ့သည်။

ဒေါက်တာခင်လပြည့်ဝန်းကို ပြောပြပြီးသည့်နောက်ပိုင်းတွင် နေမင်းရာဇာ ဆေးသုံးသည်ကို မတွေ့ရတော့ပါ။ နေမင်းရာဇာ၏လွယ်အိတ်ထဲတွင် စိတ်ကြွဆေးများ ပါမလာတော့ပေ။

''ပြဿနာပဲဗျာ၊ ကျွန်တော်ဆေးသုံးတာကို ဘွားတော်ကြီး ဘယ်လိုသိသွားတယ်မသိဘူး''

နေမင်းရာဇာက သူ့အကြောင်းတွေ သူ့မိခင်သိသွားတာကို မိုးမြင့်သော်တာတိုင်ပြောမှန်း ရိပ်မိဟန်မတူ။ မိုးမြင့်သော်တာကို ပုံမှန်အနေအထားအတိုင်းပင် ဆက်ဆံနေသည်။ မိုးမြင့်သော်တာကိုပင် ရင်ဖွင့်နေသေးသည်။

''ကျွန်တော့်ကို ဆီးစစ်ကြည့်တော့ ဆေးသုံးတာသိသွားတယ်၊ ကျွန်တော့်လွယ်အိတ်ကိုလည်း ဘွားတော်က နေ့တိုင်းစစ်နေတယ်၊ ဘီရိုတွေ အံဆွဲတွေတောင်မကျန်ဘူးဗျာ၊ ကျွန်တော့်မှာ သောက်စရာဆေးကို မရှိတော့ဘူး၊ ပြဿနာပဲ''

''ဆေးမသောက်ရတော့ ဘာဖြစ်လဲရာဇာရယ်၊ သောက်ရင်သာ လူကိုအန္တရာယ်ဖြစ်စေတာပါ၊ မသောက်ပဲနေလို့ရတော့လည်း ကောင်းတာပေါ့ကွာ''

နေမင်းရာဇာက မိုးမြင့်သော်တာကို အတန်ကြာမျက်လုံးပြူးကြည့်နေသည်။

''ခင်ဗျားနားမလည်ပါဘူးဗျာ''

ထိုင်ခုံနောက်မှီပေါ်မှီထိုင်ချလိုက်ပြီးမှ နေမင်းရာဇာက ဆတ်ကနဲပြန်မတ်လာကာ မိုးမြင့်သော်တာကို မေးလိုက်သည်။

''နေပါဦး၊ ဘွားတော်ကို ခင်ဗျားပြောလိုက်တာလား''

''မဟုတ်– မဟုတ်ပါဘူးရာဇာ၊ ကိုယ်ပြောတာမဟုတ်ပါဘူး''

''ဦးဘဖုံကြီးများပြောလိုက်သလားမသိဘူး''

''ဦးဘဖုံကိုလည်း တစ်မျိုးမထင်ပါနဲ့ရာဇာ၊ သူမပြောရပါဘူး၊ ကိုယ့်ကိုတောင် ဒီအကြောင်းမပြောဖို့ ဦးဘဖုံက သတိပေးဖူးပါသေးတယ်''

နေမင်းရာဇာတွေသွားသည်။ သူဆေးသုံးတာ သိသွားရခြင်း မှာ ဆီးစစ်လို့ပဲ အမှတ်မထင်သိသွားခြင်းလား၊ တစ်ယောက်ယောက်က တိုင်ပြောလို့လားဆိုတာ ဇဝေဇဝါဖြစ်နေပုံရပေသည်။

''ကိုမိုးမြင့် ရှေ့လမ်းချိုးကျရင် ညာဖက်ကိုချိုးလိုက်ဗျာ၊ အဲဒီ မှာ ကျွန်တော့်သူငယ်ချင်းတွေစောင့်နေကြတယ်''

''ဟင်–''

''ရှေ့နားက လမ်းကြားလေးမှာ၊ ညာဖက်ကိုချိုးရမယ်''

အချိန်မှာ နောက်ဆုံးကျူရှင်ဆင်းပြီးသော ညပိုင်းအချိန်ဖြစ် ပါသည်။

နေမင်းရာဇာချိုးခိုင်းသောလမ်းကျဉ်းလေးမှာ မှောင်မည်းနေ သည်။ ထိုလမ်းကျဉ်းလေးမှာ ယခင်က ကျူးကျော်တဲများဆောက်လုပ် နေထိုင်သည့်ဆင်းရဲသားရပ်ကွက်တစ်ခုသို့ ဝင်ရာလမ်းဖြစ်သည်။ ယခု အခါ ကျူးကျော်နေထိုင်သူများကိုဖယ်ရှားပြီး မြေကွက်အသစ်များရိုက်၍ လူနေရပ်ကွက်အဖြစ်ဖော်ထုတ်နေသောနေရာတစ်ခုဖြစ်သည်။ အဆောက် အဦးများဖျက်သိမ်းထားသဖြင့် မြေကွက်လပ်ကြီးဖြစ်ကာ တိတ်ဆိတ်သော ပတ်ဝန်းကျင်ကြီးဖြစ်နေသည့်နေရာဖြစ်သည်။

မိုးမြင့်သော်တာသည် နေမင်းရာဇာမောင်းခိုင်း၍သာ မောင်း ဝင်လာရသည်။ ဘာကြောင့်ဆိုတာ မသိသေး။

လမ်းကျဉ်းကလေးကိုခက်ခက်ခဲခဲမောင်းဝင်ခဲ့ပြီး လမ်းအဆုံး ရောက်သည့်တွင် ကားတစ်စီးရပ်ထားသည်ကိုတွေ့လိုက်ရ၏။ ကားဘေး တွင်လည်း လူငယ်လေးငါးယောက်ရပ်နေကြသည်။

''ရပ်တော့ကိုမိုးမြင့်၊ ဟိုကောင်တွေတောင်ရောက်နေပြီ၊ ကားမီး ပိတ်ထားလိုက်ဗျာ''

ရောက်နှင့်နေသောသူငယ်ချင်းများက နေမင်းရာဇာကိုကြိုဆို လိုက်ကြသည်။

''ခင်ဗျားကားပေါ်မှာပဲစောင့်နေနော်''

နေမင်းရာဇာက မိုးမြင့်သော်တာကိုပြောပြီး ကားပေါ်မှခပ်သွက် သွက်ဆင်းသွားသည်။

လူငယ်တစ်စုသည် ကားကိုကွယ်ကာ တစ်စုံတစ်ခုလုပ်နေကြ သည်ကို မိုးမြင့်သော်တာမြင်နေရပေ၏။ သူတို့ဘာတွေလုပ်နေကြပါလိမ့်။



သူတို့သည် ဓာတ်မီးတစ်လက်ဖြင့် လိုသည့်နေရာကိုသာ ကွက် ၍ထိုးကာ တစ်ခုခုလုပ်နေကြခြင်းဖြစ်သည်။

မိုးမြင့်သော်တာက ကားတံခါးကိုအသံမမြည်အောင်ဖွင့်ကာ အောက်သို့ဆင်းလိုက်သည်။

ပြီးတော့... နေမင်းရာဇာတို့အုပ်စုရှိနေသည့် ကားတစ်ဖက်သို့ မြင်ရအောင် အမှောင်ထဲတွင်ကုန်း၍ ခပ်ဖြည်းဖြည်းသွားလိုက်သည်။

တစ်ချက်တစ်ချက် ဓာတ်မီးဖြင့်ထိုးပြနေသောကြောင့် သူတို့ လုပ်ရပ်ကို မိုးမြင့်သော်တာမြင်လိုက်ရပါပြီ။

သူတို့သည် တစ်ယောက်တစ်လှည့် ဆေးထိုးပေးနေကြခြင်းပါ ကလား။ ဆေးထိုးအပ်တစ်ချောင်းတည်းကိုအသုံးပြုကာ လက်ဖျံမှ အကြောထဲကို ဆေးထိုးသွင်းပေးနေခြင်းဖြစ်သည်။

မူးယစ်ဆေးများ အပ်ဖြင့်ထိုးသွင်းနေခြင်းဖြစ်ကြောင်း မိုးမြင့် သော်တာ သဘောပေါက်လိုက်သည်။

မိုးမြင့်သော်တာက တိတ်ဆိတ်စွာပင် ကားဆီသို့ပြန်လာလိုက် သည်။

ကားပေါ်မှာပြန်ထိုင်ရင်း နေမင်းရာဇာအတွက် စိတ်မောသွား မိသည်။ လွတ်လွတ်လပ်လပ် ဆေးမသောက်ရတော့ မူးယစ်ဆေးကို ထိုးဆေးဖြင့် အကြောထဲထိုးသွင်းနေခြင်းပင်ဖြစ်ပါသည်။

ခဏနေတော့... နေမင်းရာဇာပြန်လာသည်။

သူ့ပုံစံက ရီရီဝေဝေ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေသည်။

ကားတံခါးကိုဖွင့်၍ ဝုန်းကနဲ ပစ်ထိုင်ချလိုက်သည်။

''ကဲ– အိမ်ကိုမောင်းတော့''

\+ + + + +

နေမင်းရာဇာ မူးယစ်ဆေးပြတ်မသွားသေးပါ။ တစ်မျိုးပြောင်း ၍ မူးယစ်ဆေးသုံးနေခြင်းကို ဒေါက်တာခင်လပြည့်ဝန်းတို့ သိဦးမည် မဟုတ်ပေ။ မိုးမြင့်သော်တာအနေဖြင့် ဒေါက်တာခင်လပြည့်ဝန်းသိအောင် သတင်းပေးရပေဦးမည်။

မိုးမြင့်သော်တာမပြောချင်ပါ။ သူပြောလို့ သိတာထက် နေမင်း ရာဇာကိုယ်တိုင်အသိတရားဖြင့် ဆေးပြတ်သွားခြင်းကသာ အကောင်းဆုံး ဖြစ်လိမ့်မည်။ မိဘက ဘယ်လိုတားတား ကိုယ်တိုင်အသိတရားမရသေး သမျှ ယခုလိုပဲ ကွယ်ရာတွင် ထင်သလိုလုပ်နေမည်သာဖြစ်သည်။

သူ့မိဘတွေကို အသိမပေးသေးပဲ နေမင်းရာဇာကို ဆုံးမကြည့် ဖို့ မိုးမြင့်သော်တာဆုံးဖြတ်လိုက်ပါသည်။

\+ + + + +

နောက်တစ်နေ့ညမှာလည်း... နေမင်းရာဇာက မနေ့ကဝင်ခိုင်းသည့် လမ်းချိုးလေးမှာပင် ကွေ့ဝင်ခိုင်းပြန်သည်။

မိုးမြင့်သော်တာက ကားကိုလမ်းကျဉ်းလေးထဲသို့ ဖြည်းညင်းစွာ မောင်းဝင်ရင်းမှ ပြောလိုက်သည်။

''လူမနေတဲ့ လမ်းမှောင်မည်းမည်းကြီးထဲမှာ ဘာလုပ်မလို့လဲ ရာဇာ''

''ကိစ္စရှိလို့ပေါ့ဗျာ''

''ရာဇာ... မင်း အဲဒီကို မသွားပါနဲ့လားကွာ''

''ဘာ–''

''မင်းတို့ ဘာလုပ်တယ်ဆိုတာ အစ်ကိုသိတယ်ညီလေး၊ မလုပ်ပါနဲ့ကွာ၊ မသွားပါနဲ့''

''အောင်မယ်... ခင်ဗျားက...''

''ဟုတ်တယ်၊ မင်းတို့ဘာလုပ်တယ်ဆိုတာ အစ်ကိုမနေ့က ချောင်းကြည့်ပြီးပြီ၊ မင်းတို့ ဆေးထိုးအပ်သုံးပြီး ဆေးချနေကြတာမဟုတ်လား''

''ဟုတ်တယ်... ကျုပ်တို့ ဒုတ်တင်နေတာ၊ အဲဒါ ဘာဖြစ်လဲ''

နေမင်းရာဇာက အထာစကားဖြင့်ပြန်ပြောလိုက်သည်။

တုတ်(ဒုတ်)တင်တယ်ဆိုတာ ဆေးထိုးအပ်ဖြင့် မူးယစ်ဆေးဝါး အကြောထဲထိုးသွင်းတာကို အထာစကားဖြင့်ပြောခြင်းဖြစ်ပါသည်။

မိုးမြင့်သော်တာက မသွားရန်တားမြစ်ရင်းမှပင် ခပ်ဖြည်းဖြည်း မောင်းလာခဲ့ရာ လမ်းကြားထိပ်သို့ ရောက်လာခဲ့ပါပြီ။

မိုးမြင့်သော်တာက ကားကိုရပ်လိုက်သည်။

''မသွားပါနဲ့ညီလေးရာ အစ်ကိုမင်းကိုတောင်းပန်ပါတယ်၊ ဒါတွေ မင်းမိဘတွေသိရင်လည်း စိတ်ကောင်းမှာမဟုတ်ဘူး''

''ဟာ– ပြဿနာပါလား၊ ဘယ်လိုလူနဲ့လာတွေ့နေပါလိမ့်၊ ဘုန်းကြီးလူထွက်ထင်တယ်''

ကားရပ်သော်လည်း ရာဇာဆင်းမလာသည့်အတွက် ရာဇာ့ သူငယ်ချင်းများက ကားနားသို့ရောက်လာလေသည်။

''ဟေ့ကောင်ရာဇာ၊ လာလေကွာ၊ ဘာလုပ်နေတာလဲ၊ အချိန်မရဘူး''

''ဒီမှာကွာ၊ ဓမ္မာစရိယဆရာကြီးနဲ့တွေ့နေလို့၊ ငါ့ကို ဒုတ်မတင်ပါနဲ့လို့ ဆုံးမနေတယ်၊ ဟားဟားဟား...''

နေမင်းရာဇာက မိုးမြင့်သော်တာကို လှောင်ပြောပြောရင်းမှ ကားပေါ်မှဆင်းလိုက်သည်။

''ဘာလဲကွ၊ အဲဒါ မင်းတို့ဒရိုင်ဘာမဟုတ်လား''

''ဟုတ်တယ်လေ''

''ထွီ– အခိုင်းအစေက အခိုင်းအစေနေရာမနေဘူး''

''အေးကွာ– ငါ့ကိုဆုံးမဩဝါဒတွေပေးနေတယ်''

''ပုံစံပေးထားလိုက်စမ်းကွာ၊ မင်းကလည်း...''

''ညီလေးတို့...''

မိုးမြင့်သော်တာ ကားပေါ်မှဆင်းလိုက်သည်။

''ဘာညီလေးတို့လဲ၊ ခင်ဗျားကြီးက ဘာလဲ၊ ကိုယ့်နေရာကိုယ်နေစမ်းဗျာ''

နေမင်းရာဇာသူငယ်ချင်းတစ်ယောက်က ပြောလိုက်သည်။

''ကိုမိုးမြင့်၊ ခင်ဗျားအေးအေးဆေးဆေးနေနော်၊ ကျုပ်ပြဿနာမဖြစ်ချင်ဘူး၊ မာမီတို့နဲ့လည်း မဖြေရှင်းချင်ဘူး''

နေမင်းရာဇာက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

''ခင်ဗျားအလုပ်မပြုတ်ချင်ရင် အေးအေးဆေးဆေးနေပါ''

''အစ်ကိုအလုပ်ပြုတ်တာ ကိစ္စမရှိပါဘူးရာဇာ၊ မင်းသာ ဒါတွေ မလုပ်ဖို့လိုတယ်၊ လုပ်မယ်ဆိုရင်တော့ အစ်ကို ဆရာကြီးနဲ့မမပြည့်ကို ပြောရတော့မယ်''

''အောင်မယ်– အလာကြီးပါလား၊ ခင်ဗျားက... ဒါဆို မာမီ့ ကို ကျုပ်ဆေးသုံးတဲ့အကြောင်းပြောတာ ခင်ဗျားပဲထင်တယ်''

''ဟုတ်တယ်''

''ဘာ–''

''ရာဇာ... ညီလေး၊ အစ်ကိုက စေတနာနဲ့ပြောတာပါကွာ၊ ညီလေးတို့လည်း ဒါတွေဆက်မလုပ်ပါနဲ့တော့ကွာ၊ ရပ်တန်းကရပ်ကြပါ၊ မင်းတို့အသက်အရွယ်က...''

''တော်စမ်းပါဗျာ၊ ခင်ဗျားက ဘာကောင်မို့လို့ ကျုပ်တို့ကို ဆရာကြီးဝင်လုပ်တာလဲ''

''မင်းတို့ ဒီနေရာမှာဆေးထိုးနေတဲ့အကြောင်းကို ရဲကိုအကြောင်းကြားလိုက်ရင် အားလုံးဒုက္ခရောက်သွားလိမ့်မယ်၊ မိဘတွေလည်း မျက်နှာပျက်ရလိမ့်မယ်၊ ငါနောက်ဆုံးသတိပေးတယ်ကွာ''

ပွဲက မထင်မှတ်ပဲကြမ်းတမ်းလာချေပြီ။

''ဟေ့ကောင်တွေ၊ တော်ကြတော့၊ အချိန်ကုန်တယ်၊ ဒီပွဲကို ငါအဆုံးသတ်ပေးမယ်''

နေမင်းရာဇာက ဝင်ပြောလိုက်သည်။

''ကိုမိုးမြင့်၊ ခင်ဗျားကိုကျုပ်တို့ ကိုယ်ထိလက်ရောက်လည်း မလုပ်ချင်ဘူး၊ ခင်ဗျားကို အလုပ်ထုတ်လိုက်ပြီ၊ ခင်ဗျားထွက်သွားတော့''

''ဘာ–''

''နေဦး၊ ကျုပ်သက်သေပြမယ်''

နေမင်းရာဇာက အင်္ကျီအိတ်ထဲမှ ဟဲန်းဖုန်းကိုထုတ်လိုက်သည်။

ဖုန်းကိုတစ်ချက်နှိပ်ပြီး တစ်ဖက်နှင့်စကားပြောလိုက်သည်။ ဒေါက်တာခင်လပြည့်ဝန်းနှင့်စကားပြောနေခြင်းဖြစ်ပါသည်။

နေမင်းရာဇာပြောစကားများကို အားလုံးက အတိုင်းသားကြားနေရသည်။

''မာမီလား... သားပြောစရာရှိလို့၊ ကိုမိုးမြင့်ပေါ့မာမီ၊ ကားထဲကဓာတ်ဆီတွေထုတ်ရောင်းနေတာ မိလို့မာမီ၊ သားမသင်္ကာလို့ အောင်အောင်တို့ကားနဲ့ နောက်ယောင်ခံပြီးလိုက်ကြည့်တာ၊ ကျူရှင်လမ်းထိပ်က ဆိုင်မှာ ဆီတွေထုတ်ရောင်းနေတယ် မာမီ၊ သားသူ့ကိုအလုပ်ဖြုတ်ပစ် လိုက်ပြီ၊ ဆိုင်ကလည်း နေ့တိုင်း... ဆီထုတ်ရောင်းတယ်လို့ပြောတယ်၊ ကားကို သားဟာသား ပြန်မောင်းလာခဲ့မယ်မာမီ၊ ကိုမိုးမြင့်ကိုတော့ စိတ်ဆိုးဆိုးနဲ့နှင်ထုတ်လိုက်ပြီဗျာ၊ ဒါပဲနော်မာမီ၊ ရပါတယ်၊ စိတ်ချပါ''

နေမင်းရာဇာက ဖုန်းကိုပြန်ပိတ်လိုက်ပြီး

''ကဲ– ကြားတယ်မဟုတ်လားကိုမိုးမြင့်၊ ညောင်းပေတော့''

''မင်း... မင်း...''

''ဟေး... ... ...''

ရာဇာ့သူငယ်ချင်းများက ရာဇာ့လုပ်ရပ်ကို ဩဘာပေးကာ လက်ခုပ်တီးလိုက်ကြ၏။

''ရာဇာ... မင်းညစ်ပတ်လှချည်လား''

''ဟေ့လူ... သောက်စကားရှည်မနေနဲ့၊ သွားတော့''

''ကျုပ်တို့အချိန်ကုန်မခံချင်ဘူးနော်၊ ခင်ဗျားမသွားသေးဘူး လား''

ရာဇာ့သူငယ်ချင်းတစ်ယောက်က လမ်းဘေးမှကျောက်ခဲတစ်လုံးကိုကောက်ယူကာ မိုးမြင့်သော်တာကိုရွယ်ရင်း ပြောလိုက်ပြန်၏။

''အေး–ဟုတ်ပြီ၊ သွားပါမယ်ကွာ၊ ငါ သွားပါမယ်''

မိုးမြင့်သော်တာ သူတို့ရှေ့မှ ထွက်ခွာလာခဲ့ပါသည်။

''ဟေ့ကောင်တွေ၊ ဒီလူ ရဲစခန်းကိုသွားတိုင်မှာစိုးရတယ်ကွ''

''ငါတို့နောက်နေ့ကစပြီး နေရာပြောင်းမယ်ကွာ၊ လောလော ဆယ်တို့ကိစ္စမြန်မြန်ပြီးအောင်လုပ်ကြစို့''

အသံများက မိုးမြင့်သော်တာနောက်တွင် ဝေးကျန်ခဲ့ပြီ။

ငါ မတိုင်ပါဘူး၊ ရဲစခန်းကိုသွားမတိုင်ပါဘူးကွာ။ မိုးမြင့်သော် တာက ကြေကွဲစွာဖြင့် ရင်ထဲမှပြောလိုက်လေသည်။

♛♛♛♛♛

( ၁၉ )

နောက်ဆယ့်ငါးမိနစ်အကြာတွင်... ရာဇာကိုယ်တိုင်မောင်းလာသောကားလေး လမ်းကြားထဲက ထွက်လာသည်။

ရာဇာက ကျွမ်းကျင်စွာပင် ကားကိုမောင်းနှင်ကာ လမ်းကြားထဲမှထွက်လာခြင်းဖြစ်သည်။ သို့သော်... ကားပြေးသည့်အရှိန်က ပြင်းလွန်းလှသည်။ ကားကိုစက်ကုန်ဖွင့်၍ လီဗာကိုတအားကုန်နင်းကာမောင်းထွက်လာခြင်းဖြစ်လေသည်။ ကျဉ်းမြောင်းသောလမ်းကြားလေးထဲမှာပင် အရှိန်ကိုမလျှော့။ လမ်းကြားမှလွန်၍ လမ်းမကြီးပေါ်ကွေ့အတက်တွင်လည်း အရှိန်မထိန်းပဲဝိုက်ကွေ့လိုက်သည်။

ရာဇာ့ကားနောက်မှ သူ့သူငယ်ချင်းများကား ပါလာပြီး လမ်းမကြီး၏ဆန့်ကျင်ဖက်အခြမ်းသို့ မောင်းထွက်သွားသည်။

ရာဇာ ကားကိုကျွမ်းကျင်စွာမောင်းနေပါသည်။ သို့သော်... အရှိန်ပြင်းလွန်းလှသည်။ သူ့အသွင်အပြင်ကလည်း ထိုင်းမှိုင်းလို့နေသည်။ မျက်လုံးများကရီဝေနေသည်။ တစ်ချက်တစ်ချက်ငိုက်သွားသည်။

တစ်နေရာအရောက်တွင် ရှေ့တူရူမှလာသောကားကြီးတစ်စီး၏ မီးရောင်က ရာဇာ့မျက်လုံးထဲသို့ စူးရှစွာဝင်ရောက်လာသည်။ ကားကြီး က သူ့ကားလေးရှိရာသို့ တည့်တည့်ကြီးမောင်းဝင်လာသည်ဟု ရာဇာထင်လိုက်သည်။

ရာဇာက လမ်းညာဖက်ခြမ်းသို့ ကားကိုဆွဲချလိုက်သည်။

ကားလေးသည် လမ်းဘေးမှသစ်ပင်ကြီးတစ်ပင်ဆီသို့ အရှိန်ဖြင့်ပြေးသွားလေသည်။

ရာဇာ ရုတ်တရက်ကြောင်သွားသည်။ ဘာလုပ်ရမှန်းမသိတော့။ မျက်လုံးကြီးပြူးကာ ငေးကြောင်ကြည့်နေသည်။

ကားက သစ်ပင်ဆီသို့ အရှိန်ဖြင့်ပြေးလျှက်ရှိသည်။

ထိုစဉ်... ကားနောက်ခန်းမှအရိပ်သဏ္ဍာန်တစ်ခုထွက်ပေါ်လာ ကာ ကားရှေ့ခန်းသို့ကျော်တက်လိုက်သည်။

အရိပ်သဏ္ဍာန်က ရာဇာ့ကိုတွန်းဖယ်ကာ ကားစတီယာရင်ကိုကိုင်ရင်း ဂီယာကိုအလျင်အမြန်ချိန်းကာ ဘရိတ်ကို အမီနင်းလိုက်နိုင်လေသည်။

ကားလေးသည် သစ်ပင်ကြီးကို ပွတ်ဆွဲသွားကာ သစ်ပင်နှင့်အလွန်တွင် ''ကျွီ...''ကနဲသံရှည်ဆွဲမြည်ရင်း ရပ်တန့်သွားလေ၏။

ရာဇာကတော့ သုံးထားသောဆေးအရှိန်၊ ကြောက်ရွံ့ထိတ်လန့် ဖွယ်အတွေ့အကြုံများကြောင့် သတိလစ်သွားလေပြီ။

ကားနောက်ခန်းထဲမှာ ပုန်းကွယ်လိုက်ပါလာရင်း ရာဇာ့ကို ကယ်တင်လိုက်သူက သက်ပြင်းကိုလေးတွဲ့စွာချလိုက်လေသည်။

ထိုသူကား... မိုးမြင့်သော်တာပင်ဖြစ်လေသည်။

\+ + + + +

မိုးမြင့်သော်တာက နေမင်းရာဇာအိတ်ကပ်ထဲမှ ဟဲန်းဖုန်းလေးကိုနှိုက်ယူလိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းဖုန်းကိုနှိပ်လိုက်သည်။

တစ်ဖက်မှ ဒေါက်တာခင်လပြည့်ဝန်းပြန်ပြောသည်။

မိုးမြင့်သော်တာက အကျိုးအကြောင်းရှင်းပြလိုက်၏။

''ရာဇာဖုန်းဆက်ကတည်းက မူမမှန်ဘူးဆိုတာ မမပြည့်ရိပ်မိပါတယ်မိုးမြင့်သော်တာ၊ ကျေးဇူးပါပဲကွယ်၊ မမပြည့် ရာဇာ့ဖုန်းကိုပြန်ခေါ်သေးတယ်၊ စက်ပိတ်ထားလို့ပြောလို့မရဘူး၊ ဒါနဲ့ပဲ... ဦးဘဇံကို ရာဇာ့အပြန်လမ်းတလျှောက်လိုက်ကြည့်ဖို့လွှတ်လိုက်တယ်''

''ဦးလေးဦးဘဇံနဲ့မတွေ့သေးပါဘူးမမပြည့်''

''အခု... ရာဇာ့အခြေအနေဘယ်လိုလဲ''

''သတိလစ်နေပါတယ်၊ ဘာမှ မထိမိ မခိုက်မိပါဘူးမမပြည့်''

''ကားရော...''

''သစ်ပင်ကြီးနဲ့ပွတ်မိလို့ နည်းနည်းပွန်းသွားပါတယ်၊ မောင်းလို့ရပါတယ်မမပြည့်''

''မမ အခုပြန်လာခဲ့မယ်၊ မင်းလည်း ကားကို အိမ်ပြန်မောင်းခဲ့တော့''

''ဟုတ်ကဲ့ခင်ဗျာ''

♛♛♛♛♛

( ၂၀ )

မိုးမြင့်သော်တာစိတ်တွေလှုပ်ရှားနေသည်။

မမျှော်လင့်ပဲ ရာဇာ့ကိစ္စမှာဝင်ရောက်စွက်ဖက်မိ၍ ရာဇာက အလုပ်ဖြုတ်ပစ်တာကိုခံရသည်။ သူသည် ရာဇာတို့သူငယ်ချင်းတစ်သိုက် ရှေ့မှထွက်ဟန်ပြကာ အမှောင်ထဲမှပြန်လျှောက်လာရင်း ကားထဲတွင် ဝင်ပုန်းနေခဲ့ခြင်းဖြစ်ပါသည်။ ဒီလိုပုန်းနေလို့လည်း ရာဇာ့အသက်ကို ကယ်နိုင်ခြင်းဖြစ်ပါသည်။

ရာဇာသတိရလာလျှင် သူ့အပေါ်ဘယ်လိုသဘောထားမလဲ။

ဒေါက်တာခင်လပြည့်ဝန်းကတော့ သူ့ကို ယုံကြည်မှုရှိနေလိမ့် မည်။ ရှေ့ပိုင်းမှာ ရာဇာ့လုပ်ရပ်တွေကို တာဝန်သိစွာ တိုင်ကြားထားခြင်း ကြောင့် ဒေါက်တာခင်လပြည့်ဝန်းကတော့ သူ့အပေါ်မှာ သဘောထားရှင်း ပါလိမ့်မည်။ သူ့ကို အလုပ်ဖြုတ်ပစ်မှာလည်း မဟုတ်ပါ။

သူ ရာဇာ့ကားကိုတော့ ဆက်မောင်းလို့ဖြစ်ပါတော့မလား။ ရာဇာ က သူ့ကို ဓာတ်ဆီခိုးရောင်းတယ်လို့ လီဆယ်တိုင်ကြားထားတာပေါ်သွား လျှင် အဆူခံရမှာသေချာသည်။ သူ့ကိုညှိုးပေတော့မည်။ ရာဇာနှင့်ဆက် ပြီးမျက်နှာချင်းဆိုင်ဖို့ခက်သွားပါပြီ။

မိုးမြင့်သော်တာက ဘေးတွင်သတိလစ်ရင်းပါလာသော နေမင်း ရာဇာကိုကြည့်၍ သက်ပြင်းချလိုက်သည်။ တကယ်တော့... မင်းဟာ ငါ့ညီလေးတစ်ယောက်မို့လို့ စေတနာနဲ့ပြောမိဆိုမိတာတွေပါကွာ။

နေလရိပ်သာကိုရောက်ပြီဖြစ်၍ မိုးမြင့်သော်တာက ကားကိုချိုး ကွေ့လိုက်သည်။ ဝင်းတံခါးက ဖွင့်ထားပြီးသားဖြစ်နေသည်။ ဦးဘဇံကား က အိမ်ကိုပြန်ရောက်နေပါပြီ။

ကားကိုမိုးမြင့်သော်တာမောင်းလာတာတွေ့တော့ ဦးဘဇံအံ့သြ သွားသည်။

ဦးဘဇံနှင့်ဦးချစ်ဆွေ ကားနားကိုပြေးလာကြ၏။

''ဘယ်လိုဖြစ်ကြတာလဲမောင်မိုးမြင့်''

မိုးမြင့်သော်တာက အတိုချုပ်ရှင်းပြလိုက်သည်။

အိမ်ထဲမှ ရာဇာ့ကြီးတော်ကြီးထွက်လာ၏။

''ဟင်... ရာဇာ ဘာဖြစ်လို့လဲ''

''ဘာမှမဖြစ်ပါဘူးကြီးကြီး၊ ပင်ပန်းလို့သတိလစ်သွားတာပါ၊ မမပြည့်ကိုဖုန်းဆက်ပြောထားပြီးပါပြီ၊ မမပြည့်လည်း ပြန်လာတော့မှာပါ''

မိုးမြင့်သော်တာက ကောင်းအောင်ကြည့်ဖြေလိုက်သည်။

ဦးချစ်ဆွေနှင့်ဦးဘဇံကရာဇာ့ကိုပွေ့ချီကာ အိမ်ထဲခေါ်သွားကြ၏။

ထိုစဉ်မှာပင်... ဒေါက်တာခင်လပြည့်ဝန်း ဆေးခန်းမှကား တစ်စီးနှင့်ပြန်ရောက်လာလေသည်။

မိုးမြင့်သော်တာက ကားတံခါးကိုပြေးဖွင့်ပေးလိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းက ကားပေါ်မှဆင်းကာ မိုးမြင့်သော် တာကို တစ်ချက်ကြည့်လိုက်သည်။

''ကျေးဇူးတင်ပါတယ်မိုးမြင့်သော်တာ၊ မမ ရာဇာ့ကိုတက်ကြည့် လိုက်ဦးမယ်၊ မင်း စာကြည့်ခန်းထဲက စောင့်နေပါ''

\+ + + + +

မိုးမြင့်သော်တာစိတ်တွေ ပိုပြီးလှုပ်ရှားသွားရပါသည်။

ဒေါက်တာခင်လပြည့်ဝန်းက သူ့ကိုစာကြည့်ခန်းထဲကစောင့်ခိုင်း တာ ဘာပြောစရာရှိလို့ပါလိမ့်။

မိုးမြင့်သော်တာသည် စာကြည့်ခန်းထဲတွင်ထိုင်ရင်း ဂနာမငြိမ် စွာ ဒေါက်တာခင်လပြည့်ဝန်းကိုထိုင်စောင့်နေခဲ့သည်။

ခဏနေတော့... ဒေါက်တာခင်လပြည့်ဝန်းရောက်လာသည်။

''အဖြစ်အပျက်အသေးစိတ် မမကိုပြောပါဦးမိုးမြင့်သော်တာ''

ဒေါက်တာခင်လပြည့်ဝန်းက မိုးမြင့်သော်တာထိုင်နေသည့် စာကြည့်စားပွဲနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူတို့နှစ်ယောက် ကြားမှာ စာကြည့်စားပွဲသာ ခြားလျှက်ရှိ၏။

''ရာဇာ့အခြေအနေ ကောင်းရဲ့လားမမ''

''ကောင်းပါတယ်၊ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောပါဦး''

မိုးမြင့်သော်တာက အကြောင်းစုံကိုပြောပြလိုက်သည်။ ရာဇာ့ သူငယ်ချင်းများမြှောက်ပေးပုံ၊ ရာဇာ့သူငယ်ချင်းတစ်ယောက်က ခဲနှင့် ကောက်ထုမည်ကြံပုံများကိုသာ အသားပေး၍ပြောပြလိုက်ပါသည်။ ရာဇာ မိုက်မိုက်ရိုင်းရိုင်းဆက်ဆံပုံကိုတော့ အကျယ်ချဲ့မပြောတော့ပါ။

"ဒါနဲ့ပဲ သူက မင်းကို ဓာတ်ဆီခိုးတယ်လို့စွတ်စွဲပြီး အလုပ်ဖြုတ်ပစ်တာပေါ့"

"ကျွန်တော့်ကို မစွတ်စွဲပါဘူး။ မပြည့်နဲ့ဖုန်းပြောမှုသာ လုပ်ကြပြီးပြောတာပါမမ၊ ကျွန်တော့်ကိုတော့ အလုပ်ကထွက်သွားတော့လို့ပဲ ပြောပါတယ်"

"ဒါနဲ့ မင်းက ဘာဖြစ်လို့ အိမ်ပြန်မလာပဲ ကားထဲမှာဝင်ပုန်းနေတာလဲ"

"ရာဇာ့ကိုစိတ်မချလို့ပါ"

"သြော်... မိုးမြင့်သော်တာ... မိုးမြင့်သော်တာ၊ မင်းလို စိတ်စေတနာကောင်းထားတဲ့လူ ရှားပါတယ်ကွယ်၊ မင်းကို သူက ပစ်ပစ်ခါခါ ပြောဆိုတာ စွတ်စွဲတာတွေကို မင်းမနာဘူးလားဟင်"

ဒေါက်တာခင်လပြည့်ဝန်းက စူးစမ်းသလိုမေးလိုက်သည်။

"မနာပါဘူးအမေ၊ မနာပါဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ရာဇာဟာ တစ်မအေတည်းကမွေးတဲ့ ကျွန်တော့်ညီလေးဖြစ်နေလို့ပါ"

မိုးမြင့်သော်တာရင်ထဲက ပြောလိုက်သောစကားများဖြစ်ပါသည်။ နှုတ်မှတော့ ပွင့်ထွက်မလာသေးပါ။

"ဟင်... မင်းကိုပစ်ပစ်ခါခါပြောတဲ့ရာဇာ့အသက်ကို မင်းက ကယ်တင်ခဲ့သေးတယ်၊ မင်း သူ့ကိုစိတ်နာသင့်တာပေါ့၊ မင်းစိတ်ဓာတ်ကို မမချီးကျူးပါတယ်ကွယ်"

မိုးမြင့်သော်တာသည် ဒေါက်တာခင်လပြည့်ဝန်းကိုကြည့်ရင်း မျက်ရည်များကျလာသည်။

မျက်ရည်များက ထိမ်းသိမ်းမရပဲ သူ့အလိုလိုကျဆင်းလာခြင်း ဖြစ်ပါသည်။

ဒေါက်တာခင်လပြည့်ဝန်းက မိုးမြင့်သော်တာကို အံ့သြစွာစိုက်ကြည့်နေသည်။

"ဟင်... မင်း ငိုနေတယ်"

မိုးမြင့်သော်တာနှုတ်မှစကားတစ်လုံးမှထွက်မလာမိ။ စိတ်လှုပ်ရှားလွန်းသောကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

သူ့အတွက်ပြောချိန်တန်ပါပြီ။ ဒေါက်တာခင်လပြည့်ဝန်းဆိုသည့် သူ့မိခင်ရင်းသည် ဟန်ဆောင်နေတာမဟုတ်ဘူးဆိုလျှင်... သူသည် တစ်ချိန်က သူမ,စွန့်ပစ်ခဲ့သောသားတစ်ယောက်ဖြစ်ကြောင်း အခုအချိန်မှာ ပြောရပါတော့မည်။

ရာဇာ့အပေါ်မှာ သူဘာလို့ ဒါလောက်သည်းခံခဲ့တာလဲ။ အဖြေကတော့ ရာဇာဟာ သူ့ညီလေးဖြစ်နေလို့ပေါ့။ ဒီအဖြေစကားကို ဒေါက်တာခင်လပြည့်ဝန်းသိအောင် မိုးမြင့်သော်တာပြောပါတော့မည်။

မိုးမြင့်သော်တာက သူ့လည်ပင်းမှဆွဲကြိုးလေးကိုဆွဲဖြုတ်လိုက် သည်။

ဆွဲကြိုးလေးကို သူနှင့်ဒေါက်တာခင်လပြည့်ဝန်းအလည်က စားပွဲပေါ်မှာချထားလိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းက ဆွဲကြိုးလေးကိုစိုက်ကြည့်နေသည်။ ပြီးတော့... မိုးမြင့်သော်တာကိုမော်ကြည့်သည်။ ဒေါက်တာခင်လပြည့်ဝန်း မျက်လုံးများက အံ့သြဟန်များပေါ်လွင်နေသလို... မေးခွန်းများကိုလည်း မျက်လုံးများဖြင့်ပင် မေးလျှက်ရှိလေသည်။

"အမေ..."

မိုးမြင့်သော်တာနှုတ်မှ တားမရစွာပွင့်ထွက်လာသောစကားလုံး ဖြစ်လေသည်။

"အမေ... အမေရယ်..."

"မိုးမြင့်သော်တာ"

"အမေ၊ အမေဟာ ဟန်ဆောင်ကောင်းလှချည်လားဗျာ၊ ကျွန်တော့်နာမည်မိုးမြင့်သော်တာဆိုတာသိရကတည်းက ကျွန်တော်ဟာ အမေ့သားဆိုတာ သိသင့်ပါတယ်အမေ၊ ဟောဒီဆွဲကြိုးလေးကိုကြည့်ပါ ဦး၊ အမေပေးခဲ့တဲ့ဆွဲကြိုးလေးပါအမေ"

"ဘာ–"

ဒေါက်တာခင်လပြည့်ဝန်းက ဆွဲကြိုးလေးကိုယူကြည့်သည်။

"ဒီဆွဲကြိုးမျိုး မမမှာလည်းရှိတယ်၊ ဘာဖြစ်လို့လဲ"

"အမေ၊ ကျွန်တော်ဟာ အမေ့သားပါအမေရဲ့"

"မိုးမြင့်သော်တာ၊ မင်းဘာတွေပြောနေတာလဲ"

"အမေရယ်... ဒီနားမှာဘယ်သူမှမရှိပါဘူး၊ အမေဘာလို့ဟန်ဆောင်ချင်ရတာလဲဟင်"

"မင်း... မင်းပြောတာတွေ ငါနားမလည်ဘူးမိုးမြင့်သော်တာ"

''ပြောပြမှနားလည်မယ်ဆိုရင်လည်း ပြောပြပါမယ်အမေ၊ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်က နတ်သံကွင်းဆိုတဲ့ရွာကလေးကို လူမသိသူမသိရောက်လာပြီး အမေကလေးမွေးခဲ့တာ၊ အဲဒီကလေးကို မယဉ်ရွှေဆိုတဲ့ လက်သည်မိန်းမကြီးဆီမှာ ပေးပစ်ခဲ့တာတွေကို အမေမေ့ပြီလားအမေ၊ ဒီဆွဲကြိုးလေးကလည်း အမေပေးခဲ့တာပဲလေ၊ အမေမွေးခဲ့တဲ့ကလေးကို မိုးမြင့်သော်တာဆိုတဲ့နာမည်ပေးခဲ့တာလည်း အမေကိုယ်တိုင်ပါပဲအမေရယ်၊ အမေမွေးခဲ့တဲ့မိုးမြင့်သော်တာဆိုတဲ့ကလေးဟာ ဟောဒီက ကျွန်တော်ပါပဲဗျာ''

''မိုးမြင့်သော်တာ''

''ကျွန်တော်ရောက်ကတည်းက ကျွန်တော်ဟာ နတ်သံကွင်းရွာကလာတာပါ၊ မွေးစားအမေကြီးက ဒေါ်ယဉ်ရွှေပါလို့ပြောခဲ့ပေမယ့် အမေမသိချင်ယောင်ဆောင်ခဲ့တယ်နော်၊ ကျွန်တော်နားလည်ပါတယ်အမေရယ်၊ အမေ့အတွက် ထောက်ထားစရာတွေအများကြီးရှိနေတာ ကျွန်တော်သိပါတယ်၊ အခုလို အမေနဲ့သားနှစ်ယောက်တည်းရှိနေချိန်မှာ တော့ သားကို သားလို့ဖွင့်ခေါ်ပြီး ဝန်ခံလိုက်စမ်းပါအမေရဲ့''

''မိုးမြင့်သော်တာ၊ မင်းစကားတွေက ငါ့သိက္ခာကိုထိပါးလာပြီ၊ မင်းပြောတာတွေ ငါတစ်ခုမှနားမလည်ဘူး''

''ကျွန်တော်ဒီကိုလာတာ အမေ့ဆီက ဘာမှလိုချင်လို့မဟုတ်ပါ ဘူး၊ အမေဆီက အသိအမှတ်ပြုတာတစ်ခုပဲ ခံယူချင်လို့ပါအမေရယ်''

''တော်တော့မိုးမြင့်သော်တာ၊ မင်းထွက်သွားတော့၊ မင်းစကားတွေက ငါဟာ တစ်ချိန်က အဖေမပေါ်ပဲကလေးတစ်ယောက်မွေးခဲ့တဲ့ မိန်းမတစ်ယောက်လို့စွတ်စွဲသလိုဖြစ်နေတယ်''

''အဲဒီအတိုင်းဟုတ်နေတာပဲအမေရယ်၊ ဘာဖြစ်လို့ဟန်ဆောင်ချင်ရတာလဲ၊ ဒါတွေကို သားရင်ထဲမှာပဲ ထားမှာပါ၊ ဘယ်သူ့ကိုမှမပြောပါဘူး''

''ဟော့– မင်းထွက်သွားစမ်း''

ဒေါက်တာခင်လပြည့်ဝန်းက စားပွဲကိုလက်ဖြင့်ကြမ်းတမ်းစွာ ပုတ်ကာ ထိုင်ရာမှထလိုက်သည်။

''သွား– ထွက်သွား၊ မင်းမျက်နှာကို ငါမကြည့်ချင်ဘူး''

ခါးကိုထောက်၍ မာထန်စွာပြောလိုက်သောဒေါက်တာခင်လပြည့်ဝန်းကို မိုးမြင့်သော်တာက ထိတ်လန့်စွာမော်ကြည့်လိုက်သည်။

''အမေရယ်... ကျွန်တော့်အပေါ်မှာ ဒါလောက်တောင်...''

''ဟော့– မင်းကိုငါပြောနေတယ်၊ ခုချက်ချင်းထွက်သွားစမ်း''

မိုးမြင့်သော်တာ ထိုင်နေရာမှ ထလိုက်ရသည်။

''သွားပါမယ်အမေ၊ သွားပါမယ်၊ ကျွန်တော်မသွားခင် အမေ့ကိုကန်တော့ခဲ့ပါရစေအမေ''

''မကန်တော့နဲ့၊ မင်းနဲ့ငါနဲ့ဘာမှမဆိုင်ဘူး၊ ကန်တော့စရာလည်း မလိုဘူး၊ မင်းထွက်သွားတော့၊ မင်းဟာ အရူးတစ်ယောက်ပဲ မိုးမြင့် သော်တာ''

မိုးမြင့်သော်တာက ဒေါက်တာခင်လပြည့်ဝန်းကို မျက်ရည်ဝေသောမျက်လုံးများဖြင့်စိုက်ကြည့်ကာ ခေါင်းငိုက်စိုက်ချ၍ထွက်လာခဲ့လေ သည်။ အမေကို ရှိခိုးကန်တော့ခွင့်လေးမှ မရလိုက်ပါလား။

''ဟော့– ဒီမှာ မင်းဆွဲကြိုးယူသွားဦး''

မိုးမြင့်သော်တာ အခန်းဝရောက်လုနီးတွင် ဒေါက်တာခင်လပြည့်ဝန်းက အော်ပြောလိုက်သည်။

ထိုအချိန်မှာပင်...

ဒေါက်တာခင်လပြည့်ဝန်းရော... မိုးမြင့်သော်တာပါ... စာကြည့်ခန်း ဝင်ပေါက်တံခါးဝတွင် မားမားမတ်မတ်ရပ်နေသည့် ဒေါက်တာကျော်လင်းထွန်းကို မြင်လိုက်ကြရလေသည်။

''ဟင်...''

''ဟာ...''

မိုးမြင့်သော်တာ မျက်လုံးများပြာဝေသွားသည်။

ဒေါက်တာကျော်လင်းထွန်းက သူတို့နှစ်ယောက်ကို ခါးထောက်၍ ရပ်ကြည့်နေခြင်းဖြစ်၏။

မိုးမြင့်သော်တာသည် အသားများတဆတ်ဆတ်တုန်အောင်ပင် တုန်လှုပ်ခြောက်ခြားသွားလေသည်။ သူတို့ပြောတဲ့စကားတွေကို ဒေါက်တာကျော်လင်းထွန်းများကြားသွားလေပြီလား။

မိုးမြင့်သော်တာသည် ခေါင်းကိုငုံ့၍ ဒေါက်တာကျော်လင်းထွန်းကိုတွန်းတိုက်ကာ ထွက်ပြေးသွားလေတော့သည်။

♛♛♛♛♛

( ၂၁ )

''ကိုကို''

ခင်လပြည့်ဝန်းက ဒေါက်တာကျော်လင်းထွန်းဆီပြေးလာသည်။

''ကိုကို၊ ကိုကိုဘယ်တုံးကရောက်နေတာလဲဟင်''

''ကိုကိုရောက်နေတာကြာပါပြီ၊ ပြည့်နဲ့မိုးမြင့်သော်တာစကားအချီအချပြောနေကတည်းက ကိုကိုရောက်နေတာပါ၊ မိုးမြင့်သော်တာပြောတဲ့စကားတွေက ဆန်းလွန်းလို့ ကိုကိုရပ်နားထောင်နေတာပါပြည့်''

''အမလေး– ကိုကို''

ဒေါက်တာကျော်လင်းထွန်းသည် ခင်လပြည့်ဝန်းဖုန်းဆက်အကြောင်းကြား၍ သားအခြေအနေကိုသိရရန် ဂျူတီဝင်နေသည့်ဆေးခန်းမှ ပြန်လာခဲ့ခြင်းဖြစ်ပါသည်။

''ကိုကို၊ ကိုကို၊ ဒါဖြင့် မိုးမြင့်သော်တာပြောသွားတာတွေကို ကိုကိုအကုန်ကြားလိုက်တယ်ပေါ့''

''ကြားလိုက်ပါတယ်ပြည့်''

''အမလေးကိုကို– ပြည့်ကိုတလွဲမထင်ပါနဲ့ကိုကိုရယ်၊ သူပြောသွားတာတွေတစ်ခုမှမဟုတ်ဘူး၊ ပြည့်လည်းနားမလည်ဘူး၊ ပြည့်ကိုအထင်မလွဲပါနဲ့ကိုကိုရယ်၊ ပြည့်ဘာမှမသိပါဘူး၊ ပြည့်ကို အထင်မလွဲပါနဲ့ကိုကို– နော်''

ခင်လပြည့်ဝန်းက ဒေါက်တာကျော်လင်းထွန်း၏လက်မောင်းနှစ်ဖက်ကိုကိုင်လှုပ်ကာ ရှင်းပြလိုက်သည်။

''ပြည့်.. ဘာလို့ ဒါလောက်တောင် တုန်လှုပ်နေရတာလဲကွယ်''

''ဟင်– ကိုကို၊ မိုးမြင့်သော်တာပြောသွားတဲ့စကားတွေကို ကိုကိုယုံသလားဟင်၊ မယုံပါနဲ့ကိုကိုရယ်၊ သူစွတ်စွဲသလို ပြည့်... ပြည့်... တစ်ခါမှ တိတ်တိတ်ပုန်း ကလေးမမွေးဘူးပါဘူးကိုကိုရယ်၊ ပြည့်ကို အထင်မလွဲပါနဲ့''

ဒေါက်တာကျော်လင်းထွန်းက ခင်လပြည့်ဝန်းပခုံးကိုသိုင်းဖက်လိုက်ရင်း ပြန်ပြောလိုက်သည်။

''သြော်... ပြည့်ရယ် ကိုကိုက မိုးမြင့်သော်တာစကားတွေကိုယုံတယ်လို့ ပြောမိလို့လားကွယ်၊ ကိုကိုအံ့ညြနေတာပါ''

''ကိုကို့စိတ်ထဲမှာ သံသယတွေဝင်သွားပြီလားဟင်''

''ပြည့်ကိုသံသယလည်း မဝင်ဘူး၊ အထင်လည်း မလွဲဘူးပြည့်၊ ပြည့်ဟာ တစ်ချိန်က ကလေးတစ်ယောက်မွေးဖူးတယ်ဆိုတာကို ကိုကိုဘယ်လိုယုံလို့ဖြစ်မှာလဲ၊ ကိုကိုက ဆရာဝန်တစ်ယောက်ပါပြည့်၊ ဆရာဝန်မှ အိုဂျီတစ်ယောက်လေ၊ သားဖွားမီးယပ်ပါရဂူတစ်ယောက်လေ၊ ပြည့်အကြောင်းကို ကိုကိုအသိဆုံးပေါ့၊ ကိုကိုဟာ ပြည့်ကို အပျိုစင်အပျိုစစ်တစ်ယောက်အဖြစ်နဲ့ ရယူထားတာကို ကိုကိုသိတာပေါ့ကွယ်''

''အို... ကိုကို''

''ပြည့်ကိုအပျိုစစ်စစ်တစ်ယောက်အနေနဲ့ ကိုယ်ရယူထားတာ ကိုကိုကိုလို အိုဂျီတစ်ယောက်က အသိဆုံးပေါ့ပြည့်ရဲ့၊ ပြည့်ကလေးတစ်ယောက်မွေးဖူးတယ်ဆိုတာ ဘယ်နည်းနဲ့မှမဟုတ်နိုင်ဘူးလေ''

''ကိုကိုရယ်...''

ခင်လပြည့်ဝန်းက ဒေါက်တာကျော်လင်းထွန်းရင်ခွင်ထဲသို့ အရုပ်ကြိုးပြတ် မှီချလိုက်လေသည်။

''တော်ပါသေးရဲ့ကိုကိုရယ်၊ ပြည့်က ကိုကိုအထင်လွဲသွားမှာ စိုးရိမ်နေတာ''

''ကိုကိုစဉ်းစားနေတာပါပြည့်၊ ဒီကောင်လေးဟာ ပြည့်ကို ဒီလိုစကားမျိုးတွေဘာလို့ပြောသွားတာလဲ၊ အဲဒါကို ကိုကိုစဉ်းစားနေတာပါ''

''ဟင်...''

ခင်ပွန်းသည်အထင်အမြင်လွဲမှားမည်ကို စိုးရိမ်ကာ ယောက်ယက်ခတ်အောင် စိတ်လှုပ်ရှားခဲ့မိသော ခင်လပြည့်ဝန်းသည်လည်း... စိတ်သက်သာရာရသွားချိန်၌ မိုးမြင့်သော်တာပြောခဲ့သောစကားများကို ပြန်၍စဉ်းစားမိရလေပြီ။

''ဟုတ်ပါရဲ့ကိုကို၊ သူဘာတွေပြောသွားတာလဲ၊ သူက ပြည့်ကို သူ့အမေပါလို့ ဘာလို့စွတ်စွဲရတာလဲ''

''မိုးမြင့်သော်တာဟာ အကြောင်းမဲ့ဒီစကားတွေပြောတာတော့ မဖြစ်နိုင်ဘူးပြည့်၊ သူလည်း ဘွဲ့ရပညာတတ်လူငယ်တစ်ယောက်ပဲ၊ သူ့ မှာ အကြောင်းတစ်ခုခုရှိရမယ်''

''ကိုကို''

''ဒါဟာ... ပြည့်နဲ့တော့ မဆိုင်လောက်ပါဘူး၊ ပြည့်ကို ကိုကို သံသယကင်းပါတယ်ကွယ်၊ လောလောဆယ်... ဒါတွေမေ့လိုက်ပါပြည့်၊ သားသားအခြေအနေဘယ်လိုရှိလဲ၊ သားသားကိုသွားကြည့်ရအောင် ပြည့်''

ဒေါက်တာကျော်လင်းထွန်းက ခင်လပြည့်ဝန်းကိုပခုံးမှသိုင်းဖက်ကာ စာကြည့်ခန်းထဲမှခေါ်လာခဲ့သည်။

''ကိုကိုတို့ မနက်ကျမှ မိုးမြင့်သော်တာကိုခေါ်ပြီး အကျိုးအ ကြောင်း မေးကြည့်ကြတာပေါ့ကွယ်''

သို့သော်... နောက်တစ်နေ့မနက်တွင် မိုးမြင့်သော်တာကို မတွေ့ရတော့ပါ။

မိုးမြင့်သော်တာသည် နေလရိပ်သာမှ အပြီးအပိုင်ထွက်ခွာသွားလေပြီ။

♛♛♛♛♛

( ၂၂ )

''အမေ''

ဘုရားစင်ရှေ့တွင် ပုတီးထိုင်စိတ်နေသောဒေါ်ယဉ်ရွှေသည် မိုးမြင့်သော်တာ၏ခေါ်သံကြောင့် ဆတ်ကနဲတုန်လှုပ်သွားလေသည်။ ကြားလိုက်ရသောအသံကို ဟုတ်မှဟုတ်ပါလေစဟု တွေးလိုက်မိ၏။

နောက်ကိုလှည့်ကြည့်လိုက်သည့်အခါ အိမ်အဝတွင် မတ်တပ်ရပ်နေသော မိုးမြင့်သော်တာကိုမြင်လိုက်ရလေ၏။

''ဟင်... သား''

''အမေ... အမေ... သားပြန်လာပြီ၊ ကျွန်တော်ပြန်လာခဲ့ပြီ အမေ၊ သူက ကျွန်တော့်ကိုလက်မခံဘူး၊ ကျွန်တော့်ကို သူ့သားဆိုတာ လက်မခံဘူးအမေရယ်''

မိုးမြင့်သော်တာက ခရီးဆောင်အိတ်ကိုကြမ်းပြင်ပေါ်ပစ်ချထားခဲ့ပြီး... ဒေါ်ယဉ်ရွှေ့ဆီပြေးသွားကာ အမေကိုဖက်တွယ်ရင်းမှ ငိုသံပါဖြင့်ပြောလိုက်လေသည်။

''သား... သား... မင်းဘယ်လိုဖြစ်လာတာလဲ၊ အမေ့ကိုပြောပါဦး''

မိုးမြင့်သော်တာက ရန်ကုန်တွင်ကြုံခဲ့ရသည့် ပေါက်ကွဲမှုဖြစ်စဉ်ညအကြောင်းကို ပြန်ပြောပြလိုက်သည်။



တကယ်တော့ ထိုညသည် သူ့အတွက် **''လမင်းကြွေတဲ့ည''** ပင်ဖြစ်ပါသည်။

သူမျှော်လင့်တောင့်တခဲ့သော လမင်းနှင့်နှိုင်းယှဉ်အပ်သည့် မိခင်မေတ္တာကို မိုးမြင့်သော်တာမရရှိခဲ့။ မိခင်ရင်းက သူ့ကိုရန်တွေ့ပြီး နှင်ထုတ်လိုက်သည်။

လမင်းကြွေတဲ့ည။

''အဲဒါနဲ့ ကျွန်တော်လည်း ညတွင်းချင်း သူတို့အိမ်ကထွက်လာခဲ့တယ်အမေ၊ ကိုအေးမောင်ကိုတောင်နှုတ်မဆက်ခဲ့ရဘူး၊ ညက ကားဂိတ်မှာသွားအိပ်ပြီး မနက်အစောကြီးထွက်တဲ့ကားနဲ့ ပြန်လာခဲ့တာအမေ''

''ဘုရား... ဘုရား... သူက ငါ့သားကို ပစ်ပစ်ခါခါပြောလွှတ်လိုက်တယ်၊ ဟုတ်လား၊ ခင်လပြည့်ဝန်း၊ ဒီမိန်းကလေးစိတ်တွေပြောင်းလဲသွားပြီကိုး၊ သူ့အတိတ်ကိုသူ မေ့ပစ်လိုက်ပြီကိုး''

''ကျွန်တော်ကလည်း မှားခဲ့ပါတယ်အမေ၊ ကျွန်တော်တို့နှစ်ယောက်တည်းရှိတယ်ထင်ပြီး ပြောချင်ရာပြောနေတာ... တကယ်တန်းကျတော့ သူ့ယောကျ်ားကြီးက အခန်းဝမှာရောက်နေတယ်အမေ၊ ကျွန်တော့်အမေတော့ သူ့ယောကျ်ားနဲ့ပြဿနာရှင်းရတော့မှာပဲအမေရယ်''

''ဖြစ်ရလေသားရယ်... ဒါကြောင့်... အမေ အစကတည်းက မတားဘူးလား၊ ဒီအသိုင်းအဝိုင်းထဲ မဝင်ချင်ပါနဲ့၊ မပတ်သက်ချင်ပါနဲ့တော့လို့''

''ကျွန်တော့်အမှားပါအမေရယ်... ကျွန်တော် အမေ့စကားနားမထောင်မိလို့ပါ''

မိုးမြင့်သော်တာက ပြောရင်း ဒေါ်ယဉ်ရွှေ့ကိုဖက်၍ငိုနေသည်။ ဒေါ်ယဉ်ရွှေသည် မိုးမြင့်သော်တာဦးခေါင်းကိုပွတ်သပ်ရင်း မည်သို့စိတ်ဖြေသိမ့်မှုပေးရမှန်း စဉ်းစားမရဖြစ်နေလေ၏။

''ခင်လပြည့်ဝန်း... ခင်လပြည့်ဝန်း... ပေးထားတဲ့ကတိတွေကိုမေ့ပြီကိုး၊ ဂုဏ်ပကာသနတောထဲမှာ ပျော်နေပြီကိုး၊ အေးလေ... သူက ဆရာဝန်မကြီးဖြစ်နေမှပဲ၊ တောရွာလေးမှာ တိတ်တိတ်ပုန်း ကလေးလာမွေးတဲ့အဖြစ်ကို ပြည်ဖုံးကားချချင်ပြီပေါ့လေ၊ အတိတ်ကို မေ့ပစ်ချင်ရင် မေ့ပစ်ပါ၊ ကိုယ်မွေးခဲ့တဲ့ကိုယ့်ရင်သွေးကို စိမ်းစိမ်းကားကားပြောလွှတ်တာတော့ အမေရင်နာလိုက်တာကွယ်''

ဒေါ်ယဉ်ရွှေက နာကျည်းစွာပြောလိုက်သည်။

“ထားလိုက်ပါတော့အမေရယ်၊ ကျွန်တော်မဆင်မခြင်လုပ်မိလို့ ကျွန်တော့်အမေ သူ့ယောကျ်ားနဲ့ပြဿနာရှင်းရတော့မှာကိုတွေးပြီး ကျွန်တော်စိတ်မကောင်းဘူးအမေ၊ ကျွန်တော်ကိုယ်တိုင်က အမေ့ကိုပြစ်မှား မိသလိုဖြစ်ခဲ့ပါပြီ၊ အမေ့ကို မွေးကျေးဇူးမဆပ်နိုင်ပဲ အိမ်ထောင်ရေး ဖရိုဖရဲဖြစ်အောင်လုပ်သလိုဖြစ်နေပါပြီအမေရယ်”

“ဩော်… အမေ့သားလေး၊ လိမ္မာလိုက်တာကွယ်၊ မွေးမိခင်ကို စိတ်မနာရှာဘူး၊ ကောင်းပါတယ်ငါ့သား၊ သူဘယ်လိုပဲ စိမ်းစိမ်းကားကား ဆက်ဆံ, ဆက်ဆံ… ကိုယ့်ဖက်က အမေရယ်လို့ မိဘကျေးဇူးဖော်ထုတ် တတ်တာ ကောင်းပါတယ်၊ မိခင်ဆိုတာ မပြစ်မှားကောင်းပါဘူး၊ အေး… ငါ့သားက ခွင့်လွှတ်နိုင်ပေမယ့်… အမေက ခင်လပြည့်ဝန်းကိုခွင့်မလွှတ် နိုင်ဘူး”

ဒေါ်ယဉ်ရွှေ၏ပြတ်သားသောစကားသံကြောင့် မိုးမြင့်သော်တာ က ဒေါ်ယဉ်ရွှေ့ရင်ခွင်ထဲမှထကာ အမေကိုမော်ကြည့်လိုက်သည်။

အံတင်းတင်းကြိတ်ထားသောဒေါ်ယဉ်ရွှေ့ကိုအမြင်တွင် မိုးမြင့် သော်တာ အံ့သြသွားလေသည်။

“အမေ”

“ဟုတ်တယ်၊ အမေသူ့ကိုခွင့်မလွှတ်ဘူး၊ ငါ့သားစိတ်ဆင်းရဲ သလို သူပါစိတ်ဆင်းရဲရအောင် အမေလက်စားချေမယ်”

“အမေရယ်”

“အမေက မင်းကို သွေးမတော်သားမစပ်ပဲနဲ့ တကယ့်သား အရင်းလိုမွေးခဲ့တယ်၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင်မွေးခဲ့ပေမယ့် အမေ သူ့ဆီက ဘာအထောက်အပံ့မှမရခဲ့ပါဘူး၊ ဒီလိုတစိမ်းကတောင် မင်း အပေါ်မေတ္တာထားနိုင်ရက်နဲ့ သူက ဘာဖြစ်လို့စိမ်းကားရတာလဲ၊ အခု ငါ့သားစိတ်ဆင်းရဲနေရပြီ၊ မင်းကတော့ အမေမို့လို့ မပြစ်မှားပါနဲ့ငါ့သား၊ အမေကတော့ ကတိပျက်တဲ့ခင်လပြည့်ဝန်း၊ ငါ့သားကိုစိတ်ဆင်းရဲအောင် လုပ်တဲ့ခင်လပြည့်ဝန်းကို… ငါ့သားစိတ်ဆင်းရဲသလို သူပါ စိတ်ဆင်းရဲ ရအောင် လက်စားချေရမယ်ကွဲ့၊ ချေရမယ်”

“အမေ၊ အမေဘာလုပ်မလို့လဲအမေရယ်”



“သူ့ဆီသွားမှာပေါ့၊ သူ့ကိုရန်တွေ့မှာပေါ့၊ အမေ ခင်လပြည့် ဝန်းဆီရောက်အောင်သွားမယ်”

ဒေါ်ယဉ်ရွှေက မေးကြောကြီးများထောင်လာအောင် အံတင်း တင်းကြိတ်ရင်းမှ ပြတ်သားစွာပြောလိုက်လေသည်။

♛♛♛♛♛

( ၂၃ )

ဒေါက်တာခင်လပြည့်ဝန်း စိတ်တွေထွေနေသည်။

ခုတလောမှာ… ဘယ်လိုဂြိုဟ်ဆိုးဝင်ပြီး ကံနိမ့်နေတယ်မသိ။ ကြုံရသမျှက စိတ်မောစရာတွေချည်း ဖြစ်နေသည်။

အဆိုးဆုံးက သားသားဆေးစွဲနေခြင်းပင်ဖြစ်လေသည်။ နေမင်း ရာဇာမူးယစ်ဆေးသုံးနေခြင်းကို နည်းမျိုးစုံနှင့်ဟန့်တားခဲ့ပေမယ့် ပိုဆိုး လာသည်။ မူးယစ်ဆေးအကြောထဲထိုးသွင်းသည်အထိ ဆိုးဝါးလာခဲ့သည်။ နေမင်းရာဇာကို လွှတ်ထားလို့မဖြစ်တော့ပါ။

ခုဆိုလျှင်… နေမင်းရာဇာ ကျောင်းနှင့်ကျူရှင်သွားသမျှ သူ့ကြီးတော်ကြီးကို ကားနှင့်အတူလိုက်ခိုင်းနေရပါသည်။ ဒရိုင်ဘာတွေ က အိမ်အလုပ်သမားတွေမို့ နေမင်းရာဇာက မကြောက်။ ထင်ရာလုပ် သည်။ မိဘနှစ်ယောက်လုံးကလည်း ဆေးခန်းအလုပ်များနှင့်မအားသည် မို့ နေမင်းရာဇာကို အချိန်ပြည့်လိုက်မထိမ်းသိမ်းနိုင်။ သည်တော့ အသက် ကြီးပြီဖြစ်သည့် ယောင်းမကြီးကို အားမနာနိုင်တော့ပဲ သူ့တူနောက်ကို ထပ်ချပ်မကွာလိုက်ခိုင်းရပါတော့သည်။ လောလောဆယ်တော့ သားသား ပြဿနာအတွက် ရင်အေးရပြီဟုဆိုနိုင်သည်။ ဆေးလုံးလုံးပြတ်သွား အောင်တော့ ဆက်ပြီးကုသရပေဦးမည်။

နောက်ပြဿနာတစ်ခုက မိုးမြင့်သော်တာ။

မိုးမြင့်သော်တာကို ဒရိုင်ဘာတစ်ယောက်အနေဖြင့် စိတ်ကြေ နပ်မှုရခဲ့ပါသည်။ ပြောရလျှင်… နေမင်းရာဇာဖြစ်ခဲ့တဲ့ဖြစ်ရပ်မှာ မိုးမြင့် သော်တာကယ်တင်လို့သာ နေမင်းရာဇာ အသက်ဘေးမှလွတ်ခဲ့ရခြင်း ဖြစ်သည်။ နေမင်းရာဇာဆေးသုံးနေကြောင်းကိုလည်း မိုးမြင့်သော်တာ သတင်းပေး၍သိခဲ့ရခြင်းဖြစ်သည်။

ဒါတွေအားလုံးအတွက်... ဒေါက်တာခင်လပြည့်ဝန်းရော၊ ဒေါက်တာကျော်လင်းထွန်းကပါ မိုးမြင့်သော်တာကို ကျေးဇူးတင်နေကြပါသည်။

သို့ရာတွင်... နေမင်းရာဇာပြဿနာတက်သည့်ညက မိုးမြင့်သော်တာပြောသွားတဲ့စကားတွေက ဘာစကားတွေလဲ။ ဒေါက်တာခင်လပြည့်ဝန်းနားမလည်နိုင်ပေ။

မိုးမြင့်သော်တာက သူဟာဒေါက်တာခင်လပြည့်ဝန်းသားပါလို့ စွတ်စွဲနေခဲ့သည်။ ဒေါက်တာခင်လပြည့်ဝန်းကို တစ်ချိန်က ကလေးတစ်ယောက်တိတ်တိတ်ပုန်းမွေးဖူးသူလို့ စွတ်စွဲနေခဲ့သည်။ မိုးမြင့်သော်တာပြောသောစကားများက မိန်းမသားတစ်ယောက်ရဲ့သိက္ခာကိုထိပါးစေသလိုကြောက်လန့်စရာလည်း ကောင်းလွန်းလှပေသည်။

ဒေါက်တာခင်လပြည့်ဝန်း စိတ်ဆိုးစွာ၊ စိတ်လှုပ်ရှားစွာ ရန်တွေ့ရင်းမှ မိုးမြင့်သော်တာကို အခန်းထဲမှမောင်းထုတ်လိုက်မိသည်။

မိုးမြင့်သော်တာကတော့ အခန်းထဲမှတင်မကပါ။ အိမ်ပေါ်ကပါဆင်းသွားခဲ့ပါသည်။

မိုးမြင့်သော်တာသည်ဘာလဲ။ သူပြောတဲ့စကားတွေရဲ့ အဓိပ္ပါယ်ကဘာလဲ။ ဘာရည်ရွယ်ချက်နဲ့ပြောခဲ့တာလဲ။

သွေးအေးသွားချိန်မှာ ဒေါက်တာခင်လပြည့်ဝန်းစေ့ငုကြည့်ချင်သော်လည်း မိုးမြင့်သော်တာက မရှိတော့ပြီ။ မိုးမြင့်သော်တာကိုခေါ်လာတဲ့ ကိုအေးမောင်ကိုခေါ်မေးတော့လည်း ကိုအေးမောင်လည်းဘာမှမသိရှာ။ သူ့ဆီကိုလည်း ပြန်ရောက်မလာဘူးလို့ သိရသည်။

မိုးမြင့်သော်တာ ဟိုတစ်ညက ပြောခဲ့တဲ့စကားတွေဟာ ဘာအဓိပ္ပါယ်ပါလိမ့်။ ဒေါက်တာခင်လပြည့်ဝန်းရင်မှာ တအုံနွေးနွေးနှင့် သိချင်နေခဲ့ရသည်။

သားသားအတွက် စိတ်ဆင်းရဲရသလို၊ မိုးမြင့်သော်တာပြောသွားသော ပဟေဋ္ဌိဆန်သည့်စကားများအတွက်လည်း ရင်မောနေခဲ့ရသည်။

သည်ကြားထဲမှာ ဒေါက်တာကျော်လင်းထွန်း နိုင်ငံခြားခရီးထွက်သွားသည့်အတွက် အိမ်ကိစ္စ၊ အိမ်ပြဿနာတွေအားလုံးက ဒေါက်တာခင်လပြည့်ဝန်းခေါင်းပေါ်မှာ ကျန်ရစ်ခဲ့ရပြန်လေသည်။

ထိုင်းနိုင်ငံမှာကျင်းပသည့် အမျိုးသမီးရောဂါများဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဒေါက်တာကျော်လင်းထွန်းအား သုံးလကြိုတင်ဖိတ်ကြားထားခြင်းဖြစ်သည်။ အာရှနိုင်ငံအားလုံးမှ မီးယပ်သားဖွားဆရာဝန်ကြီးများတက်ရောက်ကြမည့်ပွဲဖြစ်သည်။ ဒေါက်တာကျော်လင်းထွန်းက ထိုဆီမီနာတွင် စာတမ်းတစ်စောင်တင်သွင်းဖတ်ကြားရမည်ဖြစ်သည်။ ကြိုတင်စီစဉ်ထားပြီးဖြစ်သောကိစ္စမို့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ထွက်ခွာသွားခဲ့ပါပြီ။

နေမင်းရာဇာပြဿနာပေါ်ပြီး သုံးရက်အကြာတွင် ဒေါက်တာကျော်လင်းထွန်း နိုင်ငံခြားသို့ထွက်သွားခြင်းဖြစ်ပါသည်။

ဒေါက်တာခင်လပြည့်ဝန်းတစ်ယောက်တည်း ပြဿနာပေါင်းစုံကြားမှာ တာဝန်ပေါင်းစုံယူရင်း ကျန်ရစ်ခဲ့ရလေသည်။

သည်ကြားထဲတွင်... အဓိပ္ပါယ်မဲ့သောပြဿနာတစ်ခုက မဆီ မဆိုင်ကြားဝင်လာလိုက်ပါသေး၏။

ဦးဘဇံမိန်းမဒေါ်ရွှေမြင့်ကို သရဲဝင်ပူးခြင်းဖြစ်ပါသည်။

သရဲတစ္ဆေနာနာဘာဝကို အယုံအကြည်မရှိသော ဒေါက်တာခင်လပြည့်ဝန်းက ဒေါ်ရွှေမြင့်သရဲပူးသည့်အဖြစ်ကိုလည်း အလေးမထားခဲ့နိုင်ပေ။

သို့သော်... ထိုသရဲက ဒေါ်ရွှေမြင့်ကို နှစ်ကြိမ်နှစ်ခါဝင်ပူးပြီးသည့်အခါတွင်မူ...

\+ + + + +

တစ်ည... ဒေါက်တာခင်လပြည့်ဝန်း ဆေးခန်းမှပြန်လာပြီး အနားယူနေချိန်...

ဦးချစ်ဆွေရောက်လာကာ အိမ်ရှေ့မှအော်ခေါ်သည်။

"မပြည့်... မပြည့်... ခဏထွက်ခဲ့ပါဦး"

ဦးချစ်ဆွေ၏အရေးတကြီးခေါ်သံကြောင့် ညအိပ်အဝတ်အစားများလဲလှယ်ဝတ်ဆင်ပြီးဖြစ်သောခင်လပြည့်ဝန်းသည် အိမ်ရှေ့သို့ထွက်လာခဲ့ရသည်။

"ဘာဖြစ်လို့လဲဦးလေးချစ်"

"မရွှေမြင့်... မရွှေမြင့်ရယ်..."

"ဒေါ်ရွှေမြင့်ဘာဖြစ်လို့လဲ"

ခင်လပြည့်ဝန်းက နေထိုင်မကောင်းဖြစ်လို့လာခေါ်တယ်ပဲ ထင်လိုက်လေသည်။ လူကိုခေါ်မလာတော့ မူးလဲပြီးသတိလစ်တာလား၊ အဖျားကြီးပြီးအိပ်ရာထဲလဲနေသလား တွေးလိုက်မိသည်။

"မရွှေမြင့်ကို သရဲဝင်ပူးနေလို့မပြည့်"

"ဟင်..."

"ဝင်ပူးနေတဲ့သရဲက မပြည့်ကိုတွေ့ချင်လို့တဲ့"

"ပေါက်ပေါက်ရှာရှာ ဦးလေးချစ်ရယ်"

ဒါမျိုးတွေအယုံအကြည်မရှိတဲ့ခင်လပြည့်ဝန်းက စိတ်ပျက်လက်ပျက်ပြောလိုက်သည်။

"မပြည့်... ယုံချင်မှယုံမယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် မရွှေမြင့်ကတော့ အသားတွေတဆတ်ဆတ်တုန်ပြီး နတ်ပူးသလိုဖြစ်နေတာပဲ၊ အသံကလည်း သူ့ပုံမှန်အသံမဟုတ်ဘူး၊ သူ့ကိုဝင်ပူးတဲ့သရဲက မလေးနွယ်တဲ့"

"ရှင်..."

"ခဏလောက်လိုက်လာပေးလိုက်ပါ၊သရဲက သူ့ကိုယ်သူ မလေးနွယ်လို့ပြောပြီး မပြည့်ကိုခေါ်ပေးပါချည်းပြောနေလို့"

"မလေးနွယ်က သေတာကြာပြီပဲ၊ ခုမှဘာလို့... အင်းလေ... မပြည့်လိုက်ကြည့်လိုက်ပါမယ်"

ယုံကြည်လို့မဟုတ်သော်လည်း စူးစမ်းကြည့်ချင်၍ ခင်လပြည့် ဝန်းခြံနောက်ဖက်တန်းလျားသို့လိုက်သွားလိုက်သည်။

ထနောင်းပင်ကြီးအောက်မှ ကွပ်ပျစ်ပေါ်တွင် ဒေါ်ရွှေမြင့်က ကြမ်းပြင်ကိုလက်နှစ်ဖက်ထောက်ကာ အသားများတဆတ်ဆတ်တုန်ယင်နေသည်။ ဦးဘဇံက ဒေါ်ရွှေမြင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဖေးမပေးထား သည်။

ခင်လပြည့်ဝန်းကိုမြင်သည်နှင့် ဒေါ်ရွှေမြင့်က မျက်လုံးကြီးပြူးကြည့်ကာ...

"မပြည့်... မပြည့်၊ မိုးမြင့်သော်တာကို ပြန်ခေါ်ပေး၊ ပြန် ခေါ်ပေး"

"အို..."

"မိုးမြင့်သော်တာ... မိုးမြင့်သော်တာကိုခေါ်ပေးပါ၊ ခေါ်ပေးပါ"

အသံက ဒေါ်ရွှေမြင့်ပြောနေကျပုံမှန်အသံမျိုးတော့မဟုတ်ပေ။

"ဟော့– နင်ဘယ်သူလဲ"

ဦးချစ်ဆွေက ဒေါ်ရွှေမြင့်ရှေ့တည့်တည့်တွင်ရပ်ကာ မေးလိုက် သည်။

"ငါ–ငါ–လေးနွယ်ပါလို့ပြောပြီးပြီပဲ၊ လေးနွယ်.. ငါ မလေးနွယ်၊ မိုးမြင့်သော်တာကိုခေါ်ပေး၊ ပြန်ခေါ်ပေး"

ဒေါ်ရွှေမြင့်က ခင်လပြည့်ဝန်းကို အရည်လည်နေသောမျက်လုံးများဖြင့်ကြည့်လိုက်ပြန်သည်။

ထို့နောက်... တောင်းပန်တိုးလျှိုးဟန်ဖြင့် ခင်လပြည့်ဝန်းကိုလက်အုပ်ချီကာပြောလိုက်ပြန်သည်။

"မပြည့်... မပြည့်ရယ် မိုးမြင့်သော်တာကိုပြန်ခေါ်ပေးပါနော်"

စကားဆုံးသည်နှင့် ဒေါ်ရွှေမြင့် တအီးအီးအော်ငိုလိုက်လေသည်။

ကြမ်းပြင်ပေါ်တွင် လူးလိမ့်အော်ငိုရင်းမှ ငြိမ်ကျသွားသည်။

ခဏငြိမ်သက်နေပြီးနောက်... ဒေါ်ရွှေမြင့် ထထိုင်လိုက်သည်။

ဒေါ်ရွှေမြင့်က ဘေးတွင်ရပ်နေသူများကိုအံ့သြသလိုကြည့်ကာ...

"ဟင်– ကျွန်မ... ကျွန်မဘာဖြစ်သွားတာလဲ၊ အို... မပြည့်လည်း ရောက်နေတာကိုး"

"နင့်ကိုယ်နင် ဘာဖြစ်မှန်းမသိဘူးလား မရွှေမြင့်"

"ရှင်..."

"စဉ်းစားပါဦး"

"ကျွန်မ ဒီကွပ်ပျစ်ပေါ်မှာထိုင်နေတုံး... မိန်းမတစ်ယောက်နောက်ကနေရောက်လာပြီး တွန်းပစ်လိုက်သလိုပဲ၊ နောက်ဘာဖြစ်သွားမှန်းမသိဘူး"

"အခု ဒေါ်ရွှေမြင့်သတိကောင်းကောင်းရပြီလား"

ခင်လပြည့်ဝန်းက မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဟုတ်ကဲ့မပြည့်၊ ကျွန်မဘာဖြစ်သွားမှန်းသာ မသိတာပါ၊ သတိကောင်းပါတယ်"

"တော်သေးတာပေါ့လေ"

ခင်လပြည့်ဝန်းက ဘာမှဆက်ပြောမနေတော့ပဲ ထိုနေရာမှလှည့်ထွက်လာလိုက်လေသည်။

ဒေါ်ရွှေမြင့်သရဲပူးတယ်ဆိုတာ တကယ်လား။

ခင်လပြည့်ဝန်းကတော့ ဒါမျိုးတွေကို အယုံအကြည်မရှိပေ။ ဖြစ်လည်းမဖြစ်နိုင်ဘူးလို့ထင်သည်။

ဒေါ်ရွှေမြင့် ပရိယာယ်ဆင်တာပဲဖြစ်လိမ့်မည်။

ဒေါ်ရွှေမြင့်က ဘာလို့ပရိယာယ်ဆင်ရတာလဲ။

ဒေါ်ရွှေမြင့်တစ်ယောက်တည်းမဟုတ်ပဲ ဒီကိစ္စထဲမှာ ဦးဘဇံတို့ ဦးချစ်ဆွေတို့ပါ ပါလိမ့်မည်ထင်သည်။ သူတို့သည် မိုးမြင့်သော်တာ အိမ်ပေါ်ကဆင်းသွားခြင်းအတွက် မကြေမနပ်ဖြစ်ကောင်းဖြစ်နေကြပါလိမ့် မည်။ မိုးမြင့်သော်တာကလည်း သူတို့ကို အကြောင်းစုံပြောသွားမည် မဟုတ်ပေ။ သူ တို့ စိ တ် ထဲ မှ ာ မိုး မြ င့် သော် တာ အ လု ပ် ထွ က် သွ ား ခြ င် း ကို ခင်လပြည့်ဝန်းပယောဂလို့များထင်နေကြသလားမသိ။ ခင်လပြည့်ဝန်းက နှင်ချလိုက်လို့ထွက်သွားရတယ်ထင်ကောင်းထင်နေကြပေလိမ့်မည်။

သူတို့အားလုံး မိုးမြင့်သော်တာကိုခင်မင်ကြတာ ခင်လပြည့်ဝန်း သိသည်။ မိုးမြင့်သော်တာကို ပြန်ခေါ်စေချင်၍ သရဲပူးချင်ယောင်ဆောင်ကာ သူတို့ဆန္ဒကိုဖော်ပြတာမျိုးလည်းဖြစ်နိုင်ပါသည်။

သေသွားတဲ့မလေးနွယ်ကိုဓားစာခံလုပ်၍ သရဲပူးချင်ယောင်ဆောင်ခြင်းပဲဖြစ်လိမ့်မည်။ တကယ်တော့**...** မလေးနွယ်သေသွားတာကြာပြီပဲ၊ ဆယ်နှစ်လောက်တောင်ရှိပြီလားမသိ။

ခင်လပြည့်ဝန်းက ဒါတွေကိုမယုံကြည်သည့်အတွက် မေ့ပစ်လိုက်ပါသည်။ အလေးအနက်လည်း မထားမိပေ။

သို့သော်**...** တစ်ရက်ခြားပြီးသည့်နေ့ ညပိုင်းတွင်လည်း ဒေါ်ရွှေမြင့်သရဲပူးပြန်လေသည်။

သည်တစ်ခါတော့**...** ထူးထူးဆန်းဆန်းစကားတွေပါလာသည့်အတွက် ခင်လပြည့်ဝန်းဇဝေဇဝါဖြစ်သွားရသည်။

ထိုညကလည်း ခင်လပြည့်ဝန်းဆေးခန်းကပြန်အလာ ကားပေါ်ကဆင်းဆင်းချင်းမှာ ကြုံရခြင်းဖြစ်ပါသည်။

နေမင်းရာဇာကျူရှင်ကို ဦးဘဇံပြန်လိုက်ပို့နေရ၍ ခင်လပြည့်ဝန်းကားကိုကိုယ်တိုင်မောင်းနေရပြန်ပါသည်။

ဆေးခန်းမှပြန်အရောက် ကားပေါ်မှအဆင်းတွင် အိမ်ထဲကိုတောင်မဝင်ရသေး၊ ဦးချစ်ဆွေက ပြေးလာခေါ်ပြန်သည်။

''မပြည့်၊ မပြည့်၊ မရွှေမြင့်သရဲပူးနေပြန်ပြီ၊ မပြည့်ကိုခေါ်ခိုင်းနေပြန်ပြီ၊ လိုက်ခဲ့ပါဦးမပြည့်ရယ်''

ခင်လပြည့်ဝန်းစိတ်ညစ်သွားသည်။ ဒီသရဲက ပူးပဲပူးနိုင်လှချည်လား။ ဒေါ်ရွှေမြင့်မူရာမာယာလုပ်တာ လွန်လာပြီထင်သည်။

ခင်လပြည့်ဝန်းက သက်ပြင်းကိုချရင်း မလွှဲသာ၍ အိမ်နောက်ဖက်ကိုလိုက်လာရပြန်သည်။

ဒေါ်ရွှေမြင့်သရဲပူးနေပုံက ယခင်တစ်ရက်က ပုံစံအတိုင်း။ ကွပ်ပြစ်ပေါ်မှထိုင်နေရက်က လက်နှစ်ဖက်ကိုကြမ်းပြင်ပေါ်ထောက်ထား ကာ အသားများတဆတ်ဆတ်တုန်နေသည်။

ခင်လပြည့်ဝန်းကိုမြင်သည်နှင့် မိုးမြင့်သော်တာကိုခေါ်ပေးဖို့ ပြောပြန်သည်။

နောက်ဆက်တွဲ ဆက်၍ပြောလိုက်သောစကားက ပို၍ဆန်းကြယ်လေသည်။

''မိုးမြင့်သော်တာက ကျွန်မသားပါ''

''ဟင်**...**''

''ကျွန်မသားလေးကိုပြန်ခေါ်ပေးပါမပြည့်ရယ်၊ မပြည့်ကိုလည်း တောင်းပန်ပါတယ်၊ ဒါတွေ**...** ဒါတွေအားလုံးကို ဒေါ်ချောစီစဉ်တာပါ၊ ဒေါ်ချောလုပ်သမျှ ကျွန်မနာခံရတာပါ– အီး**...** ဟီးဟီး**...**''

ဒေါ်ရွှေမြင့်ငိုပြန်သည်။

''သားလေး**...** ကျွန်မသားလေး**...** မိုးမြင့်သော်တာ၊ ပြန်ခေါ်ပေး၊ ပြန်ခေါ်ပေး၊ အား**...** အား**...**''

ဒေါ်ရွှေမြင့်သည် ငိုရှိုက်ရင်းမှ တစ်ချက်သန်းဝေလိုက်ကာ ကြမ်းပြင်ပေါ်ပုံလဲကျသွားလေတော့သည်။

ခဏနေတော့ ဒေါ်ရွှေမြင့်သတိပြန်ဝင်လာသည်။

ခင်လပြည့်ဝန်းကိုရှက်ကိုးရှက်ကန်းမျက်နှာဖြင့်ကြည့်သည်။

''ကျွန်မ– ကျွန်မအပူးခံရပြန်ပြီလား၊ အို**...**''

ဒေါ်ရွှေမြင့်ဟန်ဆောင်နေသလားဆိုတာကို ခင်လပြည့်ဝန်းက မျက်လုံးကိုကြည့်ရင်း အကဲခတ်နေမိသည်။ မျက်စိအထူးကုဆရာဝန်ဖြစ်သော်လည်း မျက်စိနှင့်ပတ်သက်သောရောဂါသာ သိပါသည်။ လူတို့၏

အတွင်းစိတ်များ မျက်လုံးမှာပေါ်တယ်ဆိုသည့်တိုင် ချက်ချင်းသိနိုင်ဖို့က မလွယ်ကူပါ။

မည်သို့ဆိုစေ ဒေါ်ရွှေမြင့်နှုတ်က ဒေါ်ချောဆိုသည့်အမည်နာမ ထွက်ပေါ်လာသည့်အတွက်တော့ ခင်လပြည့်ဝန်းအံ့သြမိသည်။

''ဒေါ်ချောကို ဒေါ်ရွှေမြင့်သိလို့လား''

ခင်လပြည့်ဝန်းက ဒေါ်ရွှေမြင့်ကိုမေးကြည့်လိုက်သည်။

''ရှင်...''

''အခုန ဒေါ်ရွှေမြင့်ပြောလိုက်တဲ့အထဲမှာပါတဲ့နာမည်လေ၊ ဒေါ်ချော၊ ဒေါ်ချောကို သိလို့လား''

''ကျွန်မ– ကျွန်မဘာတွေပြောမိမှန်းမမှတ်မိပါဘူးမပြည့်ရယ်၊ ကျွန်မဘာမှမသိဘူး၊ ကျွန်မတောင်းပန်ပါတယ်''

ဒေါ်ရွှေမြင့်ပုံစံက တကယ်ပင် ခင်လပြည့်ဝန်းကိုအားနာဟန်များ ပေါ်နေသည်။ ခင်လပြည့်ဝန်းငြိုငြင်မှာကို စိုးရိမ်ဟန်တူသည်။

''မပြည့်ကို ဘာဖြစ်လို့သွားခေါ်ရတာလဲ''

သူ့ခင်ပွန်းဦးဘဖဲဖက်ကိုလှည့်ကာ အပြစ်တင်သလိုပြောလိုက် သည်။

''နင့်ဝင်ပူးတဲ့သရဲက မပြည့်ခေါ်ပေးဆိုပြီး တတွတ်တွတ်ပြော နေလို့ ငါသွားခေါ်ရတာပါ''

''အို...''

''ကဲပါလေ၊ ဒါတွေထားလိုက်ပါတော့၊ ဦးလေးချစ်၊ မပြည့်နဲ့ လိုက်ခဲ့ပါဦး''

ခင်လပြည့်ဝန်းက ဦးချစ်ဆွေကိုခေါ်ခဲ့ကာ ထိုနေရာမှထွက်လာခဲ့ လေသည်။

\+ + + + +

ခင်လပြည့်ဝန်းက ဦးချစ်ဆွေကို စာကြည့်ခန်းထဲအထိခေါ်ခဲ့ ပြီး သိလိုသမျှကိုမေးလိုက်သည်။

''မပြည့်ကို ပွင့်ပွင့်လင်းလင်းပဲပြောစေချင်တယ်ဦးလေးချစ်''

''မေးပါ၊ ဦးလေးချစ်က မပြည့်အဖေဦးနေလရဲ့လူယုံတပည့်ရင်း ပါကွယ်၊ ဘယ်ကိစ္စမဆို မပြည့်တို့ဖက်က ရပ်တည်ပါတယ်''

''ဒေါ်ရွှေမြင့်သရဲပူးတယ်ဆိုတာ တကယ်ပဲလား''

''မပြည့်မယုံဘူးမဟုတ်လား၊ မပြည့်တို့ပညာတတ်တွေ ဒါမျိုး မယုံကြည်တာ ဦးလေးသိပါတယ်၊ ဦးလေးလည်း တစ်ခါမှတော့ သရဲပူးတာ မကြုံဖူးဘူး၊ မရွှေမြင့်ကိုပူးတာ ပထမဆုံးမြင်ဖူးတာပဲ၊ တကယ် အစစ်ဟုတ်မဟုတ်ဆိုတာတော့ ချင့်ချိန်ကြည့်ရမှာပေါ့လေ''

''မပြည့်ပွင့်ပွင့်လင်းလင်းမေးချင်တယ်ဆိုတာက ဒီလိုပါ၊ ဒေါ်ရွှေမြင့် သရဲပူးတာ တမင်ဟန်ဆောင်တာလားဆိုတာရယ်၊ ဟန်ဆောင်တာ ဆိုရင် အဲဒီအကြံထဲမှာ ဦးလေးချစ်ရောပါသလားဆိုတာ သိချင်တာပါ''

''ကြံကြံဖန်ဖန်ကွယ်၊ မရွှေမြင့်က ဘာကိစ္စ ဒါမျိုးကိုဟန်ဆောင် ပန်ဆောင်လုပ်ရမှာလဲ၊ ဦးလေးကလည်း ဘာလို့ပါရမှာလဲ၊ မဟုတ်တာ ကွယ်''

''မိုးမြင့်သော်တာနာမည်ပါနေလို့ပါ၊ မိုးမြင့်သော်တာအလုပ်ထွက် သွားတာ သူ့အကြောင်းနဲ့သူပါဦးလေးချစ်၊ ဦးလေးချစ်တို့က မပြည့် အလုပ်ကထုတ်ပစ်လိုက်တယ်ထင်ပြီး မပြည့်ကို တစ်နည်းလှည့်ပြီး တိုက် ခိုက်နေကြသလားလို့ ထင်မိတာပါဦးလေးချစ်၊ မဟုတ်ဘူးဆိုရင် မပြည့် တောင်းပန်ပါတယ်''

''မဟုတ်တာကွယ်၊ မိုးမြင့်သော်တာကိစ္စနဲ့လည်း မဆိုင်ပါဘူး၊ ကောင်လေးထွက်သွားမယ့်ညက ဦးလေးချစ်ကိုရော၊ ကိုဘဖဲနဲ့မရွှေမြင့် လင်မယားကိုရော ကန်တော့နှုတ်ဆက်ပြီးမှ သူ့ပစ္စည်းလေးတွေသိမ်းပြီး ထွက်သွားတာပါ၊ ဘာအကြောင်းမှလည်း ပြောမသွားဘူး၊ မိုးမြင့်သော်တာ ထွက်သွားတာ မပြည့်ပယောဂပါ,မပါတောင် မစဉ်းစားမိကြပါဘူး''

''ဒါဆိုရှင်းပါပြီ၊ ဒေါ်ရွှေမြင့်သရဲပူးတာ တကယ်လို့ယုံရမလို ဖြစ်နေပြီ၊ မပြည့်အံ့သြတာက... မလေးနွယ်သေတာကြာပြီ၊ ခုမှ သရဲ ဖြစ်ပြီး ဘဲ့နဲ့ဝင်ပူးရတာလဲ၊ ပြီးတော့... ဒေါ်ရွှေမြင့်က မလေးနွယ်ကိုမသိ ဘူးမဟုတ်လား''

''မလေးနွယ်သေပြီးသုံးလေးနှစ်ကြာမှ မရွှေမြင့်တို့ရောက်လာ ကြတာလေ၊ မရွှေမြင့်က မလေးနွယ်ကိုမြင်တောင်မမြင်ဖူးပါဘူး''

''ဟုတ်တယ်၊ သူပြောသွားတဲ့ ဒေါ်ချောဆိုတာကိုရော၊ ဦးလေး ချစ်သိသလား''

''ဟင့်အင်း... မသိဘူးမပြည့်''

''တော်တော်တော့ဆန်းတာပဲ၊ ဒေါ်ချောဆိုတာ တကယ်ရှိတယ် ဦးလေးချစ်''

''ဟင်...''

''ထားပါတော့လေ၊ တကယ်လို့... မလေးနွယ်ဟာ သရဲတစ္ဆေဖြစ်နေတာအမှန်ပဲထားပါတော့၊ ဒီလိုပဲ ခဏခဏပူးနေရင်မခက်ပါလား၊ မပြည့်တို့ဘာလုပ်သင့်သလဲဦးလေးချစ်''

''ကောင်းတာကတော့ သူ့အတွက် ဆွမ်းကျွေး... အမျှအတန်းဝေပေးတာ အကောင်းဆုံးပေါ့မပြည့်ရယ်၊ ဒါမှ... သူကျွတ်လွတ်နိုင်မှာ၊ မပြည့်တို့မသိပေမယ့် မလေးနွယ်ဝိညာဉ်ဟာ မကျွတ်ဘူး၊ တစ်ခါတစ်ရံမြင်ရတယ်တဲ့၊ ဦးလေးတော့တစ်ခါမှမမြင်ဖူးဘူး၊ အရင်နေသွားတဲ့လူတွေတွေ့တယ်ပြောတယ်၊ မရွှေမြင့်လည်း မလေးနွယ်နေသွားတဲ့အခန်းမှာ မိန်းမတစ်ယောက်ပုံရိပ်ကို ညညမှာမြင်ရတတ်တယ်လို့ပြောတယ်၊ အဲဒီ တော့ မလေးနွယ်မကျွတ်သေးတာ အမှန်ဖြစ်နိုင်တယ်မပြည့်''

''ဦးလေးချစ်လည်းကြားလိုက်တယ်နော်၊ ဒီတစ်ခါဝင်ပူးတော့ မလေးနွယ်ဝိညာဉ်က မိုးမြင့်သော်တာဟာ သူ့သားလို့ပြောလိုက်တယ်၊ မဆန်းဘူးလားဦးလေးရယ်''

''ဒီလိုဖြစ်မယ်ထင်ပါရဲ့၊ သူနေသွားတဲ့အခန်းမှာ မိုးမြင့်သော်တာလာနေတော့ မလေးနွယ်ဝိညာဉ်က မိုးမြင့်သော်တာကိုခင်တွယ်နေတယ်ထင်ပါရဲ့၊ အဲဒါနဲ့ သူ့သားလို့ပြောတာမျိုးဖြစ်မှာပါ၊ ဦးလေးတော့ ဒီလိုပဲစဉ်းစားလို့ရတယ်''

''ဟုတ်ပြီလေ... သရဲပူးတယ်ဆိုတဲ့ဟာ ဒေါ်ရွှေမြင့်လုပ်ကြံတာဟုတ်မဟုတ်သိချင်လို့ ဦးလေးကိုခေါ်မေးတာပါ၊ ဒီပုံအတိုင်းဆို မပြည့် တို့မလေးနွယ်အတွက် ကုသိုလ်ကောင်းမှုတစ်ခုခုလုပ်ပေးကြတာပေါ့၊ ဒါပါပဲဦးလေးချစ်၊ သွားနိုင်ပါပြီ''

ဦးချစ်ဆွေထွက်သွားတော့ ခင်လပြည့်ဝန်းစဉ်းစားစရာတွေအပြည့်ဖြင့်ကျန်ခဲ့သည်။

ဒေါ်ရွှေမြင့်သရဲပူးတယ်ဆိုတာကို အစကတော့ အရေးမပါသောအချက်တစ်ခုအဖြစ်သာ ထင်မှတ်ခဲ့သည်။ မိုးမြင့်သော်တာထွက်သွားခြင်းအပေါ် တန်းလျားနေအလုပ်သမားအုပ်စုက မကြေနပ်၍ တမင်းလုပ်ကြံဖန်တီးတာလို့ပင် ထင်ခဲ့မိသေးသည်။

သေချာတွေးကြည့်တော့ ဒေါ်ရွှေမြင့်သည် သေသွားသောမလေးနွယ်ကို သိလည်းမသိ။ မြင်လည်းမြင်ဖူးသည်မဟုတ်ပေ။ မလေးနွယ်ဝိညာဉ်ဝင်ပူးတယ်လို့ ဟန်ဆောင်သည်ဆိုလျှင် ဦးချစ်ဆွေ၏အကြံဉာဏ်ပါမှသာဖြစ်မည်။ ဦးချစ်ဆွေဝန်ခံသွားသောစကားများကို ခင်လပြည့်ဝန်းယုံပါသည်။ ဦးချစ်ဆွေကလည်း ကလေးကလားအလုပ်မျိုးကိုလုပ်မည်မဟုတ်ပေ။

သည်လိုဆိုလျှင်... သေသွားသောမလေးနွယ် မကျွတ်မလွတ်ပဲသရဲဖြစ်နေတယ်ဆိုတာအမှန်ပဲလား။

ပို၍ထူးဆန်းတာက... ဒေါ်ရွှေမြင့်နှုတ်မှ ''ဒေါ်ချော''ဆိုသည့်အမည် ထည့်ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့... ဒေါ်ချောကိုသည်အိမ်မှာအနေအကြာဆုံးဖြစ်သည့် ဦးချစ်ဆွေပင်မသိပါ။ ဒေါ်ချောဆိုသည်က သေသွားတဲ့မလေးနွယ်ကို အိမ်ဖော်လုပ်ရန် ဤအိမ်သို့ခေါ်ဆောင်လာခဲ့သည့် အိမ်ဖော်ပွဲစားမကြီးဖြစ်ပါသည်။

ဒေါ်ရွှေမြင့်နှုတ်က ဒေါ်ချောနာမည်ထွက်ပေါ်လာပုံထောက်တော့ မလေးနွယ်သရဲအဖြစ်ဝင်ပူးတယ်ဆိုတာ အမှန်တကယ်လို့ လက်ခံရမည့်ပုံပေါ်နေသည်။

တကယ်တော့... ဒေါ်ချောကို ခင်လပြည့်ဝန်းကိုယ်တိုင်ပင်မေ့လျော့နေပြီဖြစ်သည်။ ဒေါ်ချောသာ ယခုလောလောဆယ် နေလဆေးရုံမှာ မျက်စိခွဲစိတ်မှုမခံယူဘူးဆိုလျှင် ဒေါ်ချောကို သတိတောင်ရတော့မည်မဟုတ်။

မှန်ပါသည်။

ရှေးယခင်က ဤအိမ်တွင်အဝင်အထွက်ပြုကာ အိမ်ဖော်များပို့ဆောင်ပေးဖူး၍ ရင်းနှီးခင်မင်ခဲ့ဖူးသောဒေါ်ချောဆိုသည့်မိန်းမကြီးသည် ယခုလတ်တလောပင် နေလဆေးရုံ၌တက်ရောက်နေပါသည်။ ဒေါက်တာခင်လပြည့်ဝန်းကိုယ်တိုင်ပင် ဒေါ်ချော၏မျက်စိတိမ်စွဲဝေဒနာကို ခွဲစိတ်ကုသပေးခဲ့ရပါသည်။ ယနေ့အထိလည်း ဒေါ်ချောတစ်ယောက် ဆေးရုံမှမဆင်းသေး၊ နေလဆေးရုံပေါ်မှာရှိနေဆဲဖြစ်ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင်... လွန်ခဲ့သောခုနစ်နှစ်ကသေဆုံးသွားခဲ့သည့်မလေးနွယ်ဝိညာဉ်က သရဲအဖြစ်နှင့် ဒေါ်ရွှေမြင့်ကိုဝင်ပူးသည်။ ဒေါ်ရွှေမြင့်နှုတ်မှ ဒေါ်ချောအမည်ကိုပြောလာသည်။

ပြီးတော့... မလေးနွယ်ဝိညာဉ်က မိုးမြင့်သော်တာဟာ သူ့သားလို့ပြောပြန်သည်။

ဤကိစ္စကို ဒေါက်တာခင်လပြည့်ဝန်း အလေးအနက်မထားလို့ မဖြစ်တော့။

ဒါတွေဖြစ်ပေါ်လာအောင် စေ့ဆော်နေသော အကြောင်းအရာ တစ်စုံတစ်ခုသည် ဒေါက်တာခင်လပြည့်ဝန်းမသိသောနောက်ကွယ်မှာ ရှိကောင်းရှိနေနိုင်ပါသည်။

မိုးမြင့်သော်တာ၊ မလေးနွယ်၊ ဒေါ်ချောတို့သည် ဘယ်လို ဆက်စပ်မှုတွေရှိနေပါသလဲ။

ဆေးရုံတက်နေသောဒေါ်ချောကို မေးမြန်းကြည့်လျှင်တော့ သဲလွန်စတစ်ခုခုရလိမ့်မည်ထင်ပါသည်။

♛♛♛♛♛

( ၂၄ )

နေလဆေးရုံတွင် ဒေါ်ချောဆေးရုံတက်နေပါသည်။

ဒေါ်ချောအသက်ခုနစ်ဆယ်ရှိပြီ၊ အသက်ငါးဆယ်ကျော်က တည်းက ဒုက္ခပေးလာခဲ့သောမျက်လုံးတစ်ဖက်သည် အသက်ရဝတွင် တိမ်စွဲသည့်အဆင့်အထိဖြစ်လာခဲ့သည်။

အလုပ်လုပ်နိုင်တုံးက မြစ်ဝကျွန်းပေါ်မြို့ရွာများတလျှောက်မှာ မြို့တက်အလုပ်လုပ်လိုသည့်မိန်းကလေးများကို ရန်ကုန်မှ အိမ်ဖော်လို အပ်နေသောအိမ်များသို့ပို့ဆောင်ပေးသည့်အလုပ်ကိုလုပ်ခဲ့သော အိမ်ဖော်ပွဲစားမကြီးဒေါ်ချော။ အသက်ကြီးပိုင်းတွင် တစ်ဦးတည်းသောသမီးအိမ်၌မှီခိုနေထိုင်ရင်း ဘဝနေဝင်ချိန်ကိုစောင့်မျှော်နေပါပြီ။

သမီးက တောင်ဥက္ကလာဖက်တွင် အိမ်ရှေ့မှာ လက်ဖက်ရည်ဆိုင်လေး ဖွင့်ထားသဖြင့် စီးပွားလမ်းမဆိုးလှ။ ဒေါ်ချောရဲ့တိမ်စွဲရောဂါကိုကုသပေးဖို့ နေလဆေးရုံမှာလာပြသည်။

နေလဆေးရုံကိုရောက်မှ ဤဆေးရုံသည် ခင်လပြည့်ဝန်းပိုင်သောဆေးရုံဖြစ်တာကို ဒေါ်ချောသိရပါသည်။ ပြီးတော့... ခင်လပြည့်ဝန်းကိုယ်တိုင်က မျက်စိအထူးကုဆရာဝန်ကြီးဖြစ်နေပြီ။ ဒေါ်ချောမျက်စိကို ခွဲစိတ်ကုသပေးမည့်ဆရာဝန်မှာ ဒေါက်တာခင်လပြည့်ဝန်းကိုယ်တိုင် ဖြစ်နေသည်။

ခင်လပြည့်ဝန်းကိုနောက်ဆုံးမြင်တွေ့ခဲ့ရသည်မှာ... မလေးနွယ် အသုဘတုန်းကဖြစ်သည်။ မလေးနွယ်ဆုံးပြီးနောက်ပိုင်းကတည်းက နေလရိပ်သာနှင့်အဆက်အသွယ်ပြတ်သွားခဲ့သည်။ ခင်လပြည့်ဝန်းကို မတွေ့ရတာပင် ဆယ်နှစ်လောက်ရှိပြီထင်ပါရဲ့။

ဒေါ်ချောက မှတ်မိသော်လည်း... ခင်လပြည့်ဝန်းက ဒေါ်ချောကိုမမှတ်မိချေ။

ဒေါ်ချောပြောပြမှ တစ်ချိန်က အိမ်တွင် အဝင်အထွက်ရှိဖူးသော အိမ်ဖော်ပွဲစားဒေါ်ချောကိုမှတ်မိသွားသည်။ မှတ်မိသွားတော့လည်း ခင်လပြည့်ဝန်းက ဒေါ်ချောကိုဂရုစိုက်ရှာပေသည်။ ဒေါ်ချောအတွက်ဆေးကုသစရိတ်များကို တစ်ပြားတစ်ချပ်မှမယူ။ ဆေးရုံတွင်တက်နေစေပြီး အခမဲ့ကုသပေးခဲ့သည်။

ခုဆို... ဒေါက်တာခင်လပြည့်ဝန်းကိုယ်တိုင်ခွဲပေးလို့ ဒေါ်ချောမျက်လုံးပြန်ကောင်းသွားပါပြီ။ ဆေးရုံကပင် ဆင်းရတော့မည်။

စိတ်ထားကောင်းလှသောဒေါက်တာခင်လပြည့်ဝန်း၏စေတနာများကိုတွေ့ရတော့ ဒေါ်ချောမျက်ရည်ပင်ကျမိသည်။

တစ်ချိန်က မိမိပြုလုပ်ခဲ့သောမကောင်းမှုကိုပြန်လည်သတိရကာ စိတ်မလုံမလဲဖြစ်မိသည်။

ခင်လပြည့်ဝန်းကို စိတ်ထဲမှပဲ တောင်းပန်မိပါသည်။ ဖွင့်ဟဝန်ခံဖို့တော့မဖြစ်နိုင်ပါ။

တကယ်တော့... သည်ဒုစရိုက်မှုကိုသိရှိသူမှာလည်း ယခုအချိန်တွင် ဒေါ်ချောတစ်ယောက်ကလွဲလို့ ဘယ်သူမှမရှိတော့ပါ။

ဒီအဖြစ်တွေကို မြိုသိပ်ထားရင်းမှ ဒေါ်ချောတမလွန်အထိ ယူသွားပါတော့မည်။

ယခုအချိန်တွင်... တရားသဘောကို နားလည်နေပြီဖြစ်သော ဒေါ်ချောသည် မိမိပြုခဲ့သောမကောင်းမှုအတွက် တန်ပြန်ဝဋ်ကြွေးတို့တင် ခံစားရမည်ကိုတော့ သိပါသည်။

ခင်လပြည့်ဝန်းရေ၊ ခင်လပြည့်ဝန်းသိက္ခာကျအောင် ဒေါ်ချောလုပ်ခဲ့မိတာတွေအတွက် ဒေါ်ချောကိုခွင့်လွှတ်ပါတော့ ကျေးဇူးရှင်မလေး ရယ်။ ဒေါ်ချောက စိတ်ထဲမှပဲ အကြိမ်ကြိမ်ဦးခိုက်တောင်းပန်နေမိပါ တော့သည်။

♛♛♛♛♛

( ၂၅ )

ဒေါ်ယဉ်ရွှေရန်ကုန်ရောက်လာပါပြီ။

သားမိုးမြင့်သော်တာက မသွားပါနဲ့လို့ အတန်တန်တားတဲ့ကြားက ဒေါ်ယဉ်ရွှေရန်ကုန်ကိုရောက်လာခဲ့ပြီ။ မိုးမြင့်သော်တာကတော့ ရန်ကုန်ကိုစိတ်အနာကြီးနာကာ အတူလိုက်ဖို့ပင် ခေါ်လို့မရတော့ချေ။

တစ်ခါမှမရောက်ဖူးသောရန်ကုန်ကို အိုကြီးအိုမအရွယ်ရောက် ကာမှ တစ်ယောက်တည်း စွန့်စွန့်စားစားထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ရန်ကုန်ရောက်တော့ ကြိုပြီးဖုန်းဆက်ထားသည့်အတွက် ကိုအေးမောင်က ကားဂိတ်မှာလာကြိုပေးပါသည်။

အိမ်အရောက်မှာ သူလာသည့်ရည်ရွယ်ချက်ကိုပြောပြလိုက်တော့ ကိုအေးမောင်တို့လင်မယားမျက်လုံးပြူးသွားရလေသည်။

''ငါ့သားလေးကို စိတ်ဆင်းရဲအောင်လုပ်လိုက်တဲ့ ခင်လပြည့်ဝန်းကိုလက်ညှိုးငေါက်ငေါက်ထိုးပြီးရန်တွေ့ချင်လို့ ငါရန်ကုန်လိုက်လာတာပဲ အေးမောင်ရေ့၊ ဘဲ့နဲ့ကွယ်... ငါလို သွေးမတော်သားမစပ်ကတောင် သားအရင်းလိုမွေးထားခဲ့တဲ့ကလေးကို ဝမ်းနဲ့လွယ်မွေးခဲ့တဲ့အမေအရင်းက မသိချင်ယောင်ဆောင်ပြီးနှင်ချလိုက်တာ ကောင်းရော့သလား''

မိုးမြင့်သော်တာ ရန်ကုန်ကနေ ရုတ်တရက်ပျောက်သွားရတဲ့ အကြောင်းရင်းကိုလည်း ဒေါ်ယဉ်ရွှေရောက်လာပြီးပြောပြမှပင် ကိုအေးမောင်တို့လင်မယားသိရတော့ခြင်းဖြစ်ပါသည်။

''ဒါတော့ဒါပေါ့ဒေါ်လေးယဉ်၊ ဒါပေမယ့်... ကျွန်တော်တို့အတွက် လည်းထည့်ပြီး စဉ်းစားပါဦး၊ မိုးမြင့်သော်တာကိုတောင် သူ့သားလို့ပြောလို့ မပြည့်ကစိတ်ဆိုးသေးတာ၊ ဒေါ်လေးယဉ်က ကျွန်တော့်အိမ်မှာတည်းခိုပြီး သူ့ ကိုလာရန်တွေ့တယ်ဆိုရင် ကျွန်တော်လည်း အလုပ်ပြုတ်သွားနိုင်တယ် ဒေါ်လေးယဉ်ရ''

''စိတ်ချ၊ မင်းတို့နဲ့မပတ်သက်စေရဘူး၊ ငါ့ကို ခင်လပြည့်ဝန်း ထိုင်တဲ့အခန်းသာ လက်ညှိုးထိုးပြလိုက်၊ ငါ့ဟာငါ ဝင်ပြောမယ်၊ **ညီး မွေးပြီးစွန့်ပစ်ခဲ့တဲ့သားကို ငါကဘွဲ့ရတဲ့အထိပညာသင်ပေးခဲ့ပြီ၊ ညီးက မညှာမတာ အိမ်ပေါ်ကနှင်ချလိုက်တာ... ဒါအမေလားအေ့**– ဆိုတဲ့ စကားလေးလောက်ပဲပြောရရင်ကြေနပ်ပြီ''

ကိုအေးမောင်မလွှဲမရှောင်သာပဲ ဒေါ်ယဉ်ရွှေကို နေလဆေးရုံသို့ခေါ်ခဲ့ရပါသည်။

ထိုနေ့က ကိုအေးမောင်ဂျူတီမှာ ညဆယ်နာရီမှ နောက်တစ်နေ့ မနက်ခြောက်နာရီအထိဖြစ်သည်။ ဒေါ်ယဉ်ရွှေ ဒေါက်တာခင်လပြည့်ဝန်းကိုတွေ့နိုင်ဖို့အတွက် အိမ်က စောထွက်ရသည်။ ဒေါက်တာခင်လပြည့် ဝန်းဆေးခန်းမှထွက်ချိန်ရနာရီကို အမှီထွက်လာခဲ့ရ၏။

သူက နောက်တစ်နေ့မနက်မှဂျူတီထွက်ရမည်မို့ ဒေါ်ယဉ်ရွှေ အပြန်အဆင်ပြေစေရန် သူ့ဇနီးမသိန်းကြည်နှင့်ကလေးကိုပါ ဆေးခန်းခေါ်လာခဲ့ရလေသည်။

ဆေးခန်းရောက်တော့ ကိုအေးမောင်က ကားဂိုဒေါင်ဘေးမှာ ထိုင်စောင့်ခိုင်းထားရင်း ဒေါက်တာခင်လပြည့်ဝန်းအခြေအနေကိုသွားကြည့်သည်။

''အခု မပြည့်အခန်းရှေ့မှာ လူနာတွေရှိနေသေးတယ်၊ ပြန် ခါနီးမှ ဒေါ်လေးယဉ်ကို ကျွန်တော်သွင်းပေးမယ်နော်၊ ခဏထိုင်စောင့်ဦး''

ဒေါ်ယဉ်ရွှေသည် စောင့်နေရင်းမှ ဆေးရုံပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ ဆေးရုံကြီးကကြီးကျယ်ပါပေ့၊ ဒီဆေးရုံကြီးတစ်ခု လုံးကို ခင်လပြည့်ဝန်းတို့ပိုင်တာတဲ့။ ချမ်းသာလှချည်လား။ ဒီလောက် ချမ်းသာနေတော့လည်း ခင်လပြည့်ဝန်းတို့အတိတ်ကိုမေ့ချင်ပြီ၊ ပြည်ဖုံးကားချချင်ပြီထင်ပါရဲ့လေ။

ဒေါ်ယဉ်ရွှေက လေးထပ်တိုက်ဆေးရုံကြီးကိုမော်ကြည့်ကာ တွေးနေသည်။

ဒေါ်ယဉ်ရွှေရပ်နေသည့်ဖက်မှာ အထက်ထပ်များမှ လသာဆောင်လေးများထုတ်ထားသောဖက်ဖြစ်သည်။ ဆေးရုံတက်လူနာခန်း တစ်ခန်းစီမှ လသာဆောင်လေးများက အစီအရီပြူထွက်နေသည်။ အခန်းအတော်များများကတော့ လသာဆောင်တံခါးကိုပိတ်ထားကြ၏။

ပထမထပ်၏တစ်ခုသောအခန်းမှ လသာဆောင်တွင်မူ လူနာအမျိုးသမီးကြီးတစ်ယောက်ထွက်ရပ်နေသည်ကိုတွေ့ရသည်။

ပထမထပ်မို့ မြေကြီးနှင့်သိပ်မဝေးလှ။ ရပ်နေသူကိုကောင်းစွာမြင်နေရသည်။

ဒေါ်ယဉ်ရွှေသည် လသာဆောင်တွင်ထွက်ရပ်နေသောအဘွားကြီးကိုကြည့်ကာ အံ့သြသွားသည်။ ချက်ချင်းမှတ်မိလိုက်သည်။

ဒေါ်ချောစုပါလား။ ဟုတ်ပါတယ်၊ ဒေါ်ချောစုမှ ဒေါ်ချောစုအစစ်ပါ။ အသက်ကြီးသွားသော်လည်း ငယ်မူငယ်ဟန်မပျောက်သည့်ဒေါ်ချောစု။ ခင်လပြည့်ဝန်းကို ရွာထိလာပို့သွားသည့် ဒေါ်ချောစုဆိုသော အဘွားကြီး။

သြော်… ဒေါ်ချောစုနဲ့ခင်လပြည့်ဝန်းက အခုထိ အတူတူရှိနေကြသေးတာကိုး။

ဒေါ်ယဉ်ရွှေက ဒေါ်ချောစုထွက်ရပ်နေသောလသာဆောင်ရှိသည့်အခန်းကို မှတ်ထားလိုက်သည်။ ပထမထပ်၊ လှေကားနှင့်အနီးဆုံးအခန်း၊ ဒေါင့်စွန်းအခန်း။ ခင်လပြည့်ဝန်းနှင့်တွေ့ပြီးလျှင် ဒေါ်ချောစုနှင့်သွားတွေ့ဖို့လည်း ဆုံးဖြတ်လိုက်သည်။

ထိုစဉ်… ကိုအေးမောင်ရောက်လာသည်။

''လာ– ဒေါ်လေးယဉ်၊ မမပြည့်လူနာတွေကြည့်ပြီးသွားပြီ၊ ခဏနေရင် ဆေးရုံတက်နေတဲ့သူ့လူနာတွေကို ရောင်းလှည့်ပြီးလိုက်ကြည့်လိမ့်မယ်၊ ခုနေတုံး သူ့အခန်းထဲဝင်ရအောင်''

ကိုအေးမောင်က ဒေါ်ယဉ်ရွှေကို ဆေးခန်းထဲခေါ်သွားသည်။

''ကျွန်တော်က မမပြည့်အခန်းကိုပြရုံပဲပြမယ်၊ ဒေါ်လေးယဉ်ကိုယ့်ဘာသာဝင်သွားနော်၊ ကျွန်တော်လိုက်ပို့တယ်ဆိုတာ မသိပါစေနဲ့''

''အေးပါဟယ်''

''ဟိုအခန်းပဲဒေါ်လေးယဉ်၊ အခန်းရှေ့မှာ ဒေါက်တာခင်လပြည့်ဝန်းဆိုတဲ့ဆိုင်းဘုတ်ကလေးချိတ်ထားတယ်၊ တွေ့လား''

''အေး– တွေ့ပြီ၊ နင်သွားတော့၊ ပြီးရင် ငါပြန်လာခဲ့မယ်''

ဒေါ်ယဉ်ရွှေက ဒေါက်တာခင်လပြည့်အခန်းဆီသို့ချဉ်းကပ်လာခဲ့သည်။ အခန်းရှေ့မှာ ထိုင်စောင့်နေသောလူနာများမရှိတော့ပါ။

ခင်လပြည့်ဝန်းကိုပြောရမည့်စကားများကို ရင်ထဲမှာစီထားပြီးဖြစ်သည့်အတိုင်း တတွတ်တွတ်ပြန်ရွတ်ကြည့်နေမိသည်။

အခန်းရှေ့ကိုရောက်ပါပြီ။

ခန်းဆီးကိုလှပ်လိုက်သည်။

အခန်းထဲသို့ဝင်လိုက်သည်။

အခန်းထဲမှဒေါက်တာခင်လပြည့်ဝန်းက မော်ကြည့်သည်။ ကြည့်ရှုရန်လူနာကုန်ပြီဆို၍ ရောင်းလှည့်ရန်ပြင်ဆင်နေသောဒေါက်တာခင်လပြည့်ဝန်းက ဝင်လာသောညည့်သည်ကို အံ့သြစွာမော်ကြည့်လိုက်ခြင်းဖြစ်ပါသည်။

ဒေါ်ယဉ်ရွှေသည် အခန်းထဲဝင်လိုက်သည်နှင့် စားပွဲတွင်ခန့်ညားစွာထိုင်နေသော ဆရာဝန်ကိုတွေ့လိုက်ရသည်။ ဆရာဝန်က သူမကိုမော်ကြည့်သည်။

မော်ကြည့်လိုက်သည့်အမျိုးသမီး၏မျက်နှာကိုအမြင်တွင် ဒေါ်ယဉ်ရွှေထိတ်ကနဲဖြစ်သွားသည်။ ခင်လပြည့်ဝန်းမဟုတ်ပါလား။

''ဘာကိစ္စ…''

ဆရာဝန်၏အမေးစကားမဆုံးမီ ဒေါ်ယဉ်ရွှေက ဖြတ်ပြောလိုက်သည်။

''ခင်လပြည့်ဝန်း– ခင်လပြည့်ဝန်း''

''ထိုင်ပါအစ်မကြီး၊ ကျွန်မခင်လပြည့်ဝန်းပါ''

''အမလေး… မဟုတ်ဘူး၊ မဟုတ်ဘူး၊ ခင်လပြည့်ဝန်း မဟုတ်ဘူး''

''ရှင်–''

''မဟုတ်ဘူး၊ ဆရာမကြီး၊ ဆရာမကြီးဟာ ကျွန်မသိတဲ့ခင်လပြည့်ဝန်းမဟုတ်ဘူး၊ အမလေး… မှားပြီ၊ လူမှားပြီ''

ပြောလိုက်ဆိုလိုက်မည်ဟု မောင်းတင်လာခဲ့သောဒေါ်ယဉ်ရွှေ သည် ဒေါက်တာခင်လပြည့်ဝန်းဆိုသူကိုတွေ့လိုက်သည်တွင် သူမျှော်လင့်ထားသောခင်လပြည့်ဝန်းမဟုတ်သည့်အတွက် အံ့သြသွားသည်။ ရှက်ရွံ့ စိတ်၊ အားနာစိတ်များဖြင့် မူးမိုက်ပြာဝေသွားလေသည်။

''အို… မဟုတ်ဘူး၊ ကျွန်မလူမှားပြီ၊ လူမှားပြီ''

ဒေါ်ယဉ်ရွှေသည် သွေးရူးသွေးတန်းအော်ဟစ်ကာ အခန်းထဲမှထွက်ပြေးသွားလေသည်။

\+ + + + +

ဒေါက်တာခင်လပြည့်ဝန်း အံ့သြမင်တက်စွာကျန်ရစ်ခဲ့ရလေ သည်။

သည်နေ့ မိမိကြည့်ရမည့်လူနာများကို အားလုံးကြည့်ပြီးပါပြီ။

ကြည့်ရှုရမည့်လူနာများစာရင်းကို ကြိုပေးထားပြီးဖြစ်သည်။ ၁၂ယောက်ဖြစ်သည်။ ၁၂ယောက်လုံးကို ဒေါက်တာခင်လပြည့်ဝန်းကြည့် ပြီးပြီ၊ အားလုံးပြီးမှ အခန်းထဲဝင်လာသော အမျိုးသမီးကြီးက ဘယ်သူ လဲ။

သူမနှုတ်မှ မိမိနာမည်ကို ထုတ်ဖော်ရေရွတ်သွားသေးသည်။

ပြီးတော့... မိမိကို ခင်လပြည့်ဝန်းမဟုတ်ဘူးဟုဆိုသွားသေး သည်။

ကျွန်မသိတဲ့ခင်လပြည့်ဝန်းမဟုတ်ဘူး၊ လူမှားပြီ... ဆိုကာ ပြေးထွက်သွားသောမိန်းမကြီးသည် မည်သူလဲ။ သူမသည် လူနာ တစ်ယောက်လည်းဟုတ်ဟန်မတူချေ။

ဒေါက်တာခင်လပြည့်ဝန်း စိတ်ရှုပ်ထွေးစွာဖြင့် ကျန်ခဲ့လေသည်။

ခုတလောကြုံရသမျှတွေက ပဟေဠိတွေ၊ စိတ်မောစရာတွေ ချည်းပါလား။

ဒေါက်တာခင်လပြည့်ဝန်းသည် စိတ်မကြည်သာစွာဖြင့်ပင် ထိုင် ရာမှထလိုက်သည်။

တာဝန်တွေရှိသေးသည်။ မျက်စိရောဂါဖြင့် ဆေးရုံတက်နေသော လူနာများကို လှည့်လည်ကြည့်ရှုရဦးမည်။

♛♛♛♛♛

( ၂၆ )

ဒေါက်တာခင်လပြည့်ဝန်းအခန်းထဲမှ ပြေးထွက်လာခဲ့သော ဒေါ်ယဉ်ရွှေသည် ဆေးရုံပထမထပ်သို့တက်လာခဲ့၏။

မှတ်ထားသောအခန်းကိုရှာလိုက်သည်။

လှေကားနှင့်ကပ်ရက်အခန်းကိုတွေ့ပါပြီ။ အခန်းရှေ့ပို့က်ဘုတ် အသေးလေးပေါ်တွင် **လူနာအမည်–ဒေါ်ချော**–ဟုရေးထားသည်ကို တွေ့ လိုက်ရသည်။

ဒေါ်ယဉ်ရွှေက အခန်းတံခါးကိုတွန်းဖွင့်လိုက်သည်။

ဒေါ်ချောစုကိုတွေ့ရပါပြီ။

အခုနက... လသာဆောင်ဝရံတာမှာထွက်ရပ်နေခဲ့သော ဒေါ် ချောစုသည် ကုတင်ပေါ်တွင်မှိန်းနေ၏။

ကုတင်ပေါ်တွင်မှိန်းနေသောဒေါ်ချောသည် အခန်းတံခါးဖွင့်သံ ကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

ဝင်လာသူက ဆရာဝန်လည်းမဟုတ်၊ သူနာပြုလည်းမဟုတ်၊ လူနာလာစောင့်နေသော သူ့မြေးမလေးလည်းမဟုတ်သည့်အတွက် ဒေါ် ချောအံ့သြသွားလေသည်။

ဒေါ်ချောက ကုတင်ပေါ်တွင်ထထိုင်လိုက်ကာ ဝင်လာသူကို ကြည့်လိုက်သည်။

“ဒေါ်ချောစု”

ဝင်လာသောအမျိုးသမီးက သူ့ကိုခေါ်လိုက်သည့်နာမည်ကြောင့် ဒေါ်ချောတုန်လှုပ်သွားလေသည်။

“ဒေါ်ချောစု၊ ရှင်ဒေါ်ချောစုမဟုတ်လား”

အမျိုးသမီးက ထပ်ဆင့်မေးခွန်းထုတ်လိုက်ပြန်သည်။

“ဟုတ်ပါတယ်၊ ရှင်ဒေါ်ချောစုပါ၊ ကျွန်မကိုကြည့်ပါဦး၊ ကျွန်မ ကိုမှတ်မိသေးရဲ့လား”

“ဘယ်–ဘယ်သူလဲ”

ဒေါ်ချောက ခွဲစိတ်ပြီးစမျက်လုံးဖြင့် အားယူကာ အမျိုးသမီး ကိုကြည့်လိုက်သည်။ လက်တစ်ဖက်ကလည်း စားပွဲပေါ်တင်ထားသော မျက်မှန်ဆီလှမ်းလိုက်သည်။

“မျက်မှန်တပ်ကြည့်လိုက်ပါဦးလေ၊ ရှင် ကျွန်မကိုမှတ်မိမှာပါ”

ဒေါ်ချောက မျက်မှန်ကိုတပ်လိုက်သည်။

မြင်ကွင်းထဲတွင် ကြည်လင်စွာပေါ်လာသောအမျိုးသမီးမျက်နှာ ကိုမြင်ဖူးသလိုလိုရှိတယ်လို့ပဲအောက်မေ့သည်။ ဘယ်သူဆိုတာ စဉ်းစား မရ။

“မှတ်မိပြီလား ကျွန်မကို”

“အဒေါ်လည်း အသက်ကြီးပြီဆိုတော့...”

ညှော်သည်က ဒေါ်ချောစကားဆုံးအောင် မစောင့်ဆိုင်းချေ။

“ဩော်... အသက်ကြီးလို့မေ့တတ်ပြီကိုး၊ ဒီလိုဆိုလည်း ကျွန်မ ကပဲပြောပြရတာပေါ့ရှင်၊ ကျွန်မ မယဉ်ရွှေလေ”

“မယဉ်ရွှေ”

“ဟုတ်ပါတယ်၊ မယဉ်ရွှေပါ၊ နတ်သံကွင်းရွာက မယဉ်ရွှေဆိုရင် ရှင်မှတ်မိဦးမှာပေါ့”

“အမလေး–”

''မှတ်မိပြီမဟုတ်လား၊ နတ်သံကွင်းရွာက အရပ်လက်သည်မကြီးဒေါ်အေးစိန်ရဲ့သမီး၊ အရပ်လက်သည်မလေး မယဉ်ရွှေလေ''

''အို... အမလေး၊ နင်... နင်ဘာလာလုပ်တာလဲ၊ ရှုပ်ကုန်တော့မှာပဲ၊ သွား... သွား၊ ပြန်ပါ၊ ပြန်ပါမယဉ်ရွှေ''

''မပြန်နိုင်ဘူး၊ ရှင်တို့လုပ်ခဲ့တဲ့အရှုပ်ထုတ်ကိုရှင်းဖို့လာတာ၊ ရှင်တို့ကလေးတစ်ယောက်ကို မွေးပြီး ပစ္စလက္ခတ်ပစ်ထားခဲ့ကြတယ်၊ ရှင်တို့ဘာတွေလဲ၊ ကျွန်မသိချင်တယ်''

''မယဉ်ရွှေ၊ ဒါတွေပြီးခဲ့ပါပြီအေ၊ အဲဒီတုန်းက ညီးတို့ကို တန်ရာတန်ဖိုးပေးခဲ့ပြီးသားပဲ၊ ညီးပြန်ပါအေ''

''ပြီးခဲ့ပြီ၊ ဟုတ်လား၊ မပြီးဘူးတော်ရဲ့၊ တော်တို့ထားခဲ့တဲ့ ကလေးက အသက်နဲ့လူပါ၊ လူတစ်ယောက်ပါ၊ အခု ဒီကလေးဟာ ဘယ်လောက်ဒုက္ခရောက်နေရတယ်ထင်သလဲ၊ သူ့ခမျာ အမေအရင်းကိုတွေ့ချင်လွန်း လို့...''

''မယဉ်ရွှေ''

''ကျွန်မကိုရှင်းပြပါဒေါ်ချောစု၊ အခု ဒေါက်တာခင်လပြည့်ဝန်းဆိုတဲ့အမျိုးသမီးကို ကျွန်မဝင်တွေ့ခဲ့ပြီးပြီ''

''ဘုရား... ဘုရား... သူကဘာပြောသလဲဟင်''

''ဘာပြောရမှာလဲ၊ ဒေါက်တာခင်လပြည့်ဝန်းဟာ ကျွန်မသိတဲ့ခင်လပြည့်ဝန်းမှမဟုတ်တာ၊ ရှင်တို့ဘာတွေရှုပ်ထားကြတာလဲ''

''မယဉ်ရွှေ၊ မယဉ်ရွှေ၊ ဒီအသက်အရွယ်ရောက်မှ... ခုအချိန်ရောက်မှ... ဒါတွေကို ငါမဖော်ထုတ်ပါရစေနဲ့တော့အေ၊ အလို... ဘုရားဘုရား... ကျေးဇူးရှင်တွေကိုပစ်မှားလို့ ငါဝဋ်လည်ပြီ၊ ငါဝဋ်လည်ပြီ''

ဒေါ်ချောက သနားစဖွယ်မြည်တမ်းရေရွတ်လိုက်လေသည်။

ထိုစဉ်... အခန်းတံခါးရုတ်တရက်ပွင့်သွားကာ ဒေါက်တာခင်လပြည့်ဝန်းနှင့်သူနာပြုဆရာမဝင်လာလေသည်။

ဒေါက်တာခင်လပြည့်ဝန်းဝင်လာသည်ကို အခန်းဝနှင့်မျက်နှာချင်းဆိုင်ရှိနေသောဒေါ်ချောက ဦးစွာမြင်သည်။

ဒေါ်ချောသည် ဒေါက်တာခင်လပြည့်ဝန်းဝင်လာသည်ကိုမြင်လိုက်သည်တွင် စိုးရိမ်စိတ်ဖြင့်ပြာဝေသွားလေသည်။ အခန်းထဲမှာ ဒေါ်ယဉ်ရွှေရှိနေချိန် ဒေါက်တာခင်လပြည့်ဝန်းရောက်လာခြင်းက သူမအတွက် ကြုံဟ်ဆိုးမွှေခြင်းပင်ဖြစ်ပါတော့သည်။

ဒေါ်ချောအမူအရာပျက်သွားသည်ကိုမြင်လိုက်ရသော ဒေါ်ယဉ်ရွှေက နောက်ကိုလှည့်ကြည့်လိုက်သည်။ ဒေါက်တာခင်လပြည့်ဝန်းကိုတွေ့လိုက်ရသည်တွင် ဒေါ်ယဉ်ရွှေသည်လည်း ထိတ်လန့်စိတ်ဖြင့် မျက်လုံးများပြာသွားရတော့၏။

ဒေါက်တာခင်လပြည့်ဝန်းသည်လည်း ဒေါ်ချောအခန်းထဲသို့ဝင်အလာ အခုနလေးကပင် သူမအခန်းထဲသို့ရောက်လာသော အမျိုးသမီးကြီးကို တွေ့လိုက်ရ၍ အံ့သြသွားရပြန်လေသည်။

မိမိကို သူသိတဲ့ ခင်လပြည့်ဝန်းမဟုတ်ပါဘူးဆိုကာ ထွက်ပြေးသွားခဲ့သောမိန်းမကြီးသည် ဒေါ်ချောအခန်းထဲကို ဘယ်လိုလုပ်ရောက်နေရပြန်တာလဲ။

သုံးယောက်လုံးမှာ မင်သက်မိစွာဖြင့်... တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြလေတော့သည်။

''အခုပဲ ကျွန်မအခန်းထဲကထွက်သွားတဲ့အစ်မကြီးပါလား''

ဒေါက်တာခင်လပြည့်ဝန်းက အံ့သြစိတ်ကိုထိမ်းသိမ်းကာ ဦးစွာစကားစပြောလိုက်သည်။

ဒေါ်ချောနှင့်ဒေါ်ယဉ်ရွှေကတော့ ဒေါက်တာခင်လပြည့်ဝန်းအရှိန်အဝါကြောင့် ထိတ်လန့်စွာကြောက်ရွံ့နေမိဆဲ။ ဒေါ်ချောက ဒေါ်ယဉ်ရွှေ ကြောင့်သူလုပ်ခဲ့သောမကောင်းမှုများပေါ်သွားမှာစိုးရိမ်သလို၊ ဒေါ်ယဉ် ရွှေကလည်း ဒေါက်တာခင်လပြည့်ဝန်းရှေ့ကထွက်ပြေးချင်လောက်အောင် အားနာရွံ့ထိတ်နေလေသည်။

''အစ်မကြီးနဲ့ဒေါ်ချောနဲ့က သိကြတာကိုး၊ ကျွန်မအခန်းထဲဝင်လာတာ ဘာကိစ္စပါလိမ့်''

''ဟို... ဟို...''

ဒေါ်ယဉ်ရွှေ စကားအစရှာမရအောင် ဘာပြန်ပြောရမှန်းမသိဖြစ်နေရလေပြီ။

''ဟို ဟိုဟာပါ၊ ဆရာမကြီးဟာ ကျွန်မသိတဲ့ခင်လပြည့်ဝန်းဆိုတာများဖြစ်နေမလားလို့ ဝင်ခဲ့မိတာပါဆရာမကြီးရယ်၊ ကျွန်မကိုခွင့် လွှတ်ပါ၊ ဆရာမကြီးက ကျွန်မသိတဲ့ခင်လပြည့်ဝန်းမဟုတ်ပါဘူး''

''ရှင်– ခင်လပြည့်ဝန်းဆိုတဲ့နာမည်တူ ရှိသေးလို့လား၊ အစ်မကြီးတွေ့ချင်တဲ့ခင်လပြည့်ဝန်းက ကျွန်မမဟုတ်ဘူးပေါ့၊ ဘယ်သူများပါ လိမ့်''

''အို… ဆရာမကြီး၊ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မမှားသွားလို့ပါ''

''မဟုတ်သေးဘူးလေ၊ ခင်လပြည့်ဝန်းဆိုတဲ့နာမည်မျိုးက ခပ်ရှားရှားပဲ၊ ကျွန်မဖြင့် ကျွန်မနဲ့နာမည်တူတဲ့လူ ရှိမယ်လို့တောင် မထင်ဘူး၊ အစ်မကြီးသိတဲ့ခင်လပြည့်ဝန်းက ဘယ်အသက်အရွယ်လဲ၊ ဘာလုပ်တာလဲ''

''ဆရာဝန်၊ ဆရာဝန်တဲ့၊ ကျွန်မနဲ့တွေ့တုံးက ဆေးကျောင်းသူပဲရှိပါသေးတယ်''

''ရှင်– ဆရာဝန်ထဲမှာ ခင်လပြည့်ဝန်းဆိုတဲ့နာမည်တူ မရှိပါ ဘူး''

ဒေါ်ယဉ်ရွှေ ဒေါက်တာခင်လပြည့်ဝန်းကိုဆက်ရင်မဆိုင်နိုင် တော့၊ ဒေါ်ယဉ်ရွှေငိုမိရလေပြီ။

''ဒါတွေဟာ တကယ်တော့… ဟောဒီက ဒေါ်ချောစုရှုပ်ထားတာတွေပါဆရာမကြီးရယ်၊ ဒေါ်ချောစုကိုသာ မေးကြည့်ပါတော့''

''ဒေါ်ချောစုဆိုတာ ဒေါ်ချောကိုပြောတာလား''

''ဟုတ်ပါတယ်၊ သူပဲလေ၊ အလည်မကြီး၊ မိန်းမလည်ကြီး၊ အားလုံးကိုသူပဲလှည့်စားထားတာ၊ သူကြောင့်… ဆရာမကြီးကို အထင်အမြင်မှားခဲ့ရပြီ၊ ကျွန်မရော… ကျွန်မသားလေးရော…''

''အို… ဘာတွေလဲ၊ အစ်မကြီးသားက ဘယ်သူလဲ''

''ကျွန်မသားက မိုးမြင့်သော်တာပါ၊ ဆရာမကြီးအိမ်မှာ ကားမောင်းသွားတဲ့မိုးမြင့်သော်တာပါဆရာမကြီးရယ်''

''ဟင်…''

ဒေါက်တာခင်လပြည့်ဝန်း ထိတ်ကနဲဖြစ်ကာ မျက်လုံးပြူးသွားရသည်။

သရဲပူးတဲ့ဒေါ်ရွှေမြင့်နုတ်ကပြောသောစကားများ။ မိုးမြင့်သော်တာဟာ ကျွန်မသား။ ဒေါ်ချောစီစဉ်တာ။ ဒါတွေကိုဒေါ်ချောလုပ်တာ။

ခင်လပြည့်ဝန်းစိတ်ထဲတွင် စီကာစဉ်ကာမြင်ယောင်ကြားယောင်လာသည်။ ယခုတလောကြုံနေရသော စိတ်ရှုပ်ဖွယ်အရှုပ်အထွေးများက ဆေးရုံအထိ လာပတ်သက်နေပါလား။

ဒီထဲမှာ ဒေါ်ချောနာမည်က ပင်တိုင်လိုပါနေသည်။

ဒေါ်ချောသည်လည်း ဒေါ်ယဉ်ရွှေနှင့်ဒေါက်တာခင်လပြည့်ဝန်း ပြောဆိုကြသည်များကိုနားထောင်ကာ ခေါင်းငိုက်စိုက်ကျလျှက်ရှိသည်။

ဒေါ်ချောသည် အမှန်တကယ်ပင် ဤအရှုပ်အထွေးကြီး၏ အဓိကတရားခံဖြစ်ရပေမည်။

''ဒေါ်ချော''

ဒေါက်တာခင်လပြည့်ဝန်း၏ ပြတ်သား၍ သြဇာသံပါသော ခေါ်သံကြောင့် ဒေါ်ချောက ငုံ့နေရာမှ မဝံ့မရဲမော်ကြည့်လိုက်သည်။

''ဒေါ်ချောဘာတွေလုပ်ထားသလဲ၊ ဒေါ်ချောမှာ မပြည့်တို့ကိုပြောစရာစကားရှိရမယ်၊ ဟုတ်သလားဒေါ်ချော''

''ဒေါ်… ဒေါ်ချောကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ မပြည့်ရယ်၊ ဒေါ်ချောအားလုံးဖွင့်ပြောပါတော့မယ်''

''နေဦးဒေါ်ချော၊ မပြည့်မှာအလုပ်တွေရှိသေးတယ်၊ အခုမပြောနဲ့ဦး၊ ဒေါ်ချောလည်း သက်သာနေပြီ၊ မပြည့်အလုပ်ပြီးရင် အိမ်ကိုခဏလိုက်ခဲ့ပါ၊ ဟောဒီကအစ်မကြီးလည်း လိုက်ခဲ့ပါ၊ အစ်မကြီးနာမည်က ဘယ်သူ''

''မယဉ်ရွှေပါဆရာမကြီး''

''ဟုတ်ပြီ၊ အိမ်မှာအေးအေးဆေးဆေးလိုက်ရှင်းမှအဆင်ပြေလိမ့်မယ်၊ ပြီးရင် ကျွန်မပြန်လိုက်ပို့ပါ့မယ်၊ ဒီမယ်ဒေါ်ချော၊ ဒေါ်ချောပြောမယ့်စကားကို ကျွန်မအိမ်ရောက်မှပြောပါတော့၊ အိမ်မှာ ဒေါ်ချောကိုစောင့်နေတဲ့လူတစ်ယောက်ရှိသေးတယ်''

''ရှင်–''

''မလေးနွယ်လေ''

''အမလေး– မလေးနွယ်က သေပြီပဲမပြည့်ရယ်''

''သေပေမယ့် သရဲတစ္ဆေအနေနဲ့မကျွတ်မလွတ်ပဲရှိနေသေး တယ်''

''ဟင်–''

''ကဲပါလေ၊ ကျွန်မကားပေါ်ကသာ နှစ်ယောက်စလုံးသွားစောင့်နေကြပါ၊ ကျွန်မတာဝန်ပြီးတာနဲ့ အိမ်ကိုသွားကြတာပေါ့''

♛♛♛♛♛

( ၂၇ )

ဒေါက်တာခင်လပြည့်ဝန်းကိုယ်တိုင်မောင်းလာသောကားလေး၏နောက်ခန်းတွင် ဒေါ်ချောနှင့်ဒေါ်ယဉ်ရွှေပါလာသည်။

တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။ အတွေးကိုယ်စီဖြင့်တိတ်ဆိတ်စွာလိုက်ပါလာကြသည်။

ကားလေးက နေလရိပ်သာရှေ့သို့ရောက်လာပါပြီ။

ခင်လပြည့်ဝန်းဟွန်းတီးလိုက်ရာ ဦးချစ်ဆွေက အိမ်ဝင်းတံခါးကိုလာဖွင့်ပေးသည်။

ခင်လပြည့်ဝန်းက ကားကို ပေါ်တီကိုအောက်အထိမောင်းဝင်ခဲ့သည်။

''ဆင်းကြပါ''

ဒေါ်ချောနှင့်ဒေါ်ယဉ်ရွှေကားပေါ်ကဆင်းသည်။

အိမ်ထဲသို့ဝင်ရန် ခြေလှမ်းအပြင်တွင် သူတို့သုံးဦးရှိရာသို့ပြေးလာနေသောဒေါ်ရွှေမြင့်ကြောင့် အားလုံးခြေလှမ်းများတန့်သွားကြလေ သည်။

''အစ်မယဉ်ရွှေ၊ အစ်မယဉ်ရွှေ၊ ဒေါ်ချော''

ဒေါ်ရွှေမြင့်နှုတ်မှ ဒေါ်ယဉ်ရွှေနှင့်ဒေါ်ချောတို့အမည်များကိုအော်ရင်း ပြေးလာနေခြင်းဖြစ်သည်။

ဒေါ်ရွှေမြင့်အမူအရာကိုမြင်၍ ဦးချစ်ဆွေသည်လည်း အနားသို့ရောက်လာလေသည်။

ဒေါ်ရွှေမြင့် အသားတွေတဆတ်ဆတ်တုန်ကာ မျက်ရည်များစီးကျနေသည်ကိုကြည့်၍ ဦးချစ်ဆွေက မရွှေမြင့်သရဲပူးပြန်ပြီဆိုတာသိလိုက်လေသည်။

''အစ်မယဉ်ရွှေ၊ အစ်မယဉ်ရွှေ''

ဒေါ်ရွှေမြင့်က ဒေါ်ယဉ်ရွှေ၏လက်မောင်းကိုဖမ်းဆုပ်ကာ ခေါ်လိုက်လေသည်။

''အစ်မယဉ်ရွှေ၊ ကျွန်မသားလေးကို ဒီအရွယ်အထိမွေးပေး ထားတာကျေးဇူးတင်လိုက်တာ အစ်မယဉ်ရွှေရယ်၊ ကျွန်မ ကျွန်မသားလေးကိုတွေ့ရတယ်၊ အစ်မယဉ်ရွှေလွှတ်လိုက်လို့ ကျွန်မသားလေး ကျွန်မဆီရောက်လာတယ်အစ်မယဉ်ရွှေရဲ့''

ဒေါ်ယဉ်ရွှေသည် သူမတစ်ခါမှမသိဖူးသောမိန်းမတစ်ယောက် ကတိုင်တည်ပြောနေသည့်စကားများကိုနားထောင်ကာ အံ့သြနေသည်။ နားထောင်ရင်းမှ ဒေါ်ယဉ်ရွှေ့မျက်စိထဲတွင် တစ်စုံတစ်ယောက်ကိုမြင်ယောင်လာလေသည်။ ခင်လပြည့်ဝန်း။ ဟုတ်ပါသည်။ ထိုမိန်းမပြောပုံဆိုပုံများက သားလေးမိုးမြင့်သော်တာမိခင်ခင်လပြည့်ဝန်းနှင့် တူလှချေ လား။

''အစ်မယဉ်ရွှေ၊ အစ်မယဉ်ရွှေရယ်... ကျွန်မမှာလေ သားလေးကို အလွမ်းပြေကြည့်စရာ သားလေးရဲ့ မွေးဆံပင်လေးပဲရှိတယ်၊ အစ်မယဉ်ရွှေရိပ်ပေးလိုက်တဲ့ သားလေးရဲ့မွေးဆံပင်လေးကို သိမ်းထားပြီး သားကိုအလွမ်းဖြေနေရတာပါအစ်မယဉ်ရွှေ၊ သားကို... သားကို ဂရုစိုက်ပါနော်၊ အစ်မယဉ်ရွှေကို ကျေးဇူးတင်တယ်၊ ကျေးဇူးတင်တယ်၊ အို... အို... အား...''

ဒေါ်ရွှေမြင့်က ဒေါ်ယဉ်ရွှေ့လက်မောင်းကို ဆုပ်ကိုင်ပြောနေရင်းမှ တစ်ချက်သန်းဝေလိုက်ကာ မြေကြီးပေါ်လဲပြိုကျသွားလေတော့သည်။

ဦးချစ်ဆွေက ဒေါ်ရွှေမြင့်ကို ဖမ်းထိန်းလိုက်ပြီး နောက်ဖေးတန်းလျားသို့ဖေးမ၍ခေါ်သွားလေသည်။ အိမ်မှာဦးဘဇံရှိမနေပါ။ နေမင်းရာဇာကို သွားကြိုနေချိန်ဖြစ်သည်။

''အဲဒါ... အဲဒါ... ဘယ်သူလဲ''

ဒေါ်ချောက မေးလိုက်သည်။

''ဘယ်သူ့ကိုမေးတာလဲဒေါ်ချော၊ အဲဒီအစ်မကြီးကတော့ ဒေါ်ရွှေမြင့်ပါ၊ ကျွန်မဒရိုင်ဘာရဲ့ဇနီး၊ အဲ... သူ့ကိုပူးတဲ့သရဲကတော့ ဘယ်သူလဲဆိုတာ ဒေါ်ချောရိပ်မိမှာပါ''

''သရဲ၊ သရဲပူးတာ''

''ဟုတ်တယ်၊ သရဲပူးလို့သာ ဒေါ်ချောတို့ ဒေါ်ယဉ်ရွှေတို့နာမည်တွေကို သူပြောနိုင်နေတာပေါ့၊ ဒေါ်ရွှေမြင့်ကို ဒေါ်ချော အရင်ကမသိဘူးမဟုတ်လား''

''မသိပါဘူး၊ ဒါဖြင့် သူ့ကိုပူးတဲ့သရဲက မလေးနွယ်၊ မလေးနွယ်ပေါ့နော်''

''အစစ်ပေါ့ဒေါ်ချော''

''အမလေး–''

ထိုစဉ်**...** ဒေါ်ရွှေမြင့်ကိုသွားပို့သောဦးချစ်ဆွေပြန်ရောက်လာ သည်။

''မပြည့်''

''ပြောပါ**...** ဦးလေးချစ်''

''ဟောဒီက ညီမကြီးနာမည်က ဘယ်သူလဲကွယ်''

ဦးချစ်ဆွေမေးသည်ကို ဒေါ်ယဉ်ရွှေက တိုက်ရိုက်ဖြေလိုက်သည်။

''ကျွန်မနာမည်မယဉ်ရွှေပါ''

''မယဉ်ရွှေနော်၊ မယဉ်ဆွေမဟုတ်ဘူး''

''မယဉ်ရွှေပါရှင်''

''မပြည့်ရေ**...** ဒါကိုကြည့်ရင် မရွှေမြင့်သရဲပူးတာအမှန်ဆိုတာ သိသာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မရွှေမြင့်နှုတ်ကထွက်လာတဲ့အသံ က **မယဉ်ရွှေဆိုတဲ့အသံထွက်ကို မှန်အောင်ခေါ်လိုက်လို့ပဲ**''

''ရှင်**...**''

''မပြည့်လည်း သိသားပဲ၊ မရွှေမြင့်ဟာ အမြဲတမ်း **ရွှေနဲ့ဆွေကို လွဲလွဲပြီးအသံထွက်နေကြလေ၊** ဦးလေးနာမည်ဦးချစ်ဆွေကို ဦးချစ်ရွှေလို့ခေါ်တယ်၊ သူ့နာမည်သူတောင် မရွှေမြင့်ဆိုတာကို မဆွေမြင့်လို့ ပြောတယ်မဟုတ်လား''

''ဟုတ်သားပဲ''

''အခု ဒီကညီမကြီးနာမည် **မယဉ်ရွှေဆိုတာကို မယဉ်ဆွေလို့ မပြောဘူး။ မယဉ်ရွှေဆိုတဲ့အသံထွက်အမှန်အတိုင်းထွက်လာတယ်၊** ဒါကို ကြည့်ရင် မရွှေမြင့်ဟာ သရဲပူးချင်ယောင်ဆောင်တာမဟုတ်ပါဘူး၊ တကယ်ကိုဝင်ပူးတာပါဆိုတာ သိသာတယ်မဟုတ်လား၊ ဝင်ပူးတဲ့ဝိညာဉ်က ခေါ်လိုက်တဲ့စကားသံမို့သာ အမှန်အတိုင်းထွက်လာတာပေါ့ကွယ်''

''ဟုတ်ပါတယ်ဦးလေးချစ်၊ ဒေါ်ရွှေမြင့်ကို ဝိညာဉ်တကယ်ဝင်ပူးတယ်ဆိုတာ မပြည့်လည်း ယုံပါပြီ၊ ဒီက ဒေါ်ချောကိုရော၊ ဒေါ်ယဉ်ရွှေကိုပါ ဒေါ်ရွှေမြင့်က သိမှမသိတာ၊ မသိတဲ့လူတွေနာမည်ကိုခေါ်ပြီးပြောနိုင်ဆိုနိုင်နေကတည်းက သရဲတကယ်ပူးတယ်ဆိုတာကို မပြည့်ယုံလိုက်ပါပြီဦးလေးချစ်ရယ်''

''အေး– အေး– ဦးလေးချစ်က မရွှေမြင့်ပရိယာယ်ဆင်တယ်လို့ထင်မှာစိုးလို့ ရှင်းပြတာပါ''

ဦးချစ်ဆွေက ပြောစရာရှိသည်များပြောအပြီးတွင် ပြန်သွားလေသည်။

''ကဲ– ဒေါ်ချောရော**...** အစ်မကြီးဒေါ်ယဉ်ရွှေရော**...** အထဲကိုကြွပါရှင်''

ဒေါက်တာခင်လပြည့်ဝန်းက ဖိတ်ခေါ်လိုက်လေ၏။

အိမ်ကြီးထဲသို့ခြေချလိုက်သည်နှင့် ဧည့်ခန်းထဲတွင်ချိတ်ထားသောပန်းချီကားကြီးက ဒေါ်ယဉ်ရွှေ့ကို ဖမ်းစားလိုက်လေသည်။

ပန်းချီကားထဲက ခန့်ညားသောလူကြီးရုပ်က သားလေးမိုးမြင့်သော်တာနှင့်တူလှချည်လား။ ပြီးတော့**...** ဒေါက်တာခင်လပြည့်ဝန်းနဲ့လည်း တူလှချေလား။

ဒေါ်ယဉ်ရွှေသည် ဦးနေလ၏ပုံတူပန်းချီကားကြီးကို ခဏမျှငေးစိုက်ကြည့်နေမိသေးသည်။

♛♛♛♛♛

( ၂၈ )

စာကြည့်ခန်းထဲရောက်သည်နှင့် ဒေါက်တာခင်လပြည့်ဝန်းက ဒေါ်ယဉ်ရွှေနှင့်ဒေါ်ချောကို သူမနှင့်မျက်နှာချင်းဆိုင်မှာထိုင်ခိုင်းလိုက်သည်။

''ကဲ– ဒီအကြောင်းတွေကို အားလုံးသိနေတဲ့လူကတော့ ဒေါ်ချောပဲဖြစ်မယ်ထင်တယ်''

ဒေါက်တာခင်လပြည့်ဝန်းက ဒေါ်ချောမျက်နှာကိုကြည့်ကာ ပြောလိုက်သည်။

ဒေါ်ချောကား ခေါင်းကိုငုံ့ထားပေ၏။

''ကျွန်မတော့ အနည်းအကျဉ်းရိပ်မိလာပါပြီ၊ ဒါပေမယ့်**...** ဒေါ်ချောစုပြောရင်တော့ အကြောင်းစုံသိရမှာပေါ့လေ''

ဒေါ်ယဉ်ရွှေကပြောရင်းမှ ဒေါ်ချောကိုလှည့်ကြည့်လိုက်သည်။

ဒေါ်ယဉ်ရွှေသည် ရောက်စကလို ရှက်ကိုးရှက်ကန်း ထိတ်ထိတ်လန့်လန့်ဖြစ်မနေတော့ပေ။ သူမစိတ်တွင် အဖြစ်မှန်ကိုသိလိုစိတ်သာ လွှမ်းမိုးနေပေ၏။

ဒေါ်ချောက ခေါင်းကိုဖြည်းညင်းစွာမော့လိုက်သည်။

''ဟုတ်ပါတယ်၊ တကယ်တော့.. ဒါတွေဟာ ဒေါ်ချောမွေထားတဲ့ စနက်တွေပါ၊ ဒေါ်ချော အကုန်လုံးကိုဖွင့်ပြောပါတော့မယ်လေ၊ ဒီလိုပါ...''

♛♛♛♛♛

## ၂၈ ( က )

ဒေါ်ချောသည် ရန်ကုန်သူတစ်ယောက်ဖြစ်သည်။ အိမ်ထောင်ကျတော့ မြစ်ဝကျွန်းပေါ်သားတစ်ယောက်နှင့်အိမ်ထောင်ကျသည်။

ခင်ပွန်းသည်၏ဇာတိ မြစ်ဝကျွန်းပေါ်အရပ်သို့ သွားလာလည်ပတ်ရင်းမှ ဒေါ်ချောတွင် အလုပ်အကိုင်အခွင့်အလမ်းတစ်ခုရလာသည်။ နာမည်အရ ဆိုးသော်လည်း မြက်မြက်ကလေး စားရသည့်အလုပ်မျိုးဖြစ်ပါသည်။

အိမ်ဖော်ပွဲစား။

တောအရပ်များတွင် ရန်ကုန်မြို့ပေါ်တက်၍အလုပ်လုပ်လိုသော မိန်းကလေးတွေ များစွာရှိနေသည်။ အများအားဖြင့်က... တောရွာတွင် လယ်အလုပ်ယာအလုပ်လုပ်ရသည်ထက် အရိပ်ထဲတွင် သက်သက်သာသာချက်ပြုတ်လျှော်ဖွတ်ရင်း... မြို့မှာလည်းနေရ အချိန်တန်လျှင် လခရသည့်အလုပ်မျိုးကို သက်လည်းသက်သာသည်၊ တန်လည်းတန်သည်ဟု တွက်ကြသည်။

သို့သော်... ရန်ကုန်လိုအရပ်မျိုးကို အဆက်အသွယ်မရှိပဲ သည်အတိုင်းစွန့်စားသွားဖို့ကလည်း တောရွာကမိန်းကလေးများအဖို့ မလွယ် ကူပေ။ သည်အခါတွင်... အိမ်ဖော်လုပ်လိုသည့်မိန်းကလေးများကို အိမ်ဖော်လိုအပ်နေသောအိမ်များသို့ ကြားမှဆက်သွယ်ပို့ဆောင်ပေးမည့်သူ လိုအပ်လာလေသည်။

ထိုသို့လိုအပ်နေသောကြားခံပွဲစားနေရာကို ရန်ကုန်မြို့တွင် လည်ပတ်နှံ့စပ်သောဒေါ်ချောက ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်လေသည်။

တောအရပ်မှ မြို့တွင်အိမ်ဖော်လုပ်လိုသောမိန်းကလေးများကို ရန်ကုန်ထိ စရိတ်ခံခေါ်လာသည်။ အိမ်ဖော်လိုအပ်နေသောအိမ်များကို စုံစမ်းသည်။ ပို့ဆောင်ပေးသည်။



ထိုသို့အကျိုးဆောင်သည့်အတွက် အိမ်ရှင်ဆီမှ အိမ်ဖော်လခတစ်လခရသလို၊ အိမ်ဖော်ဆီမှလည်း ပထမဆုံးလခတစ်လခကို ဒေါ်ချောက ရယူပါသည်။ ဒေါ်ချောအဖို့လည်း အလုပ်မရခင် သူ့အိမ်တွင်တင်ကျွေးထားရသည့်စရိတ်များကာမိအောင် အိမ်ဖော်ဆီမှယူရခြင်းဖြစ်ပါ၏။

အိမ်ဖော်ပွဲစားအလုပ်သည် ဒေါ်ချောအတွက် တွက်ချေကိုက်ခဲ့လေသည်။

မလေးနွယ်သည် ထိုနည်းဖြင့် တောရွာလေးတစ်ရွာမှ ရန်ကုန်မြို့ပေါ်သို့ရောက်လာရသော အိမ်ဖော်မိန်းကလေးတစ်ယောက်ဖြစ်ပေ၏။

\+ + + + +

မလေးနွယ်မှာ ဒေါ်ချောယောကျာ်းဇာတိရွာမှ မိဘမဲ့မိန်းကလေးတစ်ဦးဖြစ်သည်။ ဒေါ်ချောနှင့်ဆက်သွယ်မိချိန်တွင် အဒေါ်တစ်ယောက် အိမ်၌မှီခိုနေထိုင်လျှက်ရှိသည်။ အဒေါ်က ဆင်းရဲသည့်အပြင် သားသမီးလည်းများသည့်အတွက် မလေးနွယ်အနေအထိုင်ဆင်းရဲရပါသည်။

လူရှာနေသောဒေါ်ချောက မလေးနွယ်ကို ဆွယ်တရားဟောခဲ့ သည်။ မြို့ပေါ်တက်ပြီး သူဌေးအိမ်မှာအလုပ်လုပ်လျှင် လခတစ်ရာကျော်လည်းရမည်။ ရတဲ့လခက အသားတင်စုမိဆောင်းမိမည်။ တီဗွီလည်း နေ့တိုင်းကြည့်ရမည်။ အလုပ်ကလည်း အရိပ်ထဲမှာလုပ်ရတဲ့အလုပ်တွေမို့ သက်သာသည်။ ရန်ကုန်ဗဟုသုတတွေလည်းရမည်... စသဖြင့် ပြောပြခဲ့လေ၏။

မလေးနွယ်ကတော့ ဒေါ်ချောပြောတဲ့မက်လုံးများထက် အဒေါ်အိမ်မှာ ဆင်းရဲကြပ်တည်းစွာနေရတဲ့ဘဝက လွတ်မြောက်ချင်စိတ်ကြောင့် လက်ခံခဲ့ခြင်းဖြစ်ပါသည်။

သည်လိုနှင့်... မလေးနွယ်သည် ဒေါ်ချောနှင့်အတူ ရန်ကုန်သို့ ပါလာခဲ့လေသည်။ သည်တုံးက မလေးနွယ်အသက်က ၁၄နှစ်ပဲရှိသေး သည်။

ရန်ကုန်မှာ ဒေါ်ချောအိမ်တွင် တစ်ပတ်လောက်နေပြီး ဒေါ်ချောအလုပ်လိုက်စပ်ပေးရာ နေလရိပ်သာဆိုသောအိမ်ကြီး၌ အလုပ်ဝင်ခဲ့ရ ပါသည်။ နေလရိပ်သာမှာ ဒေါ်ချောပို့ထားသောအိမ်ဖော်တွေ သုံးယောက်တောင်ရှိနေပြီးဖြစ်ပါသည်။

\+ + + + +

နေလရိပ်သာပိုင်ရှင်မှာ **ဦးနေလ**ဖြစ်သည်။ ဆန်စက်၊ ဆီစက်များပိုင်သည့်သူဌေးသူကြွယ်တစ်ယောက်မို့ ဒေါ်ချောက ''စက်သူဌေးကြီး'' ဟုခေါ်၏။

မလေးနွယ်ရောက်စနှစ်က... ဦးနေလ၏ဇနီး**ဒေါ်မေမေခင်** မကွယ်လွန်သေးပေ။ မလေးနွယ်ရောက်ပြီး ၂နှစ်ကြာချိန်မှကွယ်လွန်သွားရှာခြင်းဖြစ်သည်။

ဦးနေလ၊ ဒေါ်မေမေခင်တို့တွင် **ခင်လပြည့်ဝန်း**ဆိုသော သမီးလေးတစ်ယောက်သာရှိသည်။ ခင်လပြည့်ဝန်းက မလေးနွယ်နှင့်ရွယ်တူလောက်ပဲဖြစ်ပါသည်။ မလေးနွယ်ရောက်စနှစ်က ခင်လပြည့်ဝန်းမှာရှစ်တန်းကျောင်းသူလေးဖြစ်၏။

နေလရိပ်သာမှာ မလေးနွယ်ထက်အရင်ရောက်နှင့်နေသောအိမ်ဖော်သုံးယောက်ရှိပြီးဖြစ်သည်။ သူ့နေရာနှင့်သူ အလုပ်တာဝန်များအကွက်စေ့ပြီးဖြစ်သည်။ မလေးနွယ် ပင်ပင်ပန်းပန်းအလုပ်တွေသိပ်မလုပ်ရပါ။ မလေးနွယ်တာဝန်မှာ မကျန်းမာနေသောဒေါ်မေမေခင်ဘေးတွင်ထိုင်၍ဒေါ်မေမေခင့်ဝေယျာဝစ္စများကိုလုပ်ပေးနေရုံပဲဖြစ်ပါသည်။

မလေးနွယ် နေလရိပ်သာမှာပျော်ခဲ့သည်။ နေလရိပ်သာရောက်မှ အေးအေးချမ်းချမ်းနှင့်မပင်မပန်းနေရပြီး ကောင်းကောင်းမွန်မွန်အစားအသောက်များကို အချိန်မှန်မှန်စားသောက်ရ၍ အပျိုပေါက်မလေး, မလေးနွယ် အသားအရေတွေစိုပြည်ကာ ပိုလို့ပင်လှလာခဲ့သေးသည်။

မသိသူများက မလေးနွယ်ကိုလည်း ဦးနေလ၊ ဒေါ်မေမေခင်တို့၏သမီးလို့ထင်မှတ်ကြသည်။ ရုပ်ရည်လေးများကလည်း မျက်နှာဝိုင်းဝိုင်းလေးတွေ၊ အသားလတ်လတ်ကလေးတွေမို့ မလေးနွယ်နှင့်ခင်လပြည့်ဝန်းမှာ ဆင်တူကြလေသည်။

သည်လိုနှင့်... မလေးနွယ်သည် နေလရိပ်သာတွင် စိတ်ချမ်းသာစွာနေထိုင်ခဲ့လေသည်။

ဒေါ်ချောက နောက်တစ်အိမ်ပို့ပေးမယ်၊ လခပိုရအောင်ပြောပေးမယ်ဆိုတာကိုပင် လက်မခံပဲငြင်းပစ်ခဲ့ပါသည်။

\+ + + + +

ဒေါ်ချော၏စီးပွားရေးလုပ်ကွက်တစ်ခုက အိမ်ဖော်များကို တစ်အိမ်မှတစ်အိမ်ပြောင်း၍ပို့ပေးခြင်း၊ ဖလှယ်ပေးခြင်းပင်ဖြစ်ပါသည်။

အိမ်ဖော်ပွဲစားအဖြစ် အိမ်ဖော်တစ်ယောက်ကို အိမ်တစ်အိမ်သို့ပို့ပေးခြင်းသည် တစ်ကြိမ်သာစားရသည်။ ဒီအိမ်ဖော်ကိုပဲ နောက်တစ်အိမ်ပြောင်းပို့ပေးတော့ ပွဲခနောက်တစ်ခါစားရပါသည်။ ဤအချက်ကိုသိထားသောဒေါ်ချောက အိမ်ဖော်များနှင့်အိမ်ရှင်များကြားမှာ အမွှေအနှောက်တွေလုပ်တော့သည်။

ပထမ မိမိပို့ပေးထားသောအိမ်ဖော်ဆီ မာကြောင်းသာကြောင်းမေးဖို့လာသလိုလို၊ ရွာပြန်မှာမို့ ရွာကိုမှာစရာရှိမှာဖို့ လာပြောသလိုလို နှင့် ဒေါ်ချောရောက်လာတတ်သည်။

ကိုယ်ပို့ပေးထားတဲ့အိမ်ဖော်ကို ခပ်တိုးတိုးပြော၍စည်းရုံးသည်။ နောက်တစ်အိမ်ကိုပို့ပေးမယ်၊ ဒီအိမ်ထက်လခပိုရအောင်လည်းပြောပေးမယ်ဆိုကာ စည်းရုံးသည်။ အိမ်ဖော်ကိုစည်းရုံးလို့ရတော့... အိမ်ဖော်ကိုရွာမှာအမေနေမကောင်းလို့၊ အဘဆုံးလို့စသဖြင့် အကြောင်းမျိုးစုံပြကာအလုပ်ထွက်ခွင့် တောင်းခိုင်းလေတော့သည်။

ထိုအိမ်မှထွက်ခဲ့သောအိမ်ဖော်ကို အိမ်ဖော်လိုနေသည့်အခြားတစ်အိမ်သို့ပို့ပေးလိုက်သည်။ ပြီးတော့... လုပ်သက်ရှိပြီး ကျွမ်းကျင်သည့်အိမ်ဖော်ဖြစ်ကြောင်း၊ အရင်အိမ်က နှိပ်စက်သည့်အတွက်ထွက်လာခြင်းဖြစ်ကြောင်း... သနားစရာကောင်းအောင်ပြောပြကာ လခကို အရင်အိမ်ထက်ပိုရအောင်တောင်းလေသည်။

ထိုသို့လုပ်ခြင်းအားဖြင့် ဒေါ်ချောအတွက် ပွဲခတစ်လစာရငွေ လည်းပိုလာသည်။ အိမ်ဖော်မိန်းကလေးတစ်ယောက်ကို အကြိမ်ကြိမ်အိမ်ပြောင်းပေးခြင်းဖြင့် လူတစ်ယောက်ကိုအရင်းပြုပြီး ပွဲခအကြိမ်ကြိမ်ရနေပေတော့သည်။

ဒေါ်ချော၏လှည့်ကွက်ထဲမှာပျော်မွေ့ကာ အိမ်အမျိုးမျိုးပြောင်းလုပ်နေသောအိမ်ဖော်တွေလည်း မနည်းမနောရှိပေ၏။ အိမ်တစ်အိမ်ကကောင်းပါရက်နှင့်အကြောင်းအမျိုးမျိုးပြ အလုပ်ထွက်၊ နောက်တစ်အိမ်ပြောင်း၊ လခပိုတောင်းဖြင့်ကျင်လည်လိုသောအိမ်ဖော်များကတော့... ဒေါ်ချောကိုပင် ကျေးဇူးရှင်ထင်ကြသည်။ အားကိုးကြသည်။

မလေးနွယ်ကတော့ သည်အထဲမှာမပါရှာပေ။

ဒေါ်ချောက လာစည်းရုံးသော်လည်း မေမေကြီးကိုသံယောဇဉ်တွယ်နေသောကြောင့် ငြင်းပစ်လိုက်သည်။ တကယ်လည်း... ဒေါ်မေမေ

ခင့်ကို မလေးနွယ်သံယောဇဉ်တွယ်နေပါပြီ၊ ဒေါ်မေမေခင်ကလည်း စိတ်ရှည်လက်ရှည်ပြုစုတတ်သောမလေးနွယ်ကို ခင်မင်နေရှာ၏။

ဒေါ်မေမေခင်က ဒေါ်ချော မလေးနွယ်ကို အိမ်ပြောင်းဖို့ လာပြီး စည်းရုံးတာကိုသိသည်။

ဒေါ်ချောတစ်ယောက် နေလရိပ်သာကို အိမ်ဖော်မိန်းကလေး တွေပို့ပေးလိုက်၊ ပြန်ဆွဲထုတ်သွားလိုက်၊ အသစ်ပို့ပေးလိုက်ဖြင့်... အကြံ အဖန်လုပ်နေတာကို ဦးနေလနှင့်ဒေါ်မေမေခင်တို့က သိပြီးဖြစ်ပါသည်။

တစ်ခါက... ရွာပြန်မည်ဟုအကြောင်းပြကာ အိမ်မှထွက်သွား သောအိမ်ဖော်တစ်ယောက်ကို အခြားမိတ်ဆွေတစ်ယောက်အိမ်တွင်ပြန် တွေ့ရကတည်းက ဒေါ်ချောလုပ်ကွက်များကို သိခဲ့ရခြင်းဖြစ်သည်။

ဒေါ်ချောကိုလည်း ထိုကိစ္စနှင့်ပတ်သက်၍ အပြစ်ပြောခဲ့ဖူးသည်။ သို့သော်... အိမ်ဖော်အမြဲလိုအပ်နေသောအိမ်မို့ ဒေါ်ချောနှင့်လည်း မကင်း နိုင်ခဲ့ပေ။ မနှစ်သက်သော်လည်း မကင်းနိုင်၍ဆက်ဆံနေရခြင်းဖြစ်သည်။

''ဒေါ်ချောက သမီးကို အိမ်ပြောင်းဖို့လာဆွယ်တာမဟုတ်လား လေးနွယ်''

''ဟုတ်ပါတယ်မေမေကြီး''

''မချောတစ်ယောက်ဟာ အဲဒါတွေကြောင့်ခက်တယ်၊ အိမ်မှာ လည်း အိမ်ဖော်တွေ ထွက်လိုက်ဝင်လိုက်နဲ့ရှုပ်ယှက်ခတ်နေတာပဲ၊ အားလုံး သူခြယ်လှယ်နေတာပဲဟော့''

''သမီးကတော့ မထွက်ပါဘူးမေမေကြီးရယ်၊ ဒီအိမ်မှာပဲ တစ် သက်လုံးနေမှာပါ''

ဒေါ်ချောနောက်တစ်ခေါက်အလာတွင်... ဒေါ်မေမေခင်က ဒေါ်ချောကို အိမ်ဖော်များအသွင်းအထုတ်လုပ်ခြင်းကိစ္စအတွက် အတော် ပင် အပြစ်ပြောခဲ့လေသည်။

ဒေါ်ချောဘာမှပြန်မပြောနိုင်သော်လည်း စိတ်ထဲမှာမူ ဒေါ်မေမေ ခင်တို့ကို အကြိတ်အခဲဖြစ်ခဲ့ရလေတော့သည်။

\+ + + + +

မလေးနွယ်အတွက် ကံကြမ္မာအပြောင်းအလဲဖြစ်ခဲ့ရခြင်းက ဒေါ်မေမေခင်ကွယ်လွန်သွားခြင်းပင်ဖြစ်ပါသည်။

ခင်လပြည့်ဝန်းဆယ်တန်းအောင်တဲ့နှစ်၊ ဆေးတက္ကသိုလ်ကို ဝင်ခွင့်ရသည့်နှစ်မှာပင် ဒေါ်မေမေခင်ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဒေါ်မေမေခင်ကွယ်လွန်သွားသော်လည်း မလေးနွယ် နေလ ရိပ်သာမှာပင် အလုပ်ဆက်လုပ်နေခဲ့ပါသည်။

ဒေါ်မေမေခင်ကွယ်လွန်ပြီး ၂နှစ်ရှိချိန်၊ မလေးနွယ် အသက်၁၈ နှစ်အရွယ်တွင် မလေးနွယ်၌ ကံကြမ္မာဆိုးစဝင်ခဲ့ခြင်းပင်ဖြစ်တော့၏။

တစ်နေ့သ၌... ဒေါ်ချောနေအိမ်သို့ မလေးနွယ်ရောက်လာလေ သည်။

မမျှော်လင့်ပဲ.. မလေးနွယ်ကိုမြင်လိုက်သည်တွင် ဒေါ်ချောအံ့သြ သွားလေ၏။ ဒေါ်မေမေခင်ဆုံးကတည်းက နေလရိပ်သာကို အဝင်အထွက် နည်းသွားသောဒေါ်ချောသည် မလေးနွယ်ကိုပင် မတွေ့ရတာကြာပြီ။ မလေးနွယ် တအားလှလာတာကို ဒေါ်ချောသတိပြုမိ၏။

''ဟဲ့– လေးနွယ်၊ ဘာဖြစ်လို့တုံး၊ ငါ့အိမ်ကိုရောက်အောင် နင်ဘယ်လိုလာသတုံး''

''အိမ်ကကားနဲ့ ဒရိုင်ဘာကလိုက်ပို့ပါတယ်ဒေါ်ချော''

''အလိုတော်– ထူးထူးဆန်းဆန်း''

''ဦးလေးက ဒေါ်ချောကိုခေါ်ခိုင်းလိုက်လို့ပါ''

''ဦးနေလက ငါ့ကိုခေါ်ခိုင်းတယ်၊ ဘာဖြစ်လို့လဲဟဲ့၊ အိမ်ဖော် လိုလို့လား''

''မဟုတ်ပါဘူး၊ ဒေါ်ချော... ဒေါ်ချောရယ်... ကျွန်မဒုက္ခရောက် နေပြီ''

ပြောနေရင်းမှ မလေးနွယ် မထိန်းချုပ်နိုင်တော့ပဲ ဒေါ်ချောကို ဖက်ကာ ငိုလေတော့သည်။ ရွာမှခေါ်လာခဲ့သောဒေါ်ချောကိုပင် အားကိုး တကြီးဖြင့်တိုင်တည်ကာ ငိုယိုမိခြင်းဖြစ်လေသည်။

''ဟဲ့– လေးနွယ်၊ နင်ဘာဖြစ်လာတာတုံး၊ ငါ့ပြောစမ်း''

''ကျွန်မမှာ... ကျွန်မမှာ... ကိုယ်ဝန်ရှိနေတယ်ဒေါ်ချော''

''ဟင်...''

''ဦးလေးနေမကောင်းတော့ ပြုစုပေးရင်းက ဦးလေးနဲ့မှားမိ တာပါ''

''ဟင်– ဦးနေလနဲ့ညီးနဲ့''

''ဟုတ်ပါတယ်ဒေါ်ချောရယ်၊ အခု ကျွန်မဒုက္ခရောက်နေရပါ ပြီ''

''အမလေး... လေး... နေမကောင်းလို့ပြုစုပေးရင်းနဲ့ဖြစ်ရတယ်တဲ့၊ နေမကောင်းလို့သာပါလား၊ ဟင်း... ငါမပြောလိုက်ချင်ဘူး၊ အခုညီးကိုနှင်ချလိုက်တာလား''

''မဟုတ်ပါဘူး၊ အဲဒီလိုမဟုတ်ပါဘူးဒေါ်ချောရယ်၊ ဦးလေးကအစစတာဝန်ယူပြီးဖြေရှင်းပေးပါ့မယ်တဲ့၊ အဲဒါ... ဒေါ်ချောနဲ့တိုင်ပင်ချင်လို့ ကျွန်မကိုခေါ်ခိုင်းလိုက်တာပါ၊ ဒီအကြောင်းတွေကိုတောင် ဒေါ်ချောကိုမပြောနဲ့ဦး၊ အိမ်ရောက်မှသူပြောမယ်လို့မှာလိုက်တာပါ၊ ကျွန်မမနေနိုင်လို့ပြောမိတာပါဒေါ်ချော''

''ဒါတွေကိုဘယ်သူသိသေးလဲ၊ အခုလိုက်ပို့တဲ့ ဒရိုင်ဘာရော''

''မသိပါဘူး၊ ဘယ်သူမှမသိပါဘူးဒေါ်ချော''

''တော်သေးတာပေါ့အေ၊ နေနှင့်ဦး... ငါနဲ့တွေ့မယ်''

ဒေါ်ချောက ဦးနေလကိုအမျိုးမျိုးဆဲဆိုရေရွတ်ကျိန်တွယ်ကာ လာခေါ်သည့်ကားနှင့်ပင် နေလရိပ်သာသို့ပါသွားလေတော့သည်။

\+ + + + +

ပြောလိုက်မဟဲ့... ဆိုလိုက်မဟဲ့...ဟု မောင်းတင်သွားခဲ့သော ဒေါ်ချောသည် နေလရိပ်သာရောက်တော့ သူဌေးဆိုသည့်အရှိန်အဝါဖြင့် ဦးနေလရှေ့တွင် ကုပ်ကုပ်ကလေးဖြစ်သွားလေတော့သည်။

ဦးနေလက ဖြစ်ရပ်ဖြစ်စဉ်အားလုံးကို ဝန်ခံကာ ဒေါ်ချောကို လူကြီးအရာထား၍ တိုင်ပင်သည့်သဖွယ် ပြောပြသည့်အတွက်လည်း ဒေါ်ချောမှာ ရန်လုပ်ဖို့ခက်သွားရလေသည်။

''ကျုပ်တာဝန်ယူပါ့မယ်၊ ကျုပ်ဖက်က မှားမိတာပါ၊ ဒါပေမယ့် မလေးနွယ်ကို လက်ထပ်ယူဖို့ဆိုတာတော့မဖြစ်နိုင်ဘူး၊ အိမ်ဖော်ဆိုတာ ထက် ကျုပ်မိန်းမသေထားတာက မကြာသေးဘူး၊ ကျုပ်သမီးလေးက လည်း ဆေးတက္ကသိုလ်ကျောင်းသူ၊ ဒါတွေကို ကျုပ်ငဲ့ညှာရမယ်၊ ဒါပေမယ့် မလေးနွယ်တာဝန်အားလုံးကို ကျုပ်ယူမှာပါ၊ ပစ်မထားပါဘူး၊ လောလောဆယ်မွေးဖို့ဖွားဖို့ မချောဆောင်ရွက်ပေးပါ၊ နှုတ်လုံပါစေ၊ လိုသမျှ ကျုပ်ထုတ်ပေးပါ့မယ်၊ မချောအတွက်လည်း ဆောင်ရွက်ပေးတဲ့အတွက် အကျိုးမယုတ်စေရဘူး၊ ကျုပ်ကိုတော့နားလည်မှုပေးပါ၊ မလေးနွယ်မွေးဖွားပြီးတဲ့အခါမှ ရှေ့ဆက်ရမယ့်ခရီးအတွက် ဆက်ဆွေးနွေးကြတာပေါ့၊ လောလောဆယ် မလေးနွယ်မွေးဖွားဖို့ကို မချောကို အပ်ပါတယ်၊ အကောင်းဆုံးဖြစ်အောင်စီစဉ်ပေးပါ''

ဦးနေလက ဒေါ်ချောကိုငွေပုံပေးကာ စီစဉ်ခိုင်းသည့်အတွက် ဒေါ်ချောမငြင်းပယ်နိုင်ပဲ စီစဉ်ရပါလေသည်။

ကိုယ့်လိုပဲ အိမ်ဖော်ပွဲစားဖြစ်သည့် မသက်ရီဆိုသူကို တိုးတိုးတိတ်တိတ်မေးမြန်းကြည့်ရာ မသက်ရီက သူ့ဇာတိတောင်ငူဖက်တွင် မွေးဖွားရန်အဆင်ပြေသောတစ်နေရာရှိကြောင်း သတင်းပေးသည်။

မသက်ရီကပင် ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းရွာရှိ အရပ်လက်သည်မကြီးဒေါ်အေးစိန်ဆီကိုလမ်းညွှန်လိုက်သည်။ မိတ်ဆက်စာ လည်း ရေးပေးလိုက်သည်။

သည်လိုနှင့် ဒေါ်ချောသည် မလေးနွယ်ကိုခေါ်ကာ နတ်သံကွင်းရွာသို့ထွက်ခွာခဲ့ရလေသည်။

\+ + + + +

မလေးနွယ်ကိုခေါ်ဆောင်ကာ ရန်ကုန်–မန္တလေးစာပို့ရထားဖြင့် ပဲနွယ်ကုန်းဘူတာအထိစီးလာခဲ့သောဒေါ်ချောစိတ်တွင် ဤကိစ္စကိုဆောင်ရွက်ပေးနေရသော်လည်း ဘဝင်မကျနိုင်ဖြစ်နေရလေသည်။

မလေးနွယ်ကိုလည်း သနားသည်။ မလေးနွယ်ကို မိမိကိုယ် တိုင်ရွာကခေါ်လာခဲ့သည်မို့ သူ့ဘဝလေးနစ်မွန်းမသွားအောင် ကယ်တင်ပေးဖို့တာဝန်ရှိတာတော့အမှန်ပင်။ မလေးနွယ်မှာ အားကိုးစရာလည်း မရှိရှာပါ။ ရွာကအဒေါ်လည်း ဆုံးပါးခဲ့ပြီ။

မလေးနွယ်ကလည်း သူ့ဘဝတစ်ခုလုံးကို ဒေါ်ချောအားပုံအပ်ထားပေသည်။

ဒေါ်ချောသည် ကြပ်ကြပ်သိပ်သိပ် ရထားတွဲထဲတွင် မျက်စိသူငယ်ဖြင့်ပါလာသောမလေးနွယ်ကိုကြည့်ကာ... သက်ပြင်းရှိုက်လိုက်မိ သည်။

ဒေါ်ချောစိတ်မှာ မကြေမနပ်ဖြင့် အခဲမကျေဖြစ်နေရသည်က ဦးနေလကိုသာဖြစ်ပါသည်။ ဦးနေလက ငွေတွေပုံပေး၍ မည်သို့ပင် အကျိုးသင့်အကြောင်းသင့်ရှင်းပြခဲ့သော်လည်း ဒေါ်ချောစိတ်မှာတော့ ဘဝင်မကျနိုင်ပေ။

မလေးနွယ်ကို အနိုင်ကျင့်ဖျက်ဆီးလိုက်တယ်လို့ပဲ ဒေါ်ချောက ထင်သည်။ ငွေရှင်ကြေးရှင်မို့ သူဌေးသူကြွယ်မို့ ကိုယ့်အိမ်မှာမှီခိုနေတဲ့ အစေအပါးကို စော်ကားမော်ကားပြုလိုက်တယ်လို့ပဲ ယူဆသည်။

ဒေါ်ချောအနေဖြင့် ဦးနေလတို့အပေါ် အကြိတ်အခဲက ရှိထားပြီးဖြစ်သည်။ နေလရိပ်သာကအိမ်ဖော်တွေကို အခြားအိမ်များသို့အလွှဲအပြောင်းပြုလုပ်တာသိသွားတုံးက ဒေါ်မေမေခင် ဆူခဲ့ပြောခဲ့သည်ကို ဒေါ်ချောမမေ့သေးပေ။

တကယ်တော့… ဒေါ်ချောလုပ်ခဲ့တဲ့လုပ်ရပ်နဲ့ ဦးနေလလုပ်ရပ်။ ယှဉ်ကြည့်ရင် ဘယ်သူက ပိုဆိုးသလဲ။ ဘယ်သူက ပိုပြီး တရားမဲ့သလဲ။ မိမိက မရှိဆင်းရဲသားမို့ ဝင်ငွေတိုးအောင် ရှာရဖွေရ ကြံစည်ရခြင်း ဖြစ်သည်။ ကိုယ့်အိမ်မှာမှီခိုနေတဲ့ အစေအပါးကို ဥစ္စာဓနအားကိုးနဲ့ ခြေတော်တင်တာလောက် မဆိုးဝါးသေးပါ။ မယုတ်မာသေးပါ။

ဒေါ်ချောသည် တွေးရင်း ဒေါသထွက်လာသည်။

တကယ်ဆို… မလေးနွယ်သည် ဦးနေလသမီး ခင်လပြည့်ဝန်းနဲ့မှရွယ်တူလောက်ပဲရှိပါသေးသည်။ သူ့သမီးသာ ဒီလိုအဖြစ်ဆိုးမျိုးကြုံ လျှင် ဘယ်လိုနေမလဲ။ သူ့သမီးကိုသာ လူတစ်ယောက်ကစော်ကားမော် ကားပြုပြီးမှ ငွေနဲ့ပေါက်ပြီးနှုတ်ပိတ်ရေငုံနေခိုင်းရင် မလေးနွယ်ငြိမ်ခံ နေသလို ငြိမ်ခံနေမှာလား။

မိမိတို့ဆင်းရဲသားများဖက်က အနာချည်းဖြစ်နေသည်။ ငွေကြေးအရှိန်အဝါ၊ နေ့ဥစ္စာအရှိန်အဝါတွေနဲ့ သူဌေးသူကြွယ်တွေဖက်က တော့ ထင်သလိုလုပ်နိုင်ခွင့်ရနေသည်။

သူတို့သူဌေးတွေ ကိုယ်ချင်းစာတတ်အောင် တစ်ပြန်တစ်လှည့် ခံရတဲ့ဖက်က နေကြည့်စေချင်သည်။

ဒေါ်ချောသည် ဦးနေလကို ဘယ်လိုလက်စားချေရပါ့မလဲဟု မီးရထားစီးရင်း တစ်လမ်းလုံးတွေးလာခဲ့လေသည်။

မလေးနွယ်ကိုကြည့်လိုက်တော့ တဘက်ကလေးကိုခေါင်းပေါ် ခြုံကာ ညှိုးနွမ်းသောမျက်နှာဖြင့် သက်ပြင်းတချချဖြစ်နေသည်ကို မြင်ရ လေ၏။

သြော်… သူစော်ကားလွှတ်လိုက်တဲ့ မိန်းကလေးကတော့ သနားစရာ။ ပြေးစရာမြေမရှိ၊ တိုင်တည်စရာအုပ်ထိန်းသူမရှိ။ ဘယ်သူ့အားကိုး လို့ကိုးရမှန်းမသိ။ သူ့စိစဉ်သမျှနာခံ၍ ဘဝကြမ်းကြမ်းကို မျက်နှာငယ် ဖြင့် ဖြတ်သန်းရပေတော့မည်။ သူ့သမီးခင်လပြည့်ဝန်းသာ ဒီလိုဖြစ်ရင် ဦးနေလဆိုတဲ့လူ ဘယ်လိုခံစားရမလဲ။

ဒေါ်ချောသည် ဦးနေလအပေါ် အခဲမကြေစိတ်ဖြင့် ဦးနေလကို လက်စားချေလိုစိတ်တွေပေါက်လာသည်။

တွေးရင်း… တွေးရင်းဖြင့် ဒေါ်ချောဦးနှောက်ထဲမှာ အသိဉာဏ် တစ်ခုလက်ကနဲရသွားလေသည်။ ကိုယ့်စိတ်ကူးကိုယ်လည်း အားရကြေနပ် သွားခဲ့သည်။

♛♛♛♛♛

၂၈ ( ၁ )

ပဲခွယ်ကုန်းမှ နတ်သံကွင်းသို့ ကားဖြင့်ခရီးဆက်ဖို့အတွက် ကားပေါ်မှာလူပြည့်သည်အထိ အတန်ကြာစောင့်ဆိုင်းရပေသည်။

ကားစောင့်နေချိန်တွင် ဒေါ်ချောက မလေးနွယ်ကို လူရှင်းသည့် သစ်ပင်တစ်ပင်အောက်သို့ခေါ်လာလိုက်သည်။

''ဟဲ့– လေးနွယ်၊ ညီးကိုစော်ကားလွှတ်လိုက်တဲ့ဦးနေလကို ညီး လက်စားမချေချင်ဘူးလားအေ့''

''ရှင်… ကျွန်မက ဦးလေးကို ဘာလို့လက်စားချေရမှာလဲ ''

''ဖြစ်ရလေအေ… သူစော်ကားလိုက်လို့ ညီး လင်ကောင်မပေါ်ပဲ ကလေးမွေးရတော့မယ်လေ၊ ညီးစိတ်မနာဘူးလား''

''ဘဝကံအကြောင်းပေါ့ဒေါ်ချောရယ်''

''တော်စမ်းအေ၊ ဒီမယ်… ညီးမှာ လင်ကောင်မပေါ်ပဲလည်း ကလေးမွေးရဦးမှာ၊ ဟိုရွာမှာလည်း မလေးနွယ်တစ်ယောက် လင်ကောင် မပေါ်ပဲ ကလေးလာမွေးတယ်ဆိုပြီး ညီးနာမည်… နာမည်ပျက်နဲ့ကျန်ခဲ့ ရဦးမယ်၊ ကောင်းချက်တစ်ချက်ရှိသလားအေ''

''အဲဒီရွာက လူတွေက ကျွန်မကိုသိတာမှမဟုတ်တာ''

''လေးနွယ်… လေးနွယ်… အဲဒီလို အ,လို့ထုံလို့လည်း ညီးကို စော်ကားလို့ကောင်းတာနေမှာအေ့၊ ငါတည့်တည့်ပဲပြောမယ်အေ၊ ကိုယ် ဒါလောက်ထိအဖြစ်ဆိုးပြီးမှတော့ ရှေ့ဆက်ပြီး ကိုယ့်နာမည်အပျက်မခံ နဲ့တော့၊ ညီးစော်ကားလိုက်တဲ့လူတွေနာမည်ပျက်အောင်သာ လက်စား ချေစမ်းပါအေ့''

''ဟင်– ကျွန်မက ဘယ်လိုလက်စားချေရမှာလဲ''

''ဟော့– လွယ်လွယ်လေး၊ ငါစဉ်းစားပြီးသား၊ သေချာနားထောင်လေးနွယ်၊ ဟိုရွာရောက်တာနဲ့ ညီးကိုယ်ညီး ခင်လပြည့်ဝန်းပါလို့ပြော''

''ရှင်– ခင်လပြည့်ဝန်း၊ မပြည့်နာမည်ကို ကျွန်မနာမည်လို့ ပြောရမယ်''

''ဟုတ်တယ်၊ ညီးကိုယ်ညီး ရန်ကုန်က စက်သူဌေးသမီး ဆေးကျောင်းသူခင်လပြည့်ဝန်းလို့ပြောရမယ်၊ အဲဒီလိုလုပ်တော့ ဟိုရွာက လူတွေအထင်မှာ ဦးနေလသမီးခင်လပြည့်ဝန်းဟာ လင်ကောင်မပေါ်ပဲ သူတို့ရွာကို ကလေးလာမွေးတယ်လို့ ထင်ရော၊ အဲဒီတော့ သူတို့နာမည် ပျက်ရော၊ မကောင်းဘူးလားအေ''

''မကောင်းပါဘူးဒေါ်ချောရယ်၊ ဘာလို့အဲဒီလိုလုပ်ရမှာလဲရှင်၊ မပြည့် ကြားထဲကနာမည်ပျက်မှာပေါ့၊ မပြည့်မှာဘာအပြစ်ရှိလို့လဲ၊ မပြည့် ကောင်းပါတယ်''

''ခင်လပြည့်ဝန်း ကောင်းကောင်း မကောင်းကောင်းအေ၊ သူ့ဖအေလုပ်ထားတဲ့မကောင်းမှုဒဏ်ကို သူလည်းခံရမှာပဲအေ့''

''ကျွန်မကိုယ်ကျွန်မ ခင်လပြည့်ဝန်းပါလို့ပြောတော့ ဘယ်သူက ယုံမှာလဲဒေါ်ချောရဲ့၊ ကျွန်မက ခင်လပြည့်ဝန်းမှမဟုတ်တာ''

''အိုအေ... တို့သွားမယ့်ရွာကလူတွေ ခင်လပြည့်ဝန်းဆိုတာ သိတာမှမဟုတ်တာ၊ ညီးက ခင်လပြည့်ဝန်းဆို ယုံရမှာပေါ့''

''ဒေါ်ချောရယ်... မပြည့်က ဆေးကျောင်းသူ၊ ကျွန်မက စာမတတ်ပေမတတ်၊ ဆေးကျောင်းသူပါလို့ပြောလို့ ဘယ်သူကယုံမှာတုံး၊ တခြားစီပါဒေါ်ချောရယ်၊ အဲဒီလိုကြီးတော့ မလိမ်ပါရစေနဲ့၊ ငရဲတွေကြီး ကုန်ပါ့မယ်''

''သူတော်ကောင်းမနဲ့လာတွေ့နေပြန်ပြီ၊ ညီးစကားမရှည်နဲ့အေ၊ ငါပြောသလိုသာလုပ်၊ ငါတို့ဆင်းရဲသားတွေအပေါ်မကောင်းကြံထားတဲ့ ဟာတွေကို ဒီနည်းနဲ့ပဲလက်စားချေစရာရှိတယ်၊ ညီးနာမည်ကို အပျက်မခံနဲ့၊ သူ့သမီးခင်လပြည့်ဝန်းနာမည်ပဲ ပျက်ပစေ''

''မဟုတ်တာဒေါ်ချောရယ်...''

''ညီးဘာမှပြောစရာမလိုဘူး၊ ငါပဲ ရှေ့ကဦးဆောင်သွားမယ်၊ ငါစီစဉ်တဲ့အတိုင်း နာခံစမ်းပါအေ၊ ဒါပဲ''

\+ + + + +



နတ်သံကွင်းရွာရောက်တော့ ဒေါ်အေးစိန်နှင့်မယဉ်ရွှေရှေ့မှာ ဒေါ်ချောက သူစီစဉ်ထားသည့်လုပ်ဇာတ်ကိုခင်းကာ မိတ်ဆက်လေတော့သည်။

သူ့ကိုယ်သူလည်း ''**မချောစု**''လို့ စိတ်ကူးယဉ်နာမည်ပေးကာ အမည်သစ်နှင့်မိတ်ဆက်လိုက်သည်။

ဒေါ်အေးစိန်က မိန်းကလေးရဲ့နောက်ကြောင်းတွေကို စိတ်မဝင်စားပါဘူး၊ မသိချင်ပါဘူး၊ မပြောပါနဲ့ဆိုတာကိုတောင် ဖွတ်ပြောဖြစ်အောင် ပြောခဲ့လေသည်။

''သူ့နာမည်က ခင်လပြည့်ဝန်းတဲ့၊ ခင်လပြည့်ဝန်းရဲ့မိဘတွေက ဂုဏ်သရေရှိ သူဌေးသူကြွယ်တွေမို့ လူသိခံလို့မဖြစ်လို့ပါ၊ သူ့အဖေက ရန်ကုန်မှာ နာမည်ကြီးသူဌေးကြီးတစ်ယောက်ပေါ့၊ ဆန်စက်ဆီစက်တွေ ပိုင်တဲ့ သူဌေးဦးနေလဆိုတာလေ၊ ဆန်စက်ဆီစက်တွေကိုလည်း နေလ နာမည်နဲ့ပဲမှည့်ထားတယ်''

''ပြီးတော့... ခင်လပြည့်ဝန်းကိုယ်တိုင်က ဆေးကျောင်းသူတစ်ယောက်ဆိုတော့၊ ဟုတ်ပါတယ်၊ ခင်လပြည့်ဝန်းလေးက ဆေးတက္ကသိုလ်တက်နေတဲ့ဆေးကျောင်းသူပါ၊ ဒုတိယနှစ်ရောက်နေပါပြီ''

''ခင်လပြည့်ဝန်း လျှပ်ပေါ်လော်လီလို့ ဒီလိုဖြစ်ရတာမဟုတ်ပါဘူးအဒေါ်၊ ခင်လပြည့်ဝန်းလေးကို အထင်အမြင်သေးမစိုးလို့ ပြောပါရစေ၊ ခင်လပြည့်ဝန်းရဲ့ကိုယ်ဝန်ဟာ သူနဲ့စေ့စပ်ပြီးသားချစ်သူနဲ့ရတဲ့ ကိုယ်ဝန်ပါအဒေါ်၊ ယူကြဖို့လည်းစီစဉ်ပြီးသားပါ၊ ဖြစ်ချင်တော့ ခင်လပြည့်ဝန်းရဲ့ချစ်သူဟာ ကားတိုက်ခံရလို့ သေဆုံးသွားပါတယ်အဒေါ်''

''ခင်လပြည့်ဝန်းလေးရဲ့ရှေ့ရေးက ရှိသေးလို့ပါ၊ ခင်လပြည့်ဝန်းဟာ ငယ်ငယ်ပဲရှိသေးတယ်၊ ဘဝမှာ ရှေ့ဆက်ရမှာတွေ အများကြီးရှိသေးတယ်လေ၊ ပြီးတော့... တစ်ချိန် ဆရာဝန်ဖြစ်လာမှာ၊ သူ့ဘဝမှာ အိမ်ထောင်ရက်သားပြုဦးမှာကိုး၊ အခုကိစ္စက... သူလျှပ်ပေါ်လော်လည်တာ မဟုတ်ပေမယ့် အပျိုစင်ဆိုတဲ့ဂုဏ်ကိုတော့ အပျက်ခံလို့မဖြစ်ဖူးမဟုတ် လား၊ ဒါ့ကြောင့်ပါ''

ဒေါ်ချော၏လုပ်ကြံဇာတ်ကို ဒေါ်အေးစိန်နှင့်မယဉ်ရွှေတို့ ယုံကြည်ခဲ့ပေသည်။

ဒေါ်ချောက **ဦးနေလအမည်နှင့် ဆန်စက်ဆီစက်များပိုင်ရှင်ဆိုသည်ကို...** အထပ်ထပ်ထည့်ပြောကာ ဒေါ်အေးစိန်တို့ နားရည်ဝပြီး မှတ်မိနေအောင် လုပ်ခဲ့ပေသည်။

တကယ်တော့... မလေးနွယ်ကို သူဌေးသမီးတစ်ယောက်ပါလို့ လိမ်ညာခြင်းက သဘာဝကျပါသေးသည်။ နဂိုကပင် နုနယ်ချောမောလှပသောမလေးနွယ်မှာ ရန်ကုန်မှာအနေကြာ၍ အသားအရေစိုပြေကာ သူဌေးသမီးတစ်ယောက်နှင့်တူနေပါသည်။

ဆေးတက္ကသိုလ်ကျောင်းသူတစ်ယောက်ပါလို့ လိမ်ညာတာကို တော့ ယုံလောက်စရာမရှိပါ။ ပညာမတတ်သောအသွင်အပြင်က မလေးနွယ်မျက်နှာမှာပေါ်နေသည်။ ရုပ်ချောသော်လည်း ပညာတတ်တစ်ယောက်လို့ ထင်စရာမရှိ။

သို့သော်... ဒေါ်အေးစိန်နှင့်မယဉ်ရွှေမှာ တောသူရိုးရိုးအအကြီးများမို့ လူကဲမခတ်တတ်ပဲ ဒေါ်ချောပြောသမျှယုံလိုက်ကြရှာသည်။

မလေးနွယ်ကလည်း စကားသိပ်မပြော။ အစဉ်အမြဲငိုင်တွေကာ ပူဆွေးဟန်ပေါက်နေသည်မို့... သူ့အပူနဲ့သူ ငြိမ်သက်စွာနေရှာသည်ဟု မယဉ်ရွှေတို့က ထင်ခဲ့ကြပေသည်။

ဒေါ်အေးစိန်ဆီမှာကလေးလာမွေးခြင်းအတွက် မှတ်ပုံတင်လည်း ပြစရာမလို၊ တောအရပ်မှာတည်းခိုနေထိုင်ခြင်းအတွက် ထိုစဉ်က ဧည့်စာရင်းလည်းတိုင်စရာမလိုသောကြောင့် မလေးနွယ်ကို ခင်လပြည့်ဝန်းအမည်ဖြင့်လိမ်ညာထားခြင်းက ပိပိရိရိဖြစ်နေခဲ့လေသည်။

ဒေါ်ချောက ဦးနေလမိသားစုသိက္ခာကျအောင် လက်စားချေသည့်အစီအစဉ် အောင်မြင်သည်မို့ ဂုဏ်ယူမဆုံးဖြစ်နေပေတော့သည်။

♛♛♛♛♛

၂၈ ( ဂ )

မလေးနွယ်အခြေအနေများကို ဒေါ်ချောက ဦးနေလထံသတင်းပို့ခဲ့ပါသည်။ ဦးနေလက မလေးနွယ်အတွက် လိုအပ်သောငွေကြေးကို လိုအပ်သည်ထက်ပင် ပိုပိုမိုမိုပေးလိုက်ပါသည်။

မလေးနွယ်မမွေးမီ ဒေါ်ချော နတ်သံကွင်းကိုတစ်ခေါက်ထပ်သွားသည်။ မလေးနွယ်မွေးဖွားခါနီးမှာ တစ်ခေါက်သွားသည်။ နှစ်ခေါက်လုံးမှာ ဦးနေလပေးလိုက်သည့်ငွေကြေးများထဲမှ မလေးနွယ်ကိုအပြည့်အဝမပေးပဲ သူ့အတွက်ယူသုံးခဲ့သေးသည်ကို ဒေါ်ချောဝန်ခံရပါမည်။

မလေးနွယ်မွေးသည့်အခေါက်မှာ ဦးနေလပေးလိုက်သည့်ငွေက တစ်သောင်းတိတိဖြစ်ပါသည်။ ထိုခေတ်က အတော်တန်ဖိုးရှိသည့်ငွေအချိုးအစားဖြစ်ပါ၏။

ဒေါ်ချောက မလေးနွယ်ကို အလုံးစုံအသိမပေးခဲ့ပေ။ ကလေးကို မယဉ်ရွှေတို့ဆီမှာအပ်ထားခဲ့၍ ကျွေးမွေးစရိတ်ဆိုကာ ပေးခဲ့သောငွေမှာ သုံးထောင်ကျပ်သာလျှင်ဖြစ်ပါသည်။

ကလေးကိုထားခဲ့ခိုင်းပြီး ရန်ကုန်ပြန်ရန်စီစဉ်တော့ မလေးနွယ် ရှုးသွပ်မတတ်ငိုရှာသည်။ ကလေးကိုခေါ်ခဲ့ပါရစေဟုပြောသည်။

ဒေါ်ချောက ကလေးကိုထားခဲ့ရန် ဦးနေလကမှာလိုက်ခြင်းဖြစ်ကြောင်း လီဆယ်၍ပြောခဲ့သည်။

''နည်းနည်းလေး အရွယ်ရလာမှ ပြန်လာခေါ်ဖို့မှာလိုက်တယ် လေးနွယ်''

မလေးနွယ်သည် ကလေးကိုထားခဲ့ကာ ဒေါ်ချောခေါ်ရာနောက်သို့မျက်ရည်စက်လက်ဖြင့်ပါလာခဲ့၏။

အပြန်ရထားပေါ်တွင် ပလစတစ်ဖြင့်ထုတ်ထားသော အထုတ်ကလေးတစ်ခုကို ထုတ်ထုတ်ကြည့်ကာ နမ်းနေသောမလေးနွယ်အပြုအမူကို ဒေါ်ချောက စပ်စုကြည့်မိသည်။

မလေးနွယ်က ကလေး၏မွေးဆံပင်လေးများထည့်ထားသော ပလတ်စတစ်အိတ်လေးကိုပြရင်းပြောသည်။

''ဒါ သားလေးမွေးတော့ ပါလာတဲ့ မွေးဆံပင်လေ၊ အစ်မယဉ်ရွှေ ရိပ်ပေးလိုက်တာ၊ ကျွန်မမှာ သားလေးကိုဓာတ်ပုံလေးမှရိုက်မယူခဲ့ရဘူး၊ သားလေးရဲ့ အငွေ့အသက်ဆိုလို့ ဟောဒီ မွေးဆံပင်လေးပဲရှိပါတယ် ဒေါ်ချောရယ်''

ဒေါ်ချောက သက်ပြင်းချလိုက်သည်။

\+ + + + +

ကလေးကိုထားခဲ့ခိုင်းပြီး မလေးနွယ်ကို ဖွတ်ပြန်ခေါ်ခဲ့သော အစီအစဉ်မှာလည်း ဒေါ်ချော၏အစီအစဉ်သာဖြစ်လေသည်။ ဦးနေလက

သင့်သလိုကြည့်စီမံရန်သာ မှာလိုက်ခြင်းဖြစ်သည်။ ကလေးကိုထားပစ်ခဲ့ ပါဟု မမှာကြားရှာပါ။

သူလုပ်ချင်ရာ သူ့အစီအစဉ်အတိုင်းလုပ်ခဲ့သောဒေါ်ချောသည် သူ့လုပ်ရပ်တွေပေါ်မှာစိုး၍ မလေးနွယ်နှင့်ဦးနေလကို မျက်နှာချင်းမဆိုင်မိစေလိုတော့ပါ။

သွေးနုသားနုမလေးနွယ်ကို ဒေါ်ချောက သူ့အိမ်တွင်နေစေပြီး ဦးနေလကိုတော့ တစ်မျိုးသွား၍သတင်းပို့ခဲ့သည်။

''မလေးနွယ်က သူ့ငွေးကိုစိတ်နာလို့ မတွေ့ချင်တော့ဘူးတဲ့ သူ့ငွေးရယ်၊ ဒီအိမ်ကိုပြန်လာရမှာလည်း စိတ်မလုံဘူးတဲ့၊ ကျွန်မအိမ်မှာပဲထားထားရပါတယ်၊ သွေးနုသားနုဆိုတော့ အလုပ်မလုပ်နိုင်သေးဘူးလေ၊ လေးနွယ်အတွက် ထောက်ပံ့ပါဦး''

**...**ဆိုကာ အခွင့်အရေးတောင်းခံခဲ့သည်။

ဦးနေလမှာ မလေးနွယ်ယောကျ်ားလေးမွေးသည်ဆို၍ ရူးမတတ်တွေ့ချင်နေရှာပေသည်။ ကလေးကိုထားပစ်ခဲ့သည့်အတွက် ဒေါ်ချောကို အပြစ်တင်သည်။

''ကျွန်မထားခဲ့ခိုင်းတာမဟုတ်ပါဘူး၊ လေးနွယ်ကိုယ်နှိုက်က ဒီကလေးကိုမြင်နေရတာ စိတ်ဆင်းရဲတယ်ဆိုပြီး ဟိုမှာမွေးစားဖို့ပေးပစ်ခဲ့တာပါ၊ ကျွန်မတားပါသေးတယ်''

မလေးနွယ်ကိုသာအပြစ်ပုံချ၍ ကြားမှခလောက်ဆန်ခဲ့သည်။

ဦးနေလက ကလေးအရွယ်ရောက်လျှင်ပြန်ခေါ်ရန်၊ ကလေးအတွက် သူကောင်းအောင်စီစဉ်ပေးမည်ဟု ကတိပေးခဲ့သေးသည်။

မလေးနွယ်အတွက်လည်း တစ်လငါးရာထောက်ပံ့ခဲ့ပါသည်။ ထိုခေတ်က ပြန်တမ်းဝင်အရာရှိလစာမှာ ၄၅၀ကျပ်ဖြစ်ရာ ဦးနေလထောက်ပံ့သော တစ်လငါးရာကျပ်မှာ မနည်းလှပါပေ။

ဒေါ်ချောသည် လစဉ်လဆန်းရက်တိုင်း အင်းစိန်ရှိ နေလဆန်စက်တွင် မလေးနွယ်အတွက်ထောက်ပံ့ငွေငါးရာကို သွားသွားယူရသည်။

သို့သော်**...** မလေးနွယ်လက်ထဲသို့ တစ်လ၂၀၀ကျပ်သာရောက်ပါသည်။ မလေးနွယ်က နှစ်ရာထောက်ပံ့ကြေးရအောင်ဆောင်ရွက်ပေးသောဒေါ်ချောကို ကျေးဇူးတွေတင်နေရှာသည်။

ဒေါ်ချောကတော့ တစ်လသုံးရာဖြတ်သုံးကာ ထိုကာလများက ရတနာပုံဆိုက်နေခဲ့ပေသည်။

သို့ရာတွင် ဒေါ်ချော၏ရတနာပုံဆိုက်ကိန်းသည် ကြာကြာမခံ ခဲ့ပါ။

ဦးနေလတစ်ယောက် ကင်ဆာရောဂါသည်းလာသည့်အတွက် နောက်နှစ်နှစ်အကြာတွင် စင်္ကာပူသို့ဆေးသွားကုသည်။ မသက်သာပဲ စင်္ကာပူမှာပင်ကွယ်လွန်ခဲ့ပါသည်။

♛♛♛♛♛

## ၂၈ ( ဃ )

ဦးနေလကွယ်လွန်ခြင်းသည် ဒေါ်ချောအတွက် ဝင်ငွေထိခိုက်သွားသလို မလေးနွယ်အတွက်လည်း ရွှေတောင်ကြီးပြိုသွားခြင်းပင်ဖြစ်တော့သည်။

ဦးနေလဆီက ထောက်ပံ့ကြေးရနေတုန်းက မလေးနွယ်ကို တင်ကျွေးထားနိုင်သော်လည်း ဦးနေလကွယ်လွန်ပြီးနောက်ပိုင်းတွင် မလေးနွယ်သည် ဒေါ်ချောအတွက် ဝန်ထုတ်ဝန်ပိုးကြီးဖြစ်လာလေသည်။

''ကဲ– လေးနွယ်၊ ညီးလင်ကြီးလည်းသေပြီ၊ ညီးရှေ့ဆက်ဘယ်လိုစခန်းသွားမလဲ''

''ကျွန်မအလုပ်လုပ်ပါ့မယ်ဒေါ်ချော''

''အေးလေ**...** ဒါပဲရှိတာပေါ့၊ ညီးအတွက် ငါ အလုပ်ရှာပေးပါ့မယ်''

''ဒေါ်ချောရယ် ဦးလေးမရှိတော့ဘူးဆိုတော့ ကျွန်မသားလေးကိုပြန်ခေါ်ဖို့ဝေးပြီပေါ့နော်''

''ဒါတွေစဉ်းစားမနေပါနဲ့တော့အေ၊ ကိုယ့်ကိုကိုယ် ကလေးမမွေးဖူးတဲ့အပျိုလို့ပဲ စိတ်ထဲမှာမှတ်လိုက်''

''ဒေါ်ချောရယ်**...** ကျွန်မဝမ်းနဲ့လွယ်မွေးခဲ့တဲ့ သားလေးမိုးမြင့်သော်တာကို ဘယ်လိုမေ့လို့ရမှာလဲ၊ ဒေါ်ချောလည်း မိခင်တစ်ယောက်ပဲကိုယ်ချင်းစာတတ်မှာပါ''

''အေး– ကိုယ်ချင်းစာတတ်တယ်ဟေ့၊ ငါတို့လည်း ကိုယ့်သားသမီးကိုယ် ချစ်တာပဲ၊ ဒါပေမယ့် ငါတို့က သားသမီးကို ကိုယ့်လင်နဲ့ကိုယ်မွေးထားတာ၊ ဘယ်လိုချစ်ချစ်ပြဿနာမရှိဘူး၊ ညီးက တိတ်တိတ်

ပုန်းမွေးထားရတာလေ၊ ဒါကိုသတိရစမ်းပါဦး၊ ညီးဒါကိုပဲတွေးနေရင် ရူးလိမ့်မယ်လေးနွယ်၊ မေ့ပစ်စမ်းပါအေ''

ဒေါ်ချောဇါရင့်ရင့်သီးသီးစကားကြောင့် မလေးနွယ် ငိုပွဲဆင်ရလေသည်။

''ပြောလိုက်ရင်ငိုဖို့ပဲ၊ တကတည်း... ဟင်– ညီးလက်ထဲက အထုတ်လေးက ဘာလဲ၊ ဩော် ကလေးရဲ့မွေးဆံပင်တွေပါလား၊ ညီးက ဒါကို ခုထိသိမ်းထားတုန်းကိုးလေးနွယ်ရဲ့''

ဒေါ်ချောက မလေးနွယ်ထုတ်ထုတ်ကြည့်နေကျ မွေးဆံပင် အထုတ်လေးကိုမြင်လိုက်၍ အပြစ်တင်လိုက်ပြန်သည်။

''ဒေါ်ချောရယ် ကျွန်မမှာသားလေးရဲ့အငွေ့အသက်ဆိုလို့ ဒီ မွေးဆံပင်လေးပဲရှိတာပါရှင်၊ ဒါလေးနဲ့ပဲ ကျွန်မသားလေးမိုးမြင့်သော်တာ ကိုအလွမ်းဖြေနေရတာပါ''

ဒေါ်ချောက သက်ပြင်းချလိုက်လေသည်။

\+ + + + +

ဒေါ်ချောက မလေးနွယ်ကို အိမ်တစ်အိမ်မှာ အိမ်ဖော်အဖြစ် အလုပ်သွင်းပေးလိုက်သည်။

နောက်ဆုံးတော့လည်း မလေးနွယ်သည် အိမ်ဖော်အဖြစ်နှင့် ဒုံရင်းဘဝကိုပြန်ရောက်ရတာပါပဲလား။

မလေးနွယ်မှာ အလုပ်ကိုတာဝန်ကျေအောင်လုပ်ပြီး အေးအေး နေတတ်သူမို့ ထိုအိမ်မှာ မြဲနေခဲ့လေသည်။

မလေးနွယ်က အိမ်အပြောင်းအရွှေ့လုပ်ရန်ဝါသနာမပါသည်မို့ မလေးနွယ်နှင့်ဒေါ်ချောတို့ အတန်ကြာအဆက်အသွယ်ပြတ်သွားခဲ့ပါသည်။

(၇)နှစ်မျှကြာအောင်ပင်... မလေးနွယ်နှင့်ဒေါ်ချောတို့ အဆက် အသွယ်ပြတ်ခဲ့ကြလေသည်။

♛♛♛♛♛



၂၈ ( င )

၇–နှစ်ကြာမြင့်ပြီး တစ်ခုသောညနေတွင်... မမျှော်လင့်ပဲ ဒေါ်ချောအိမ်သို့ မလေးနွယ်ရောက်လာလေသည်။

''ဟင်... လေးနွယ်၊ ကြည့်စမ်း... ပိန်သွားလိုက်တာ၊ တော် တော်ကြည့်ယူရတယ်အေ၊ နေကောင်းရဲ့လားလေးနွယ်''

''ကျွန်မသိပ်နေမကောင်းဘူးဒေါ်ချော၊ ဒေါ်ချောလည်း အသက် ကြီးပြီနော်''

''အေးပေါ့၊ ညီးတို့ငါတို့ တွေ့ခဲ့တဲ့အချိန်တွေလည်း နည်းမှ မနည်းတော့ပဲကိုးအေ့''

''ကျွန်မကို ဒေါ်ချောရွာကခေါ်လာတော့ ကျွန်မအသက်၁၄နှစ် ပဲရှိသေးတာလေ''

''ဟုတ်တာပေါ့၊ အခု ညီးအသက်ဘယ်လောက်လဲ''

''၂၈နှစ်ရှိပြီဒေါ်ချော''

''အေး... ငါ့အသက်လည်း ခြောက်ဆယ်ကျော်ပြီ''

မလေးနွယ်က အတိတ်ဖြစ်ရပ်များကိုသတိရသွားသည့်ဟန်ဖြင့် မှိုင်တွေသွားလေသည်။ မျက်လုံးများကလည်း ညှိုးမှိုင်းသွားသည်။

''ကျွန်မသားလေးမိုးမြင့်သော်တာလည်း အခုအချိန်ဆို အသက် ဆယ်နှစ်ရှိနေပြီပေါ့ဒေါ်ချောရယ်''

''အိုအေ...''

''သားလေးနဲ့ ဒီတစ်သက် ပြန်မဆုံရပါတော့မလားဒေါ်ချော ရယ်''

''ဒါတွေမေ့လိုက်စမ်းပါအေ၊ ကလေးကလည်း ဟိုမှာနေသား ကျနေလောက်ပါပြီ၊ ဒါနဲ့... ညီးဘာကိစ္စရှိလို့လာတာလဲ''

ဒေါ်ချောက စကားလွှဲပစ်လိုက်သည်။

''ကျွန်မ ကောင်းကောင်းမမာဘူးဒေါ်ချော၊ အလုပ်လေး နည်း နည်းလုပ်တာနဲ့ မောမောနေတယ်၊ အိမ်ရှင်တွေက ကျွန်မကို ရွာပြန်ပါလား လို့ပြောတယ်၊ သဘောကတော့ဒေါ်ချောရယ်၊ ကျွန်မကိုအလုပ်ကထွက်ခိုင်း တာပါ၊ တည့်တည့်ပြောမကောင်းလို့ ရွာပြန်အနားယူပါလို့ပြောတာပါ''

"ဖြစ်မှဖြစ်ရလေအေ"

"သူတို့အပြစ်လည်းမဟုတ်ပါဘူး၊ အလုပ်ရှင်ဆိုတာ ကြိုက်မှ ခိုင်းမှာပေါ့၊ ပြီးတော့... ကျွန်မပြုစုပေးနေတဲ့ကြီးကြီးမြိုင်လည်း ဆုံးသွားရှာပြီလေ၊ အိမ်မှာ လူငယ်တွေချည်းကျန်တော့တာ၊ အိမ်အလုပ်တွေက တော့ သူတို့ဟာသူတို့နိုင်တယ်၊ ကျွန်မကိုလခပေးပြီး လူပိုသက်သက် မထားချင်တော့ဘူးပေါ့ဒေါ်ချောရယ်၊ သူတို့ဖက်ကလည်း မှန်ပါတယ်၊ ခုခေတ်မှာ လူတစ်ယောက်စရိတ်ကလည်း မနည်းဘူးမဟုတ်လား"

"အဲဒီတော့ ညီးဘာလုပ်ချင်သလဲ"

"ကျွန်မအလုပ်လုပ်ဖို့အိမ်တစ်အိမ်ရှာပေးပါဦးဒေါ်ချောရယ်"

ဒေါ်ချော မလေးနွယ်ကိုကြည့်ကာ သနားသွားသည်။

ဤမိန်းကလေးကို အသက်ဆယ့်လေးနှစ်အရွယ်ကတည်းက သူ့ရွာမှခေါ်လာခဲ့သည်။ ဤမိန်းကလေးသည် တစ်ပါးသူအိမ်တွင် အစေအပါးလုပ်ရင်းက လောကဓံတရား၏ရိုက်ပုတ်မှုအမျိုးမျိုးကိုခံစားခဲ့ရသည်။ မိမိသည်လည်း ဤမိန်းကလေးကိုအကြောင်းပြုကာ ဘဝအချိုးအကွေ့ အမျိုးမျိုးကိုကြုံဆုံခဲ့ရပါသည်။

သူမအနေဖြင့် မလေးနွယ်အတွက် အဆင်ပြေအောင်စီစဉ် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါသည်။

မလေးနွယ်ကိုကတိပေးကာ ပြန်လွှတ်လိုက်သည်။

ပြီးတော့... "နေလရိပ်သာ"သို့ တစ်ကြိမ်တစ်ခေါက်ရောက် ရပြန်လေတော့သည်။

\+ + + + +

နေလရိပ်သာ၏အနေအထားက ပြောင်းလဲခဲ့ပေပြီ။ နေလရိပ်သာ၏မူလအရှင်သခင်များ မရှိကြတော့ပြီ။ ဦးနေလရော၊ ဒေါ်မေမေခင်ပါ ကွယ်လွန်ပြီးနောက်ပိုင်း... ခင်လပြည့်ဝန်းသည် နေလရိပ်သာ၏ အရှင်သခင်ဖြစ်လာခဲ့သည်။

ဦးနေလ၏လက်ငုတ်လက်ရင်း ဆန်စက်ဆီစက်များကိုလည်း ရောင်းချဖျက်သိမ်းပြီးခဲ့ပါပြီ။ ထိုလုပ်ငန်းများကိုဆက်လက်လုပ်ကိုင်နိုင်မည့်အဆက်အနွယ်လည်း မကျန်ရစ်တော့။

ခင်လပြည့်ဝန်းမှာလည်း ဆရာဝန်တစ်ယောက်ဖြစ်သောကြောင့် ယင်းလုပ်ငန်းများကို မလုပ်နိုင်၊ မအုပ်ချုပ်နိုင်၍ ရောင်းချဖျက်သိမ်းခဲ့ရခြင်းဖြစ်ပါသည်။

ဒေါ်ချော တစ်ပြန်တစ်ခေါက်ရောက်သွားချိန်တွင် ခင်လပြည့်ဝန်းက ဆရာဝန်ဖြစ်နေပြီ။ အိမ်ထောင်လည်းကျနေပြီ။ သားလေးတစ်ယောက်ပင် ထွန်းကားနေပါပြီ။

ဒေါ်ချောက စိတ်ထားကောင်းမွန်သောဒေါက်တာခင်လပြည့်ဝန်းကို ပစ်မှတ်ထား၍ လာရောက်တွေ့ဆုံခဲ့ခြင်းပဲဖြစ်ပါသည်။

ခင်လပြည့်ဝန်းသည် သူ့ဖခင်ဦးနေလနှင့်မလေးနွယ်တို့အဖြစ်အပျက်ကို တစ်စွန်းတစ်စမျှပင် မသိရှိပါပေ။

ဒေါ်ချောက ခင်လပြည့်ဝန်းကို မလေးနွယ်၏လက်ရှိအခြေအနေအားပြောပြလိုက်သည်။ လက်ရှိအလုပ်လုပ်နေသောအိမ်မှထွက်တော့မည်ဖြစ်၍ ယခင်နေခဲ့သောနေလရိပ်သာမှာပင် အလုပ်ပြန်လုပ်ချင်ကြောင်း စကားလှအောင် ဆင်၍ပြောလိုက်သည်။

ခင်လပြည့်ဝန်းက မလေးနွယ်ကိုမှတ်မိနေသည်။ ငယ်စဉ်က မိခင်ကြီးကိုပြုစုပေးပြီး သူမနှင့်ရွယ်တူသူငယ်ချင်းသဖွယ်နေခဲ့ဖူးသည့် မလေးနွယ်ကို ခင်လပြည့်ဝန်းခင်မင်သည်။ နေလရိပ်သာတွင် အိမ်ဖော်အလုပ်သမား အပြည့်အစုံရှိနေပြီးဖြစ်သော်လည်း မလေးနွယ်အိမ်ပြန်လာဖို့ အလွယ်တကူပင်လက်ခံခဲ့ပါသည်။

သည်လိုနှင့်... မလေးနွယ် နေလရိပ်သာကိုပြန်ရောက်လာ ခဲ့သည်။

ဒေါ်ချောက မလေးနွယ်ကို တိုးတိုးတိတ်တိတ်မှာရပါသေးသည်။

"လေးနွယ်၊ မပြည့်ကို ညီးနဲ့ဦးနေလအကြောင်းတွေ သွားမပြောနဲ့နော်"

"ကြုံကြုံဖန်ဖန်ဒေါ်ချောရယ်၊ ကျွန်မပြောပါ့မလား"

"အေး– ပြောမိမှာစိုးလို့သတိပေးတာ၊ မပြည့်က ညီးကိုခင်လို့ ပြန်လက်ခံလိုက်တာ၊ သူ့အဖေနဲ့အကြောင်းသာသိလို့ကတော့ ညီးကိုနှင်ချပြီးသားပဲ၊ ဒါတွေကိုမေ့လိုက်တော့၊ ဘယ်သူ့မှစကားမဟမိစေနဲ့၊ ညီးဘယ်ရောက်နေတယ်၊ ဘာဖြစ်ခဲ့တယ်ဆိုတာတွေလည်း မေးမယ့်လူမရှိတော့ပါဘူးအေ၊ နေလရိပ်သာမှာ ညီးနေခဲ့တုန်းက အိမ်ဖော်တွေ၊ အလုပ်သမားတွေ တစ်ယောက်မှမရှိတော့ဘူး၊ အားလုံးလူသစ်တွေချည်းပဲ၊ ငါ

မေးကြည့်ပြီးပြီ၊ အဲဒီတော့… ကိုယ့်ကိုကိုယ်လည်း လူသစ်လို့သတ်မှတ်ပြီး ခင်လပြည့်ဝန်းကြည်ဖြူအောင် ကြည့်နေပေတော့''

\+ + + + +

မလေးနွယ် နေလရိပ်သာတွင် ဒုတိယအကြိမ် သုံးနှစ်မျှနေထိုင်သွားသည့်အတွင်း…

တစ်နှစ်တစ်ခေါက်လောက်တော့ ဒေါ်ချော သွားကြည့်ဖြစ် ပါသည်။

တစ်နှစ်ပြည့်ချိန်တွင် ဒေါ်ချောရောက်သွားတော့ မလေးနွယ် ကျန်းမာရေးတော်တော်ချို့တဲ့နေပါပြီ။ လူလည်း အတော်ပင်ပိန်သွားသည်။

''ကျွန်မအလုပ်မလုပ်နိုင်ဘူး၊ သိပ်မောမောနေတယ်၊ မပြည့်ကစမ်းသပ်ကြည့်ပေးပါတယ်၊ ကျွန်မရောဂါက နှလုံးရောဂါတဲ့''

''အို…''

''နှလုံးရောဂါ ဘယ်လိုဖြစ်လာတယ်ဆိုတာ ကျွန်မသိတယ် ဒေါ်ချော၊ ကျွန်မက ကျွန်မသားလေးမိုးမြင့်သော်တာကို အချိန်နဲ့အမျှ တမ်းတနေတာကိုး''

''လေးနွယ်၊ ညီးဘာစကားပြောတာလဲ၊ ဒီစကားဒီတွင်ရပ်၊ သူများတွေကြားသွားပါ့မယ်အေ''

''မကြားပါဘူး၊ ဒေါ်ချောရယ်၊ မပြည့်က သိပ်ပြီးစိတ်ထားကောင်းတာပဲ၊ ကျွန်မမှာရောဂါရှိမှန်းသိတော့ ဆေးကုပေးရုံတင်မကဘူး၊ ကျွန်မကို ဘာအလုပ်မှမလုပ်ခိုင်းတော့ဘူး၊ ဒေါ်ချောရယ် ကျွန်မတို့ နတ်သံကွင်းမှာလုပ်ကြံပြောခဲ့တာတွေဟာ မပြည့်သိက္ခာကျဖို့ဖြစ်နေပြီ၊ မပြည့်က ကျွန်မအပေါ်ကောင်းလေ ကျွန်မတို့ မပြည့်ကိုသိက္ခာကျအောင် လုပ်ခဲ့တာတွေကိုတွေးပြီး နောင်တရလေပဲ၊ ကျွန်မ ကျွန်မ ကျေးဖူးရှင် ကို ပြစ်မှားသလိုဖြစ်နေပါပြီဒေါ်ချောရယ်''

''အမယ်လေး… လေး… မယ်မင်းကြီးမ၊ နောင်တရတယ် ဆိုပြီး ဒီအကြောင်းတွေကိုသွားပြီး ဝန်မခံလိုက်ပါနဲ့အေရယ်၊ ခုမှတော့ မထူးတော့ပါဘူး၊ ပြီးပြီးသား ထားလိုက်ပါတော့အေ''

''မပြောပါဘူးဒေါ်ချောရယ်၊ ကိုယ့်ဟာကိုယ်ကြိတ်ခံပါ့မယ်၊ ကျွန်မတို့ လူကောင်းသူကောင်းတစ်ယောက်အပေါ်မှာ ဘာအညှိုးမှမရှိ ပဲ သိက္ခာကျအောင်လုပ်ခဲ့တာကိုတွေးပြီး ဝမ်းနည်းမိလို့ပါ၊ အင်းလေ… ဒါကြောင့်လည်း ကျွန်မ ခုလိုဝဋ်ဒုက္ခတွေခံစားနေရတာပေါ့၊ အဲဒါ… ကျေးဇူးရှင်ကို ပြစ်မှားမိလို့၊ ပြစ်မှားမိလို့''

မလေးနွယ်စကားတွေကို ဒေါ်ချောဆက်မကြားရဲတော့ပါ။ စကားစဖြတ်ကာ ပြန်လာခဲ့တော့သည်။

\+ + + + +

နောက်တစ်နှစ်အကြာ နေလရိပ်သာကိုရောက်တော့ မလေးနွယ် အိပ်ရာထဲမှာလဲနေပါပြီ။ မလေးနွယ်ကို နောက်ဖေးတန်းလျားမှာ တစ်ခန်း သပ်သပ်ထားကာ ဆေးကုသပေးနေရတဲ့အခြေအနေကိုရောက်နေပြီ။

ဒေါ်ချောကိုမြင်တော့ မလေးနွယ်သည် အိပ်ရာပေါ်လှဲနေရင်းမှ ပိန်လှီနေသောလက်ကလေးကိုကမ်းပေးကာ…

''ဒေါ်ချော၊ ဒေါ်ချော၊ ကျွန်မသိပ်နေရတော့မှာမဟုတ်ဘူး''

''အို… လေးနွယ်''

''ကျွန်မလေ ကျွန်မသားလေးကိုသိပ်တွေ့ချင်တာပဲ၊ ကျွန်မ သားလေး ဘယ်လိုရှိလဲ သိပ်သိချင်တယ်ဒေါ်ချောရယ်၊ နတ်သံကွင်းကို ဆက်သွယ်ပေးစမ်းပါ၊ ကျွန်မသားလေးသတင်းကိုစုံစမ်းပေးစမ်းပါ ဒေါ်ချောရယ်၊ ကျွန်မသားလေး အခုဆိုရင် အသက်၁၂နှစ်လောက်ရှိပြီ၊ သူကျောင်းမှနေရရဲ့လား၊ သူဘယ်လိုအခြေအနေရှိလဲ သိပ်သိချင်တာပဲ ဒေါ်ချောရယ်''

''အေးပါအေ… ငါစုံစမ်းပေးပါ့မယ်''

ဒေါ်ချောက နှစ်သိမ့်လိုက်သည်။

''ကျွန်မအိပ်မက်တွေလည်း ခဏခဏမက်တယ်၊ ညတိုင်းလို မက်တယ်ဒေါ်ချောရယ်၊ အိပ်မက်ထဲမှာလေ ကျွန်မသားလေးကိုတွေ့ရတယ်ဒေါ်ချော''

''စိတ်စွဲလမ်းလို့ပါအေ''

''အိပ်မက်ထဲမှာ သားလေးကို ကျွန်မကန့်တိုက်လို့တဲ့၊ အိပ်မက်ထဲမှာတော့ သားလေးက မွေးခါစအရွယ်ကအတိုင်းရှိသေးတယ်၊ အခုဆို သားလေး ဘယ်လိုပုံရှိမှာပါလိမ့်၊ သားလေးဓာတ်ပုံလေးဖြစ်ဖြစ်မြင်ချင် လိုက်တာဒေါ်ချောရယ်၊ နတ်သံကွင်းကို သွားပေးပါနော်''

''အေးပါ၊ ငါဆက်သွယ်ပေးပါ့မယ်အေ''

''ဒီမှာကြည့်စမ်းဒေါ်ချော''

မလေးနွယ်က အားနည်းနေသောလက်ကလေးဖြင့် ခေါင်းအုံးအောက်ကိုလျှိုကာနှိုက်လိုက်သည်။ လက်ပြန်အနှုတ်တွင် အထုတ်ကလေးတစ်ထုတ်ပါလာ၏။

ပလတ်စတစ်အထုတ်ကလေးကိုအမြင်တွင် ဒေါ်ချောချက်ချင်းမှတ်မိလိုက်သည်။

''ဟင်– ညီးမှာဒါလေးက ခုထိရှိသေးတယ်''

''ရှိသေးတာပေါ့ဒေါ်ချောရဲ့၊ သားလေးနဲ့ပတ်သက်တဲ့ပစ္စည်း ဆိုလို့ ကျွန်မမှာဒါပဲရှိတာ၊ ဆံပင်ဆိုတာ လူတစ်ယောက်ခန္ဓာကိုယ်ပေါ်ကအစိတ်အပိုင်းတစ်ခုပဲမဟုတ်လား၊ ဒီမွေးဆံပင်လေးမှာ သားလေးရဲ့အငွေ့အသက်တွေပါတယ်လေ၊ ကျွန်မသတိရတိုင်းထုတ်ထုတ်ကြည့်ဖို့သိမ်းထားတာပေါ့''

သြော်... ဖြစ်ရလေလေးနွယ်ရယ်၊ ဒေါ်ချောသက်ပြင်းချလိုက် သည်။

''သားလေးသတင်းကို စုံစမ်းပေးပါနော်''

''စိတ်ချပါ၊ ငါစုံစမ်းပေးပါ့မယ်''

ဒေါ်ချောက ကတိပေးလိုက်သော်လည်း စုံစမ်းပေးဖို့စိတ်ကူးထိုစဉ်ကတည်းကမရှိပါ။ မကျန်းမာသူစိတ်ချမ်းသာအောင်သာ အလွယ်တကူကတိပေးခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် မလေးနွယ်ဆီကို ဒေါ်ချောသွားမတွေ့ဖြစ်တော့၊ မလေးနွယ်စုံစမ်းခိုင်းသည့် သူ့ကလေးကိစ္စကိုလည်း စုံစမ်းဖို့ စိတ်ကူးပင်မရှိပါ။ အာရုံထဲမှာမရှိသည့်အတွက် မေ့ပင်မေ့သွားလေပြီ၊

\+ + + + +

နောက်တစ်နှစ်ခန့်အကြာတွင် မလေးနွယ်ဆုံးသွားပြီဆိုတာကို ခင်လပြည့်ဝန်းအကြောင်းကြားခိုင်းမှပင် ဒေါ်ချောသိရတော့သည်။ မလေးနွယ်အသုဘအမီတော့ နေလရိပ်သာကိုရောက်ခဲ့ပါ၏။

မလေးနွယ်အသုဘမှာ ပို့ဆောင်သူနည်းပါးစွာဖြင့် ပြီးဆုံးသွားခဲ့သည်။

တောရွာမှတက်လာသော အညတြအိမ်ဖော်မလေး၏နောက်ဆုံးခရီးတွင် အိမ်ရှင်ဒေါက်တာခင်လပြည့်ဝန်းတို့လင်မယား၊ ဘဝတူအိမ်ဖော်သုံးယောက်နှင့် သူစိမ်းပို့ဆောင်သူအဖြစ် ဒေါ်ချောတစ်ယောက်သာ ပါပါသည်။

အသက်၃၁နှစ်အရွယ်တွင် မလေးနွယ်ကွယ်လွန်ခဲ့သည်။

မသေခင် သူမ၏ရင်သွေးကို မည်မျှထိကြိတ်မှိတ်တမ်းတခဲ့မည်ကို မည်သူမျှမသိနိုင်။ ရင်ဖွင့်စရာလူမရှိ၊ အားကိုစရာနတ္ထိဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ပေပြီ။

မလေးနွယ်သေသွားမှပင် သူမဆန္ဒများကိုဖြည့်ဆည်းမပေးလိုက်ရသည့်အတွက် ဒေါ်ချောနောင်တရမိသည်။ သို့သော်... နောင်တဆိုသည့်အတိုင်း နောက်ကျခဲ့ပေပြီ။

သွားပေတော့ ကံဆိုးမလေး လေးနွယ်ရေ...။

♛♛♛♛♛

## ( ၂၉ )

''အဲဒါပါပဲမပြည့်ရယ်၊ လေးနွယ်ကိစ္စမှာ ဒေါ်ချောဖက်က ပျက်ကွက်မှုတွေ တာဝန်မကျေမှုတွေ ရှိခဲ့တာကို ဒေါ်ချောဝန်ခံပါတယ်၊ ဝန်ခံရင်းနဲ့ မပြည့်ကိုရော၊ မယဉ်ရွှေကိုရော ဒေါ်ချောတောင်းပန်ပါတယ်ကွယ်''

ဒေါ်ချောက သူမပြုလုပ်ခဲ့သည့် အလုံးစုံသော ကောင်းမှု၊ မကောင်းမှုများကို ဖွင့်ဟဝန်ခံကာ သူမ၏နောက်ကြောင်းပြန်ဇာတ်လမ်းကို နိဂုံးချုပ်လိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းက သက်ပြင်းကိုချလိုက်သည်။

ဒေါက်တာခင်လပြည့်ဝန်းသည် ဖခင်ဖြစ်သူနှင့်မလေးနွယ်တို့ဇာတ်လမ်းကို မမျှော်လင့်ပဲကြားသိလိုက်ရသည့်အတွက် အံ့အားသင့်ခြင်းနှင့်အတူ တုန်လှုပ်ချောက်ချားသွားရလေသည်။ သို့ရာတွင် ဣန္ဒြေမပျက်အောင် ထိန်းသိမ်းထားနိုင်ပေ၏။

''ဖြစ်မှဖြစ်ရလေ၊ အဲဒါကြောင့် မိုးမြင့်သော်တာက မပြည့်ကိုသူ့အမေလို့ထင်နေခဲ့တာကို၊ ဒါတွေကို မပြည့်ကမသိတော့ မိုးမြင့်သော်တာကို နှင်ထုတ်လိုက်မိတယ်''

''ဘာ– မပြည့်၊ မိုးမြင့်သော်တာ၊ လေးနွယ်သား မိုးမြင့်သော်တာနဲ့ မပြည့်နဲ့ မျက်နှာချင်းဆိုင်မိကြပြီးပြီပေါ့၊ ဟုတ်လား''

ဒေါ်ချောက အံ့ဩစွာမေးမြန်းလိုက်လေသည်။

''ဟုတ်တာပေါ့ဒေါ်ချောစုရယ်၊ ရှင်မွေ့ခဲ့တဲ့စနက်ကြောင့် ကျွန်မသားလေးက ဒေါက်တာခင်လပြည့်ဝန်းဆိုတာ သူ့အမေပဲဆိုပြီး ရန်ကုန်တက်လာပြီး အမေရှာပုံတော်ဖွင့်ခဲ့တယ်လေ၊ ကံအားလျော်စွာ... နေလ

ရိပ်သာမှာ ဒရိုင်ဘာအလုပ်ရပြီး မပြည့်နဲ့ ၂လကျော် သုံးလနီးပါး အနီးကပ်နေခဲ့ရပါတယ်ဒေါ်ချောစု''

''အို... ရှုပ်ကုန်ပြီ၊ ရှုပ်ကုန်ပြီပေါ့''

''ဟုတ်တယ်၊ ရှင်လှည့်ဖျားခဲ့တာတွေကြောင့် ရှုပ်ယှက်ခတ်ကုန်တာတော့အမှန်ပဲ၊ ရှင်ဟာ လူတွေအားလုံးရင်ထဲကို မှန်တိုင်းဝင်မွှေအောင်လုပ်ခဲ့တာပဲ၊ နေလရိပ်သာနဲ့ပတ်သက်တဲ့ လူတစ်ယောက်ချင်းရင်ထဲကို မုန်တိုင်းတစ်ခုစီ ရှင်ထည့်ပေးခဲ့တယ်၊ ရှင်ပေးခဲ့တဲ့မုန်တိုင်းကြောင့် ဘဝတွေ ကပြောင်းကပြန်ဖြစ်ခဲ့ရပြီဒေါ်ချောစု''

''ဘုရား... ဘုရား...''

''မိုးမြင့်သော်တာကိုတွေ့စက ဖေဖေဦးနေလနဲ့တူတယ်ဆိုတာသတိပြုမိသား၊ မပြည့်တွင်မဟုတ်ဘူး၊ အားလုံးသတိပြုမိကြတယ်၊ ဖေဖေနဲ့တူသလို မပြည့်နဲ့မိုးမြင့်သော်တာဟာလည်း ရုပ်ချင်းဆင်နေတယ်လေ၊ ဩော်... တကယ်တော့ မိုးမြင့်သော်တာဟာ ဖေဖေ့သွေးသားမို့လို့ ဒီရုပ်ရည်မျိုးရှိနေတာပါလား၊ မိုးမြင့်သော်တာဟာ တကယ်တော့... မပြည့်ရဲ့ အဖေတူအမေကွဲမောင်လေးပါလားရှင်''

ဒေါက်တာခင်လပြည့်ဝန်းက ကြေကွဲစွာပြောလိုက်သည်။ ပြီးရှေ့မှအံဆွဲကိုဖွင့်လိုက်ကာ တစ်စုံတစ်ခုကို ထုတ်ယူလိုက်လေသည်။

ဒေါက်တာခင်လပြည့်ဝန်းလက်ထဲတွင် ပါလာသည်က နေလတံဆိပ်ဆွဲပြားပါ ရွှေဆွဲကြိုးကလေး။

''မိုးမြင့်သော်တာက ဒီဆွဲကြိုးလေးကိုပြပြီး မပြည့်ကို သူ့အမေပါလို့စွတ်စွဲခဲ့တာလေ၊ ဒီဆွဲကြိုးလေးဟာ နေလရိပ်သာရဲ့အထိမ်းအမှတ်ဆွဲကြိုးမျိုးဖြစ်တာမှန်ပေမယ့် ဘယ်သူမဆို စိတ်ကူးရှိရင် လုပ်လို့ရတာပဲလေ၊ မိုးမြင့်သော်တာပြောတုံးက ဆွဲကြိုးလေးကို သိပ်ပြီးအလေးအနက်မထားမိခဲ့ဘူး၊ ဒီဆွဲကြိုးလေးကို မလေးနွယ်ပေးခဲ့တာပဲထင်ပါရဲ့''

''ဟုတ်ပါတယ်ဆရာမကြီး၊ မလေးနွယ်ကျွန်မကိုသေချာမှာပြီးပေးခဲ့တာပါ၊ ဒီဆွဲကြိုးပေးတာကို ဒေါ်ချောစုမသိပါဘူး၊ ဒေါ်ချောစုကွယ်ရာမှာ ပေးခဲ့တာပါ၊ ဆွဲကြိုးလေးဟာ နေလမိသားစုရဲ့အထိမ်းအမှတ်မို့ထိမ်းသိမ်းထားဖို့သေချာမှာခဲ့ပါတယ်ရှင်၊ အဲဒါကြောင့်လည်း သားလေးကိုမြင်မြင်ချင်း သူ့သားမှန်းသိအောင်ဆိုပြီး ကျွန်မကိုယ်တိုင် ဆွဲကြိုးလေးဆွဲပေးခဲ့တာပါ''

''လူချင်းလွဲသွားတော့ အထင်အမြင်မှားစရာတွေဖြစ်ကုန်တာပေါ့လေ''

''ဟုတ်ပါတယ်၊ မိုးမြင့်သော်တာက သူပြောပြနေတုံးမှာ ဆရာမကြီးယောကျ်ားရောက်လာတယ်လို့ပြောပါတယ်၊ သူပြောတဲ့စကားတွေကြားသွားလို့ ဆရာမကြီးတို့အိမ်ထောင်ရေး အနှောက်အယှက်ဖြစ်မှာကိုသိပ်စိုးရိမ်နေပါတယ်၊ သူပြောမိတာကို နောင်တရနေရှာပါတယ်ဆရာမကြီး''

''ကိစ္စမရှိပါဘူး၊ မပြည့်အမျိုးသားက မပြည့်အပေါ်မှာ သံသယမရှိခဲ့ပါဘူးဒေါ်ယဉ်ရွှေ၊ ဒီပုံအတိုင်းဆို မိုးမြင့်သော်တာကို မပြည့်ပြောဆိုလွှတ်လိုက်မိတာတွေဟာ မပြည့်အလွန်ဖြစ်နေပြီ၊ တကယ်တော့... မိုးမြင့်သော်တာဟာဖေဖေ့ရဲ့ရင်သွေးပဲလေ၊ မပြည့်ရဲ့မောင်လေးလည်းဖြစ်တယ်''

ဒေါက်တာခင်လပြည့်ဝန်းက စကားကိုရပ်နားရင်း ဒေါ်ယဉ်ရွှေ့ကိုကြည့်လိုက်သည်။

''သူ့အနေနဲ့ ဖေဖေ့ရဲ့အမွေကိုခံစားထိုက်ပါတယ်၊ မပြည့်အနေနဲ့လည်း အစ်မကြီးတစ်ယောက်အနေနဲ့ စောင့်ရှောက်ရမယ့်ဝတ္တရားရှိတယ်၊ မိုးမြင့်သော်တာကို နေလရိပ်သာကိုပြန်လာဖို့ပြောလိုက်ပါဒေါ်ယဉ်ရွှေ၊ သူ့ဆွဲကြိုးလေးကိုလည်း ပြန်ပေးလိုက်ပါတယ်''

ဒေါက်တာခင်လပြည့်ဝန်းက ဆွဲကြိုးကိုဒေါ်ယဉ်ရွှေ့အား ကမ်းပေးလိုက်သည်။

ဒေါ်ယဉ်ရွှေက ဆွဲကြိုးလေးကို လှမ်းယူရင်း...

''ဆရာမကြီး၊ ကျွန်မသားလေးဟာ သူ့မိခင်ရင်းကိုတွေ့ချင်မြင်ချင်လို့သာ ဟောဒီအိမ်အထိရောက်လာတာပါ၊ အမွေတွေဘာတွေမက်လို့မဟုတ်ပါဘူးရှင်''

''မပြည့်ယုံပါတယ်ဒေါ်ယဉ်ရွှေ၊ ယုံပါတယ်၊ မိုးမြင့်သော်တာဟာလိမ္မာရေးခြားရှိတဲ့လူငယ်တစ်ယောက်ပါ၊ ဒါတွေဟာ ဒေါ်ယဉ်ရွှေရဲ့အုပ်ထိမ်းမှုကြောင့်ဆိုတာကိုလည်း မပြည့်ယုံပါတယ်၊ ကိုယ့်သားအရင်းမဟုတ်ပဲ ပြုစုစောင့်ရှောက်ခဲ့တဲ့ ဒေါ်ယဉ်ရွှေရဲ့မေတ္တာတရားကိုလည်း မပြည့်အလေးအမြတ်ပြုပါတယ်ရှင်''

''နေလရိပ်သာကို ပြန်လာဖို့,မလာဖို့ကတော့ သားလေးမိုးမြင့်သော်တာ သူ့ဘာသာဆုံးဖြတ်ပါလိမ့်မယ်ဆရာမကြီး၊ ကျွန်မ ဒါတွေကို

ဝင်မပါပါရစေနဲ့တော့၊ ဒီကပြန်ရင်သာ သားကို အဖြစ်မှန်တွေကိုပြောပြလိုက်ပါမယ်၊ သူ့ဘာသာသာဆုံးဖြတ်ပါစေလေ''

ဒေါက်တာခင်လပြည့်ဝန်းနှင့် ဒေါ်ယဉ်ရွှေတို့ ဇာတ်စုံရှင်းကာ အပြန်အလှန်စကားပြောနေချိန်တွင် အပြစ်ကျူးလွန်ထားမိသလိုဖြစ်နေသောဒေါ်ချောမှာ မနေတတ်မထိုင်တတ်အောင်ဖြစ်နေရလေသည်။

ခင်လပြည့်ဝန်းတို့နှစ်ယောက် စကားအပြတ်တွင် ဒေါ်ချောက ဝင်ပြောလိုက်သည်။

''ဒါနဲ့... ဒီအိမ်ထဲဝင်လာတုံးက သရဲဝင်ပူးတဲ့မိန်းမဟာ ဘယ်သူလဲဟင်၊ သူ့ကိုဝင်ပူးတဲ့သရဲက လေး... လေးနွယ်ပေါ့နော်''

''ဟုတ်တယ်ဒေါ်ချော၊ ဒေါ်ရွှေမြင့်ဆိုတာ မပြည့်တို့ဒရိုင်ဘာရဲ့ဇနီးပါ၊ နောက်ဖေးတန်းလျားမှာနေသွားတဲ့အလုပ်သမားအစဉ်အဆက်က မလေးနွယ်နေသွားတဲ့အခန်းမှာ သရဲခြောက်တယ်၊ မလေးနွယ်ကိုမြင်ရတယ်လို့ပြောကြပါတယ်၊ မပြည့်ကတော့ ဒါမျိုးတွေအယုံအကြည်မရှိလို့ မယုံခဲ့ပါဘူး၊ ဒါပေမယ့်... ခုတော့ ယုံလိုက်ရပြီဒေါ်ချောရေ''

''ဒါဖြင့်... သားလေးရဲ့အမေဟာ ခုထိ မကျွတ်လွတ်ရှာသေးဘူးပေါ့ဆရာမကြီး၊ သူပြေးလာပြီး ကျွန်မကိုစကားပြောတော့ သားလေးရဲ့အမေမလေးနွယ်ရဲ့မျက်နှာကိုပြေးမြင်မိတယ်၊ မလေးနွယ်ကိုယ်တိုင် ကျွန်မကိုစကားပြောသလိုခံစားရတယ်ဆရာမကြီးရယ်''

''ဒီ့အရင်ကလည်း နှစ်ခါဝင်ပူးဖူးတယ်၊ ဒီရက်ပိုင်းအတွင်းမှာ ပါပဲ၊ မပြည့်စိတ်ထဲမှာ ယုံရခက်ခက်နဲ့ ဇဝေဇဝါဖြစ်နေခဲ့တယ်လေ၊ ဒီနေ့ ညတော့ ဒေါ်ရွှေမြင့်က သူတစ်ခါမှမမြင်ဖူးတဲ့ဒေါ်ယဉ်ရွှေ့ဆီပြေးလာပြီး ဒေါ်ယဉ်ရွှေ့နာမည်ကို အတိအကျခေါ်နိုင်တာရယ်၊ နောက်ကြောင်းတချို့ပြန်ပြောနိုင်တာရယ်ကိုကြည့်ပြီး မပြည့်ယုံလိုက်ပါပြီ''

''ဖြစ်မှဖြစ်ရလေလေးနွယ်ရယ်၊ ဒါတွေဟာ ဒေါ်ချောဂြိုဟ်မွှေလို့ဖြစ်လာရတာတွေပါ၊ သူ့ခမျာ သူ့သားကိုတမ်းတပြီး မကျွတ်မလွတ်ဖြစ်နေရှာတာကိုး၊ ငါ့တူမကြီး သေတဲ့အထိ မကျွတ်မလွတ်ဖြစ်နေတာ ဒေါ်ချောကြောင့်ပါ၊ ဒေါ်ချောကိုခွင့်လွှတ်ပါလေးနွယ်ရယ်''

ဒေါ်ချောက မျက်ရည်တစမ်းစမ်းဖြင့် သေသူကိုတမ်းတကာ တောင်းပန်လိုက်လေသည်။



''ဘာပဲဖြစ်ဖြစ်လေ မိုးမြင့်သော်တာ အဲဒီအခန်းထဲမှာနေသွား တော့ မိုးမြင့်သော်တာဟာ သူ့သားဆိုတာကို သိသွားရှာပါတယ်၊ ဒုတိယတစ်ခါဝင်ပူးတုန်းက မိုးမြင့်သော်တာဟာ သူ့သားပါလို့ပြောသွားခဲ့တယ်၊ ဒီအတွက်တော့ မလေးနွယ်အတွက်ဝမ်းသာစရာပါ''

''ဩော်... ဟုတ်ပါရဲ့၊ အခုလည်း ကျွန်မကို သားလေးအရွယ်ရောက်တဲ့အထိစောင့်ရှောက်ခဲ့လို့ကျေးဇူးတင်တယ်လို့ပြောခဲ့တယ်လေ၊ ဒါဆို မိုးမြင့်သော်တာကို သူ့သားမှန်းသိနေရှာလို့ပေါ့နော်''

''ဟုတ်ပါတယ်ဒေါ်ယဉ်ရွှေ၊ ဒါပေမယ့်... မလေးနွယ်ဝိညာဉ်ကျွတ်လွတ်သွားအောင်လုပ်ပေးဖို့တော့ မပြည့်တို့မှာတာဝန်ရှိတယ်၊ သူသေတုံးက ရက်လည်ဆွမ်း၊ လလည်ဆွမ်းတွေ ကျွေးခဲ့ဖူးပါတယ်၊ ဒီတစ်ခါတော့ ကျွတ်လွတ်အောင် ထိထိရောက်ရောက်အမျှအတန်းဝေမှ ဖြစ်တော့မယ်၊ ဒီတော့... မနက်ဖန်မနက်ပဲ ဘုန်းကြီးပင့်ပြီး ဆွမ်းကျွေး တရားနာရအောင်၊ ဒေါ်ချောရော ဒေါ်ယဉ်ရွှေပါ... အမျှအတန်းဝေဖို့ လာခဲ့ကြပါဦး''

♛♛♛♛♛

( ၃၀ )

လကုန်ရက်တွင် ကျောင်းကိစ္စဖြင့် မြို့ကိုပြန်လာသောမကြာပွင့်သည် မိုးမြင့်သော်တာပြန်ရောက်နေသည့်အတွက် အံ့သြသွားလေသည်။

မိုးမြင့်သော်တာအိမ်တွင် မိုးမြင့်သော်တာကို တစ်ယောက်တည်းတွေ့ရလေ၏။

''ကိုမိုး... နင်ပြန်လာပြီလား၊ ရန်ကုန်မှာ နင့်ကိစ္စအဆင်ပြေခဲ့သလားဟင်''

''မပြေပါဘူးကြာပွင့်ရယ်၊ ငါ့အမေက ငါ့ကိုသူ့သားမဟုတ်ပါဘူးလို့ ခါးခါးသီးသီးငြင်းလွှတ်လိုက်တယ်''

''ဟင်...''

မိုးမြင့်သော်တာက ရန်ကုန်တွင်ကြုံခဲ့ရသည်များကိုပြန်ပြောပြလိုက်သည်။

''အဲဒါ... အမေက မခံချင်လို့ဆိုပြီး ဒေါက်တာခင်လပြည့်ဝန်းကို ရန်တွေ့ဖို့ ရန်ကုန်ကိုလိုက်သွားတယ်ဟာ၊ ဘယ်လိုမှကိုတားမရဘူး၊ အမေရန်ကုန်သွားတာ ဒီနေ့နဲ့ဆို လေးရက်ရှိပြီကြာပွင့်''

''အို... ဒေါ်လေးယဉ်ကလည်း၊ သူ့ဖက်က မပတ်သက်ချင်လို့ ငြင်းဆန်နေမှတော့ ဘာလို့သွားရန်တွေ့နေတော့မှာလဲလေ''

''အေးဟာ... ငါလည်းတားမရဘူး၊ အမေက တော်တော်ခံပြင်း နေတာဟ၊ ဘာတွေဖြစ်လာဦးမလဲ မသိဘူးပါဘူးဟာ''

''ငါစကတည်းက ပြောသားပဲကိုမိုးရယ်၊ နင့်အမေအရင်းဆိုတဲ့ ကိစ္စကို မေ့လိုက်ပါလို့၊ ဒီမှာ ဒေါ်လေးယဉ်က အမေအရင်းထက်တောင် ကောင်းနေတာပဲ၊ ခုတော့ နင်စိတ်ဆင်းရဲတာပဲအဖတ်တင်တယ်''

''အေး... ငါလည်း နောင်တရပါပြီဟာ၊ အဲဒီအသိုင်းအဝိုင်းနဲ့ လည်း မပတ်သက်ချင်တော့ပါဘူး''

''ဒါဖြင့်... နင်စိတ်ကူးမလွဲပါနဲ့တော့ ကိုမိုးရယ်၊ တောင်ညိုမှာ ကျောင်းဆရာတစ်ယောက် သိပ်လိုအပ်နေတယ်၊ ငါတို့ဆရာမနှစ်ယောက် တည်းနဲ့ ကျောင်းသားတွေသိပ်များနေလို့ မနိုင်ဘူး၊ နင်သာဆရာလုပ် မယ်ဆိုရင်လေ၊ မြို့နယ်ပညာရေးမှူးကိုဝင်ပြောပြီး ရွာကိုချက်ချင်းလိုက် ခဲ့ရုံပဲ၊ လောလောဆယ် ဆွဲခန့်ဆရာအနေနဲ့ ရွာက လခပေးထားပါလိမ့် မယ်၊ တရားဝင်ခန့်ဖို့လည်း ပညာရေးမှူးက အမြန်လုပ်ပေးမှာပါ၊ ငါနဲ့ လိုက်ခဲ့ပါလားဟင်''

''အေးပါ၊ ခုလောလောဆယ် ငါ့စိတ်တွေသိပ်ထွေနေလို့ဟာ၊ အမေပြန်လာအောင်စောင့်ဦးမယ်၊ အမေ့အတွက်လည်း စိတ်ပူလို့ပါ၊ ရန်ကုန်မှာ ဘာတွေဖြစ်နေလဲမသိဘူး''

မိုးမြင့်သော်တာစကားအဆုံးတွင် အိမ်ရှေ့မှဝင်လာသော ဒေါ်ယဉ်ရွှေကို မကြာပွင့်မြင်လိုက်လေသည်။

''ဟယ်... ပြောရင်းဆိုရင်း ဟိုမှာ ဒေါ်လေးယဉ်ပြန်လာပြီ''

''အမေ...''

မိုးမြင့်သော်တာနှင့်မကြာပွင့် ဒေါ်ယဉ်ရွှေကိုထွက်ကြိုလိုက်သည်။

မိုးမြင့်သော်တာက ဒေါ်ယဉ်ရွှေ့လက်ထဲမှခရီးဆောင်အိတ်က လေးကိုဆွဲယူလိုက်ရင်း...

''ပြန်လာမယ်ဆို ဖုန်းကြိုဆက်ထားလိုက်ရောပေါ့အမေရယ်၊ ကျွန်တော် ပဲခူးယ်ကုန်းကိုလာကြိုမှာပေါ့''

''ကိစ္စမရှိဘူးငါ့သား''

ဒေါ်ယဉ်ရွှေက အိမ်ထဲတွင် အေးဆေးစွာဝင်ထိုင်ရင်းမှပြော လိုက်သည်။

အမေ့မျက်နှာမှာ ယခင်ကထက်ပင် တည်ငြိမ်အေးချမ်းနေသည် ကို မိုးမြင့်သော်တာသတိထားမိသည်။ အသွားတုန်းက ဒေါက်တာခင် လပြည့်ကိုကြိမ်းဝါးသွားသည့် ဒေါသများ၊ ခံပြင်းမှုများကို မတွေ့ရတော့ပါ။

''အမေ...''

''သား...''

''အမေဟိုမှာ သူနဲ့တွေ့ခဲ့သလားဟင်၊ ပြောလို့ဆိုလို့အဆင် ပြေခဲ့ရဲ့လား''

''ပြောပါမယ်သားရယ်၊ ကြာပွင့်လေးလည်း နားထောင်၊ အမေ ကြုံခဲ့တွေ့ခဲ့ရတာတွေကတော့ ထင်မှတ်မထားတာမျိုးတွေချည်းပဲ၊ အမေလေ... သားရဲ့အမေကိုလည်း တွေ့ခဲ့ပါတယ်၊ ကောင်းကောင်းတွေ့ ခဲ့ပါတယ်ကွယ်''

''သားအမေ... ဒေါက်တာခင်လပြည့်ဝန်း...''

''မဟုတ်ဘူးသား၊ အဖြစ်တွေက သိပ်ဆန်းကြယ်တယ်၊ အမေ ပြောပြမယ်၊ စိတ်အေးအေးထားပြီး နားထောင်ပေတော့''

\+ + + + +

ဒေါ်ယဉ်ရွှေ့စကားအဆုံးတွင် မိုးမြင့်သော်တာရော၊ မကြာပွင့် ပါ အံ့သြမှုဖြင့် တုန်လှုပ်ချောက်ချားသွားရလေသည်။

''အမေတို့အားလုံးဟာ ဒေါ်ချောဆိုတဲ့မိန်းမကြီးရဲ့လှည့်ဖျားမှု ကိုခံခဲ့ကြရတာပဲသား၊ ခုတော့ သူလည်း နောင်တတွေရပြီး အားလုံးကို တောင်းပန်လိုက်ပါတယ်''

''ဖြစ်ရလေအမေရယ်၊ ဒါဖြင့် ကျွန်တော်ဟာ ကျွန်တော့်အဘိုး လို့ထင်နေတဲ့ ဦးနေလရဲ့သားပေါ့နော်၊ ဒေါက်တာခင်လပြည့်ဝန်းက ကျွန် တော့်အစ်မပဲ၊ နေမင်းရာဇာက ကျွန်တော့်တူလေး၊ အားလုံးကို အမှတ် မှားခဲ့တာပါလား''

''ဟုတ်တယ်၊ တကယ်တော့ မင်းအမေအရင်း မလေးနွယ်ဟာ မင်းကိုတမ်းတရင်းနဲ့ နှလုံးရောဂါနဲ့ဆုံးသွားရှာပါပြီ၊ သူမကျွတ်မလွတ်

ဖြစ်နေရှာတယ်၊ နေလရိပ်သာကိုအမေရောက်တာနဲ့ မရွှေမြင့်ဆိုတဲ့ အမျိုးသမီးကိုဝင်ပူးပြီး အမေ့ဆီအပြေးလာရှာတယ်လေ''

''ဖြစ်ရလေ... ဖြစ်ရလေကျွန်တော့်အမေအရင်းရယ်''

''သူက မင်းကိုသိတယ်သား၊ သူသေသွားတဲ့အခန်းမှာ မင်းနေသွားတော့ မင်းဟာသူ့သားဆိုတာကို သိနေပါတယ်ကွယ်၊ အမေ့ကိုတွေ့တော့ သူ့မှာ မင်းမွေးတုံးကပါလာတဲ့ မွေးဆံပင်လေးကိုကြည့်ပြီး အလွမ်းဖြေနေရတဲ့အကြောင်း သနားစရာပြောပြရှာတယ်ကွယ်''

''မွေးဆံပင်၊ ဟုတ်လား၊ ဘုရား... ဘုရား... အဲဒါကျွန်တော့်မွေးဆံပင်ကိုး''

မိုးမြင့်သော်တာက ထိုင်ရာမှဝုန်းကနဲထလိုက်သည်။

နံရံတွင်ချိတ်ထားသောခရီးဆောင်အိတ်အလွတ်ကို ဆွဲဖြုတ်လိုက်သည်။ အိတ်ကြီး၏ဘေးဖက်မှ အိတ်ကပ်ကလေးကိုဖွင့်၍နှိုက်လိုက်သည်။

သူ့လက်ထဲ၌ ပလတ်စတစ်အိတ်နှင့်ထုတ်ထားသော ဆံပင်ထွေးလေး ပါလာပါ၏။

''တော်ပါသေးရဲ့၊ ရှိသေးတယ်''

မိုးမြင့်သော်တာက အထုတ်ကလေးကို ဒေါ်ယဉ်ရွှေအားပြရင်း မေးလိုက်သည်။

''ဒါ... ဒါလားအမေ၊ ဒါ... ကျွန်တော့်မွေးဆံပင်လားဟင်၊ ကျွန်တော်အခန်းရှင်းတော့ ဒါလေးကိုတွေ့လို့ အမှတ်မထင် သိမ်းထားမိတာ''

ဒေါ်ယဉ်ရွှေက မိုးမြင့်သော်တာလက်ထဲမှဆံခြည်ထွေးအထုတ်ကလေးကိုယူကြည့်လိုက်သည်။

''ဟုတ်တာပေါ့သား၊ မင်းမွေးခါစက အမေကိုယ်တိုင်ရိပ်ပေး လိုက်တဲ့ မွေးဆံပင်လေး''

''သနားလိုက်တာအမေရယ်၊ ကျွန်တော့်အမေအရင်းမလေးနွယ်ကိုကျွန်တော်သနားလိုက်တာ၊ အမေ... ကျွန်တော့်အမေရဲ့ဝိညာဉ်က ကျွန်တော်အဲဒီအခန်းလေးထဲမှာနေခဲ့တဲ့တလျှောက်လုံး ကျွန်တော့်အနား မှာ ရှိနေခဲ့တယ်အမေရဲ့၊ ကျွန်တော်က အိပ်မက်လိုလို အခြောက်ခံရ သလိုလိုနဲ့ ထင်ယောင်ထင်မှားဖြစ်နေခဲ့တာ၊ သူ့ဝိညာဉ်က ကျွန်တော် အိပ်တိုင်း ကျွန်တော့်ဘေးမှာလာထိုင်နေတယ်အမေ''

''ခုတော့... ဆွမ်းသွပ်အမျှအတန်းဝေလိုက်လို့ ကျွတ်လွတ်သွားရှာပါပြီ၊ မင်းကိုလည်း လူတစ်လုံးသူတစ်လုံးမြင်လိုက်တွေ့လိုက်ရလို့ စိတ်ချလက်ချရှိသွားရှာပါပြီကွယ်၊ တကယ်တော့ သူကွယ်လွန်တာ ခုနစ်တောင်ရှိပြီကွဲ့၊ အသက်၃၁နှစ်အရွယ်မှာ သေရရှာတာတဲ့''

''ခုနစ်နှစ်''

လွန်ခဲ့သော ၇–နှစ်က မိုးမြင့်သော်တာအသက် ၁၃နှစ်ဖြစ်ပါ သည်။ သူသည် အမေကိုတွေ့မြင်ရသောအိပ်မက်များကို ထိုအရွယ်က စ၍မက်ခဲ့ခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် သူ့ကိုနှိုးတိုက်ကျွေးနေသော အမေ၊ သူ့ဆံပင်လေးများကိုပွတ်သပ်ကာချော့မြှူနေသောအမေ၊ သူ့ကျောလေးကိုပုတ်ပေးကာ ချော့သိပ်ခဲ့သောအမေ။

တကယ်တော့... အမေမလေးနွယ်၏ဝိညာဉ်သည် ကွယ်လွန်ပြီးသည့်တိုင် သူ့ကိုတမ်းတနေ၍သာ သူက အိပ်မက်အဖြစ်မြင်မက်ခြင်းဖြစ်ပါလိမ့်မည်။ အံ့သြစရာကောင်းလှသော မိခင်တစ်ယောက်၏မေတ္တာအရှိန်အဟုန်များပါလား။

''ဒေါက်တာခင်လပြည့်ဝန်းက ဒီအကြောင်းတွေ ဘာမှသိမထားပဲ မင်းက သူ့ကိုအမေပါလို့စွတ်စွဲလိုက်တော့ ရုတ်တရက်ဒေါသထွက်ပြီး နှင်ထုတ်ခဲ့မိတာပါ၊ ဒီအတွက်လည်း မင်းကိုတောင်းပန်လိုက်ပါတယ်၊ ဆွဲကြိုးလေးကိုလည်း ပြန်ပေးလိုက်တယ်ငါ့သား၊ ဒီမှာ...''

ဒေါ်ယဉ်ရွှေက ဒေါက်တာခင်လပြည့်ဝန်းပြန်ပေးလိုက်သည့် နေလတံဆိပ်ဆွဲပြားပါဆွဲကြိုးလေးကို မိုးမြင့်သော်တာအား ထုတ်ပေးလိုက်သည်။

''ဒေါက်တာခင်လပြည့်ဝန်းက မှာလိုက်ပါသေးတယ်၊ မင်းဟာ နေလမိသားစုရဲ့အဆက်အနွယ်တစ်ယောက်မို့ ဦးနေလရဲ့အမွေအနှစ်တွေကိုခံစားပိုင်ခွင့်ရှိပါတယ်တဲ့၊ သူကလည်း မင်းကို မောင်လေးတစ်ယောက်အဖြစ်နဲ့အသိအမှတ်ပြုပါတယ်တဲ့၊ မင်းကို နေလရိပ်သာကိုပြန်လာဖို့ မှာလိုက်တယ် ငါ့သား''

မိုးမြင့်သော်တာက ခေါင်းကိုသွက်သွက်ခါယမ်းလိုက်သည်။

"ဟင့်အင်းအမေ၊ အမွေအနှစ်ဆိုတာတွေကို ကျွန်တော်မမက်မောပါဘူး၊ လိုလည်းမလိုချင်ပါဘူး၊ ကျွန်တော့်ဆန္ဒက ကျွန်တော့်ကို မွေးခဲ့တဲ့အမေအရင်းကို တွေ့ချင်မြင်ချင်တာတစ်ခုတည်းပါအမေ၊ အခု ကျွန်တော့်အမေအကြောင်း ကျွန်တော်သိရပြီပဲ၊ လုံလောက်ပါပြီ၊ မသွားပါဘူးအမေ၊ နေလရိပ်သာကိုကျွန်တော်ပြန်မသွားပါဘူး၊ ဟောဒီက အမေ့ရင်ခွင်ထဲမှာပဲ တစ်သက်လုံးနေပါတော့မယ်အမေရယ်"

"ဝမ်းသာလိုက်တာငါ့သားရယ်၊ အမေကတော့ သားကိုယ်တိုင်ဆုံးဖြတ်လိမ့်မယ်လို့ ဒေါက်တာခင်လပြည့်ဝန်းကိုပြောခဲ့ပါတယ်၊ သားက အမေဆုံးဖြတ်စေချင်တဲ့အတိုင်း ဆုံးဖြတ်လိုက်လို့အမေဝမ်းသာတယ် သား၊ တကယ်တော့... တို့တွေဟာ တောမှမွေး တောမှာကြီးတဲ့ တောသူတောင်သားတွေပါသားရယ်၊ မြို့ကြီးပြကြီးက ပကာသနတွေဟာ တို့တွေနဲ့မကိုက်ပါဘူး၊ ငါ့သားလေး ဘဝအမှန်ကိုသိလို့ အမေဝမ်းသာလိုက်တာကွယ်"

"ကိုမိုး၊ နင်ရန်ကုန်လည်း ပြန်မသွားတော့ဘူး၊ နင်သိချင်တာတွေလည်း သိလိုက်ရပြီ၊ ဒါဆို ငါနဲ့အတူ တောင်ညိုကိုလိုက်ပြီး ကျောင်းဆရာလုပ်ဖို့ကော ဘယ်လိုဆုံးဖြတ်မှာလဲဟင်"

"လိုက်မှာပေါ့ကြာပွင့်ရယ်၊ ငါ တောင်ညိုကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပါပြီဟာ"

"ဟုတ်တယ်ဒေါ်လေးယဉ်၊ သမီးက ကိုမိုးကို သမီးကျောင်းဆရာလုပ်နေတဲ့ကျောင်းမှာ ဆရာလိုက်လုပ်ဖို့တိုက်တွန်းနေတာ၊ အခု သူက လိုက်တော့မယ်တဲ့လေ"

"ကောင်းတာပေါ့ကွယ်၊ ကောင်းတာပေါ့၊ သားတွင်ဘယ်ဟုတ်မလဲကွယ်၊ ဒေါ်လေးယဉ်လည်း သားနဲ့အတူလိုက်ခဲ့ပါတော့မယ်လေ"

"အင်း... အမေပါ လိုက်မယ်ဆိုရင်တော့ နင်နဲ့ငါ တစ်ခါတည်း မင်္ဂလာဆောင်ပြီးသွားကြတာကောင်းမယ်နော် ကြာဖြူ"

"အို... ဘာဆိုင်လို့လဲ"

မကြာပွင့်မျက်နှာက ရှက်သွေးဖြင့်နီမြန်းသွားလေသည်။

"ကလေးတွေစာပြဖို့လိုက်ခဲ့ပါဆိုမှ၊ မင်္ဂလာဆောင်တာနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မင်္ဂလာဆောင်ပြီး တစ်ခါတည်းသွားမှ အဲဒီရွာက ကလေးတွေပညာရေးကို ရွာမှာအခြေချပြီး လုပ်ပေးနိုင်မှာပေါ့၊ ဟုတ်တယ်မဟုတ်လားအမေရယ်"

"အို... သွား... သွား..."

မကြာပွင့်က ရှက်ရှက်ဖြင့် အိမ်ထဲမှပြေးထွက်သွားလေသည်။

"မင်းက အရေးထဲမှာ မင်္ဂလာဆောင်မယ့်စကားပြောလိုက်တော့ ကြာပွင့်လေး ရှက်သွားတာပေါ့ငါ့သားရဲ့၊ သွား–သွား– လိုက်ချော့လိုက် ဦး"

ဒေါ်ယဉ်ရွှေက ရယ်ရယ်မောမောပြောလိုက်လေသည်။

မိုးမြင့်သော်တာက မကြာပွင့်နောက်သို့ပြေးလိုက်သွားသည်။

"ဟေ့– ကြာပွင့်၊ နေဦးလေ"

အိမ်ရှေ့ခြံဝင်းအရောက်တွင် မကြာပွင့်ကို မိုးမြင့်သော်တာ မှီသွားသည်။

လူငယ်နှစ်ယောက် ဘာတွေပြောနေကြသည်မသိ။

မိုးမြင့်သော်တာက ရယ်ရယ်မောမောဖြင့် စကားတွေပြောနေ သည်။

မကြာပွင့်က မိုးမြင့်သော်တာရင်ပတ်ကြီးကိုလက်သီးဖြင့်ထုလိုက် သည်။

မိုးမြင့်သော်တာက မကြာပွင့်လက်ကိုဖမ်းဆုပ်ထားလေ၏။

မကြာပွင့်က မလုံလဲသောမျက်နှာဖြင့်... ဒေါ်ယဉ်ရွှေရှိရာသို့ လှမ်းကြည့်လိုက်သည့်အခါ... ဒေါ်ယဉ်ရွှေက ကလေးတွေရှက်သွားမည် စိုး၍ ဘုရားစင်ရှိရာဖက်သို့ မျက်နှာလှည့်လိုက်လေတော့သည်။

♛♛♛♛♛

**နွေတမာန်**

၁၆–၁၂–၂၀၀၈

၁၅–၁–၂၀၀၉